UNESCO

ကုလသမဂ္ဂ ပညာရေး၊
သိပ္ပံနှင့် ယဉ်ကျေးမှု
အဖွဲ့အစည်း




# သတင်းအတတ်ပညာ ~~သတင်းတု~~ နှင့် လုပ်ကြံသတင်းများ

သတင်းအတတ်ပညာဆိုင်ရာ ပညာပေးနှင့် လေ့ကျင့်သင်ကြားရေး လက်စွဲစာအုပ်


ယူနက်စကို သတင်းအတတ်ပညာဆိုင်ရာ ပညာရေး စာအုပ်တွဲ

ကုလသမဂ္ဂပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) (7, place de Fontenoy, 75352 Paris 07 SP, France) နှင့် ယူနက်စကို မြန်မာရုံးခွဲ (No. 8/C, General Aung San Museum Lane, Bahan Township, Yangon, Myanmar) တို့က ၂၀၂၀ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

© UNESCO 2020
ISBN: 978-92-3-000119-3

ဤစာအုပ်ကို Attribution-ShareAlike 3.0 IGO (CC-BY-SA 3.0 IGO) license (http://creativecommons.org/licenses/by-sa/3.0/igo/) တွင် လွတ်လပ်စာ ရယူနိုင်ပါသည်။ စာအုပ်ပါ အကြောင်းအရာများကို အသုံးပြုမည့်သူများအနေဖြင့် UNESCO Open Access Repository (http://www.unesco. org/open-access/terms-use-ccbysa-en) ၏ သုံးစွဲရန် စည်းမျဉ်းများကို လိုက်နာရန် တာဝန်ရှိသည်။

Original title: Journalism, “Fake news” & Disinformation: Handbook for Journalism Education and Training ကုလသမဂ္ဂပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) (7, place de Fontenoy, 75352 Paris 07 SP, France) က ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဤစာအုပ်တွင် ပါဝင်သော ရာထူးအမည်များနှင့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေ၏ တရားဝင်အဆင့် သို့မဟုတ် ၎င်း၏ အာဏာပိုင်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေမဆို၏ နယ်နိမိတ် သတ်မှတ်ခြင်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) ၏ ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်းမဟုတ်ပါ။

ဤစာအုပ်ပါ ရှုထောင့်အမြင်များ၊ ဖော်ပြထားသည့် အချက်အလက်များနှင့် အကြံဉာဏ်များသည် စာရေးသူများ၏ အချက်အလက်များနှင့် အကြံဉာဏ်များသာဖြစ်ကြပါသည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၏ ရပ်တည်ချက်များကို ထင်ဟပ်ထားခြင်း မဟုတ်သောကြောင့် ယူနက်စကိုနှင့် သက်ဆိုင်ခြင်း မရှိပါ။

**အယ်ဒီတာများ** – Cherilyn Ireton and Julie Posetti

**ပါဝင်ရေးသားသူများ** – Julie Posetti, Cherilyn Ireton, Claire Wardle, Hossein Derakhshan, Alice Matthews, Magda Abu-Fadil, Tom Trewinnard, Fergus Bell, Alexios Mantzarlis

**ထပ်မံသုတေသနလုပ်သူ** – Tom Law

**မြန်မာဘာသာပြန်သူ** – ကောင်းလှဖံ

**တည်းဖြတ်သူ** – နိုင်နိုင်အေး (UNESCO)

**ဂရပ်ဖစ်ဒီဇိုင်း** – Mr. Clinton၊ နီလာဝင်း (မြန်မာဘာသာ)

**မျက်နှာဖုံးဒီဇိုင်း** – Mr. Clinton

**သရုပ်ဖော်ပုံများ** – UNESCO, First Draft and Poynter

Soft-copy **ပုံနှိပ်ထုတ်ဝေသူ** – UNESCO

Multi Donor Programme on Freedom of Expression and Safety of Journalists ၏ ပံ့ပိုးမှုဖြင့် ထုတ်ဝေသည်။

ရှယ်ရီလင်း အိုင်ရာတန်နှင့်
ဂျူလီပိုစက်တီ

# သတင်းအတတ်ပညာ၊ သတင်းတုနှင့် လုပ်ကြံသတင်းများ

သတင်းအတတ်ပညာဆိုင်ရာ ပညာပေးနှင့် လေ့ကျင့်သင်ကြားရေး လက်စွဲစာအုပ်

# မာတိကာ

*ဂိုင်း ဘာဂါ ထံမှ စကားဦး* ၇

မိတ်ဆက် – *ရှယ်ရီလင်း အိုင်ရာတန်နှင့် ဂျူလီပိုစက်တီ (Cherilyn Ireton and Julie Posetti)* ၁၄

ဤစာအုပ်ကို စံပြသင်ရိုးတစ်ခုအဖြစ် အသုံးပြုခြင်း – *ဂျူလီပိုစက်တီ (Julie Posetti)* ၂၆

မော်ဂျူး ၁ အမှန်တရား၊ ယုံကြည်မှုနှင့် သတင်းအတတ်ပညာ – အရေးပါရခြင်း အကြောင်းတရားများ ၃၂

*ရှယ်ရီလင်း အိုင်ရာတန် (Cherilyn Ireton)*

အနှစ်ချုပ် ၃၃
ပုံကြမ်း ၃၅
မော်ဂျူး ရည်ရွယ်ချက်များ ၄၁
သင်ယူမှုရလဒ်များ ၄၁
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၄၂
အကြံပြုထားသော လေ့ကျင့်ခန်းများ ၄၃
ဆက်လက်ဖတ်ရှုရန် ၄၃

မော်ဂျူး ၂ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု'အကြောင်း စဉ်းစားခြင်း – သတင်းမှား၊ လုပ်ကြံသတင်းများနှင့် မသမာသော သတင်းဖြန့်ဝေခြင်းများ၏ ပုံစံအမျိုးမျိုး ၄၄

*ကလဲရ် ဝါဒယ်နှင့် ဟိုစိန်ဒရက်ရှန် (Claire Wardle and Hossein Derakhshan)*

အနှစ်ချုပ် ၄၅
ပုံကြမ်း ၄၆
မော်ဂျူး ရည်ရွယ်ချက်များ ၅၄
သင်ယူမှုရလဒ်များ ၅၅
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၅၅
အကြံပြုထားသော လေ့ကျင့်ခန်းများ ၅၇
သင်ထောက်ကူများ ၅၇
ဆက်လက်ဖတ်ရှုရန် ၅၈

## မော်ဂျူး ၃ သတင်းလုပ်ငန်းကဏ္ဍအသွင်ပြောင်းလဲမှု – ဒစ်ဂျစ်တယ်နည်းပညာ၊ လူမှုမီဒီယာကဏ္ဍများနှင့် သတင်းမှား/ လုပ်ကြံသတင်းများ ပျံ့နှံ့မှု ၅၉

*ဂျူလီပိုစက်တီ (Julie Posetti)*

အနှစ်ချုပ် ၆၀
ပုံကြမ်း ၆၂
မော်ဂျူး ရည်ရွယ်ချက်များ ၆၉
သင်ယူမှုရလဒ်များ ၇၀
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၇၀
အကြံပြုထားသော လေ့ကျင့်ခန်းများ ၇၁
ဆက်လက်ဖတ်ရှုရန် ၇၂

## မော်ဂျူး ၄ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုဖြင့် သတင်းမှားများကို တိုက်ဖျက်ခြင်း ၇၄

*မက်ဂ်ဒါ အဘူဖဒီလ် (Magda Abu-Fadil)*

အနှစ်ချုပ် ၇၅
ပုံကြမ်း ၇၆
မော်ဂျူး ရည်ရွယ်ချက်များ ၈၀
သင်ယူမှုရလဒ်များ ၈၀
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၈၁
အကြံပြုထားသော လေ့ကျင့်ခန်းများ ၈၃
သင်ထောက်ကူများ ၈၄
ဆက်လက်ဖတ်ရှုရန် ၈၄

## မော်ဂျူး ၅ အချက်အလက်စစ်ဆေးခြင်း အခြေခံများ ၈၅

*အလက်ဇီရို့စ် မန်ဇာလစ် (Alexios Mantzarlis)*

အနှစ်ချုပ် ၈၆
ပုံကြမ်း ၈၆
မော်ဂျူး ရည်ရွယ်ချက်များ ၉၂
သင်ယူမှုရလဒ်များ ၉၃
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၉၃
အကြံပြုထားသော လေ့ကျင့်ခန်းများ ၉၇
ဆက်လက်ဖတ်ရှုရန် ၉၉

## မော်ဂျူး ၆ လူမှုမီဒီယာတွင် တိုက်ဆိုင်စစ်ဆေးခြင်း – ရင်းမြစ်များနှင့် ရုပ်ပုံတင်ဆက်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း ၁၀၁

*တွမ် ထရီဝင်းနာ့ဒ် နှင့် ဖာဂက်စ် ဘဲလ် (Tom Trewinnard and Fergus Bell)*

အနှစ်ချုပ် ၁၀၂
ပုံကြမ်း ၁၀၃
မော်ဂျူး ရည်ရွယ်ချက်များ ၁၀၈
သင်ယူမှုရလဒ်များ ၁၀၈
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၁၀၉
အကြံပြုထားသော လေ့ကျင့်ခန်းများ ၁၁၀
သင်ထောက်ကူများ ၁၁၁
ဆက်လက်ဖတ်ရှုရန် ၁၁၁

## မော်ဂျူး ၇ အွန်လိုင်းထိပါးနှောင့်ယှက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း – သတင်းသမားများနှင့် သတင်းပေးများကို ဦးတည်တိုက်ခိုက်သောအခါ ၁၁၅

*ဂျူလီပိုစက်တီ (Julie Posetti)*

အနှစ်ချုပ် ၁၁၆
ပုံကြမ်း ၁၁၇
မော်ဂျူး ရည်ရွယ်ချက်များ ၁၂၄
သင်ယူမှုရလဒ်များ ၁၂၅
မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ ၁၂၅
အကြံပြုထားသော လေ့ကျင့်ခန်းများ ၁၂၇
ဆက်လက်ဖတ်ရှုရန် ၁၂၇

ပါဝင်ကူညီသူများ ၁၂၉
ဓာတ်ပုံဆိုင်ရာ အသိအမှတ်ပြုချက်များ ၁၂၉

အွန်လိုင်း – ဤစာအုပ်ကို အွန်လိုင်းတွင် ရယူနိုင်ပါသည်။ အောက်ခြေမှတ်ချက်များနှင့် လင့်ခ်များကို ကောင်းစွာ ဖတ်ရှုနိုင်ရန် ဤနေရာသို့သွားပါ။ **http://en.unesco.org/fightfakenews**

# စကားဦး

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)သည် သတင်းအတတ်ပညာ ပညာရေးပိုမိုအားကောင်းလာရန် ကြိုးပမ်းနေသော အဖွဲ့အစည်းဖြစ်ပြီး ဤစာအုပ်သည် ခေတ်မီဗဟုသုတရင်းမြစ်အတွဲတစ်ခု၏ နောက်ဆုံးထွက်စာအုပ်တစ်အုပ်လည်းဖြစ်ပါသည်။

'ယူနက်စကို၏ ပြန်ကြားဆက်သွယ်မှုဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအစီအစဉ်' (International Programme for the Development of Communication, IPDC) တွင် ဦးတည်နယ်ပယ်တစ်ရပ်အဖြစ်ပါဝင်သော 'သတင်းအတတ်ပညာ ပညာရေး အောင်မြင်ထွန်းပေါက်မှုအတွက် နိုင်ငံတကာကြိုးပမ်းမှု'၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ဤကြိုးပမ်းမှုတွင် သတင်းအတတ်ပညာကို နိုင်ငံတကာအခင်းအကျင်းရှုထောင့်မှ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် သုတေသနပြုခြင်းတို့ ပြုလုပ်ရန် ရည်ရွယ်ပြီး နိုင်ငံတကာတွင် အသုံးချနေသော အလေ့အထကောင်းများကိုလည်း မျှဝေအသိပေးရန် ရည်ရွယ်ပါသည်။

ထို့ကြောင့် ဤလက်စွဲစာအုပ်ကို နိုင်ငံအမျိုးမျိုးတွင် ဆီလျော်စွာ အသုံးပြုနိုင်သော သင်ရိုးတစ်ခုအဖြစ် အသုံးချရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ တိုက်ရိုက်အသုံးပြုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ လွတ်လပ်စွာ ပြုလုပ်နိုင်သည်။ ယေဘုယျအားဖြင့် လူ့အသိုင်းအဝိုင်းကို ထိပ်တိုက်တွေ့စိန်ခေါ်သော၊ အထူးသဖြင့် သတင်းအတတ်ပညာကို စိန်ခေါ်သော ပြဿနာတစ်ခုဖြစ်သည့် လုပ်ကြံသတင်းပြဿနာကို တုံ့ပြန်ဖြေရှင်းသော သင်ရိုးတစ်ရပ်လည်းဖြစ်ပါသည်။

ဤသင်ရိုးတွင် 'သတင်းတု'ဟူသော စကားရပ်ကို ရိုးရှင်းသော အများနားလည်သော အယူအဆတစ်ခုအဖြစ် အလွယ်မှတ်ယူခြင်းကို ရှောင်ရှားထားပါသည်။[1] အဘယ့်ကြောင့်ဆိုသော် 'သတင်း' ဟူသည့် စကားရပ်သည် အများပြည်သူကို ကောင်းကျိုးပြုပြီး မှန်ကန်ကြောင်း တိုက်ဆိုင်စစ်ဆေးနိုင်သော အချက်အလက်ဟု အဓိပ္ပာယ်ရသောကြောင့် ထိုအဓိပ္ပာယ်နှင့် မကိုက်ညီသော အချက်အလက်အကြောင်းအရာကို သတင်းဟုအမည်တပ်ရန် မအပ်စပ် မဆီလျော်သောကြောင့်ပင်ဖြစ်သည်။ ထိုသို့ယူဆလျှင် 'သတင်းတု' ဟူသည့် ဝေါဟာရသည် ဝိရောဓိစကားလုံးများပေါင်းစပ်ထားသည့် ဝေါဟာရပင်ဖြစ်နေပေသည်။ သတင်းတုဟူသည့် စကားကြောင့် အများပြည်သူအကျိုးပြုပြီး မှန်ကန်ကြောင်း အချက်အလက် စစ်ဆေးခံနိုင်သည့် သတင်းအစစ်များ၏ သတင်းသိက္ခာကိုပါ ထိပါးယုတ်လျော့စေပါတော့မည်။

ဘာသာစကားအသုံးအနှုန်းများနှင့် သတင်းအမျိုးအစား အမျိုးမျိုးတို့ကို အမြတ်ထုတ်လိုသောသဘောဖြင့် ခြယ်လှယ်သော ဖြစ်ရပ်များကို ပိုမိုနားလည်နိုင်ရန်အတွက် ဤလက်စွဲတွင် ထိုခြယ်လှယ်မှုများကို ၎င်းတို့၏ သဘာဝအတိုင်း မသမာမှုများအဖြစ်သာ တင်ပြထားပါသည်။ တဖြည်းဖြည်း စုံလင်များပြားလာသော လုပ်ကြံသတင်း အမျိုးအစားများဟုသာ ခေါင်းစဉ်တပ်တင်ပြထားသည်။ မိမ်းများ (Memes) ကဲ့သို့ ဖျော်ဖြေရေးအသွင်ဆောင်ထားသော ပုံစံများလည်း ဤအမျိုးအစားများအောက်တွင်သာ ပါဝင်ပါသည်။

မရိုးဖြောင့် မမှန်ကန်သော အချက်အလက်များကို လူအများအားပေးခြင်းဖြင့် အမြင်မှားများရသွားစေရန်၊ လူအများကို ခြယ်လှယ်မှု တစ်စုံတစ်ရာပြုနိုင်ရန် ရည်ရွယ်ချက်ရှိရှိ (များသောအားဖြင့် ကြိုတင်အကွက်ချ) ကြိုးပမ်းခြင်းဟူသည့် အဓိပ္ပာယ်ကို လုပ်ကြံသတင်းဟူသည့် စကားရပ်ဖြင့် ဤလက်စွဲစာအုပ်တွင် ရည်ညွှန်းထားပါသည်။ လုပ်ကြံသတင်းပေးရာတွင် များသောအားဖြင့် ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာများနှင့် လူပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာအကောင့်များကို ထိုးဖောက်ဝင်ရောက် ထိန်းချုပ်ရယူခြင်းကဲ့သို့သော နည်းလမ်းများကို တစ်ပြိုင်တည်းသုံးခြင်း၊ တွဲဖက်ရောယှက်သုံးခြင်းတို့ ပြုလုပ်လေ့ရှိသည်။ သတင်းမှားဟူသည့် စကားရပ်ကမူ မရိုးဖြောင့်သောသဘော၊ ခြယ်လှယ်လိုသော သဘောမပါဘဲ ဖန်တီး သို့မဟုတ် ဖြန့်ဝေမိသည့် မှားယွင်းသောသတင်းများကို ယေဘုယျအားဖြင့် ရည်ညွှန်းပါသည်။ လုပ်ကြံသတင်းရော၊ သတင်းမှားပါ လူ့အသိုင်းအဝိုင်း၏ ပြဿနာများပင်ဖြစ်ကြသည်။ သို့သော် လုပ်ကြံသတင်းများမှာ ပိုမိုအန္တရာယ်ကြီးမားသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းမှာ အစီအစဉ်ကျနစွာ အကွက်ချထားခြင်း၊ ရင်းမြစ်ထောက်ပံ့မှုရှိခြင်းနှင့် အလိုအလျောက်နည်းပညာများနှင့်လည်း အားဖြည့်လုပ်ဆောင်ခြင်းရှိ၍ပင်ဖြစ်ပါသည်။

လုပ်ကြံသတင်းဖြန့်ချိသူများသည် ၎င်းတို့သတင်းတုကို ဆက်လက်ဖြန့်ဝေ အားဖြည့်လောက်မည်ဟု ယူဆသောသူများ၏

1 See Tandoc E; Wei Lim, Z and Ling, R. (2018). “Defining ‘Fake News’: A typology of scholarly definitions” in *Digital Journalism* (Taylor and Francis) Volume 6, 2018 - Issue 2: ‘Trust, Credibility, Fake News’.

ထိခိုက်လွယ်မှု၊ ဘက်လိုက်ယိမ်းယိုင်နိုင်ခြေရှိမှုတို့ကို ပစ်မှတ်ထားကြသည်။ ကျွန်ုပ်တို့၏ သတင်းဖြန့်ဝေလိုသော ပင်ကိုယ်ဗီဇကို အမြတ်ထုတ်အသုံးချပြီး ၎င်းတို့၏ လုပ်ကြံသတင်းအကြောင်းအရာများကို ဆက်လက်လက်ဆင့်ကမ်းမည့် ဆက်သားများဖြင့် ကျွန်ုပ်တို့ကို ရုပ်သေးကြိုးဆွဲအသုံးချရန် ကြိုးစားကြသည်။ 'သတင်းတု' နှင့် ပတ်သက်သည့် အန္တရာယ်တစ်ခုမှာ ၎င်းတို့က အခမဲ့ဖြစ်နေခြင်းပင်။ အရည်အသွေးမြင့် သတင်းအတတ်ပညာကို လက်လှမ်းမီနိုင်အောင် ငွေကြေးမပြည့်စုံသူများ ဖြစ်စေ၊ လွတ်လပ်ပြီး အမှီအခိုကင်းသော အများပြည်သူဝန်ဆောင်မှု မီဒီယာများကို လက်လှမ်းမီခြင်း မရှိသူများဖြစ်စေ လုပ်ကြံသတင်းများနှင့် သတင်းတုများ၏ လွယ်ကူသောပစ်မှတ်များ ဖြစ်လာနိုင်ပါသည်။

လုပ်ကြံသတင်းများနှင့် သတင်းတုများ ပျံ့နှံ့မှုအများစုသည် လူမှုမီဒီယာများနှင့် လူမှုမီဒီယာ စာတိုပို့ ဝန်ဆောင်မှုများမှတဆင့် ဖြစ်ပွားသည်။ ထိုအခါ အဆိုပါမီဒီယာနှင့် စာတိုပို့ဝန်ဆောင်မှု ကုမ္ပဏီများအတွက် စည်းမျဉ်းဥပဒေများနှင့် ကုမ္ပဏီ၏ စည်းမျဉ်း ချမှတ်လိုက်နာခြင်း အတိုင်းအတာကို မေးခွန်းထုတ်စရာဖြစ်လာပါသည်။ ထိုကုမ္ပဏီများသည် ကြားခံလမ်းကြောင်းများ အနေနှင့်သာ ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး တင်ဆက်ချက်ကို ကိုယ်တိုင်ဖန်တီးသူများ မဟုတ်သောသဘောရှိသည်။ ထို့ကြောင့် ထိုစီးပွားရေးလုပ်ငန်းများအနေနှင့် စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်ကို (မူပိုင်ခွင့်နှင့် ပတ်သက်သည့် အကြောင်းအရာမှ လွဲ၍) ပေါ့ပေါ့ပါးပါးသာသတ်မှတ်ကြသည်ကို ယနေ့အထိတွေ့နေရပါသေးသည်။ ယနေ့ခေတ်တွင်မူ အဆိုပါစီးပွားရေး လုပ်ငန်းများအပေါ် တဖြည်းဖြည်းဖိအားပေးလာကြခြင်းကြောင့် ထိုကုမ္ပဏီများအကြားတွင် (လက်ရှိတွင် ကြိုကြားကြိုကြားသာ ရှိသေးသော်လည်း) မိမိကိုယ်ကိုယ် ထိန်းကျောင်းသော စည်းမျဉ်းများကို ကုမ္ပဏီကိုယ်တိုင် တိုးမြှင့်ချမှတ်လာကြပါသည်။[2] ၂၀၁၈ ခုနှစ်တွင် လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ထုတ်ဖော်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ နှစ်စဉ်အစီရင်ခံစာတွင် ထိုပြဿနာကို ထောက်ပြခဲ့ပြီး အင်တာနက် ကုမ္ပဏီများအနေနှင့် သတင်းမီဒီယာများ ကျင့်သုံးနေသော တိုက်ပိုင်စည်းမျဉ်းများကို အတုယူသင်ယူပြီး၊ သတင်းအချက်အလက်ပေးဝေခွင့်၊ ရှာဖွေခွင့်နှင့် လက်ခံရယူခွင့်ဆိုင်ရာ ကုလသမဂ္ဂစံနှုန်းများနှင့် ပိုမိုကိုက်ညီစေရန် တိုက်တွန်းထားပါသည်။[3] အစိုးရများနှင့် ကုမ္ပဏီများက နည်းလမ်းအသီးသီး ဆောင်ရွက်နေကြသော အခြေအနေအခင်းအကျင်းတွင် သတင်းသမားများနှင့် သတင်းမီဒီယာ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလာပါသည်။ ဤလက်စွဲစာအုပ်သည် အဆိုပါ အခန်းကဏ္ဍအတွက် ထုတ်ဝေထားသော စာအုပ်လည်းဖြစ်ပါသည်။

## *ခြားနားချက်များကို ထိုးထွင်းသိမြင်ခြင်း*

လုပ်ကြံသတင်းများနှင့် သတင်းတုများသည် ပညာရပ်ဆိုင်ရာ နှုန်းစံများနှင့် ကျင့်ဝတ်များကို လိုက်နာသော (အရည်အသွေးမြင့်) သတင်းအတတ်ပညာနှင့် ကွာခြားပါသည်။ ကိုယ်ပိုင်ကတိကဝတ်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိသည့် အားနည်းသော သတင်းအတတ်ပညာနှင့်လည်း ကွာခြားပြန်ပါသေးသည်။ အားနည်းသော သတင်းအတတ်ပညာတွင် ကောင်းစွာမစုံစမ်းခြင်း၊ နမော်နမဲ့ဖြစ်စွာ အချက်အလက်စစ်ဆေးခြင်းတို့ကြောင့် အမှားများအဖန်ဖန်ပါဝင်နေခြင်းနှင့် မပြုပြင်ခြင်းတို့ ပါဝင်နိုင်ပါသည်။ တမင်ချဲ့ကားပုံဖော်ခြင်းအားဖြင့် အုတ်အော်သောင်းတင်းဖြစ်အောင်၊ သတင်းတန်ဖိုး ဖောင်းပွအောင်လုပ်ဆောင်ခြင်း၊ အချက်အလက်များကို ရွေးချယ်တင်ပြရာတွင် မျှတမှုမရှိတော့သည့်အထိ တစ်ဖက်စောင်းနင်း ရပ်တည်တင်ပြခြင်းများ ပါဝင်ပါသည်။

သို့ရာတွင် သတင်းအတတ်ပညာကောင်းတစ်ခုသည် ယိမ်းယိုင်ဘက်လိုက်မှုအပေါင်းမှ လုံးဝလွတ်ကင်းပြီး၊ အဆင့်နိမ့်သော သတင်းအတတ်ပညာအားလုံးတို့က ဝါဒအရောင်ဆိုးမှုအမြဲပါသည်ဟု ယူဆရန်တော့မဟုတ်ပါ။ မှတ်သားရန်မှာ သတင်းအတတ်ပညာအမျိုးအစားအားလုံးတွင် နောက်ခံအယူအဆရှုမြင်ချက်များ ပါဝင်နေမည်ဖြစ်ပြီး အဆင့်နိမ့်သော သတင်းအတတ်ပညာ၏ ပြဿနာမှာ ထိုသို့ နောက်ခံအယူအဆ ရပ်တည်ချက်များပါနေခြင်းသက်သက် မဟုတ်၊ ပညာရှင်ဆန်မှု အားနည်းခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် သတင်းမှား၊ လုပ်ကြံသတင်းနှင့် အားနည်းသော သတင်းအတတ်ပညာတို့ မတူရခြင်းဖြစ်သည်။

သို့ရာတွင် အားနည်းသော သတင်းအတတ်ပညာကြောင့် သတင်းစနစ်အစစ်အမှန်အတွင်းတွင် လုပ်ကြံသတင်းများနှင့်

2 Manjoo, F. (2018). What Stays on Facebook and What Goes? The Social Network Cannot Answer. *New York Times,* 19 July, 2018. https://www.nytimes.com/2018/07/19/technology/facebook-misinformation.html [accessed on 20/07/2018]; https://www.rt.com/usa/432604-youtube-invests-reputable-news/ [accessed on 15/07/2018]; https://youtube.googleblog.com/ [accessed on 15/07/2018]; https://sputniknews.com/asia/201807111066253096-whatsapp-seeks-help-fake-news/ [accessed on 15/07/2018].

3 Report of the Special Rapporteur on the promotion and protection of the right to freedom of opinion and expression. UN Human Rights Council 6 April 2018. A/HRC/38/35. https://documents-dds-ny.un.org/doc/UNDOC/GEN/G18/096/72/PDF/G1809672.pdf?OpenElement [accessed on 20/07/2018].

သတင်းတုများ စိမ့်ဝင်လာခြင်း ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် သတင်းမှား၊ လုပ်ကြံသတင်းတို့နှင့် အားနည်းသော သတင်းအတတ်ပညာတို့၏ ပေါ်ရခြင်းအကြောင်းအရင်းများ ကွာခြားကြသကဲ့သို့ ကုစားပြင်ဆင်ရမည့် နည်းလမ်းများလည်း ကွာခြားကြပါသည်။ သတင်းဝန်းကျင်တွင် ညစ်ညမ်းစိမ့်ဝင်ပျံ့နှံ့လာသော သတင်းမှားများနှင့် ၎င်းသတင်းမှားများကြောင့် သတင်းလောကနာမည်ပျက်ခြင်းကို ပြန်လည်ကုစားရန် သတင်းမှားများကို တန်ပြန်မည့် ခိုင်မာအားကောင်းပြီး ကျင့်ဝတ်နှင့်ညီသော သတင်းအတတ်ပညာကိုလည်း အလွန်လိုအပ်လာကြောင်း ထင်ရှားလာပါသည်။

ယနေ့ခေတ်တွင် သတင်းသမားများသည် တဖြည်းဖြည်းဆင့်ကဲ ကြီးထွားလာသော လုပ်ကြံသတင်းများနှင့် သတင်းမှားတောင်ကျရေစီးကြောင်းကို အေးအေးလူလူ လက်ပိုက်ကြည့်နိုင်သူများမဟုတ်တော့ပေ။ အရှိန်အဟုန်ဖြင့် အောက်သို့ဆွဲချသွားမည့် ရေစီးကြောင်းပေါ်တွင် မိမိတို့ပါ ရောက်ရှိနေသည်ကို တွေ့ရပေမည်။[4] ဆိုလိုသည်မှာ

- ပတ်ဝန်းကျင်မှ ကျွက်ကျွက်ညံနေသော သတင်းမှားများအောက်တွင် သတင်းအတတ်ပညာက တိမ်ဝင်ပျောက်ကွယ်သွားနိုင်သော အန္တရာယ်ကိုကြုံနေရသည်။
- လူထုဆက်ဆံရေးဆိုင်ရာ ကျင့်ဝတ်များ၏ဘောင်ကို ကျော်လွန်ကာ သတင်းသမားများကို လိမ်ညာခြင်းဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တကို ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ လုပ်ကြံသတင်းများဖြန့်ဝေနိုင်ရန်ကြိုးစားမည့် လှုပ်ရှားဆောင်ရွက်သူများ၏ ထိန်းချုပ်ခြယ်လှယ်ခြင်း အန္တရာယ်ကို သတင်းသမားများတွေ့ကြုံနေရသည်။[5]
- သတင်းသမားများဆိုသည်မှာ အမှန်တရားမျက်နှာသာကြည့်ပြီး အများပြည်သူကို ထိုအမှန်တရားများ ဆက်သွယ်တင်ပြရသူများဖြစ်သည်။ အန္တရာယ်ရှိသော အမှန်တရားများကို ဖော်ထုတ်မိသော သတင်းသမားများအနေနှင့် မိမိတို့ သတင်းအတတ်ပညာကို အသရေဖျက်ရန် ဦးတည်သော အလိမ်အညာများ၊ ကောလာဟလများနှင့် လုပ်ကြံဇာတ်လမ်းများ၏ ပစ်မှတ်အဖြစ်လည်း ကျရောက်နိုင်သည်။ အထူးသဖြင့် လုပ်ကြံသတင်းဖြန့်ဝေသူများကို ဖော်ထုတ်နိုင်လောက်မည့် အမှန်တရားများကို အစဆွဲမိသည့်အခါမျိုးတွင် ထိုသို့အန္တရာယ် ပိုမိုကြုံတွေ့နိုင်ပေသည်။[6]

ထို့ပြင် သတင်းသမားများအနေနှင့် သတိထားရန်မှာ လုပ်ကြံသတင်းများ၏ အဓိက ကစားကွက်နယ်ပယ်မှာ လူမှုမီဒီယာဖြစ်သော်လည်း၊ အင်အားကြီးပုဂ္ဂိုလ်များသည် 'သတင်းတု' ကို အကြောင်းပြပြီး စစ်မှန်သော သတင်းမီဒီယာကို အာဏာဖြင့် ကန့်သတ်နှိပ်ကွပ်ရန် ကြိုးပမ်းလာသည်ကို ယနေ့ခေတ်တွင် တွေ့မြင်လာရပါသည်။ တင်းကျပ်သော ဥပဒေသစ်များက သတင်းအဖွဲ့အစည်းများကို သတင်းတု စတင်ဖန်တီးသူများအသွင်ဖြင့် ကြားဝင်ခံအောင် ချောင်ပိတ်တွန်းအားပေးလာခြင်း၊ သို့မဟုတ် ယေဘုယျဆန်သော ကန့်သတ်ချက်များချမှတ်ကာ ပြန်ကြားဆက်သွယ်ရေးလမ်းကြောင်းများနှင့် သတင်းပေးခြင်းလုပ်ငန်းအားလုံးကို သိမ်းကျုံးကန့်သတ်ခြင်းများ လုပ်ဆောင်လာကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ကန့်သတ်သော ကန့်သတ်ချက်များသည် မဖြစ်မနေလိုအပ်ကြောင်း အထောက်အထားပြနိုင်မှု၊ အချိုးညီမှုနှင့်၊ တရားဝင်ဖြစ်သော ဦးတည်ချက်ရှိမှုတို့ ပြသနိုင်ရန်လိုသည်။ အဆိုပါ ဥပဒေစည်းမျဉ်းများသည် အများအားဖြင့် ယင်းနိုင်ငံတကာစံနှုန်းများနှင့် အစပ်အဟပ်မရှိကြပေ။ ထိုသို့ ကန့်သတ်နှိပ်ကွပ်မှုများကြောင့် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ၊ နိုင်ငံရေးရည်ရွယ်ချက်သက်သက်ဖြင့် သတင်းအချက်အလက် ဖြန့်ဝေမှုကို ဖိနှိပ်ကန့်သတ်နိုင်သော 'သတင်းအမှန်စိစစ်ရေးဝန်ကြီးဌာန (Ministry of Truth)' တစ်ခုလက်အောက်သို့ စစ်မှန်သော သတင်းမီဒီယာက ကျရောက်သွားသည့် သက်ရောက်မှုကို ဖြစ်စေပါသည်။

ယနေ့ခေတ် လုပ်ကြံသတင်းနှင့် သတင်းမှား အခြေအနေအခင်းအကျင်းတွင် အဆိုးဆုံး ပြဿနာမှာ သတင်းအတတ်ပညာကို ဖိနှိပ်ကန့်သတ်သော မလျော်မကန်သည့် စည်းမျဉ်းဥပဒေများ မဟုတ်ဘဲ၊ အများပြည်သူက သတင်းအတတ်ပညာ အပါအဝင် မည်သည့်အကြောင်းအရာကိုမှ အယုံအကြည် မရှိနိုင်တော့ခြင်းဖြစ်သည်။ ထိုအခြေအနေမျိုးတွင် လူအများသည် မိမိတို့အသိုင်းအဝိုင်းထဲတွင် မှန်ကန်ကြောင်း ထောက်ခံမှုများသည့်အရာများ၊ မိမိတို့ နဂိုယူဆချက်များနှင့် ကိုက်ညီသည့်အရာများ

4 Despite the threat, according to one study the newsrooms in one country lacked systems, budget and trained personnel dedicated to combating disinformation. See: Penplusbytes. 2018. *Media Perspectives on Fake News in Ghana.* http://penplusbytes.org/publications/4535/ [accessed on 12/06/2018].

5 Manjoo, F. (2018). What Stays on Facebook and What Goes? The Social Network Cannot Answer. *New York Times,* 19 July, 2018. https://www.nytimes.com/2018/07/19/technology/facebook-misinformation.html [accessed on 20/07/2018]; https://www.rt.com/usa/432604-youtube-invests-reputable-news/ [accessed on 15/07/2018]; https://youtube.googleblog.com/ [accessed on 15/07/2018]; https://sputniknews.com/asia/201807111066253096-whatsapp-seeks-help-fake-news/ [accessed on 15/07/2018].

6 Manjoo, F. (2018). What Stays on Facebook and What Goes? The Social Network Cannot Answer. *New York Times,* 19 July, 2018. https://www.nytimes.com/2018/07/19/technology/facebook-misinformation.html [accessed on 20/07/2018]; https://www.rt.com/usa/432604-youtube-invests-reputable-news/ [accessed on 15/07/2018]; https://youtube.googleblog.com/ [accessed on 15/07/2018]; https://sputniknews.com/asia/201807111066253096-whatsapp-seeks-help-fake-news/ [accessed on 15/07/2018].

ကိုသာ အမှန်ဖြစ်ကြောင်း ရွေးချယ်ယုံကြည်ပေတော့မည်။ ဦးနှောက်သုံးစဉ်းစားခြင်းကို လုပ်တော့မည် မဟုတ်ပေ။ ထိုအခြေအနေမျိုးက လက်ရှိဖြစ်ပွားနေပြီး ကျန်းမာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှုအချင်းချင်း နားလည်ခြင်းအပိုင်းနှင့် မည်သူက အမှန်တကယ် (ပညာရပ်နယ်ပယ်တစ်ခုတွင်) ကျွမ်းကျင်လိမ္မာသူဖြစ်ကြောင်း သိနားလည်မှုနှင့် ပတ်သက်သော ပြည်သူအများ ယုံကြည်လက်ခံမှုအပိုင်းတွင် ယင်းအခြေအနေ၏ ဆိုးကျိုးများကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။

အများပြည်သူအပေါ် ထိုသို့သော သက်ရောက်မှုရှိခြင်းသည် ရွေးကောက်ပွဲများနှင့် ပတ်သက်ပြီး အထူးသဖြင့် ပူပန်ဖွယ်ရာ ဖြစ်ပါသည်။ ဒီမိုကရေစီကို လူ့အခွင့်အရေးတစ်ရပ်အဖြစ် ကျင့်သုံးရာတွင်လည်း ဤအချက်မှာ အတားအဆီးဖြစ်နိုင်သည်။ လုပ်ကြံသတင်းများသည် ရွေးကောက်ပွဲကာလများတွင် ပြည်သူကို အယုံသွင်းရန် ကြိုးစားကြခြင်းမဟုတ်၊ နိုင်ငံရေးအရ ဦးတည်လိုလားချက်များအပေါ် ပြည်သူ့အမြင်ကို လွှမ်းမိုးနိုင်ရန်ဖြစ်သည်။ သတင်းမြစ်ရေကို နောက်ကျိရှုပ်ထွေးအောင် လုပ်ခြင်းအားဖြင့် လူအများ မဲပေးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကြောင်းကျိုးဆီလျော်အောင် စဉ်းစားနိုင်စွမ်း အားနည်းသွားအောင် လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။[7] လုပ်ကြံသတင်းများနှင့် သတင်းမှားများကြောင့် ပေါ်ပေါက်လာသော မရေရာ မသေချာမှုများသည် ရွှေ့ပြောင်းနေထိုင်မှုအရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အခြားအရေးအရာများအပေါ်တွင်လည်း ကြီးစွာထိခိုက်နိုင်ပါသည်။

ထိုအန္တရာယ်များကြောင့်ပင် သတင်းအတတ်ပညာနှင့် သတင်းပညာရေးသည် 'သတင်းတု' များ များပြားတိုးပွားလာခြင်းကို ထိပ်တိုက်တွေ့ ရင်ဆိုင်တားမြစ်ရန် မဖြစ်မနေလိုအပ်လာပါသည်။ တစ်ဖက်တွင်လည်း ထိုခြိမ်းခြောက်မှုများကြောင့်ပင် မီဒီယာ၏တန်ဖိုးကို သရုပ်ဖော်ပြသရန် စွန့်စားကြိုးပမ်းနိုင်သည့် အခွင့်အလမ်းလည်း ပေါ်ပေါက်လာသည်။ သတင်း အတတ်ပညာလောကတွင် တိုက်ဆိုင်စစ်ဆေးနိုင်သော သတင်းအချက်အလက်များ တင်ပြခြင်းနှင့် အများပြည်သူ အကျိုးစီးပွား အတွက် အသိနှင့်ယှဉ်သော သုံးသပ်ချက်များ တင်ပြနိုင်ခြင်း၏အရေးပါပုံကို ထောက်ပြနိုင်သော အခွင့်အလမ်းကိုလည်း ပေးပါသည်။[8]

## *သတင်းအတတ်ပညာ၏ တာဝန်*

ဤအခင်းအကျင်းကြောင့် သတင်းမီဒီယာသည် ပညာရပ်ဆိုင်ရာ စံနှုန်းများ၊ ကျင့်ဝတ်များနှင့် ကိုက်ညီစွာ ရပ်တည်ရန် ပိုမို လိုအပ်လာသည်။ စံနှုန်းကျင့်ဝတ်အားဖြင့် မစစ်ဆေးရသေးသော အချက်အလက်များကို ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်နိုင်ရန်၊ အများပြည်သူအားလုံးအတွက်မဟုတ်ဘဲ အုပ်စုငယ်တစ်စုတည်း အကျိုးစီးပွားကိုသာကြည့်သည့် သတင်းများ ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

သတင်းအဖွဲ့အစည်းအားလုံးနှင့် သတင်းသမားများအားလုံးသည် မိမိ၏ နိုင်ငံရေးခံယူချက် မည်သို့ပင်ရှိစေကာမူ လုပ်ကြံ သတင်းနှင့် သတင်းမှားများ မတော်တဆဖြန့်ဝေမိခြင်း၊ မစစ်ဆေးဘဲဖြန့်ဝေမိခြင်း မရှိအောင် ဤလက်စွဲစာအုပ်က သတိပေးနေပါသည်။ ယနေ့ခေတ် သတင်းမီဒီယာများတွင် သတင်းတိုက်တွင်း သတင်းအချက်အလက် စစ်ဆေးသော ရာထူးနေရာများကို ဖျက်သိမ်းလာကြသည်။ ထို့ကြောင့် ထိုတာဝန်ကို 'ပဥ္စမအုပ်စု' (ဘလော့ဂါများ၊ သတင်းသမားများ၏ အမှားများ ထောက်ပြပေးသူများ) ယူလာကြသည်။ သို့ရာတွင် သတင်းထုတ်ဝေပြီးမှသာလျှင် ထိုသို့ ထောက်ပြနိုင်တော့မည်။

အဆိုပါ တဖြည်းဖြည်း ပေါ်ထွက်လာသော အခြေအနေကြောင့် လူအများက တိုက်ဆိုင်စစ်ဆေးနိုင်သော သတင်း အချက်အလက်များကို ပိုမိုလိုလားလာကြခြင်းသည် သတင်းမီဒီယာအတွက် ကောင်းသောအခြေအနေဖြစ်သည်။ သတင်း အချက်အလက်များ စစ်ဆေးခြင်းအလုပ်ကို လူထုလက်ထဲသို့ လွှဲပြောင်းနိုင်ရန် သတင်းသမားများက ကြိုးပမ်းသင့်ပါသည်။ သို့ရာတွင် ပြင်ပမှလုပ်ဆောင်သူများက သတင်းတိုက်တစ်ခု၏ စနစ်ပိုင်း ယိုယွင်းနေခြင်းကို အကြိမ်ကြိမ်ထောက်ပြနေရပါက အဆိုပါ သတင်းတိုက်၏ ပညာရှင်ဆန်မှုမှာ မေးခွန်းထုတ်စဖွယ်ဖြစ်လာပါမည်။ တိုက်အတွင်း အရည်အသွေးထိန်းချုပ်ခြင်း လုပ်ငန်းစဉ်အစား ထုတ်ဝေပြီးချိန် ပြင်ပမှ စာဖတ်သူများက ပြန်လည်ပြင်ဆင်ရခြင်းသာ ဆောင်ရွက်နေရခြင်းမဖြစ်အောင် ဂရုစိုက်သင့်ပါသည်။ သတင်းသမားများအနေနှင့် သတင်းစတင်ဖြန့်ဝေကတည်းက မှန်ကန်မှုရှိအောင် ကြိုးပမ်းသင့်ပြီး ထိုသို့

7 Lipson, D (2018) *Indonesia's 'buzzers' paid to spread propaganda as political elite wage war ahead of election,* ABC News: http://mobile.abc.net.au/news/2018-08-13/indonesian-buzzers-paid-to-spread-propaganda-ahead-of-election/9928870?pfmredir=sm [accessed 17/8/18].

8 See also: Nordic Council of Ministers. 2018. *Fighting Fakes - the Nordic Way.* Copenhagen: Nordic Council of Ministers. http://www.nordicom.gu.se/en/latest/news/fighting-fakes-nordic-way [accessed 12/06/2018].

မဟုတ်ပါက အများပြည်သူ၏ ယုံကြည်စိတ်ချမှုကို လက်လွှတ်ရပေလိမ့်မည်။

ချုပ်၍ဆိုသော် သတင်းလုပ်ငန်းတွင် သတင်းတိုက်များက ထုတ်ဝေလိုက်သော သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမှားများကို ပြင်ပလှုပ်ရှားသူများက လိုက်လံအဖတ်ဆယ်ပြင်ဆင်ပေးနေရပါက သတင်းအတတ်ပညာ ကျရှုံးနေပြီဟုပင် ဖြစ်သည်။ သတင်းသမားများသည် အချက်အလက်စစ်ဆေးပေးသော ပြင်ပအဖွဲ့အစည်းများက မိမိတို့ကိုးကားသော ရင်းမြစ်များမှ တင်ပြသော ဖော်ပြချက်များ (မီဒီယာမှ တင်ပြခြင်းဖြစ်စေ၊ သတင်းတိုက်တစ်ခုခုမှ တင်ပြခြင်းမဟုတ်ဘဲ၊ လူမှုမီဒီယာတွင် တိုက်ရိုက်တင်ပြခြင်းဖြစ်စေ) ၏ မှန်ကန်မှုကို စစ်ဆေးပေးလိမ့်မည်ဟု မယူဆထားသင့်ပါ။ သတင်းအတတ်ပညာရှင်များ၏ စွမ်းရည်သည် 'တစ်ဆင့်စကားကြားခဲ့ပါသည်' ဟူသည့် သတင်းအတတ်ပညာမှ ကျော်လွန်ပြီး ထိုတင်ပြချက်များ၏ မှန်ကန်မှုကို လေ့လာဆန်းစစ်နိုင်ခြင်းရှိရမည်ဖြစ်ပြီး ထိုစွမ်းရည်ကိုမြှင့်တင်ရန် စဉ်ဆက်မပြတ်ကြိုးစားနေရမည်ဖြစ်သည်။

သတင်းအတတ်ပညာသည် လုပ်ကြံသတင်းပုံစံအမျိုးမျိုးပေါ်ထွက်လာမှု၊ တည်ရှိနေမှုကို အမြော်အမြင်ရှိရှိ ကြိုတင်ဆန်းစစ်သုံးသပ်နေရပေမည်။ ဤအချက်မှာ သတင်းမီဒီယာ၏ အရေးအပါဆုံးသော လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ထို့ပြင် 'သတင်းတု' များကို (ဥပဒေလမ်းကြောင်းအရ ဖြေရှင်းခြင်းကို ရှောင်ရှားလိုပါက) ဖြေရှင်းရန် ချဉ်းကပ်မှုကောင်းတစ်ရပ်လည်းဖြစ်သည်။ အရေးပေါ်ကိစ္စရပ်တစ်ခုကို၊ ထိခိုက်မှုရှိနေသော ကိစ္စရပ်တစ်ခုကို ချက်ချင်းတုံ့ပြန်ရန် လိုအပ်လာပါက ဤနည်းလမ်းသည် ရေရှည်/ရေလတ်နည်းလမ်းများနှင့် တွဲဖက်သုံးစွဲရပေမည်။ ရေရှည်/ရေလတ်နည်းလမ်းများမှာ မည်သည့်အရာက သတင်း၊ မည်သည်က လုပ်ကြံသတင်း၊ မည်သည်က သတင်းမှားဖြစ်သည်ကို ပရိသတ်က မိမိတို့ဘာသာ ဆန်းစစ်အကဲဖြတ်နိုင်လာရန် ပညာပေး မြှင့်တင်ခြင်းနည်းလမ်းများဖြစ်ပါသည်။ လုပ်ကြံသတင်းအကြောင်း ဖော်ထုတ်ခြင်းသည် ရေပန်းစားမှု ရရှိနိုင်သော သတင်းတစ်ပုဒ်လည်းဖြစ်နိုင်သည်။ ထို့ပြင် လူမှုအသိုင်းအဝိုင်းအတွက် အကျိုးပြုရာလည်းရောက်ပါသည်။

ထို့ကြောင့် ဤလက်စွဲစာအုပ်သည် တိုက်တွန်းနှိုးဆော်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။ လူထုသည် သတင်းတစ်ရပ်၏ ယုံကြည်စိတ်ချဖွယ်ရှိမှုကို မည်သို့ လေ့လာအတည်ပြုကြောင်းနှင့် အချို့က မည်သည့်အတွက် အထောက်အထားမရှိသော သတင်းများကို မျှဝေမှုပြုကြကြောင်း လူထုဆွေးနွေးချက်တစ်ရပ်ဖြစ်ပေါ်လာရန် သတင်းသမားများက ကြိုးစားရန်လိုကြောင်းလည်း ဤစာအုပ်က တိုက်တွန်းအားပေးပါသည်။ သတင်းမီဒီယာ၊ သတင်းအတတ်ပညာကျောင်းနှင့် ကျောင်းသားများ၊ မီဒီယာကျွမ်းကျင်မှုများ သင်ကြားပို့ချသူများနှင့် သင်ယူနေသူများအတွက် ပရိသတ်နှင့် နိုင်ငံအကျိုးပြု ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် အခွင့်အလမ်းကောင်းတစ်ခုကိုလည်း ဖော်ထုတ်ပေးပါသည်။ နမူနာတစ်ခုအနေနှင့် လူမှုမီဒီယာပေါ်တွင်ဖြစ်စေ၊ စာတိုပို့ အက်ပ်များ၊ အီးမေးလ်များတွင်ဖြစ်စေ၊ တိုးတိုးတိတ်တိတ် ပျံ့နှံ့နေသော လုပ်ကြံသတင်းများကို မီဒီယာက ထောက်လှမ်းသိရှိဖော်ထုတ်နိုင်ရန်အတွက် **လူအုပ်ရင်းမြစ်ရယူခြင်း "crowd-sourcing"** သည် မရှိမဖြစ်လိုအပ်သော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

## *ယူနက်စကို၏ အခန်းကဏ္ဍများ*

'ဆက်သွယ်မှုဖွံ့ဖြိုးရေးအတွက် ယူနက်စကို နိုင်ငံတကာအစီအစဉ်' (International Programme for the Development of Communication, IPDC) ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ဤလက်စွဲစာအုပ်သည် လုပ်ကြံသတင်းနှင့် ပတ်သက်သော သတင်းများ၏ အခြေအနေနှင့် ပတ်သက်ပြီး ထူးခြားသော၊ အားလုံးခြုံငုံနိုင်သော ရှုမြင်သုံးသပ်ချက်ကို ပေးပါသည်။[9] ဤလက်စွဲတွင် တင်ပြထားသော ဗဟုသုတများနှင့် နားလည်သဘောပေါက်မှုများကို လက်တွေ့အသုံးပြုနိုင်မည့် ကျွမ်းကျင်မှုတည်ဆောက်ခြင်း လုပ်ငန်းများလည်း ပါဝင်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းသင့်ကြောင်း အကြောင်းပြချက်များနှင့် အစိုးရ၏ ထိန်းကွပ်ကန့်သတ်မှုများပေါ်လာခြင်းအစား သတင်းသမားများ၏ အကောင်းဆုံးစွမ်းဆောင်ရည်နှင့် မိမိကိုယ်ကိုယ် ထိန်းကျောင်းခြင်းကို ယူနက်စကိုက အားပေးခြင်း

9 IPDC ဗျူရိုသည် ၂၀၁၇ ခုနှစ် ဇွ၁ ကြိမ်မြောက် အစည်းအဝေးတွင် သတင်းအတတ်ပညာသင်ကြားရေးမြှင့်တင်မှု နိုင်ငံတကာ ဆောင်ရွက်ချက်ကို အထောက်အပံ့ပြုရန် သတင်းအတတ်ပညာဆိုင်ရာ အဓိကခေါင်းစဉ်သစ်များအတွက် သင်ရိုးများ ရေးဆွဲရန် ဘဏ္ဍာငွေသီးသန့်သတ်မှတ်ရန် ဆုံးဖြတ်လိုက်သည်။ ၂၀၁၈ ခုနှစ်တွင် ကျရောက်သော ဇွ၂ ကြိမ်မြောက် အစည်းအဝေးတွင် လုပ်ငန်းပြီးစီးတိုးတက်မှုကို အစီရင်ခံခဲ့ပြီး ဤသင်ရိုးစာအုပ်အတွက် သတ်မှတ်ထောက်ပံ့ငွေ ထပ်မံတိုးမြှင့် ထောက်ပံ့ခဲ့ပါသည်။

အဖြစ်လည်း မှတ်တမ်းတင်နိုင်ပါသည်။

ဤလက်စွဲစာအုပ်သည် ထုတ်ဝေပြီးစာအုပ်များဖြစ်သော 'ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် သတင်းအတတ်ပညာကို သင်ကြားခြင်း သင်ရိုးသစ်'[10] (၂၀၁၅) နှင့် 'သတင်းအတတ်ပညာသင်ကြားရေးအတွက် စံပြသင်ရိုးတစ်ခု – သင်ရိုးသစ် သံခိပ်' (၂၀၁၃) တို့အပေါ် ဆက်လက်တိုးမြှင့်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ထိုသင်ရိုးနှစ်ခုသည်လည်း ၂၀၀၇ ခုနှစ်တွင် ဘာသာစကား ၇ မျိုးဖြင့် ထုတ်ဝေခဲ့ပြီး နောင်လာမည့် စာအုပ်များအပေါ် မျိုးစေ့ချပေးခဲ့သော 'သတင်းအတတ်ပညာ သင်ကြားရေးအတွက် စံပြသင်ရိုး'[11] ၏ နောက်ဆက်တွဲစာအုပ်များလည်း ဖြစ်ပါသည်။

သတင်းအတတ်ပညာ လေ့ကျင့်သင်ကြားရေးနှင့် ဆက်စပ်သော ယူနက်စကိုမှ ထုတ်ဝေမှုများနှင့် အခြားထုတ်ဝေမှုများတွင် အောက်ပါ စာအုပ်များလည်း ပါဝင်ပါသည်။

- သတင်းသမား ဘေးကင်းလုံခြုံရေးလမ်းညွှန် (၂၀၁၇)။[12]
- အကြမ်းဖက်မှုနှင့် မီဒီယာ – သတင်းသမားလက်စွဲ (၂၀၁၇)။[13]
- အာဖရိကမှ ရာသီဥတုပြောင်းလဲမှု – သတင်းသမားလမ်းညွှန် (၂၀၁၃)။[14]
- စုံစမ်းထောက်လှမ်း သတင်းရေးသားမှု နိုင်ငံတကာအမှုတွဲ (၂၀၁၂)။[15]
- ဖြစ်ရပ်အခြေခံစုံစမ်းမှု – စုံစမ်းထောက်လှမ်းခြင်း သတင်းသမားများအတွက် လက်စွဲစာအုပ် (၂၀၀၉)။[16]
- ပဋိပက္ခအခြေအနေကို ထည့်သွင်းစဉ်းစားမှုရှိသော သတင်းတင်ပြမှုပညာ – သတင်းသမားများနှင့် သတင်းအတတ်ပညာ သင်ကြားသူများအတွက် သင်ရိုး (၂၀၀၉)။[17]

အထက်ပါ ထုတ်ဝေမှုတစ်ခုချင်းစီသည် ကမ္ဘာအနှံ့ နိုင်ငံများတွင် တန်ဖိုးရှိ အသုံးဝင်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ သတင်းအတတ်ပညာ သင်ကြားသူများ၊ ကျောင်းသားများနှင့် သတင်းသမားများစွာသည် ၄င်းတို့၏ အလေ့အကျင့်၊ ကျွမ်းကျင်မှုများကို နည်းမျိုးစုံဖြင့် မြှင့်တင်နိုင်ခဲ့ကြပါသည်။ အချို့သောနေရာများတွင် အထက်ပါစာအုပ်များမှ ရရှိလာသော သုတသစ်များ အကြံသစ်များဖြင့် နှစ်ရှည် သတင်းအတတ်ပညာသင်ကြားမှု အစီအစဉ်များကို ပြုပြင်ပြောင်းလဲနိုင်လိုက်ခြင်းလည်း ရှိခဲ့သည်။ အချို့နေရာများတွင် ၄င်းတို့ အသုံးပြုနေသော မူလရင်းမြစ်များတွင် အထက်ပါယူနက်စကို၏ ရင်းမြစ်များမှ အစိတ်အပိုင်းများကို ထည့်သွင်းအသုံးပြုလိုက်ကြခြင်းလည်း ရှိပါသည်။ ဤလက်စွဲစာအုပ်သစ်၏ စုစုစည်းစည်းရှိခြင်းနှင့် အရည်အသွေးသည်လည်း စာဖတ်သူများအတွက် အထက်ပါအတိုင်း အသုံးဝင်မှုများ ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယူနက်စကိုသည် ကမ္ဘာအနှံ့မှအစိုးရများ ပေါင်းစပ်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အလျောက် သတင်းအချက်အလက်တို့ ပထဝီနိုင်ငံရေးအရ အငြင်းပွားဖွယ်ရာဖြစ်လာသည့်အခါ ဘက်ရွေးရပ်တည်ခြင်းမပြုပါ။ အများကောင်းစွာ သိကြသည့် အတိုင်းပင် လုပ်ကြံသတင်းနှင့် ပတ်သက်လာလျှင် ပြောဆိုချက်များ၊ ငြင်းဆိုချက်များ အပြန်အလှန်ရှိပါသည်။ ထိုသို့ နှစ်ဖက်လုံးမှ အပြန်အလှန် ငြင်းဆိုချက်များအကြောင်းသိပါက ဤစာအုပ်ကို ပိုမိုနားလည်လာနိုင်ပြီး အဖြစ်အပျက်အမျိုးမျိုးတို့ ဖြစ်ပျက်ချိန်တွင် စာဖတ်သူများအနေနှင့် အထောက်အထားများ ထပ်မံရှာဖွေလိုစိတ်ကိုလည်း နှိုးဆွပေးနိုင်ပါသည်။

ဤလက်စွဲစာအုပ်ထဲတွင် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်းတို့၏ ရှောင်လွှဲမရသော အခြေခံစွမ်းရည်များ

---

10 http://www.unesco.org/new/en/communication-and-information/resources/publications-and-communication-materials/publications/full-list/teaching-journalism-for-sustainable-development/ [accessed 12/06/2018].

11 http://www.unesco.org/new/en/communication-and-information/resources/publications-and-communication-materials/publications/full-list/model-curricula-for-journalism-education/ [accessed 12/06/2018].

12 https://en.unesco.org/news/unesco-releases-model-course-safety-journalists [accessed 12/06/2018].

13 https://en.unesco.org/news/terrorism-and-media-handbook-journalists [accessed 12/06/2018].

14 http://www.unesco.org/new/en/communication-and-information/resources/publications-and-communication-materials/publications/full-list/climate-change-in-africa-a-guidebook-for-journalists/ [accessed 12/06/2018].

15 http://www.unesco.org/new/en/communication-and-information/resources/publications-and-communication-materials/publications/full-list/the-global-investigative-journalism-casebook/ [accessed 12/06/2018].

16 http://unesdoc.unesco.org/images/0019/001930/193078e.pdf [accessed 12/06/2018].

17 http://www.unesco.org/new/en/communication-and-information/resources/publications-and-communication-materials/publications/full-list/conflict-sensitive-reporting-state-of-the-art-a-course-for-journalists-and-journalism-educators/ [accessed 12/06/2018].

အဖြစ် (တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်စေဘဲ) အောက်ပါစွမ်းရည်များကို နက်ရှိုင်းစွာ ထည့်သွင်း ချိတ်ဆက်ထားပါသည်။

၁။ ပွင့်လင်းမြင်သာမှုရှိသော လုပ်ဆောင်သူများမှ ထုတ်ပြန်ပြီး အချက်အလက်ကို တိုက်ဆိုင်စစ်ဆေးနိုင်သော သတင်းဆိုသည်မှာ ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေး၊ သိပ္ပံပညာ၊ ကျန်းမာရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်ကြောင်း ဗဟုသုတ။

၂။ လုပ်ကြံသတင်းဆိုသည်မှာ အခြားအရာများနှင့် ချိတ်ဆက်မှု မရှိသော ဘေးပွဲတစ်ခု မဟုတ်ကြောင်းနှင့် လုပ်ကြံသတင်းကို တိုက်ဖျက်ခြင်းမှာ သတင်းမီဒီယာအနေနှင့် အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း သိနားလည်မှု။

၃။ အားလုံးပါဝင်သော၊ မှန်ကန်တော်တည့်သော သတင်းအတတ်ပညာတစ်ရပ်ကို တည်ဆောက်ပြီး လုပ်ကြံသတင်း တင်ပြချက်များနှင့် ယှဉ်နိုင်သော သတင်းရင်းမြစ်အဖြစ် တည်ဆောက်ရန်အတွက် သတင်းအတတ်ပညာ ကျွမ်းကျင်မှုများ တဖြည်းဖြည်း ပိုမိုတိုးတက်လာခြင်းရှိစေရန်အတွက် ကတိကဝတ်ပြု ဖောက်ချဆောင်ရွက်ခြင်း။

ဤလက်စွဲစာအုပ်တွင်ပါသည့် အခြားမရှိမဖြစ် အရေးကြီးသော နားလည်တတ်ကျွမ်းမှုများမှာ – သတင်းသမားများနှင့် သတင်းမီဒီယာများအတွက် အထူးဆီလျော်သော တတ်ကျွမ်းမှုများဖြစ်ပြီး – အောက်ပါတို့အတိုင်း ဖြစ်ပါသည်။

၁။ လုပ်ကြံသတင်းများကို လေ့လာစောင့်ကြည့်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် ဖော်ထုတ်တင်ပြခြင်းများ စနစ်တကျ လုပ်ဆောင်နိုင်မှုရှိစေသည့် သတင်းခန်းစနစ်များ တည်ထောင်နိုင်သည့် အသိပညာနှင့် အတတ်ပညာများ။

၂။ သတင်းလောကတွင် လုပ်ကြံသတင်းများ စိမ့်ဝင်ညစ်ညမ်းမှုကို တိုက်ဖျက်ရန်အတွက် မီဒီယာအဖွဲ့အစည်းများ၊ သတင်းအတတ်ပညာကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အချက်အလက် စစ်ဆေးသူများ၊ ရပ်ရွာများ၊ အင်တာနက် ကုမ္ပဏီများနှင့် ဥပဒေထုတ်သူများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံ။

၃။ သတင်းအတတ်ပညာကို လုပ်ကြံသတင်းများ လွှမ်းမိုးခြင်းမှ ကာကွယ်နိုင်ရန်နှင့် မရိုးဖြောင့်သော လှုပ်ရှား ဆောင်ရွက်သူများက သတင်းသမားများကို လုပ်ကြံသတင်းထုတ်သူအဖြစ် ပစ်မှတ်ထား စွပ်စွဲတိုက်ခိုက်ခြင်းမှ ကာကွယ်နိုင်ရန်တို့မှာ အဘယ့်ကြောင့် အရေးကြီးကြောင်းကို ပြည်သူလူထုက သိရှိလိုအပ်ကြောင်း နားလည်ခြင်း။

ခြုံငုံ၍ဆိုရလျှင် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ အင်တာနက် ကုမ္ပဏီများ၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုအတွက် ရပ်တည်လုပ်ဆောင်သူများအပါအဝင် လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးက လုပ်ကြံသတင်းများကို တုံ့ပြန်ဖြေရှင်းလုပ်ဆောင်မှုအမျိုးမျိုးကို ရပ်ရွာများအနေနှင့် ပိုမိုသိရှိ နားလည်လာစေရန် ဤစာအုပ်က ကူညီပေးနိုင်ပါလိမ့်မည်။ သတင်းသမားများ လုပ်ဆောင်သင့်သည့် အကြောင်းအရာများနှင့် သတင်းအတတ်ပညာ လေ့ကျင့်သင်ကြားပေးသူများ လုပ်ဆောင်သင့်သည့် အကြောင်းအရာများကို အထူးအသားပေး ရေးသားထားပါသည်။

သတင်းအတတ်ပညာက လူ့အသိုင်းအဝိုင်းအတွက် ပေးအပ်သော မရှိမဖြစ် ကူညီထောက်ပံ့မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရည်မှန်းချက်များတွင် ပါဝင်သော ‘သတင်းအချက်အလက်ကို အများရရှိနိုင်မှုနှင့် အခြေခံလွတ်လပ်မှုများအတွက်’ ထောက်ပံ့ ပေးနိုင်မှုများ ပိုမိုအားကောင်းလာစေရန် ဤစာအုပ်က အုတ်တစ်ချပ် သဲတစ်ပွင့် ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ယူနက်စကိုအနေနှင့် ဤလက်စွဲစာအုပ်ကို ဝိုင်းဝန်းကူညီအကောင်အထည်ဖော်ပေးသော တည်းဖြတ်သူများနှင့် အကြံပြုသူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။ စာဖတ်သူလည်း အပါအဝင်အဖြစ်ပြီး စာဖတ်သူ၏ မှတ်ချက်များ အကြံပြုချက်များကို ကြိုဆိုလျှက်ရှိပါသည်။

# ဂိုင်းဘာဂါ

*လွတ်လပ်စွာ ထုတ်ဖော်ခြင်းနှင့် မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ ယူနက်စကို*

***IPDC** အတွင်းရေးမှူး*

# မိတ်ဆက်

ရှယ်ရီလင်း အိုင်ရာတန်နှင့် ဂျူလီပိုစက်တီ[1]

စံပြုသင်ရိုးတစ်ခုအဖြစ် အသုံးပြုနိုင်စေရန်အတွက် ဤလက်စွဲစာအုပ်ကို ပုံစံထုတ်ထားပုံမှာ သတင်းအတတ်ပညာ သင်ကြားသူများ၊ သတင်းအတတ်ပညာသင်ယူသူ ကျောင်းသားများအနေနှင့် 'သတင်းတုများ' နှင့် ပတ်သက်သည့် ကိစ္စရပ်များကို လေ့လာနိုင်စေရန်အတွက် မူဘောင်တစ်ခု ဤစာအုပ်ကပေးပါသည်။ အလုပ်သင် သတင်းသမားများအတွက် အသုံးဝင်သော လမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်မည်ဟု မျှော်လင့်ပါသည်။

သတင်းမှားများ၊ လုပ်ကြံသတင်းများဆိုင်ရာ စိန်ခေါ်မှုများနှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းအတတ်ပညာနှင့် လုပ်ထုံးလုပ်နည်းများကို တိုးတက်ပြောင်းလဲအောင် ထိပ်တန်းမှ ကူညီဆောင်ရွက်ပေးနေသော သတင်းအတတ်ပညာ သင်ကြားသူများ၊ သုတေသီများနှင့် တွေးခေါ်သူများ၏ မှတ်ချက်များနှင့် အကြံဉာဏ်များကို စုစည်းပေးထားပါသည်။ သင်ခန်းစာများသည် အခြေအနေအခင်းအကျင်းနှင့် ကိုက်ညီစွာပြင်နိုင်သော၊ သဘောတရားပိုင်းပါသော၊ အွန်လိုင်းတွင် တိုက်ဆိုင်စစ်ဆေးခြင်း အပိုင်းကမူ ကောင်းစွာလက်တွေ့ကျအသုံးဝင်ပါသည်။ သင်ခန်းစာများကို သင်ရိုးတစ်ခုအနေနှင့် စုစည်း အသုံးချနိုင်သလို၊ တစ်ခုချင်းစီလည်းအသုံးပြုနိုင်သည်။ လက်ရှိသင်ရိုးအစီအစဉ်များတွင် ထည့်သွင်းအသုံးချခြင်းဖြင့် ပိုမို စိတ်ဝင်စားဖွယ်ဖြစ်အောင်ဖြစ်စေ၊ သင်ကြားမှုအသစ်များ ဖန်တီးနိုင်အောင်ဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။ ဤလက်စွဲစာအုပ်ကို စံပြုသင်ရိုးအဖြစ် အသုံးပြုပုံဟူသည့် အကြံပြုချက်များကို ဤမိတ်ဆက်အပြီးတွင် ဆက်လက်တင်ပြထားပါသည်။

'သတင်းတု (Fake News)' ဟူသည့် စကားလုံးကို စာအုပ်ခေါင်းစဉ်နှင့် သင်ခန်းစာများတွင် ထည့်သွင်းအသုံးပြုခြင်းနှင့် ပတ်သက်ပြီး ငြင်းခုံဆွေးနွေးရခြင်း ရှိခဲ့ပါသည်။ 'သတင်းတု' ဟူသည့် စကားလုံးသည် သတင်းယောင်ဆောင်ပြီး ဖြန့်ဝေသော မှားယွင်းစွာ ယုံကြည်အောင် ဖန်တီးထားသည့် အချက်အလက်များကိုခေါ်သည့် အမည်တစ်ခုထက်ပိုသော အခြား အဓိပ္ပာယ်များပါ ရှိလာပါသည်။ သတင်းအတတ်ပညာကို ယိမ်းယိုင်အောင် ထိုးနှက်ရန်၊ အသေရေဖျက်ရန် လက်နက်သဖွယ် ဖန်တီးထားသော ကြောက်မက်ဖွယ် စကားလုံးတစ်ခု ဖြစ်လာနေပါသည်။ ထိုအတွက်ကြောင့် သတင်းမှား၊ လုပ်ကြံသတင်းနှင့် 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်ခြင်း' (Information Disorder) ဟု ဝါဒယ်နှင့် ဒရက်ရှန်[2] တို့က အကြံပြုထားသည့် ဝေါဟာရများကို အသုံးပြုရန် ပိုမိုအလေးပေးအသုံးပြုထားပါသည်။ သို့ရာတွင် ထိုစကားလုံးများသာ အသုံးပြုရမည်ဟု ပြဋ္ဌာန်းခြင်းတော့ မဟုတ်ပါ။[3][4]

## လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် 'သတင်းတု'၊ လုပ်ကြံသတင်း၊ ဝါဒဖြန့်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်

သတင်းအတတ်ပညာနှင့် သတင်းသမားများကို ဦးတည်ပစ်မှတ်ထားသော 'လုပ်ကြံသတင်းစစ်ပွဲ' များ ဖြစ်လာနိုင်ခြေကို နိုင်ငံတကာက တဖြည်းဖြည်း ပိုမိုစိုးရိမ်လာကြသည့် အခြေအနေအတွင်း ဤလက်စွဲစာအုပ်ကို ထုတ်ဝေထားခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် အစောပိုင်း၌ ယူနက်စကိုက ဤစီမံကိန်းကို လုပ်ဆောင်နေစဉ်တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ထုတ်ဖော်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ မီဒီယာ လွတ်လပ်ခွင့်ဆိုင်ရာ OSCE ကိုယ်စားလှယ်၊ အမေရိကန်ပြည်ထောင်စု ပြည်နယ်များအဖွဲ့အစည်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် သတင်းရယူခွင့်ဆိုင်ရာ အာဖရိက လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် အထူးကိုယ်စားလှယ်တို့က

1 Alice Matthews of ABC Australia and Tom Law of the Ethical Journalism Network contributed research, ideas and resources which are reflected in this introduction.

2 မော်ဂျူး ၂

3 'သတင်းတု' စကားလုံးကို မသုံးရန် ဆွေးနွေးခဲ့ကြသည့် စာရေးဆရာများ၊ သတင်းသမားများ များစွာရှိသည်။ ဤကိုးကားချက်လည်း အပါအဝင်ဖြစ်သည်။ Basson, A. (2016) *If it's fake, it's not news.* https://www.news24.com/Columnists/AdriaanBasson/lets-stop-talking-about-fake-news-20170706 [accessed 12/06/2018].

4 Wardle, C et al. (2018). "Information Disorder: the essential glossary". Shorenstein Center, Harvard University. Available at https://firstdraftnews.org/wp-content/uploads/2018/07/infoDisorder_glossary.pdf?x25702 [accessed 21/07/2018].

ပူးတွဲထုတ်ပြန်ခဲ့ကြပါသည်။ လုပ်ကြံသတင်းများနှင့် ဝါဒဖြန့်မှုများ၊ သတင်းမီဒီယာကို သတင်းတု အမည်တပ်တိုက်ခိုက်မှုများ တဖြည်းဖြည်းပေါ်များလာမှုနှင့် ပတ်သက်ပြီး ထိုကြေညာချက်တွင် သတိပေးအချက်ပြထားပါသည်။ သတင်းသမားများနှင့် သတင်းအတတ်ပညာတို့အပေါ် ကျရောက်နေသည့် သက်ရောက်မှုများကို အထူးကိုယ်စားလှယ်များနှင့် အဖွဲ့ကိုယ်စားလှယ်များက အောက်ပါတို့အတိုင်း အသိအမှတ်ပြုထားကြပါသည်။

> *'အစိုးရ အာဏာရှိသူများက မီဒီယာကို အပုပ်ချဝေဖန်ခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လာသည့်အဖြစ်တို့ များလာခြင်းကို ကျွန်ုပ်တို့ ထိတ်လန့်တုန်လှုပ်ရပါသည်။ မီဒီယာကို 'အတိုက်အခံ'၊ 'အလိမ်အညာ' ဟု အမည်တပ်ခြင်း၊ နိုင်ငံရေးရည်ရွယ်ချက် လျှို့ဝှက်ပါဝင်ကြောင်း စွပ်စွဲခြင်းများရှိနေပြီး သတင်းသမားများအပေါ် အကြမ်းဖက်မှုများဖြစ်စေခြင်း၊ သတင်းအတတ်ပညာ၏ ပြည်သူ့အကျိုးအတွက် လေ့လာစောင့်ကြည့်ခြင်းအပေါ် ပြည်သူ့ယုံကြည်မှု လျော့ကျစေခြင်းရှိနေသည်။ ထို့ပြင် လုပ်ကြံသတင်းနှင့် တစ်ဦးချင်းလွတ်လပ်စွာ ရှာဖွေထားသော အထောက်အထားများပါသည့် မီဒီယာတင်ဆက်ချက်များအကြား ကွာခြားမှုကို ဖုံးကွယ်ခြင်းအားဖြင့် ပြည်သူလူထုကို လိမ်ညာအယုံသွင်းခြင်းများ ရှိသောကြောင့် တုန်လှုပ်မိသည်။'*[5]

## *လုပ်ကြံသတင်းဆိုသည်မှာ နည်းပညာသစ် လောင်စာထည့်လိုက်သော ဖြစ်ရိုးဖြစ်စဉ် မီးစများ*

သတင်းဆိုသည်မှာ ဖြောင့်မတ်တည်ကြည်မှု စည်းမျဉ်းများကို လိုက်နာရသော ကဏ္ဍတစ်ခုဖြစ်လာစေရန် စံနှုန်းများကို တည်ဆောက်ရန်ကြိုးပမ်းသော ခေတ်သစ်သတင်းအတတ်ပညာ မရှိမီကတည်းက သတင်းအချက်အလက်များကို ဆော်သြရယူခြင်းနှင့် ခြယ်လှယ်ပြုပြင်ခြင်းများကို သမိုင်းတစ်လျှောက်တွင် အစဉ်တစိုက် လုပ်ဆောင်ခဲ့ကြပါသည်။ ရှေးကျသော နမူနာတစ်ခုဆိုလျှင် ရှေးဟောင်းရောမခေတ်[6] တွင် ဖြစ်ပျက်ခဲ့သည်။ အန်တိုနီက ကလီယိုပါထရာနောက်သို့ပါသွားချိန်တွင် အန်တိုနီ၏ နိုင်ငံရေးရန်သူ အောက်တေဗီယန်က အန်တိုနီကို အသရေဖျက်ရန် လိုတိုရှင်းပြောင်မြောက်စွာ ရေးသားထားသော စာသားတိုများကို ယနေ့ခေတ် တွစ်တာစာသားများ[7] အလား ဒင်္ဂါးပြားများပေါ်တွင် ရေးသားဖြန့်ဝေခဲ့သည်။ ထိုသို့ အသရေဖျက် လုပ်ဆောင်ခဲ့သော အောက်တေဗီယန်သည် ပထမဆုံးသော ရိုမန်ဧကရာဇ်တစ်ပါးဖြစ်လာရာ 'သမ္မတနိုင်ငံစနစ်ကို တစ်ချက်တည်း အောင်မြင်စွာ ထိုးဖောက်ဖြိုခွဲရန် သတင်းတုကို အားကိုးလုပ်ဆောင်ခဲ့'သော ဘုရင်အဖြစ် သမိုင်းကျန်ခဲ့ပါသည်။[8]

သတင်းအချက်အလက်ကို လက်နက်အဖြစ်သုံးခြင်းကို ၂၁ ရာစုတွင် ယခင်မရှိခဲ့ဖူးသော ပမာဏဖြင့် မြင်လာရပါသည်။ အားကောင်းလှသော နည်းပညာသစ်များကြောင့် သတင်းအချက်အလက်များကို ပြုပြင်ခြယ်လှယ်ခြင်းနှင့် လုပ်ကြံဖန်တီးခြင်းကို လွယ်ကူစွာ လုပ်ဆောင်လာနိုင်သည်။ အများစုက မစဉ်းမစား ယုံကြည်မျှဝေပေးကြသော လူမှုကွန်ရက်များသည် အစိုးရများ၊ သာမန်လူတန်းစား အကျိုးမျှော်ဝါဒီဖြစ်သယောင် နိုင်ငံရေးသမားများနှင့် မရိုးဖြောင့်သော စီးပွားရေးအဖွဲ့အစည်းများက ဖန်တီးသော သတင်းတုသတင်းယောင်များကို အကြီးအကျယ်ချဲ့ကားပေးလာကြသည်။ ထိုနေရာများသည် စနစ်တကျ အကွက်ချတွက်ချက် ဖြန့်ဝေသော ဝါဒဖြန့်မှု[9]၊ ထရိုး troll[10] များ၊ ထရိုးတပ်ဖွဲ့ troll army များ[11]၊ အကောင့်တုကွန်ရက်များ (Sock puppet ကွန်ရက်) များ[12] နှင့် အယောင်ဆောင်အသုံးပြုသူများ[13] အတွက် လူမှုကွန်ရက်များသည် ရေခံမြေခံကောင်းများ ဖြစ်လာပါသည်။ ရွေးကောက်ပွဲများ အနားနီးလာပါကလည်း အကောင့်တုအုပ်စုများနှင့် ဝိုင်းဝန်းပြဿနာမီးမွှေးခြင်းကို

5 UN/OSCE/OAS/ACHPR (2017). Joint Declaration on Freedom of Expression and "Fake News", Disinformation, Propaganda: https://www.osce.org/fom/302796?download=true [accessed 29/03/2017]. See also: Kaye, D (2017) Statement to the UN General Assembly on October 24th, 2017: https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=22300&LangID=E [accessed: 20/8/18].

6 See a timeline plotting selected manifestations of 'information disorder' - from Cleopatra's era to the present - in a guide published by the International Center for Journalists (ICFJ) Posetti, J & Matthews, A (2018): https://www.icfj.org/news/short-guide-history-fake-news-and-disinformation-new-icfj-learning-module [accessed 23/07/2018].

7 Kaminska, I. (2017). *A lesson in fake news from the info-wars of ancient Rome.* Financial Times. https://www.ft.com/content/aaf2bb08-dca2-11e6-86ac-f253db7791c6 [accessed 28/03/2018].

8 ibid

9 See: Oxford Internet Institute's Computational Propaganda Project: http://comprop.oii.ox.ac.uk/ [accessed 20/07/2018].

10 ဤခြိမ်းခြောက်မှုများအကြောင်း သရုပ်ဖော်ချက်များအတွက် မော်ဂျူး ၇ ကို ရှုပါ။

11 Rappler.com (2018) Fake News in the Philippines: Dissecting the Propaganda Machine https://www.rappler.com/newsbreak/rich-media/199895-fake-news-documentary-philippines-propaganda-machine [accessed 20/07/2018].

12 Gent, E. (2017). Sock puppet accounts unmasked by the way they write and post. https://www.newscientist.com/article/2127107-sock-puppet-accounts-unmasked-by-the-way-they-write-and-post/ [accessed 19/07/2018].

13 Le Roux, J. (2017). Hidden hand drives social media smears. https://mg.co.za/article/2017-01-27-00-hidden-hand-drives-social-media-smears [accessed 19/07/2018].

အကျိုးအမြတ်ယူပြီး ဆောင်ရွက်ပေးသော ထရိုးစုဆောင်းပေးအပ်သော ဝန်ဆောင်မှုများ Troll farm များလည်း ရှိလာပါသည်။[14]

ခေတ်များနှင့် နည်းပညာများမတူညီကြသော်လည်း ဤစာအုပ်တွင် ထည့်သွင်းဖြေရှင်းရန် ကြိုးစားထားသော 'သတင်းအချက်အလက်များ ဖရိုဖရဲဖြစ်မှု' ၏ အကြောင်းရင်းနှင့် အကျိုးဆက်များကို သမိုင်းကိုပြန်ကြည့်ပြီး နားလည်နိုင်ပါသည်။ ဤအခက်အခဲကို အသေးစိတ်ခွဲခြားကွဲပြားစွာ တင်ပြအသိပေးနိုင်ရန်အတွက် လုပ်ကြံသတင်းများ၊ ဝါဒဖြန့်ခြင်း၊ သတင်းတုများနှင့် သရော်စာများ၏ ကွဲပြားမှုအကြောင်းကို ဆက်သွယ်ရေးဂေဟဗေဒ အဝန်းအဝိုင်း[15] တွင် ပါဝင်နေသော အစိတ်အပိုင်းများအဖြစ် လေ့လာရန် သတင်းသမားများ၊ သတင်းအတတ်ပညာ လေ့ကျင့်ပေးသူများနှင့် သင်ကြားပေးသူများကို (၎င်းတို့၏ ကျောင်းသားများနှင့်အတူ လေ့လာရန်) တိုက်တွန်းအပ်ပါသည်။

လုပ်ကြံသတင်းများကို ပြန်လည်တွန်းလှန်တိုက်ဖျက်ရာနှင့် သတင်းအတတ်ပညာ နည်းလမ်းဗျူဟာများ ပြုစုတည်ဆောက်ရာတွင် စဉ်းစားသင့်သည့်အချက်မှာ သတင်းအချက်အလက်များကို ခြယ်လှယ်လုပ်ကြံဖန်တီးခြင်းသည် ရာစုနှစ်ပေါင်းများစွာကြာအောင် တည်ရှိခဲ့သည့်အရာများဖြစ်ပြီး သတင်းအတတ်ပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်လာမှုမှာ မကြာလှသေးဟူသည့် အချက်ပင်ဖြစ်သည်။[16] သတင်းအတတ်ပညာ ဆင့်ကဲတိုးတက်ပြောင်းလဲခဲ့ခြင်းကြောင့် ခေတ်သစ်လူမှုအသိုင်းအဝိုင်းတွင် စံပြုရသော အခန်းကဏ္ဍတစ်ခုအဖြစ် အောင်မြင်စွာရပ်တည်နေနိုင်ခဲ့ခြင်းလည်း ရှိပါသည်။ သတင်းမီဒီယာသည်လည်း အများအားဖြင့် လုပ်ကြံဖန်တီးမှုများ၊ ချုံခိုတိုက်ခိုက်မှုများမှ ကင်းဝေးစွာ ရပ်တည်လှုပ်ရှားနိုင်ခဲ့ပါသည်။ ၎င်းမှာ သတင်းအတတ်ပညာစံနှုန်းများ၊ တိုက်ဆိုင်စစ်ဆေးခြင်း နည်းလမ်းများနှင့် အများကောင်းကျိုးရှေးရှုသော ကျင့်ဝတ်များ အစရှိသည်တို့ကို ဒိုင်းသဖွယ်အကာအကွယ်ယူ အသုံးပြုနိုင်ခဲ့သောကြောင့်ပင်ဖြစ်သည်။ သတင်းအတတ်ပညာသည် အဆင့်ပေါင်းများစွာကို အကြိမ်ကြိမ်အဖန်ဖန် ကျော်ဖြတ်မှတ်ကျောက်တင်ခံခဲ့ပြီး အခြားသောသတင်းတုများနှင့် ကွဲပြားကြောင်း ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယနေ့ခေတ်တွင် သတင်းအတတ်ပညာ အမျိုးအစားအမျိုးမျိုးကွဲပြားနေသည့် အချိန်တွင်ပင် တွေ့မြင်နိုင်သေးသည့်အချက်မှာ သတင်းများသည် ကျင့်ဝတ်အခြေပြု ပညာပေး သတင်းတင်ဆက်သော အလေ့အထများ အဖြစ်သာမက နိုင်ငံရေး စီးပွားရေး အကျိုးစီးပွားတစ်စုံတစ်ရာ၏ လွှမ်းမိုးမှုမှ ကင်းလွတ်သော စာတည်းဖြတ် တင်ဆက်မှုများ အဖြစ် မြင်ရပါသည်။ ထိုသတင်းတင်ဆက်မှုများတွင်လည်း နောက်ခံဇာတ်ကြောင်း ဖြစ်ရပ်အစုံစုံကို ရှုထောင့်စုံမှ ရိုးဖြောင့်စွာ တင်ပြကြခြင်း ရှိနေပါသေးသည်။ သို့ရာတွင် အဆိုပါစံနှုန်းများ မပေါ်ပေါက်မီက သတင်းအချက်အလက်နှင့် ပတ်သက်သော ဖြောင့်မှန်တည်ကြည်မှုအတွက် စည်းကမ်းသတ်မှတ်ချက်များကို အကြီးအကျယ် ဖြန့်ဝေခဲ့ရပါသေးသည်။

ဂူတန်ဘာ့ဂ် ပုံနှိပ်စက် စတင်ပျံ့နှံ့ခဲ့သော ၁၅ ရာစု အလယ်ပိုင်းလောက်မှစပြီး နောက်ပိုင်းခေတ်အသီးသီးတွင် သတင်းအတတ်ပညာရပ်က ရောင်လွှဲမရအောင် ပေါ်ပေါက်လာခဲ့ရပါသည်။ နည်းပညာကြောင့် သတင်းတုနှင့် ကောလာဟလများ ပျံ့နှံ့မှုသည်လည်း ဆတိုးလာခဲ့ပြီး မီဒီယာအဖွဲ့အစည်းများကြောင့် ထိုသို့ ပိုမိုပျံ့နှံ့ကြောင်း အပြစ်ဆိုမှုများလည်း ရံဖန်ရံခါ ရှိလာခဲ့ပါသည်။[17] ရုပ်သံထုတ်လွှင့်သည့်နည်းပညာ ပေါ်လာသောအခါ ဝါဒဖြန့်ခြင်း၊ ကောလာဟလဖြန့်ခြင်းနှင့် အယောင်ဆောင် သတင်းပေးခြင်းများမှာ များစွာ ပိုမိုအဆင့်မြင့်လာခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့ပြီး ယနေ့ခေတ် လူသိနည်းသွားသော ရေဒီယိုဇာတ်လမ်းတွဲဖြစ်သည့် "War of the Worlds" မှာ နမူနာများစွာအနက် တစ်ခုဖြစ်ပါသည်။[18] နိုင်ငံတကာရုပ်သံလွှင့်မီဒီယာများ ပေါ်ပေါက်လာသည့်အခါ ပညာရှင်ဆန်သော၊ လွှမ်းမိုးမှုကင်းသော သတင်းတင်ပြချက် မဟုတ်တော့သည့် သတင်းအချက်အလက်များကို အမြတ်ထုတ်အသုံးချခြင်းကို များစွာမြင်တွေ့လာရသည်။ သို့ရာတွင် အစအဆုံးအလွန်အကြူး လုပ်ကြံဖန်တီးထားသည့် ဇာတ်လမ်းများနှင့် အကြီးအကျယ်လိမ်ဆင်များမှာမူ လှုပ်ရှားဆောင်ရွက်သူ အများစုတွင် အမြဲမြင်နေရခြင်းမဟုတ်ဘဲ ခြွင်းချက်အနေနှင့်သာ ရံဖန်ရံခါ မြင်ရခြင်းမျိုးရှိပါသည်။

14 Silverman, C et al (2018) *American Conservatives Played a Role in the Macedonian Fake News Boom of 2016 Buzzfeed* https://www.buzzfeednews.com/article/craigsilverman/american-conservatives-fake-news-macedonia-paris-wade-libert [accessed 20/07/2018].

15 Posetti, J and Matthews, A (2018) A short guide to the history of 'fake news': A learning module for journalists and journalism educators ICFJ https://www.icfj.org/news/short-guide-history-fake-news-and-disinformation-new-icfj-learning-module [accessed 23/07/2018].

16 ဤလက်စွဲစာအုပ်၏ မော်ဂျူး ၃ ကို ရှုပါ။

17 See for example, what is said to the first-large scale news hoax – '*The Great Moon Hoax*' of 1835. Detailed here: Thornton, B. (2000). *The Moon Hoax: Debates About Ethics in 1835 New York Newspapers*, Journal of Mass Media Ethics 15(2), pp. 89-100. http://www.tandfonline.com/doi/abs/10.1207/S15327728JMME1502_3 [accessed 28/03/2018].

18 Schwartz, A.B. (2015). *The Infamous "War of The Worlds" Radio Broadcast Was a Magnificent Fluke*, The Smithsonian. http://www.smithsonianmag.com/history/infamous-war-worlds-radio-broadcast-was-magnificent-fluke-180955180/#h2FAexeJmuCHJfSt.99 [accessed 28/03/2018].

ထို့ပြင် ဧပရယ် ၁ ရက်နေ့ (ကျီစားနောက်ပြောင်ခြင်းနေ့) များတွင် – အတွေ့အကြုံနု သတင်းသမားများအပါအဝင် – လူအများ အရူးလုပ်ကျီစားခံရခြင်း အလေ့အထနှင့် သမိုင်းကြောင်းမှလည်း ကျွန်ုပ်တို့ သင်ခန်းစာအချို့ယူနိုင်ပါသည်။[19] ယနေ့အထိပင်လျှင် – သတင်းလုပ်ငန်းတွင် တာဝန်ခံမှုရှိအောင် ကြိုးပမ်းရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်သည့် –[20] သရော်စာ သတင်းဆောင်းပါးများကို လူမှုမီဒီယာ အသုံးပြုသူများက သတင်းအစစ်အလား လက်ဆင့်ကမ်းဖြန့်ဝေခြင်းများ ရှိနေဆဲပင်ဖြစ်သည်။[21] [22] သတင်းလောကသမိုင်းတွင် သတင်းတုများမှ အမြတ်ထုတ်ခြင်းကို အလွှာအဆင့်ဆင့်ထားရှိပြီး ဆောင်ရွက်ကြသည့်အတိုင်း အယုံလွယ်သော အသုံးပြုသူများက ကလစ်နှိပ်ဖတ်ရှုခြင်း လက်ဆင့်ကမ်းမျှဝေခြင်းလုပ်သည်နှင့် အင်တာနက်ပေါ်တွင် ကြော်ငြာကြေး အကျိုးအမြတ်ရရှိအောင် ပြင်ဆင်ထားသည့် ကွန်ရက်များလည်း ရှိနေပြီး သရော်စာဟုဆိုသည့် ဝက်ဘ်ဆိုက်များလည်း ပါဝင်ပါသည်။ ၎င်းသည် အယောင်ဆောင်သတင်းပေးခြင်းဟူသည့် သတင်းရောနှောညစ်ညမ်းမှု ပေါ်ပေါက်စေရုံသာမက သတင်းအစစ်များ၏ ယုံကြည်စိတ်ချဖွယ်ရှိမှုကိုလည်း ယိုင်နဲ့စေသည်။[23] ၎င်းသည်ပင်လျှင် သတင်းသမားများ အစကတည်းက မိမိတို့သတင်းမှန်ကန်အောင် သန္နိဋ္ဌာန်ချ ကြိုးစားသင့်ကြောင်း အကြောင်းရင်းပင် ဖြစ်သည်။ လူ့အသိုင်းအဝိုင်းရပ်ရွာများ၊ သတင်းပရိသတ်များအနေနှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းမှုစွမ်းရည်များ[24] ရှိလာအောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း အကြောင်းရင်းကောင်းတစ်ခုလည်းဖြစ်သည်။ ထိုစွမ်းရည်များ ပိုင်ဆိုင်မှသာ သတင်းမီဒီယာ၊ ကြော်ငြာ၊ ဖျော်ဖြေရေးနှင့် လူမှုမီဒီယာတို့အပေါ် တိုးတက်ပြောင်းလဲပေါ်ပေါက်လာသော တင်ဆက်ချက် မျိုးကွဲများ၊ သတ်မှတ်ချက်များ စသည်တို့ကို ရှင်းလင်းစွာ နားလည်သဘောပေါက် ဝေဖန်နိုင်မှု ရှိလာမည်ဖြစ်ပါသည်။

သမိုင်းမှလည်း သင်ခန်းစာယူရမည့် အချက်များရှိပါသည်။ လုပ်ကြံသတင်း ဖန်တီးဖြန့်ဝေသူများသည် ၎င်းတို့သတင်းတုများနှင့် အဆိုပြုချက်မှားများကို ပရိသတ်နှင့် သတင်းသမားများယုံလာရန် ကြိုးစားခြင်းက နည်းပါးပြီး ပညာရှင်ဆန်ဆန် ဖြောင့်မှန်စွာ လုပ်ဆောင်နေသည့် သတင်းထုတ်လုပ်သူများထံမှ ထွက်လာသော အထောက်အထားရှိသော သတင်းများကို အများပြည်သူ အယုံအကြည်နည်းအောင် လမ်းလွှဲခြင်းက ပိုမိုများပါသည်။ ထိုသို့ ရှုပ်ထွေးသောအခြေအနေများတွင် သတင်းရယူသူ အများပြည်သူများသည် တဖြည်းဖြည်း သတင်းများကို ကိုယ်ပိုင်ဖန်တီးလိုစိတ်၊ ကိုယ်တိုင်ရှာလိုစိတ် ပိုမိုကြီးစိုးလာကြပါသည်။ မိမိကို မှန်ကန်စွာ တရားဝင်ဝေဖန်ခံရမည်ကို ရှောင်ရှားအာရုံလွှဲလိုသော နိုင်ငံရေးသမားများသည်လည်း အဆိုပါ ရှာဖွေမှုကို ထောက်ပံ့ကူညီပေးခြင်း ရှိပါသည်။

၂၀၁၈ ခုနှစ်သို့ ရောက်ရှိလာချိန်တွင် အလွန်အင်အားကောင်းသော နည်းပညာဆိုင်ရာ ကိရိယာနည်းလမ်းများ တစ်ဟုန်ထိုး ပွားများလာပါသည်။ ထိုပွားများမှု၊ လူမှုမီဒီယာနှင့် စာတိုပို့ အက်ပ်များတွင် သတင်းစီးနှုန်း လျှော့ရဲမှုတို့ ပေါင်းစပ်လိုက်သောအခါ သတင်းတိုက်အမှတ်တံဆိပ်များကို အတုလုပ်ရန်နှင့် အယောင်ဆောင်ရန်သော်လည်းကောင်း၊ သတင်းတုများကို သတင်းတိုက်အစစ်မှဖြစ်သယောင် အယောင်ဆောင်ရန်သော်လည်းကောင်း ပိုမိုလွယ်ကူလာပါသည်။ ရုပ်သံမှတ်တမ်းများကို ပြုပြင်သော နည်းပညာများပေါ်ပေါက်လာသည့်အခါ တရားဝင်ကျင့်ဝတ်ညီ ရုပ်သံတည်းဖြတ်ခြင်းကို ကျော်လွန်ပြီး တစ်စုံတစ်ဦးက တစ်နေရာတွင် တစ်ခုခုကိုပြောခဲ့ လုပ်ခဲ့ခြင်း မှတ်တမ်းရှိခဲ့သယောင် ဖန်တီးနိုင်ကာ ၎င်းမှတ်တမ်းတုကို အစစ်အလား လူမှုဆက်သွယ်ရေး ပတ်ဝန်းကျင်များတွင် ပျံ့နှံ့သွားအောင် ဖြန့်ဝေနိုင်လာပါသည်။[25]

ယနေ့ခေတ်၌ လူမှုမီဒီယာပေါ်တွင် ကိုယ်ရေးကိုယ်တာ အကြောင်းအရာမှသည် နိုင်ငံ့အရေးအရာများအထိ တင်ဆက်ချက် အမျိုးအစားပေါင်းများစွာ ရှိနိုင်ပါသည်။ အစိုးရများက ပေါ်ပေါ်ထင်ထင် ဖြန့်ဝေတင်ဆက်သောအရာများလည်းကောင်း ပုန်းလျှိုးကွယ်လျှိုးဖြန့်သောအရာများသော်လည်းကောင်း၊ နိုင်ငံရေး စီးပွားရေး လှုပ်ရှားဆောင်ရွက်သူများ၏ ခန့်အပ်ခိုင်းစေမှုဖြင့်

19 Laskowski, A. (2009). *How a BU Prof April-Fooled the Country: When the joke was on the Associated Press*, BU Today. https://www.bu.edu/today/2009/how-a-bu-prof-april-fooled-the-country/ [accessed 01/04/2018].

20 Baym, G (2006) *The Daily Show: Discursive Integration and the Reinvention of Political Journalism in* Political Communication Taylor and Francis Volume 22, 2005 - Issue 3 pp 259-276 https://www.tandfonline.com/doi/abs/10.1080/10584600591006492 [accessed 20/07/2018].

21 Woolf, N. (2016) *As fake news takes over Facebook feeds, many are taking satire as fact*, The Guardian. https://www.theguardian.com/media/2016/nov/17/facebook-fake-news-satire [accessed 01/04/2018].

22 Abad-Santos, A. (2012). *The Onion Convinces Actual Chinese Communists that Kim Jong-Un is Actually the Sexiest Man Alive*, The Atlantic. https://www.theatlantic.com/entertainment/archive/2012/11/onion-convinces-actual-chinese-communists-kim-jong-un-actually-sexiest-man-alive/321126/ [accessed 28/03/2018].

23 ဤခေါင်းစဉ်အကြောင်း အကျယ်ရှင်းလင်းချက်အတွက် ဤလက်စွဲစာအုပ်၏ မော်ဂျူး ၃ ကို ရှုပါ။

24 မော်ဂျူး ၄ ကို ရှုပါ။

25 Solon, O (2017) *The future of fake news: Don't believe everything you see, hear or read* in The Guardian: https://www.theguardian.com/technology/2017/jul/26/fake-news-obama-video-trump-face2face-doctored-content [accessed 20/07/2018].

တင်ဆက်မှုများ ဖြန့်ဝေနေသော လူထုဆက်ဆံရေးနှင့် ကြော်ငြာလုပ်ငန်းကဏ္ဍမှ တင်ဆက်နေသော အရာများသော်လည်းကောင်း များစွာရှိနေကြပါသည်။ ရလဒ်တစ်ခုအနေနှင့် ဘလော့ဂါများ၊ အင်စတာဂရမ်ပေါ်မှ 'သြဇာလွှမ်းသူများ' နှင့် ယူကျူပေါ်တွင် နာမည်ကြီးသူများသည် ထုတ်ကုန်များကိုသော်လည်းကောင်း၊ နိုင်ငံရေးသမားများကိုသော်လည်းကောင်း ကြော်ငြာခ ရသောကြောင့် ဆောင်ရွက်ကြောင်း ထုတ်ဖော်မပြောဆိုဘဲ အားပေးကြော်ငြာနေခြင်းများ ပြုလုပ်လာကြပါသည်။ များသောအားဖြင့် အကောင့်တုများဖြင့် မှတ်ချက်ပေးခြင်း ရေးသားခြင်းများ လုပ်ဆောင်သူများကိုလည်း တိတ်တဆိတ်ငွေပေး ခိုင်းစေခြင်းများရှိပါသည်။ ထိုသူများက အွန်လိုင်းဆွေးနွေးခန်းများတွင် တစ်စုံတစ်ရာကို ထောက်ခံဆွေးနွေးရန်၊ နာမည်ဖျက်ရန်၊ ခြောက်လှန့်ရန် ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုအရှုပ်အထွေးများအောက်တွင် သတင်းအတတ်ပညာသည် တစ်ပန်းရှုံးပါသည်။ မျှမျှတတ ဝေဖန်ခြင်းများသာမက သတင်းအတတ်ပညာ တည်ရှိမှုကို ဦးတည်တိုက်ခိုက်လာခြင်းကိုလည်းခံရသည်။

ယခုတွင်မူ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းလက်နက်များ အပြေးအလွှားစုဆောင်း တည်ဆောက်ခြင်းကို 'သတင်း' အမည်ခံ အဖွဲ့အစည်းများနှင့် လူမှုမီဒီယာ လမ်းကြောင်းများမှတဆင့် လုပ်ဆောင်လာကြသည်။ သတင်းအချက်အလက် ပတ်ဝန်းကျင်ကို ဘက်ပေါင်းစုံမှ ညစ်ညမ်းစေသည့်အတွက် မူလဖန်တီးသူများကိုပင် ကိုယ်မွေးသည့်မျောက် ကိုယ့်ပြန်ခြောက်သည့်အဖြစ်များ ကြုံလာရစေနိုင်သည်။[26] လုပ်ကြံသတင်းဖန်တီးမှုများကို ဖော်ထုတ်နိုင်သည့်နေရာများတွင် ပါဝင်ပတ်သက်သူများအတွက် အကြီးအကျယ် ထိခိုက်မှုများရှိစေပါသည်။ ဖြန့်ပေးသည့်သူများရော ဖြန့်ဝေရန် အပ်နှံသူများအတွက်ပါ ထိခိုက်မှုများ ရှိစေခဲ့ပါသည်။ (Bell Pottinger[27] [28] [29] [30] နှင့် Cambridge Analytica[31] [32] ဖြစ်ရပ်များကိုကြည့်ပါ။)

ကိစ္စရပ်များအပေါ် အစွန်းရောက် အမြင်ကွဲကြချိန်မျိုးတွင် ဒစ်ဂျစ်တယ်နည်းဖြင့် လုပ်ကြံသတင်းများကို ဖန်တီးသော ဖြစ်ရပ်များအားလုံး၏ နောက်ဆက်တွဲမှာ သတင်းအတတ်ပညာ၏ အခန်းကဏ္ဍ မှေးမှိန်သွားနိုင်ခြေပင်ဖြစ်သည်။ ထို့ပြင် အထောက်အထားရှိသော အချက်အလက်များကို ပြည်သူ့အကျိုးမျှော်ပြီး မျှဝေသော သတင်းအတတ်ပညာသည် (ဤသို့ မျှဝေနိုင်ခြင်းမှာလည်း မကြာလှသေးသော တိုးတက်မှုသာဖြစ်ပြီး ရေရှည်တည်တံ့ရန် အာမခံချက်မရှိသေး) ၎င်းကို ခြယ်လှယ်ခံရခြင်းမှ ရှောင်ကြဉ်နိုင်အောင် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများနှင့် သတိပြုမှုများ မလုပ်ဆောင်ပါက ယုံကြည်ကိုးစားရမှုကို ဆုံးရှုံးသွားနိုင်ပါသည်။ သတင်းအတတ်ပညာက လုပ်ကြံသတင်းဟူသည့် ကူးစက်ရောဂါကို သယ်ဆောင်သည့် ပိုးမွှားသဖွယ်ဖြစ်လာပါက လူထု၏ ယုံကြည်စိတ်ချမှုမှာ သာ၍ပင် လျော့ကျသွားပေမည်။ သတင်းအတတ်ပညာက တင်ပြသော ရှုထောင့်အစုံစုံမှ ဇာတ်လမ်းအယူအဆများနှင့် လုပ်ကြံသတင်းများမှ တင်ပြသော ဇာတ်လမ်းအဖုံဖုံတို့မှာ ကွဲပြားခြင်းမရှိဟု ယူဆသွားနိုင်သောကြောင့်ပင်ဖြစ်ပါသည်။ ထိုအကြောင်းရင်းကြောင့် သမိုင်းတစ်လျှောက်အငြင်းပွားဖွယ် သတင်းများကို ပုံစံအမျိုးမျိုးဖြင့် မည်သို့အသုံးပြုခဲ့ကြကြောင်း လေ့လာခြင်းမှာ အလွန်အသုံးဝင် ပညာရဖွယ်ဖြစ်ရသည်။ ၂၁ ရာစုတွင် မျက်နှာစာများစွာဖြင့် ဆင့်ကဲဖြစ်ပေါ်လာသော 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အကြောင်း သဘောပေါက်နားလည်ခြင်းသည် ယခင်က မရှိဖူးသော တစ်ကမ္ဘာလုံးကို သက်ရောက်နေသော ခြိမ်းခြောက်မှုတစ်ရပ်၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို နားလည်စေပါသည်။ ၎င်းခြိမ်းခြောက်မှုမှာ သတင်းသမားများကို ဦးတည်တိုက်ခိုက်ခြင်းမှသည် ရွေးကောက်ပွဲကို ကြိုးဆွဲခြယ်လှယ်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းသော ထရိုတပ်ဖွဲ့ Troll Army များအထိ၊ ပြည်သူ့ကျန်းမာရေးကို ထိခိုက်ခြင်းမှသည် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို လက်မခံနိုင်ကြခြင်းအထိ ရှိနိုင်သော ခြိမ်းခြောက်မှုလည်း ဖြစ်ပါသည်။

26 Winseck, D (2008). Information Operations 'Blowback': Communication, Propaganda and Surveillance in the Global War on Terrorism. *International Communication Gazette* 70 (6), 419-441

27 The African Network of Centers for Investigative Journalism, (2017). The Guptas, Bell Pottinger and the fake news propaganda machine, TimeLive. https://www.timeslive.co.za/news/south-africa/2017-09-04-the-guptas-bell-pottinger-and-the-fake-news-propaganda-machine/ [accessed 29/03/2018].

28 Cameron, J. (2017) *Dummy's guide: Bell Pottinger – Gupta London agency, creator of WMC*, BizNews https://www.biznews.com/global-citizen/2017/08/07/dummys-guide-bell-pottinger-gupta-wmc [accessed 29/03/2018] and Segal, D. (2018) *How Bell Pottinger, P.R. Firm for Despots and Rogues, Met Its End in South Africa*. New York Times, 4 Feb 2018. https://www.nytimes.com/2018/02/04/business/bell-pottinger-guptas-zuma-south-africa.html [accessed 29/03/2018].

29 Haffajee, F. (2017). *Ferial Haffajee: The Gupta fake news factory and me*. HuffPost South Africa. [online] Available at https://www.huffingtonpost.co.za/2017/06/05/ferial-haffajee-the-gupta-fake-news-factory-and-me_a_22126282/ [accessed 06/04/2018].

30 မော်ဂျူး ၇ ကို ရှုပါ။

31 Lee, G. (2018). Q&A on *Cambridge Analytica: The allegations so far, explained*, FactCheck, Channel 4 News. https://www.channel4.com/news/factcheck/cambridge-analytica-the-allegations-so-far [accessed 29/03/2018].

32 Cassidy, J. (2018). *Cambridge Analytica Whistleblower claims that cheating swung the Brexit vote*, The New Yorker. https://www.newyorker.com/news/our-columnists/a-cambridge-analytica-whistleblower-claims-that-cheating-swung-the-brexit-vote [accessed 29/03/18].

## *လုပ်ကြံသတင်းအကျပ်အတည်းကို တန်ပြန်တိုက်ဖျက်ရန် ထောက်ပံ့မည့် လက်စွဲစာအုပ် တစ်အုပ်*

သင်ရိုးတစ်ခုအနေနှင့် ဤလက်စွဲစာအုပ်သည် အဓိကအပိုင်း ၂ ပိုင်းပါဝင်ပါသည်။ ပထမ မော်ဂျူး ၃ ပိုင်းသည် ပြဿနာနှင့် အခင်းအကျင်း အခြေအနေများကို ဘောင်ခတ်ရှင်းလင်းတင်ပြသည်။ နောက်ပိုင်း မော်ဂျူး ၄ ပိုင်းက 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' နှင့် ၎င်း၏ အကျိုးဆက်များကို တုံ့ပြန်ဖြေရှင်းသော နည်းလမ်းများကို တင်ပြပါသည်။

မော်ဂျူး ၁ – *အမှန်တရား၊ ယုံကြည်မှုနှင့် သတင်းအတတ်ပညာ – အရေးပါရခြင်း အကြောင်းတရားများ* –[33] တွင် လုပ်ကြံသတင်းများနှင့် သတင်းမှားများ၏ ကျယ်ပြန့်သော သက်ရောက်မှုများအကြောင်းနှင့် ၎င်းတို့က သတင်းအတတ်ပညာအပေါ် ယုံကြည်မှုပျောက်ဆုံးခြင်း အကျပ်အတည်း ပြဿနာကို မည်သို့ ဖြစ်စေကြောင်း သုံးသပ်ဆွေးနွေးစေပါသည်။

ဒုတိယမော်ဂျူး – *'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အကြောင်း စဉ်းစားခြင်း – သတင်းမှားနှင့် လုပ်ကြံသတင်းများ၏ ပုံစံအမျိုးမျိုး*[34] – ကမူ ပြဿနာကို ခွဲခြမ်းစိတ်ဖြာပြီး ပြဿနာ၏ အစိတ်အပိုင်းအမျိုးမျိုး' ကို ခွဲခြားနားလည်စေမည့် မူဘောင်တစ်ခု တင်ပြသည်။

၂၁ ရာစုတွင် ကမ္ဘာ့နေရာအများစုတွင် မီဒီယာအပေါ် ခပ်ငွေ့ငွေ့သာရှိသော ယုံကြည်မှုမှာ လူတိုင်းသတင်းအချက်အလက်များ တင်ဆက်မျှဝေနိုင်သည့်နေရာများနှင့် နည်းလမ်းကိရိယာများကိုပေးနိုင်သည့် လူမှုမီဒီယာများ သတင်းစင်မြင့်ပေါ် တက်မလာမီကပင် နိမ့်ကျလာနေခဲ့ပါသည်။[35] ရှုပ်ထွေးသော အကြောင်းရင်းအမျိုးမျိုးရှိပါသည်။ သတင်းခန်းများကို ထောက်ပံ့မှု လျော့ချသည့် အခြေအနေတွင် အချိန်ပြည့် မရပ်မနား အွန်လိုင်းချိတ်ဆက်နေသည့် စက္ကန့်မလပ် သတင်းငတ်နေသည့် ကမ္ဘာ့အခြေအနေက သတင်းအတတ်ပညာကို ပြောင်းလဲလိုက်ပါသည်။ 'သတင်းလုပ်ငန်းကဏ္ဍ အသွင်ပြောင်းလဲမှု – ဒစ်ဂျစ်တယ် နည်းပညာ၊ လူမှုမီဒီယာကဏ္ဍများနှင့် သတင်းမှား/လုပ်ကြံသတင်းများ ပျံ့နှံ့မှု'[36] ဟူသည့် မော်ဂျူး ၃ တွင် ထိုအပိုင်းကို ရှင်းပြထားပါသည်။ ယခုမှု သတင်းအတတ်ပညာအတွက် အကျပ်အတည်းဆိုက်စေသည့်အရာမှာ အွန်လိုင်းတွင် လက်ဆင့်ကမ်းမျှဝေနေကြသော မသမာသည့်ရည်ရွယ်ချက်ဖြင့် ဖန်တီးထားသော သတင်းများ၏ များပြားမှုပမာဏ၊ နောက်ကွယ်မှ စုစည်းလုပ်ဆောင်မှုနှင့် ထိုသတင်းများ၏ ပျံ့နှံ့ရောက်ရှိမှုတို့ပင်ဖြစ်သည်။ သတင်းသမားများ၊ မီဒီယာများနှင့် လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးအတွက် ဂယက်ရိုက်ခတ်မှုလည်းရှိသော ပြဿနာပင်ဖြစ်ပါသည်။[37]

သင်ကြားလေ့ကျင့်ပေးသူများ၊ ပညာရှင်များ၊ မီဒီယာမူဝါဒချမှတ်သူများ အစရှိသော သတင်းအတတ်ပညာ မြှင့်တင်အားပေးသူများအနေနှင့် မည်သို့ တုံ့ပြန်လုပ်ဆောင်ရမည်နည်း။ *'မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုဖြင့် သတင်းမှားများကို တိုက်ဖျက်ခြင်း'*[38] က မော်ဂျူး ၄ ၏ ခေါင်းစဉ်ပင်ဖြစ်ပါသည်။

အဆုံးတွင်မူ ပညာရှင်ဆန်သော သတင်းအတတ်ပညာနှင့် အခြားတင်ဆက်ချက်အားလုံးနှင့် ကွဲပြားသွားရသည့် အဓိကအပိုင်းမှာ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းပင်ဖြစ်ပါသည်။[39] ၎င်းက မော်ဂျူး ၅ ၏ အဓိကခေါင်းစဉ်ဖြစ်သော 'အချက်အလက်များ စစ်ဆေးခြင်းအခြေခံများ'[40] ပင်ဖြစ်သည်။ 'လူမှုမီဒီယာတွင် တိုက်ဆိုင်စစ်ဆေးခြင်း – ရင်းမြစ်များနှင့် ရုပ်ပုံတင်ဆက်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း'[41] ဟူသည့် မော်ဂျူး ၆ မှာ အလွန်လက်တွေ့အသုံးဝင်သော မော်ဂျူးဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့် လူမှုမီဒီယာပေါ်လာသောကြောင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် သက်သေအခြေပြု သတင်းအတတ်ပညာအတွက်ရှိလာသော အခက်အခဲ စိန်ခေါ်မှုများကို ကိုင်တွယ်ရန် ကြိုးစားထားသော မော်ဂျူးဖြစ်ပါသည်။

33 မော်ဂျူး ၁ ကို ရှုပါ။

34 မော်ဂျူး ၂ ကို ရှုပါ။

35 Edelman. (2017). *2017 Edelman Trust Barometer- Global Results.* Available at https://www.edelman.com/global-results/ [accessed 03/04/2018].

36 မော်ဂျူး ၃ ကို ရှုပါ။

37 Viner, K. (2017). *A mission for journalism in a time of crisis. [online] The Guardian.* Available at https://www.theguardian.com/news/2017/nov/16/a-mission-for-journalism-in-a-time-of-crisis [accessed 03/04/2018].

38 မော်ဂျူး ၄ ကို ရှုပါ။

39 Kovach, B. & Rosenstiel, T. (2014). The elements of journalism: What newspeople should know and the public should expect. New York: Crown Publishers

40 မော်ဂျူး ၅ ကို ရှုပါ။

41 မော်ဂျူး ၆ ကို ရှုပါ။

သတင်းဖြစ်စဉ်တွင် လူအားလုံးပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ခဲ့သောဖြစ်စဉ်ကြောင့် လူမှုကွန်ရက်များတွင် ဗဟိုချုပ်စောင့်ကြပ်သူ တံခါးမှူးများ[42] မရှိတော့ပေ။ သတင်းအတတ်ပညာက ထိုလစ်ဟာသွားမှု၏ အကျိုးဆက်များကို နားလည်သိရှိသည်။ သို့ရာတွင် နည်းပညာကြောင့် ဖြစ်ပွားသော အနှောင့်အယှက်များ၏ သဘာဝအရဖြစ်လာသော ပြဿနာကို အကဲဖြတ်ရန်၊ တိုင်းတာရန်နှင့် မည်သို့ တုံ့ပြန်မည်ကို တိုင်းတာရန် အချိန်လိုအပ်သည်။ သုတေသနပြုလုပ်နားလည်ခြင်းနှင့် ခိုင်မာအားကောင်းသော လုပ်ထုံးလုပ်နည်းများ မပေါ်ပေါက်မီတွင် တရွတ်ဆွဲလိုက်ကာ ဖြေရှင်းခြင်းပြုရမည့် အချိန်တစ်ချိန်တော့ ရှောင်လွှဲမရအောင် ရှိမည်ဖြစ်သည်။

လုပ်ကြံသတင်းများဆိုသည်က တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံရေးအဝန်းအဝိုင်းထက်ကျော်လွန်ပြီး ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ ဖျော်ဖြေရေး စသည်ဖြင့် သတင်းအချက်အလက်၏ မျက်နှာစာအားလုံးတွင် ပေါ်ပေါက်နိုင်သည်။ သို့ရာတွင် ယနေ့အချိန်အထိ ဖြစ်ရပ်လေ့လာချက်များ၊ ကနဦးတုံ့ပြန်ဆောင်ရွက်ချက်များ၊ သုတေသနနှင့် နည်းလမ်းကိရိယာများအတွက် ထောက်ပံ့ငွေများသည် ဧရာမနည်းပညာကုမ္ပဏီကြီးများ၏ ရုံးချုပ်များတည်ရှိရာ အမေရိကန် ပြည်ထောင်စုမှသာ စတင်ပေါ်ထွက်လာကြပါသည်။ အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်က မီဒီယာအဖွဲ့အစည်းများနှင့် သတင်းသမားများသည် 'သတင်းတု' များ၏ ဘက်တော်သားများဖြစ်သည်ဟု စွပ်စွဲချက်ပြုလုပ်ခဲ့သောကြောင့် တုံ့ပြန်လှုပ်ရှားဆောင်ရွက်မှုများနှင့် ငွေကြေးထောက်ပံ့မှုများလည်း ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာ့အခင်းအကျင်းက နေ့စဉ်ဆင့်ကဲတိုးတက်ပြောင်းလဲလျက်ရှိပါသည်။ တစ်နိုင်ငံချင်းစီကလည်း ကိုယ်ပိုင်တုံ့ပြန်ဆောင်ရွက်ချက်များ စဉ်းစားလုပ်ဆောင်နေသောကြောင့်ဖြစ်သည်။ နိုင်ငံအများစု၏ တုံ့ပြန်ဆောင်ရွက်ပုံတွင် ဥပဒေများနှင့် စည်းမျဉ်းများ သတ်မှတ်ပြီး ဤပြဿနာကို ဖြေရှင်းရန် ကြိုးစားခြင်းရှိကြသည်။ နည်းပညာကုမ္ပဏီကြီးများကလည်း လုပ်ကြံသတင်းများနှင့် သတင်းမှားများကို မိမိတို့ပိုင်နေရာများမှ ဖယ်ထုတ်ရှင်းလင်းနိုင်ရေး နည်းပညာများ တီထွင်ဖန်တီးရန် ကြိုးစားလာကြခြင်းရှိပါသည်။

ဤလက်စွဲစာအုပ်ကို ရေးသားပြုစုနေချိန်အတွင်း ဥရောပကော်မရှင်သည် စစ်တမ်းတစ်ခု[43] အပေါ်တွင် မူတည်ထုတ်ဝေထားသော အစီရင်ခံစာတစ်စောင်[44] ကို ထုတ်ဝေခဲ့ပါသည်။ လုပ်ကြံသတင်းများနှင့် သတင်းမှားများအားလုံးသည် လူ့အသိုင်းအဝိုင်းကို အန္တရာယ်ပြုနိုင်ကြောင်း ပူပန်မှုများ[45] အလယ်တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျမှသည် ဖိလစ်ပိုင်၊ ကနေဒါ၊ ပြင်သစ်၊ ယူကေ၊ ဘရာဇီး၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံများအထိ နိုင်ငံရေးသမားများနှင့် ပြည်သူ့မူဝါဒချမှတ်သူ အဖွဲ့အစည်းများသည် ဖော်ပြပါ ပူပန်မှုများအတွက် မည်သည်တို့ တုံ့ပြန်ဆောင်ရွက်သင့်ကြောင်း[46] လေ့လာနေကြသည့်အချိန်လည်းဖြစ်သည်။ ဥပဒေနှင့် ပတ်သက်ပြီး ဂျာမနီနိုင်ငံက ဦးစွာလှုပ်ရှားခဲ့သည်။ ဒစ်ဂျစ်တယ် ပလက်ဖောင်းများအနေနှင့် 'ဥပဒေ'နှင့် 'သတင်းမှား' နှင့် အမုန်းစကားအပါအဝင် ဥပဒေနှင့်မညီသော အကြောင်းအရာများရှိနေကြောင်း တိုင်ကြားလာသည့် အချိန်မှစပြီး ၂၄ နာရီအတွင်း ဖယ်ရှားခြင်းမပြုပါက ကြီးလေးသောဒဏ်ငွေများ ပေးဆောင်ရမည့် ဥပဒေပင်[47] ဖြစ်ပါသည်။ မလေးရှားနိုင်ငံ၏ လွှတ်တော်သည်လည်း 'သတင်းမှားတိုက်ဖျက်ရေး ဥပဒေကြမ်း' တစ်ရပ်ကို ၂၀၁၈ ဧပြီလတွင် အတည်ပြုလိုက်သည်။ သို့ရာတွင် ဩဂုတ်လတွင် ပြန်လည်ပယ်ဖျက်လိုက်ပါသည်။[48] ပွိုင်တာမီဒီယာကျောင်း Poynter[49] တွင် အစိုးရများ၏ တုံ့ပြန်လုပ်ဆောင်ချက်များကို စာရင်းသစ်ပြုစုထားပါသည်။

42 Colón, A. (2017). *You are the new gatekeeper of the news. [online] The Conversation.* Available at - https://theconversation.com/you-are-the-new-gatekeeper-of-the-news-71862 [accessed 03/04/2018].

43 European Commission (2018). Final report of the High-Level Expert Group on Fake News and Online Disinformation. http://ec.europa.eu/newsroom/dae/document.cfm?doc_id=50271 [accessed 03/04/2018].

44 European Commission (2017). *Next steps against fake news: Commission sets up High-Level Expert Group and launches public consultation.* [online] Available at http://europa.eu/rapid/press-release_IP-17-4481_en.htm [accessed 03/04/2018].

45 Ansip, A. (2017). *Hate speech, populism and fake news on social media – towards an EU response.* Available at - https://ec.europa.eu/commission/commissioners/2014-2019/ansip/announcements/statement-vice-president-ansip-european-parliament-strasbourg-plenary-debate-hate-speech-populism_en [accessed 03/04/2018].

46 Malloy, D. (2017). *How the world's governments are fighting fake news. [online] ozy.com.* Available at - http://www.ozy.com/politics-and-power/how-the-worlds-governments-are-fighting-fake-news/80671 [accessed 03/04/2018].

47 Federal Ministry of Justice and Consumer Protection. (2017). *Act to Improve Enforcement of the Law in Social Networks (Network Enforcement Act, netzdg).* [online]. Available at - http://www.bmjv.de/DE/Themen/fokusthemen/netzdg/_documents/netzdg_englisch.html [accessed 03/04/2018].

48 Malaysia scraps 'fake news' law used to stifle free speech. *The Guardian.* https://www.theguardian.com/world/2018/aug/17/malaysia-scraps-fake-news-law-used-to-stifle-free-speech [accessed 18/08/2018].

49 Funke, D. (2018). *A guide to anti-misinformation actions around the world* (Poynter). Available at - https://www.poynter.org/news/guide-anti-misinformation-actions-around-world [accessed 13/07/2018].

နည်းပညာသစ်များက ဖန်တီးထုတ်လုပ်ပေးလိုက်သော သတင်းအချက်အလက်နှင့် ထင်မြင်ချက်များ ဒီမိုကရေစီနည်းလမ်းကျ ဖြန့်ဝေထုတ်လုပ်ခွင့်ကို ဥပဒေများက အကန့်အသတ်ပြု နှိပ်ကွပ်လာမည်ကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်အတွက် ရပ်တည် လှုပ်ရှားသူများအနေနှင့် ပူပန်မှုရှိကြသည်။ အချို့နိုင်ငံများတွင် ကြောင်းကျိုးဆီလျော်စွာ နည်းလမ်းကျ ဝေဖန်ထုတ်ဖော်သော မီဒီယာများကို ဥပဒေသုံးပြီး နှိပ်ကွပ်အသံတိတ်စေခြင်း ရှိနိုင်သောကြောင့်ပင်ဖြစ်သည်။[50]

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ခိုင်မာစွာယုံကြည်ပြီး မိမိတို့သည် ဒီမိုကရေစီနည်းလမ်းကျ အသိုင်းအဝိုင်းများတွင် မရှိမဖြစ် ထောက်ပံ့လှုပ်ရှားသူများအဖြစ် ယုံကြည်သော သတင်းသမားများအတွက်မူ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ကို ကိုင်တွယ်ဖြေရှင်းခြင်းမှာ ရှုပ်ထွေးသော ကိစ္စရပ်တစ်ခုဟုယူဆကြသည်။[51] တစ်ကိုယ်ရည်ဆန်သော ကိစ္စရပ်လည်းဖြစ်သည်။ သတင်းသမားများ (အထူးသဖြင့် အမျိုးသမီးများ) ကို ဦးတည်တိုက်ခိုက်သော အွန်လိုင်းတိုက်ခိုက်မှုများမှာ များစွာဖြစ်ပွားလေ့ရှိပြီး ရုပ်ပိုင်း စိတ်ပိုင်းအန္တရာယ်များ ပေးနိုင်သောကြောင့် သတင်းသမားများအတွက် ထိတ်လန့်ကြောက်ရွံ့စေသော စိန်ခေါ်မှုများလည်း ဖြစ်ပါသည်။ ထိုအကြောင်းကို မော်ဂျူး ၇ 'အွန်လိုင်းထိပါးနှောင့်ယှက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း – သတင်းသမားများနှင့် သတင်းပေးများကို ဦးတည်တိုက်ခိုက်မှုများ' တွင် ခင်းကျင်းတင်ပြထားပါသည်။[52]

လုပ်ကြံသတင်းနှင့် သတင်းမှားဆိုသည်မှာ သတင်းသမား၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးကို စိန်ခေါ်ခြင်းထက် များစွာပိုသည်။ သတင်းအတတ်ပညာ၏ ရည်ရွယ်ချက်နှင့် ထိရောက်မှုကို သံသယဝင်စေသည်။ နိုင်ငံသားများအကြား ဆွေးနွေးဖလှယ်မှုများကို ထိခိုက်ပျက်ပြားစေသည်အထိ သတင်းအတတ်ပညာကို ရေရှည်နှိမ့်ချတိုက်ခိုက်နိုင်သည်။ စံနှုန်းများမြှင့်တင်ခြင်းနှင့် လူမှုဝန်းကျင်တွင် ဆီလျော်မှုရှိစေရန် ကြိုးပမ်းခြင်းတို့မှာ အနာဂတ်သတင်းသမား မျိုးဆက်သစ်များနှင့် လူ့အသိုင်းအဝိုင်း တစ်ရပ်လုံး၏ အကျိုးရှေးရှုသော လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ခေတ်သစ် အခြေအနေသစ်များတွင် သတင်းအတတ်ပညာက ပွင့်လင်းသော လူ့အဖွဲ့အစည်းများကို မည်သို့ အကျိုးပြုသင့်ကြောင်း အပြန်အလှန် ငြင်းခုံဆွေးနွေးအောင် သုတေသနသမားများ၊ ကျောင်းသားများ၊ ပညာရှင်များအားလုံးကို ဤလက်စွဲစာအုပ်က တိုက်တွန်းစိန်ခေါ်မည်ဖြစ်သည်။ အကြောင်းမှာ –

> *'ကောင်းစွာလည်ပတ်လျက်ရှိသော သတင်းအတတ်ပညာကဏ္ဍနှင့် ဒီမိုကရေစီတွင် ဝေဖန်မှုများ၊ ပွင့်လင်းမြင်သာမှု၊ သတင်းလုပ်ငန်း အမှားအယွင်းများအတွက် တာဝန်ယူမှုများ လိုအပ်ပါသည်။ ထို့ပြင် အများပြည်သူအနေနှင့်လည်း သဘောရိုးဖြင့်မှားသော အမှားအယွင်းနှင့် လိမ်လည်လှည့်ဖြားမှုတို့ကိုလည်း ဝိုင်းဝန်းခွဲခြား သိမြင်ခြင်းရှိရန် လိုအပ်သည်။ သို့မဟုတ်ပါက ... သတင်းစစ်များကို အတုအလား မျက်နှာဖုံးစွပ်ခံရပြီး အတုအပ ပြုလုပ် ထုတ်ဝေသော သတင်းအမှိုက်များကို အချက်အလက်မှန်များအလား တင်ဆက်ခြင်းများရှိလာလိမ့်မည်။'*
> *ခရေ့ဂ် ဆေးလဗားမန်း*[53]

## *ကျင့်ဝတ်နှင့် မိမိကိုယ်ကိုယ်ထိန်းကျောင်းခြင်းအကြောင်း မှတ်ချက်*

ကျင့်ဝတ်လိုက်နာမှုနှင့် တာဝန်ခံမှုရှိသော သတင်းအတတ်ပညာ၏ ပညာရှင်စံနှုန်းများမှာ လုပ်ကြံသတင်းများနှင့် သတင်းမှားများကို ကာကွယ်တားဆီးရန် အရေးပါသော ခံတပ်ပင်ဖြစ်သည်။ သတင်းအတတ်ပညာကို အသုံးပြုနေသောသူများ အတွက် လမ်းညွှန်ပေးနိုင်သော စံနှုန်းများနှင့် တန်ဖိုးများသည် နှစ်ပေါင်းများစွာအတွင်း တဖြည်းဖြည်း ဆင့်ကဲတိုးတက် ပြောင်းလဲလာနေပြီး သတင်းအတတ်ပညာအတွက် သီးသန့်ထူးခြားသော အဓိကပန်းတိုင်နှင့် လုပ်နည်းလုပ်ဟန်များကို ပေးပါသည်။ တိုက်ဆိုင်စစ်ဆေးနိုင်သော သတင်းအချက်အလက်များနှင့် ဉာဏ်ဖြင့်ယှဉ်သော မှတ်ချက်သုံးသပ်ချက်များကို အများအကျိုးရည်ရွယ်ခြင်းအားဖြင့် ဖြန့်ဝေမှုကိုလည်း လက်ကိုင်ထားသည်။ ၎င်းတန်ဖိုးတို့က သတင်းအတတ်ပညာ၏ ယုံကြည်စိတ်ချဖွယ်ရှိမှု အုတ်မြစ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည်။ ထို့ကြောင့် ထိုတန်ဖိုးများကို ဤစာအုပ်အတွင်း ရောယှက်ထည့်သွင်းထားပါသည်။

---

50 Nossel, S. (2017). *FAKING NEWS: Fraudulent News and the Fight for Truth.* [ebook] PEN America Available at - https://pen.org/wp-content/uploads/2017/10/PEN-America_Faking-News-Report_10-17.pdf [accessed 03/04/2018].

51 McNair, B. (2009). Journalism and Democracy. In: K. Wahl-Jorgensen and T. Hanitzsch, ed., *Handbook of Journalism Studies*, 6th ed. [online] New York: Routledge

52 မော်ဂျူး ၇ ကို ရှုပါ။

53 Silverman, C. (2018). I Helped Popularize The Term “Fake News” And Now I Cringe Every Time I Hear It. BuzzFeed. Available at - https://www.buzzfeed.com/craigsilverman/i-helped-popularize-the-term-fake-news-and-now-i-cringe [accessed 03/04/2018].

သတင်းတုများကြောင့် သတင်းအတတ်ပညာအတွက် ရှိလာနိုင်သော အကျိုးကျေးဇူးများအကြောင်း လန်ဒန်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခ ချာလီ ဘက်ကက်၏ပြောစကားကို ဤနေရာတွင် အကြောင်းသင့်ကိုးကားရပါမည်။

> *'... ဆယ်စုနှစ်ပေါင်းများစွာတွင် အကောင်းဆုံးအဖြစ်အပျက်တစ်ခုဆိုလျှင် 'သတင်းမှား' ကိုပင်ပြရမည်။ ထိုသတင်းမှားများကြောင့်ပင် သတင်းအတတ်ပညာဆိုသည်မှာ ကျွမ်းကျင်မှု၊ ကျင့်ဝတ်၊ ကြိုးပမ်းအားထုတ်မှုနှင့် အတွေ့အကြုံ ရင့်ကျက်မှုတို့အပေါ် အခြေခံထားကြောင်းပြနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပေါ်လာရသည်။ ပိုမိုပွင့်လင်းမြင်သာမှုရှိရန်၊ ဆီလျော်မှုရှိရန်နှင့် လူမှုဘဝများအတွက် အကျိုးဆောင်ခြင်းများ ပိုမိုမြှင့်တင်ရန် လှုပ်နှိုးသတိပေးခြင်းလည်းမည်ပါသည်။ အချက်အလက်စစ်ဆေးခြင်း၊ ယုံတမ်းများကို ချေဖျက်ခြင်း၊ ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်တတ်လာခြင်းဖြင့် အတုအယောင်များအစား ရွေးချယ်စရာ သတင်းရင်းမြစ်ကောင်းများအဖြစ် တင်ဆက်ရန်အတွက် လုပ်ငန်းသစ်၊ ပုံစံသစ်များလည်း ပေါ်ပေါက်လာစေ လိမ့်မည်'* [54]

အမှန်တရားတင်ဆက်သူများအဖြစ် စဉ်ဆက်မပြတ် ကြိုးစားနေသော်လည်း၊ သတင်းသမားများသည် အချိန်ပြည့် ရာနှုန်းပြည့် အမှန်များသာ တင်ဆက်နိုင်မည်ဟု အာမမခံနိုင်ပါ။ သို့ရာတွင် အချက်အလက်များ မှန်ကန်အောင် ကြိုးစားခြင်း၊ အချက်အလက်မှန်များနှင့် ဆီလျော်ကိုက်ညီသော တင်ဆက်ချက်များ ထုတ်လုပ်ခြင်းတို့မှာ သတင်းအတတ်ပညာ၏ အခြေခံမှုများပင် ဖြစ်ပါသည်။ သို့ရာတွင် ဒစ်ဂျစ်တယ်ခေတ်တွင် ကျင့်ဝတ်ညီသော သတင်းအတတ်ပညာဆိုသည်မှာ မည်သည့်ပုံစံရှိပါသနည်း။

ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ခံမှုရှိသော ကျင့်ဝတ်ညီ သတင်းအတတ်ပညာဆိုသည်မှာ 'သတင်း အချက်အလက် ဖရိုဖရဲဖြစ်မှု' များ ပြည့်နှက်နေသော ခေတ်ကြီးတွင် သတင်းမှန်များကို ခုခံကာကွယ်ပေးရသော ခံတပ်ကြီး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သတင်းသမားများသည် လွတ်လပ်ပြီး အမှီအခိုကင်းသော အသံပိုင်ရှင်များ ဖြစ်သင့်သည်။ ဆိုလိုသည်မှာ အထူးအကျိုးစီးပွားတစ်စုံတစ်ရာကို မျက်နှာသာပေးရန် အလုပ်သဘောအရဖြစ်စေ အလွတ်သဘောအရဖြစ်စေ မရပ်တည်ခြင်းပင်ဖြစ်သည်။ အကျိုးစီးပွားခြင်း ထိပ်တိုက်တွေ့မှု ရှိနိုင်သည့်အခါတိုင်းတွင်လည်း ၄င်းကို ပွင့်လင်းမြင်သာမှုရှိရန်အလို့ငှာ ဖွင့်ဟကြေညာခြင်းကိုလည်း ဆိုလိုပါသည်။ ကိုလံဘီယာတက္ကသိုလ်မှ ဒစ်ဂျစ်တယ် သတင်းအတတ်ပညာ Tow Centre မှ ပါမောက္ခ အမ်မလီဘဲလ်က ရှင်းပြသည့်အတိုင်းပင် ပညာရှင်ဆန်သော သတင်းအတတ်ပညာ၏ အခရာကျသော မဏ္ဍိုင်တန်ဖိုးများမှာ

> *'သတင်းမှန်ကန်စေရန် ဆောင်ရွက်ခြင်း၊ မမှန်ကန်ပါက တာဝန်ယူခြင်း၊ သတင်းဇာတ်လမ်း ရင်းမြစ်များအကြောင်း ပွင့်လင်းမြင်သာမှုရှိခြင်း၊ အစိုးရ၊ ဖိအားပေးသော အုပ်စုများ၊ စီးပွားရေး အကျိုးစီးပွားစပ်ဆိုင်သူများ၊ ရဲတပ်ဖွဲ့များက မိမိတို့ကို ဟိန်းဟောက်၊ ခြိမ်းခြောက်ခြင်းနှင့် ကန့်သတ်တားမြစ်ခြင်းများ ပြုလုပ်လာပါက ပြန်လည်ရင်ဆိုင်ခြင်းများ ပြုရမည်။ မိမိ၏ သတင်းပေးများကို ဖမ်းဆီးခြင်းနှင့် မလျော်ကန်စွာ ဖွင့်ချခြင်းများ မဖြစ်အောင်ကာကွယ်ပေးရမည်။ ပြည်သူ့အကျိုးစီးပွားက မည်သည့်အချိန်တွင် ဥပဒေစည်းမျဉ်းလိုက်နာခြင်းထက် ပိုမိုအလေးသာသွားမည်ဖြစ်ကြောင်း သိရှိခြင်းနှင့် မိမိသတင်း၊ မိမိသတင်းရင်းမြစ်များကို ကာကွယ်ရန်အတွက် ထောင်ထဲဝင်ရန်လည်း ကြိုတင်ပြင်ဆင်ထားခြင်း၊ မည်သည့်အကြောင်းအရာများကို ဖွင့်ချကြေညာခြင်းသည် ကျင့်ဝတ်နှင့်မညီကြောင်း စဉ်းစားဆင်ခြင်နိုင်ခြင်း၊ တစ်ဦးချင်းကိုယ်ရေးကိုယ်တာ လုံခြုံမှု ရပိုင်ခွင့်နှင့် အများပြည်သူ အကျိုးစီးပွားတို့ကို နှိုင်းယှဉ်ချိန်ဆတတ်ပြီး မျှတစွာလိုက်နာနိုင်ခြင်း'* [55]

မရိုးဖြောင့်၊ စဉ်းလဲသော နိုင်ငံရေး၊ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အကျပ်အတည်း၊ အင်တာနက်ပေါ်မှ အမုန်းတရားများ၊ သွယ်ဝိုက်အရောင်းမြှင့်တင်သည့် တင်ဆက်ချက်များ အကြီးအကျယ်ပေါ်များလာခြင်း၊ ကြော်ငြာများ၊ လူထုဆက်ဆံရေး နည်းလမ်းများကို ကိုယ်ကျိုးအတွက် အသုံးပြုနေကြခြင်းတို့ များစွာဖြစ်ပေါ်နေသော အခြေအနေတွင် သတင်းအဖွဲ့အစည်းများနှင့် သတင်းသမားများသည် ကျင့်ဝတ်ညီသော သတင်းအတတ်ပညာကို ရေရှည်တည်တံ့သော လုပ်နည်းလုပ်ဟန်အဖြစ် ဘဏ္ဍာရေးအခက်အခဲများနှင့် ယုံကြည်မှုလျော့ကျခြင်းများကြားထဲကပင် အမြဲအားထားအသုံးပြုရပေမည်။ ဒီမိုကရေစီတွင်လည်း သတင်းအတတ်ပညာကို ကာကွယ်စောင့်ရှောက်ခြင်း အခန်းကဏ္ဍတစ်ရပ်ရှိထားသင့်ပြီး ၄င်းနှင့် ၄င်း၏ သတင်းရင်းမြစ်များကို

---

54 Beckett, C. (2017). 'Fake news': *The best thing that's happened to Journalism at Polis.* http://blogs.lse.ac.uk/polis/2017/03/11/fake-news-the-best-thing-thats-happened-to-journalism/ [accessed 04/03/2018].

55 Bell, E. (2015). *Hugh Cudlipp Lecture* (Full text), The Guardian https://www.theguardian.com/media/2015/jan/28/emily-bells-2015-hugh-cudlipp-lecture-full-text [accessed 01/04/2018].

ကာကွယ်စောင့်ရှောက်ခြင်းတွင် အများပြည်သူအကျိုးစီးပွားနှင့် ချိန်ညှိစဉ်းစားခြင်းများလည်း ပါဝင်သင့်ပါသည်။

သတင်းအချက်အလက် ရယူစုစည်းခြင်းနှင့် အတည်ပြုတိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ထောက်ပံ့ရန် ရည်ရွယ်ထားသည့် ကျင့်ဝတ်စည်းကမ်းများ[56] သည် သတင်းအတတ်ပညာနှင့် အခြားပြန်ကြားဆက်သွယ်ရေးများအကြား အဓိကခြားနားချက်ပင် ဖြစ်သည်။ အထူးသဖြင့် သတင်းရေးသားတင်ပြခြင်းတွင်ဖြစ်သည်။ ပြန်ကြားဆက်သွယ်ရေးသည် ဒီမိုကရေစီနည်းလမ်းကျ အများလက်ထဲရောက်လာရုံမျှမကဘဲ လုပ်ကြံသတင်းများ၊ သတင်းမှား၊ ကောလာဟလနှင့် ထိပါးနှောင့်ယှက်မှုများပါ စဉ်ဆက်မပြတ် စီးဆင်းဖြစ်ပေါ်နေသော ဒစ်ဂျစ်တယ်ခေတ်တွင် ဖော်ပြပါကျင့်ဝတ်စည်းကမ်းများသည် ပိုမိုအရေးပါလာပါသည်။ ပရိသတ်နှင့် အဓိပ္ပာယ်ပြည့်ဝသော ဆက်ဆံရေးတစ်ရပ်ကို ဦးတည်သည့် ယုံကြည်စိတ်ချမှုနှင့် တာဝန်ခံမှုကို ဦးစားပေးသော သတင်းအတတ်ပညာပုံစံများကို တည်ဆောက်ရန်အခြေခံမူဘောင်သည် ကျင့်ဝတ်ညီ သတင်းအတတ်ပညာပင် ဖြစ်ပါသည်။

ပရိသတ်များ၏ ယုံကြည်လေးစားမှုကို ရရှိရန်နှင့် အများသိရှိနားလည်ထားသော အချက်အလက်များအပေါ် မူတည်ပြီး ဆွေးနွေးငြင်းခုန်မှုအတွက် အများပိုင်နေရာတစ်ခု ပေါ်လာစေရန်အတွက် မှန်ကန်သော၊ တာဝန်ခံမှုရှိသော သတင်းတင်ဆက်ခြင်းအပေါ် ယုံကြည်စိတ်ချမှုသည် မရှိမဖြစ်လိုပါသည်။ အထောက်အထားရှိမှန်ကန်သော သတင်းများကို မျှဝေသော၊ အသိနှင့်ယှဉ်ပြီး ပါဝင်ဆွေးနွေးသော ပြည်သူလူထုဆိုသည်မှာ လုပ်ကြံသတင်းနှင့် သတင်းမှား ပျံ့နှံ့မှု၏ ဖြေဆေးပင်ဖြစ်ပါသည်။

ပြောင်းလဲနေသော မီဒီယာပတ်ဝန်းကျင်တွင် ဖော်ပြပါ ပင်မတန်ဖိုးများကို ထည့်သွင်းရန်နှင့် အသက်ဝင်အောင်ပြုရန် သတင်းခန်းများနှင့် မီဒီယာအဖွဲ့အစည်းများသည် ကျင့်ဝတ်စည်းကမ်းများကို သတ်မှတ်ကျင့်သုံးခြင်း၊ လိုက်လျောညီထွေအောင် ပြုပြင်ခြင်းဖြင့် လူထုအပေါ် တာဝန်ခံမှုရှိအောင် လုပ်ဆောင်ထားပါသည်။ စာနယ်ဇင်းကောင်စီများ၊ ပရိသတ်တည်းဖြတ်များ၊ စာတည်းခြင်း မူဝါဒများ၊ အဖွဲ့တွင်းတိုင်ကြားမှုများကို ကိုင်တွယ်မည့်ရာထူးကဏ္ဍ၊ စသည်တို့သည် မိမိဘာသာ ထိန်းကျောင်းရန် စည်းမျဉ်းသတ်မှတ်လိုက်နာရန် လုပ်ဆောင်ထားသော အဆင်အပြင်များ ဖြစ်ကြပါသည်။ ထိုသို့သော တည်ဆောက်ပုံများရှိထားလျှင် အမှားအယွင်းရှိတိုင်း ကျွမ်းကျင်သူ ပညာရှင်အချင်းချင်း ပြန်လည်စစ်ဆေးဖော်ထုတ်ခြင်း ရှိနိုင်မည်ဖြစ်သည်။ အမှားများကို လူသိရှင်ကြားဖော်ထုတ်ပြီး တရားဝင်အမှန်ပြင်နိုင်မည်။ ထို့ပြင် အများအကျိုးအတွက် ထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ ကျင့်ဝတ်နှုန်းစံများ လိုက်နာအောင်လည်း တိုက်တွန်းနိုင်ပါသည်။ မီဒီယာများကို မိမိကိုယ်ကိုယ် ထိန်းကျောင်းခြင်းထက် ပြင်ပမှ ပုဂ္ဂိုလ်များက စစ်ဆေးစောင့်ကြည့်စေခြင်းကို လိုလားသော ဝေဖန်သူအချို့ကမူ ထိုစနစ်များကို 'သွားမပါသော ကျားများ' ဟု နှိမ်ချခေါ်ဝေါ်ကြသည်။ သို့ရာတွင် လုပ်ကြံသတင်းများ ကြီးစိုးချိန်တွင် ထိုစနစ်များသည် အရေးပါသော ရည်ရွယ်ချက်တစ်ခုအတွက် တည်ရှိနေကြခြင်းဖြစ်ပါသည်။ ပညာရပ်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာအောင် ထောက်ကူပေးခြင်းပင်ဖြစ်သည်။ သို့မှသာ လူထုက သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှု ပြန်လည်တိုးမြင့်လာမည်ဖြစ်ပါသည်။ ထို့ပြင် တိုက်ဆိုင်စစ်ဆေးခြင်းအားဖြင့် မှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုရှိသော နယ်ပယ်ဖြစ်ကြောင်း သတင်းအတတ်ပညာ၏ ဝိသေသများကို ပိုမိုထင်ရှားလာအောင် ထိုစနစ်များက ကူညီမီးမောင်းထိုးပြသည်။ သို့မှသာ သတင်းအတတ်ပညာနှင့် လုပ်ကြံသတင်းများ၊ ဝါဒဖြန့်ခြင်းများ၊ ကြော်ငြာများ၊ ပုံရိပ်မြှင့်တင်ခြင်း တင်ဆက်ချက်များ မတူကွဲပြားကြောင်း ပိုမိုထင်ရှားလာမည်ဖြစ်သည်။

## *သတင်းသမားမှသည် သတင်းအတတ်ပညာဆီသို့*

သတင်းကျင့်ဝတ်များသည် သတင်းတိုက်၊ သတင်းလုပ်ငန်း၊ သတင်းသက်မွေးဝမ်းကျောင်းများနှင့်သာ သက်ဆိုင်သည် (၄င်းတို့သာ လိုက်နာရန်လိုသည်) ဟု ယူဆခဲ့သော ခေတ်က ကုန်ဆုံးသွားပြီဖြစ်သည်။ ၄င်းအချက်ကို ကုလသမဂ္ဂ အပါအဝင် အများက ကျယ်ပြန့်စွာ အသိအမှတ်ပြုကြပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းသမားများ ဘေးကင်းလုံခြုံဆိုင်ရာ အစီရင်ခံစာ A/72/290[57] တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

56 See, for example, the Australian Media, Entertainment and Arts Alliance's 'Journalist Code of Ethics'.Available at- https://www.meaa.org/meaa-media/code-of-ethics/ [accessed: 04/03/2018].

*'သတင်းသမား (ဂျာနယ်လစ်) ဟူသော အမည်တွင် သတင်းသမားများနှင့် အခြားသော မီဒီယာလုပ်သားများလည်း ပါဝင်ပါသည်။ သတင်းအတတ်ပညာကို* ***CCPR/C/GC/34*** *၏ စာပိုဒ် ၄၄ တွင် မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုထားသနည်း ဆိုသော် 'လှုပ်ရှားဆောင်ရွက်သူများစွာ ပူးပေါင်းဆောင်ရွက်ရသော လုပ်ဆောင်ချက်တစ်ရပ်၊ သတင်းထောက် အချိန်ပြည့်ဝန်ထမ်းများ၊ ခွဲခြမ်းစိတ်ဖြာသူများ၊ ဘလော့ဂါများနှင့် ကိုယ့်အားကိုယ်ကိုး ထုတ်လုပ်ဖြန့်ချိမှုများကို ပုံနှိပ်ဖြင့်ဖြစ်စေ၊ အင်တာနက်ပေါ်တွင်နှင့် အခြားနေရာများတွင်ဖြစ်စေ လုပ်ဆောင်သောသူများအားလုံး ပါဝင်ပါသည်။'*[58]

ထိုအယူအဆအတိုင်းပင် ယူနက်စကို၏ အထွေထွေညီလာခံသည်လည်း 'သတင်းသမားများ၊ မီဒီယာလုပ်သားများ၊ လူမှုမီဒီယာတွင် တင်ဆက်သူများသည် သတင်းတင်ဆက်ချက်များကို အင်တာနက်တွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ များစွာ ထုတ်လုပ်ဖြန့်ဝေကြသူများ' ဟု အသိအမှတ်ပြုထားပါသည်။ (ဆုံးဖြတ်ချက် ၃၉၊ နိုဝင်ဘာ ၂၀၁၇)။[59] ကုလသမဂ္ဂ ဦးစီးအမှုဆောင် ဘုတ်အဖွဲ့ (UN Cheif Executive Board) မှ အတည်ပြုထားသော 'သတင်းသမား ဘေးကင်းလုံခြုံမှုနှင့် လွတ်ငြိမ်းချမ်းသာခွင့် အရေးကိစ္စဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအစီအစဉ်' တွင် ဤသို့မှတ်ချက်ပြုထားပါသည်။ 'သတင်းသမားများကိုပေးသော အကာအကွယ်သည် သတင်းသမားအဖြစ် လုပ်ငန်းဝင်နေသူများသီးသန့်အတွက်သာ မဟုတ်ဘဲ အခြားသူများအတွက်လည်း အကာအကွယ်ဖြစ်သင့်ပါသည်။ ရပ်ရွာအခြေပြုမီဒီယာ လုပ်သားများ၊ အရပ်သားသတင်းသမား (citizen journalists) နှင့် မီဒီယာသုံးပြီး ပရိသတ်များထံ တင်ဆက်မှုပြုနေသူအားလုံးတို့ ပါဝင်သင့်ပါသည်။'[60]

ဤအယူအဆများနှင့် ချိတ်ဆက်ကြည့်လျှင် သတင်းအတတ်ပညာဆိုသည်မှာ အများအကျိုးအတွက် လိုအပ်သော အထောက်အထားရှိ မှန်ကန်သော အချက်အလက်များကို ကျင့်ဝတ်စံနှုန်းများ၏ လမ်းညွှန်ချက်နှင့်အညီ တင်ဆက်သော လုပ်ငန်း တစ်ရပ်ဟု မြင်နိုင်ပါသည်။ ထိုအခါ သတင်းအတတ်ပညာ လုပ်ငန်းကို အလုပ်အကိုင်တစ်ရပ်အနေနှင့် လုပ်ဆောင်နေပါသည်ဟု မပြောနိုင်သော်လည်း သတင်းအတတ်ပညာကို လုပ်ဆောင်နေသူများလည်း ရှိနိုင်ပါသည်။ သို့ရာတွင် သတင်းသမားအဖြစ်၊ သတင်းထောက်အဖြစ် အလုပ်ခန့်အပ်ခံ လုပ်ကိုင်နေသော်လည်း မှန်ကန်သော၊ မျှတသော၊ ပညာရှင်ဆန်ပြီး အမှီအခိုကင်းသော သတင်းတင်ဆက်ချက်များကိုသာ အများအကျိုးအတွက် တင်ဆက်ခြင်းဟူသော စံနှုန်းမှ ရံဖန်ရံခါဖြစ်စေ၊ စနစ်ကြောင့် အမြဲတမ်းဖြစ်စေ လျော့ရဲပျက်ကွက်နေသောသူများလည်း ရှိပါသေးသည်။ သတင်းသမားဟု သတ်မှတ်ရာတွင် တရားဝင် အလုပ်သဘောခန့်အပ်မှုဖြစ်စေ၊ မိမိကိုယ်ကိုယ်ဟုတ်ကြောင်း တစ်ဖက်သတ်ကြေညာထားခြင်းဖြစ်စေ အရေးမကြီးဘဲ အမှန်တကယ် ထုတ်လုပ်နေသော တင်ဆက်ချက်၏ သဘောသဘာဝကသာ အရေးကြီးပါသည်။

သတင်းအတတ်ပညာဆိုသည်မှာ လူသားတိုင်း၏ ရပိုင်ခွင့်တစ်ရပ်ဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ခွင့်ဟူသည့် အခွင့်အရေးအပေါ် မူတည်သော်လည်း အခြားထုတ်ဖော်ခြင်းများနှင့် (ဥပမာ – ကဗျာ၊ လူထုဆက်ဆံရေးနှင့် ကြော်ငြာ၊ လုပ်ကြံသတင်း၊ စသည်တို့) ကွဲပြားခြားနားစေရန် သီးသန့်စံနှုန်းများကို လိုက်နာတည်ဆောက်ထားခြင်းရှိသော ပညာရပ်/ လုပ်ငန်းနယ်ပယ်တစ်ခု ဖြစ်နေပါသည်။ ထိုစံနှုန်းများမှာ သတင်းသမား ပညာသည်များ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျင့်ဝတ်များနှင့်လည်း နီးကပ်စွာတည်ရှိပါသည်။

## *ပွင့်လင်းမြင်သာမှုသည် ဓမ္မဓိဋ္ဌာန်ကျခြင်း၏ ပုံစံသစ်ဖြစ်နေပါသလား*

ဓမ္မဓိဋ္ဌာန်ကျခြင်းဆိုသည်မှာ အဓိပ္ပာယ်များစွာရှိနိုင်သည်။ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်း၏ ဆန့်ကျင်ဘက်ဟု တွေးတောယူဆပါက ပညာရှင်ဆန်သော သတင်းအတတ်ပညာတွင် အငြင်းပွားဖွယ်ရာ အကြောင်းအရာတစ်ခုဖြစ်လာပါသည်။ ဦးတည်ကြိုးစားရန် ဖြစ်နိုင်သော်လည်း အမှန်တကယ် အပြည့်အဝရရှိရန်မှာ မဖြစ်နိုင်ပါ။ ရက်စက်ကြမ်းကြုတ်မှုများနှင့် လူသားမဆန်သော

---

57 Available at https://digitallibrary.un.org/record/1304392?ln=en [accessed on 16/06/2018].

58 See also UN documents A/HRC/20/17, paras. 3-5, A/HRC/20/22 and Corr.1, para. 26, A/HRC/24/23, para. 9, A/HRC/27/35, para. 9, A/69/268, para. 4, and A/HRC/16/44 and Corr.1, para. 47.

59 Records of the General Conference. 39th session. Paris, 30 October – 14 November 2017.http://unesdoc.unesco.org/images/0026/002608/260889e.pdf [accessed 02/07/2018].

60 UN Plan of Action on the Safety of Journalists and the Issue of Impunity. 1CI-12/CONF.202/6 https://en.unesco.org/sites/default/files/un-plan-on-safety-journalists_en.pdf [accessed 03/11/2017].

ကျူးလွန်မှုများအကြောင်း တင်ဆက်ချိန်တွင် ဓမ္မဓိဋ္ဌာန်ကျနေခြင်းသည် ကျင့်ဝတ်အရ ဖြစ်ပင် မဖြစ်သင့်ပါ။ ဥပမာ စစ်ရာဇဝတ်မှုများ ကျူးလွန်ထားသည်ဟု စွဲချက်တင်မှုအကြောင်း မျှမျှတတနှင့် အမှီအခိုကင်းစွာ တင်ပြမှုပြုရာတွင် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူတို့ကို အကျင့်သိက္ခာအရ ယုံကြည်စိတ်ချဖွယ်ရှိမှုကို တူညီစွာ တင်ပြခြင်း မရှိနိုင်ပေ။ သို့ရာတွင် ကျူးလွန်ခံရသည်ဟု ကြေညာခြင်းကိုလည်း မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးစုံစမ်းခြင်း ပြုရဦးမည်တော့ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ တရားမျှတမှု၊ လွတ်လပ်မှု၊ မှန်ကန်မှု၊ ရှေ့နောက်အခြေအနေ အခင်းအကျင်းများ အဆက်အစပ်ရှိမှု၊ ပွင့်လင်းမြင်သာမှု၊ လျှို့ဝှက်သတင်းရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အမြော်အမြင်ရှိမှု[61] တို့သည် သတင်းတင်ပြမှုအပေါ် အားကိုးယုံကြည်ခြင်း၊ သတင်း၏ လေးစားယုံကြည်ဖွယ်ဖြစ်မှုနှင့်၊ သတင်းအပေါ် စိတ်ချယုံကြည်ခြင်းများကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ် သုတေသီ ဒေါက်တာ ဒေးဗစ်ဝိုင်ဘာဂါက 'ပွင့်လင်းမြင်သာမှုက ဓမ္မဓိဋ္ဌာန်ကျခြင်း ပုံစံသစ်'[62] ဟု ကြွေးကြော်ခဲ့သည်။ ထိုတစ်နှစ်တည်းပင် ဘီဘီစီ နိုင်ငံတကာသတင်းဌာန၏ ညွှန်ကြားရေးမှူးဟောင်း ရစ်ချတ်စမ်ဘရွတ်က ဓမ္မဓိဋ္ဌာန်ကျမှုမဟုတ်သော ပွင့်လင်းမြင်သာမှုကသာ မီဒီယာခေတ်သစ်တွင် ယုံကြည်စိတ်ချခံရမှုကို ဆောင်ကြဉ်းနိုင်မည်ဟု အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> *'... ယနေ့ခေတ် သတင်းများအနေနှင့် မှန်ကန်ရန်နှင့် မျှတရန် လိုအပ်ပါသေးသည်။ သို့ရာတွင် စာဖတ်သူများ၊ သောတရှင်များနှင့် ကြည့်ရှုသူများအားလုံးသည် သတင်းမည်သို့ မည်ပုံ ထုတ်လုပ်ကြောင်း၊ သတင်းရင်းမြစ်များ မည်သည့်နေရာက မြစ်ဖျားခံကြောင်း၊ မည်သို့ လှုပ်ရှားလည်ပတ်ကြောင်း သိရှိရန်လည်း တူညီစွာပင် အရေးထားနေကြပါသည်။ သတင်းကိုယ်ထည်နှင့် သတင်းကို ထုတ်လုပ်တင်ပြပုံသည် အရေးပါမှု တူညီစွာ ရှိပါသည်။'*[63]

## *အဓိက ခြားနားချက်များ*

ပညာရှင်ဆန်သော သတင်းသမား လုပ်ထုံးလုပ်နည်းများတွင် အဓိကပါဝင်ရမည့် အစိတ်အပိုင်းများကို အထက်တွင် တင်ပြထားပါသည်။ သို့ရာတွင် ၎င်းတို့သည် သတင်းအတတ်ပညာ ပုံစံတစ်ခုတည်းသာ ရှိသည်ဟု မဆိုလိုပါ။ ထိုဦးတည်ချက်များကို သတင်းသမားဟန်အမျိုးမျိုး၊ သတင်းတင်ပြချက် ဇာတ်လမ်းပုံပြင်အမျိုးမျိုးဖြင့် ဖြည့်ဆည်းနိုင်ပါသည်။ ပုံစံတစ်မျိုးစီတွင် နောက်ခံသတင်းဇာတ်လမ်း အယူအဆအမျိုးမျိုးတို့ပါဝင်ပြီး အဆိုပါ အယူအဆများက တရားမျှတမှု၊ အခင်းအကျင်း အဆက်အစပ်ရှိမှု၊ ဆီလျော်သော အချက်အလက်များ စသည်တို့အပေါ် ပြန်လည်အခြေခံထားရပြန်ပါသည်။ ဥပမာအားဖြင့် မီဒီယာတိုက်များသည် 'သတင်းအချက်အလက် စီးပွားရေး' ဘောင်မှ လုပ်ကြံသတင်းနှင့် သတင်းမှားတို့၏ခွင်ထဲသို့ ရောက်သွားခြင်းမရှိဘဲ သတင်းဇာတ်လမ်းတစ်ခုရှုမြင်ရာတွင် ကွဲပြားစွာ ရှုမြင်တင်ပြခြင်း (သို့မဟုတ် လုံးဝလျစ်လျူရှုထားခြင်း) တို့လည်း လုပ်ဆောင်နိုင်ပါသည်။ (ဤလက်စွဲကို *စံပြုသင်ရိုးအနေနှင့် အသုံးပြုခြင်းအခန်း*နှင့် မော်ဂျူး ၁၊ ၂၊ ၃ တို့တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။) သို့သော် တင်ဆက်ချက်သည် သတင်းသမားလိုက်နာဖွယ်မူဘောင်များနှင့် ဆန့်ကျင်လာပြီး သတင်းအမည်ခံ ဆက်ရှိနေမည်ဆိုပါက သတင်းအတတ်ပညာ မဟုတ်တော့ဘဲ လုပ်ကြံသတင်းအမျိုးအစားတစ်ခု အဖြစ်သာ သတ်မှတ်ရပါတော့မည်။

ဤမိတ်ဆက်အခန်းသည် 'သတင်းတု' အကြောင်း ဆွေးနွေးချက်များတွင် ထည့်သွင်းဆွေးနွေးသော အရေးကိစ္စများ၏ ခွင်နှင့် နယ်ပယ်ကို ဖော်ထုတ်တင်ပြထားပြီး၊ ဆက်လက်တင်ပြမည့် မော်ဂျူးများ၏ စိတ်ဖြာရှင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာပြခြင်းများ အတွက် ခြေဆင်းကြိုတင် ခင်းကျင်းပေးထားခြင်းလည်း ဖြစ်ပါသည်။

---

61 လာမည့်အခန်းပါ ပင်မမူဘောင်များကို ဖတ်ရန်။

62 Weinberger, D. (2009). *Transparency is the new objectivity*. http://www.hyperorg.com/blogger/2009/07/19/transparency-is-the-new-objectivity/ [accessed 28/03/2018].

63 Bunz, M. (2009). *How Social Networking is Changing Journalism*. https://www.theguardian.com/media/pda/2009/sep/18/oxford-social-media-convention-2009-journalism-blogs [accessed 28/03/2018].

# ဤစာအုပ်ကို စံပြုသင်ရိုးတစ်ခုအဖြစ် အသုံးပြုခြင်း

*ဂျူလီ ပိုစက်တီ*

ဤသင်ရိုးသည် မိမိကိုယ်တိုင် ရှာဖွေတွေ့ရှိစေခြင်းဖြင့် သင်ကြားသော သင်ကြားမှုပုံစံ[1] ကို ယူထားပါသည်။ ဆိုလိုသည်မှာ သင်ယူသူများ၏ မိမိတို့ကိုယ်ပိုင် အတွေ့အကြုံများကို အသုံးချပြီး သင်ယူရမည်ဟုဖြစ်သည်။ သင်ခန်းစာများသည် ညွှန်ကြား တိုက်တွန်းအမိန့်ရှိရန်အတွက် ရေးဆွဲထားခြင်းမဟုတ်ပါ။ သင်ကြားသင်ယူမှု အခြေအနေများ ကွဲပြားကြသော လုပ်ငန်းနယ်ပယ်၊ အဖွဲ့အစည်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံအလေ့အထဆိုင်ရာ အခြေအနေအဖုံဖုံနှင့် လိုက်လျောညီထွေ ပြုပြင်နိုင်သော၊ ပြုပြင်သင့်သော သင်ခန်းစာများဖြစ်ပါသည်။ ထိုသင်ခန်းစာများကို ကမ္ဘာ့အနှံ့နိုင်ငံအသီးသီးက လက်ခံနိုင်ရန်အတွက် ကြိုးပမ်းမှုများရှိထားသော်လည်း အကန့်အသတ်များမှာ ရှောင်လွှဲမရအောင် ရှိဆဲပင်ဖြစ်သည်။ သို့ဖြစ်ရာ ဤစာအုပ်တွင် တင်ပြထားသော ဖြစ်ရပ်လေ့လာချက်များ၊ နမူနာများနှင့် ရင်းမြစ်များကို မိမိတို့ ကိုယ်ပိုင်ဒေသများ၊ ကိုယ်ပိုင်ဘာသာစကားများ၊ တွေ့ကြုံခံစားမှုများနှင့် ဆက်စပ်မှုပိုရှိသော ရင်းမြစ်များကို ထည့်သွင်းပေါင်းစပ်ခြင်း အစားထိုးခြင်းများ ပြုလုပ်အသုံးပြုကြရန် စာရေးသူများအနေနှင့် သင်ကြားသူများ၊ နည်းပြများနှင့် သင်ယူသူများကို လှိုက်လှိုက်လှဲလှဲတိုက်တွန်းလိုပါသည်။

ဤလက်စွဲစာအုပ်ကို အထက်ပါတိုက်တွန်းချက်နှင့် လျော်ညီစွာ အသုံးပြုရန် နည်းလမ်းအချို့မှာ –

- သတင်းအတတ်ပညာ၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ် မီဒီယာ သို့မဟုတ် မီဒီယာဘာသာရပ် အထူးပြုသင်ကြားသော အဆင့်မြင့်ပညာရေးဘွဲ့သင်ရိုးတစ်ခုတွင် သီးသန့်ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားနိုင်သည်။ နိုင်ငံရေးနှင့် လူမှုသိပ္ပံ သင်ရိုးများတွင် မီဒီယာနှင့် ဆက်သွယ်ရေး ကိစ္စများကို တို့ထိသင်ကြားသော စိတ်ကြိုက်ဘာသာရပ်တစ်ခု အနေနှင့် သင်ကြားနိုင်သည်။
- လက်ရှိသင်ရိုး/ ဘာသာရပ်တစ်ခုတွင် ထပ်တိုးခေါင်းစဉ်တစ်ခုအဖြစ် သင်ကြားနိုင်သည်။ (ဥပမာ – မီဒီယာ သမိုင်း၊ မီဒီယာ ကျင့်ဝတ်၊ သတင်းရင်းမြစ်ရှာဖွေခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မီဒီယာ ဝေဖန်ရေး၊ ဒစ်ဂျစ်တယ် မီဒီယာ လုပ်ထုံးလုပ်နည်းများ၊ လူမှုသတင်းအတတ်ပညာ)။ လျင်မြန်စွာ ကြီးထွားပြောင်းလဲနေသော လုပ်ကြံသတင်းအကျပ်အတည်း ပြဿနာကို ဖြေရှင်းရန် လိုအပ်ချက်နှင့် လျော်ညီစေရေး သင်ရိုးများကို ပြုပြင် ပေါင်းစပ်ခြင်းများ ပြုလုပ်ရန် ဤစာအုပ်မှ ဖြစ်ရပ်လေ့လာချက်များ၊ သင်ကြားပို့ချသည့် အကြောင်းအရာများနှင့် ဆက်လက်ဖတ်ရှုဖွယ် စာအုပ်များကို ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- သတင်းသမားများ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် အခြားသတင်းအတတ်ပညာဆိုင်ရာ ပညာသည်များအတွက် သီးသန့်သင်တန်းအစအဆုံး ပေးရန်အတွက် သတင်းအဖွဲ့အစည်းများ၊ လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ မီဒီယာ ဖွံ့ဖြိုးရေးဌာနများတွင် သီးသန့်သင်တန်းများအနေဖြင့်သော်လည်းကောင်း၊ သီးသန့်ဘာသာရပ်များအနေနှင့် သော်လည်းကောင်း အသုံးပြုနိုင်သည်။
- သင်တန်းလက်စွဲအနေနှင့် အသုံးပြုနိုင်သည်။ သတင်းအတတ်ပညာ သင်ကြားလေ့ကျင့်သူများအနေနှင့် စာအုပ်ပါ မော်ဂျူးများကို မိမိတို့ ရည်ရွယ်ချက်အသီးသီးအတွက် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲပြီး အသုံးချနိုင်သည်။ အကြံပြုထားသော ဆက်လက်ဖတ်ရှုဖွယ်များ၊ ဖြစ်ရပ်လေ့လာချက်များသည် သတင်းသမားအစုအဖွဲ့ တစ်စုစုအတွက် သီးသန့်ရည်ရွယ်ပြီး စုစည်းထားသော ရင်းမြစ်အစုအစည်းအနေနှင့်လည်း ထည့်သွင်း အသုံးပြုနိုင်သည်။
- လုပ်ငန်းနယ်ပယ်တွင်းမှ အဖွဲ့အစည်းများ၊ မီဒီယာတိုက်များ၊ မီဒီယာ ဖွံ့ဖြိုးရေးဌာနများက ဗဟုသုတမျှဝေခြင်း လုပ်ငန်းတစ်ရပ်အဖြစ် စုစည်းစီစဉ်ပေးသော ဘလော့တင်ဆက်ချက်များအဖြစ် အသုံးပြုနိုင်သည်။
- သင်ယူလေ့ကျင့်ဆဲ သတင်းသမားများအတွက် ဗဟုသုတ စုံလင်ကြွယ်ဝစေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှု မြင့်တက်စေရန် ဖတ်မှတ်စရာအဖြစ် သုံးနိုင်သည်။ ဥပမာ ဤစာအုပ်တွင် တင်ပြထားသော နည်းလမ်းများကို သတင်းထောက်လှမ်း တင်ဆက်မှုများတွင် 'ကိုယ့်အားကိုယ်ကိုး သင်ယူမှု' ဖြင့် အသုံးပြုနိုင်ပါသည်။ အချို့သော ဖြစ်ရပ်လေ့လာချက်များမှတဆင့် သင်ယူခြင်းအားဖြင့် ပိုမိုရှုပ်ထွေးခက်ခဲသော သတင်းတင်ဆက်ချက်များအတွက်

---

1 Banda, F (Ed) 2015 Teaching Journalism for Sustainable Development: New Syllabi (UNESCO, Paris http://unesdoc.unesco.org/images/0023/002338/233878e.pdf) [accessed: 28/03/2018].

အကြံဉာဏ်ရရှိနိုင်ပါသည်။ ရှုပ်ထွေးသော ပတ်ဝန်းကျင်အခြေအနေ အခင်းအကျင်းများပေါ်မှ ပေါ်ထွက်လာသော သတင်းဇာတ်လမ်းများအကြောင်းကို လေ့လာဖော်ထုတ်ပြီး ချိတ်ဆက်တင်ပြနိုင်စွမ်း ပိုရှိစေပါသည်။ (နမူနာအားဖြင့် ပြည်တွင်းဒေသခံသတင်းသမားများကို လှည့်စားခဲ့သော သတင်းဇာတ်လမ်းတစ်ခုအကြောင်း တင်ပြရာတွင် ထိုဇာတ်လမ်းတစ်ခုတည်းအကြောင်း သတင်းပေးတင်ပြခြင်းမဟုတ်ဘဲ နိုင်ငံတကာတွင် လှည့်စားဖြန့်ဝေသော သတင်းတုကောလာဟလများ၏ သမိုင်းကြောင်းများ၊ လူမှုမီဒီယာအသုံးပြုပြီး လုပ်ကြံသတင်းများနှင့် သတင်းမှားများကို အကြီးအကျယ် ပျံ့နှံ့စေခြင်း ခေတ်ရေစီးကြောင်းများအကြောင်း စသည်တို့နှင့် ယှဉ်တွဲချိတ်ဆက် တင်ပြနိုင်သွားမည် ဖြစ်ပါသည်။)

- ဤနယ်ပယ်တွင် သုတေသနနှင့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ တဖြည်းဖြည်း ကျယ်ပြန့်လာသည်နှင့်အမျှ ပိုမိုကြီးထွားဖွံ့ဖြိုးမှု အလိုအလျောက်ရှိစေရန် စီစဉ်ထားသည့် ဖတ်ရှုစရာများ၊ ရင်းမြစ်များနှင့် နည်းလမ်းကိရိယာများ၏ အခြေခံတစ်ခုအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

## *ပင်မ မူဘောင်များ*

ဖြစ်စဉ်ကို ပွင့်လင်းမြင်သာစေခြင်းနှင့် ကျင့်ဝတ်စံနှုန်းများ လိုက်နာမှုထင်ပေါ်စေခြင်းတို့၏ အထောက်အပံ့ဖြင့် သတင်းအတတ်ပညာ၏ ထင်ရှားသော လက်ရှိအခန်းကဏ္ဍသည် အထောက်အထားရှိသော တင်ဆက်ချက်များကို ပိုမိုရှင်းလင်းစေခြင်းနှင့် ယုံကြည်မှုတည်ဆောက်နိုင်ခြင်း စွမ်းရည်ပေါ်တွင် မူတည်နေပါသည်။ အောက်ဖော်ပြပါ မူဘောင် ၇ ချက်သည် – ကျင့်ဝတ်နှင့် အနည်းနှင့်အများ သက်ဆိုင်ဆက်စပ်နေပြီး – ဤသင်ရိုးကို မည်သို့အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း လမ်းညွှန်ချက်ပေး၍ လေ့ကျင့်ခန်းများ၊ ဆွေးနွေးချက်များနှင့် အကဲဖြတ်စစ်ဆေးခြင်း[2] တို့ကို ပဲ့ကိုင်ထိန်းကျောင်းပေးမည်ဖြစ်ပါသည်။

- **မှန်ကန်မှု –** သတင်းသမားများအနေနှင့် အမှန်တရားကို ရာနှုန်းပြည့် အချိန်ပြည့် အာမခံနိုင်မည် မဟုတ်သော်လည်း မှန်ကန်တိကျမှုရှိခြင်းနှင့် အခြေခံအချက်အလက်များ မှန်ကန်ခြင်းသည် သတင်းအတတ်ပညာ၏ မရှိမဖြစ် အခြေခံမူဘောင်တစ်ရပ် ဖြစ်ပါသည်။
- **အမှီအခိုကင်း လွတ်လပ်မှု –** သတင်းသမားများသည် လွတ်လပ်သော အမှီအခိုကင်းသော အသံပိုင်ရှင်များ ဖြစ်သင့်သည်။ ဆိုလိုသည်မှာ အထူးအကျိုးစီးပွားတစ်စုံတစ်ရာကို မျက်နှာသာပေးအတွက် အလုပ်သဘောအရ ဖြစ်စေ အလွတ်သဘောအရဖြစ်စေ မရပ်တည်ခြင်းပင်ဖြစ်သည်။ အကျိုးစီးပွားခြင်း ထိပ်တိုက်တွေ့မှု ရှိနိုင်သည့် အခါတိုင်းတွင်လည်း ၎င်းကို ပွင့်လင်းမြင်သာမှုရှိရန်အလို့ငှာ ဖွင့်ဟကြေညာခြင်းကိုလည်း ဆိုလိုပါသည်။
- **တရားမျှတမှု –** သတင်းအချက်အလက်များ၊ ဖြစ်ရပ်များ၊ ရင်းမြစ်များနှင့် သတင်းဇာတ်လမ်းများကို မျှတစွာ တင်ပြခြင်းတွင် သတင်းကို ဆန်ခါချ စစ်ထုတ်ခြင်း၊ အရေးပါမှု ချိန်ဆခြင်း၊ အကဲဖြတ်ခြင်းတို့ကို ပွင့်လင်းသော စိတ်ထားဖြင့် အမြော်အမြင်ကြီးစွာထား ဆောင်ရွက်ရပါသည်။ သတင်းတင်ပြရာတွင် အခြေအနေ အခင်းအကျင်းကို ထည့်သွင်းတင်ပြခြင်းနှင့် ယှဉ်ပြိုင်ဆန့်ကျင်နေသော အမြင်အမျိုးမျိုးကို ထည့်သွင်းတင်ပြနိုင်ပါက ယုံကြည်စိတ်ချမှု ပိုမိုမြင့်တက်လာစေပါသည်။
- **လျှို့ဝှက်ထိန်းသိမ်းမှု –** စုံစမ်းဖော်ထုတ်ခြင်း သတင်းအတတ်ပညာ၏ အခြေခံရေသောက်မြစ်များအနက် တစ်ခုမှာ လျှို့ဝှက်သတင်းပေး သတင်းရင်းများကို (အလွန်နည်းပါးသော ခြွင်းချက်မှလွဲ၍) မပေါက်ကြားအောင် ထိန်းသိမ်းခြင်းပင် ဖြစ်ပါသည်။ သတင်းရင်းမြစ်များ (အများကောင်းကျိုးအတွက် အမှန်ဖော်ထုတ်သူများ)၏ သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှုနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံမှု[3] အတွက်ပါ မရှိမဖြစ် အရေးပါပေသည်။
- **လူသားဆန်မှု –** သတင်းသမားများ ဖြန့်ချိသော၊ ထုတ်လွှင့်သော အကြောင်းအရာများသည် ရံဖန်ရံခါ

2 မှတ်ချက် – အဆိုပါ မူဘောင် ၇ ခုအနက် ၅ ခုမှာ Ethical Journalism Network ၏ ဤစာသားမှ ရယူထားပါသည်။ ‘Five Core Principles of Journalism’ http://ethicaljournalismnetwork.org/who-we-are/5-principles-of-journalism [accessed 22/4/2018]. သို့ရာတွင် ဤစာအုပ်၌ ဘက်မလိုက်မှုထက် တရားမျှတမှုဟူသည့် စကားလုံးကို ဦးစားပေးထားပါသည်။ ဘက်မလိုက်မှု ဓမ္မဓိဋ္ဌာန်ကျမှုတို့ကို ရောထွေးနားလည်တတ်ခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ပြင် ဘက်မလိုက်မှု ရှိစေရန်အတွက် ရှိသမျှ အချက်အလက်များအားလုံးကို ယှဉ်ကြည့်ပြီးမှသာ ဖြစ်နိုင်မည်ဟုလည်း အထင်မှားတတ်ကြသည်။ ဓမ္မဓိဋ္ဌာန်ကျမှုဟူသည့် စကားရပ်ကို သတင်းအတတ်ပညာတွင် အငြင်းပွားဖွယ် စကားလုံးအဖြစ် ယူဆကြသည်မှာလည်း ဤအချက်ကြောင့်ပင်ဖြစ်ပါသည်။

3 Posetti, J. (2017). *Protecting Journalism Sources in the Digital Age* (UNESCO) http://unesdoc.unesco.org/images/0024/002480/248054E.pdf [accessed 28/03/2018].

မလွှဲမရှောင်သာ နစ်နာစေသော အကြောင်းအရာများဖြစ်နိုင်သည်။ (ဥပမာ – အကျင့်ပျက်ခြစားသော နိုင်ငံရေးသမားတစ်ဦးသည် စုံစမ်းဖော်ထုတ်နိုင်သော သတင်းသမားနှင့်ကြုံပြီး ခံစားရသော အရှက်ရခြင်း)။ သို့ရာတွင် သတင်းအတတ်ပညာကြောင့် အခြားသူများဘဝအပေါ် မည်သည့်ထိခိုက်မှုပေါ်နိုင်ကြောင်း အမြဲသတိထားရမည်။ အများပြည်သူကောင်းကျိုး ရှေးရှုခြင်းကို အမြဲကျင့်သုံးရမည်။[4] လူသားဆန်မှု ဆိုရာဝယ် လူမှုတရားမျှတမှုအတွက်ကို စွဲစွဲမြဲမြဲဦးတည်သော သတင်းအတတ်ပညာ တစ်မျိုးတည်းကိုသာ ကျင့်သုံးခြင်းအထိ မဟုတ်လျှင်ပင် နိမ့်ကျနွမ်းပါးသော အုပ်စုများက ခံစားရသော ပြဿနာစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းကို ဆိုလိုပါသည်။

- **တာဝန်ခံမှု –** ပညာရှင်ဆန်သော ကျင့်ဝတ်ညီသော သတင်းအတတ်ပညာ၏ ထင်ရှားသော ဂုဏ်ပုဒ်တစ်ခု[5] လည်း ဖြစ်သည်။ အမှားများကို မြန်ဆန်စွာ၊ ပေါ်လွင်စွာ၊ ရိုးဖြောင့်စွာ ပြင်ဆင်ခြင်း။ ပရိသတ်၏ ပူပန်မှုများအကြောင်း နားထောင်ခြင်း[6] နှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့မှာ ထိုဂုဏ်ပုဒ်အောက်မှ ဆောင်ရွက်ဖွယ်များပင်ဖြစ်သည်။ သတင်းအဖွဲ့အစည်းများ၏ လုပ်ငန်းလမ်းညွှန်ချက်များ၊ ကိုယ်တိုင်သဘောဆန္ဒအလျောက် ထားရှိလိုက်နာသော ကျင့်ဝတ်များအပေါ်အခြေခံပြီး သတင်းအတတ်ပညာ၏ တာဝန်ခံမှုရှိအောင် ထိန်းကျောင်းပဲ့ကိုင်သော အဖွဲ့အစည်းများတွင် ဖော်ပြပါ အလေ့အထများ ထည့်သွင်းသတ်မှတ်ထားသင့်ပါသည်။
- **ပွင့်လင်းမြင်သာမှု –** လုပ်ထုံးလုပ်နည်းများတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် တာဝန်ခံမှုရှိခြင်းကို အားပေးနိုင်ပြီး သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှု တည်ဆောက်ရန်နှင့် ဆက်လက်ထိန်းသိမ်းထားရှိရန် အထောက်အကူ[7] ပြုနိုင်ပါသည်။

သတင်းအတတ်ပညာ၏ လွတ်လပ်အမှီအခိုကင်းမှုနှင့်အတူ မီဒီယာလွတ်လပ်ခွင့်နှင့် ဗဟုဝါဒတို့မှာလည်း တူညီစွာ အရေးပါလှပါသည်။ အဖွဲ့အစည်း အမျိုးအစားစုံလင်ခြင်းအားဖြင့် ဗဟုဝါဒ ဖြစ်ပေါ်နေခြင်းအပြင် ဝန်ထမ်း၊ သတင်းပေး၊ သုတေသန အကြောင်းအရာများ မျိုးကွဲစုံလင်နေခြင်းမှာ အထူးလိုအပ်ပါသည်။ ဒီမိုကရေစီနှင့် ပွင့်လင်းသော လူ့အဖွဲ့အစည်းများ ရေရှည်တည်တံ့မှုရှိစေရန် သတင်းအတတ်ပညာက အထောက်အပံ့ပြုရန် ထိုနည်းဖြင့်သာ ဖြစ်နိုင်ပါသည်။ ကိုယ်စားပြုခံရခြင်း နည်းပါးသော အုပ်စုများနှင့် နွမ်းပါးနိမ့်ကျသော အုပ်စုများသည် သတင်းလောကတွင် ဘေးထွက်ဖယ်ကြဉ်ခြင်းမခံရစေရန် ရပ်ရွာပါဝင်သော မီဒီယာများ – ဥပမာ ရပ်ရွာအခြေပြု အသံလွှင့်ရုံများနှင့် လူမှုမီဒီယာများမှာ အထူးအရေးပါလာပါသည်။ ဗဟုဝါဒဆိုသည်မှာ ကျင့်ဝတ်ညီ သတင်းသမား လုပ်ထုံးလုပ်နည်းများအတိုင်း ထုတ်ပြန်တင်ဆက်သော သတင်းအမျိုးအစား စုံလင်စွာ ရှိနိုင်ကြောင်း အသိအမှတ်ပြုခြင်းလည်းဖြစ်သည်။ အမျိုးအစား စုံလင်သော သတင်းများဆိုရာဝယ် လုပ်ကြံသတင်းများ၊ ဝါဒဖြန့်မှုများနှင့် ပညာရှင်ဆန်သော လုပ်ထုံးလုပ်နည်းပြင်ပမှ ဖန်တီးဖြန့်ဝေသော တင်ဆက်ချက်များ မပါကြောင်း တကူးတက စစ်ထုတ်ရှုံ့ချရန်လည်း လိုအပ်ပါသေးသည်။ (မော်ဂျူး ၁၊ ၂ နှင့် ၃ ကို ရှုရန်)

## စဉ်းစားသုံးသပ်ဖွယ် မေးခွန်းများ

လုပ်ကြံသတင်းများ၊ သတင်းမှားများနှင့် ဝါဒဖြန့်မှုများ အကြီးအကျယ် ပျံ့နှံ့နေသောခေတ်တွင် ကျင့်ဝတ်ညီ သတင်းအတတ်ပညာအကြောင်း ဆွေးနွေးလိုပါက အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ထိုဆွေးနွေးချက် စတင်နိုင်ပါလိမ့်မည်။

- ဒစ်ဂျစ်တယ်ခေတ်၏ သတင်းအတတ်ပညာကို မည်သို့အဓိပ္ပာယ် အတိအကျ ဖွင့်မည်နည်း။ (သတင်းသမား ဆိုသည်မှာ မည်သူနည်းဆိုသည့် အမေးအဖြေမှ လွန်မြောက်ပြီး ခေတ်သစ် သတင်းအတတ်ပညာကို ပိုမိုအသေးစိတ် ခွဲခြမ်းစိတ်ဖြာနားလည်တတ်ခြင်းသို့ ကူးပြောင်းစေသည့် မေးခွန်း)

4 For a new ethical model applying empathy in the Digital Era, See Shelton, A. G., Pearson, M. & Sugath, S. (2017) *Mindful Journalism and News Ethics in the Digital Era: A Buddhist Approach.* Routledge, London. https://www.crcpress.com/Mindful-Journalism-and-News-Ethics-in-the-Digital-Era-A-Buddhist-Approach/Gunaratne-Pearson-Senarath/p/book/9781138306066 [accessed 01/04/2018].

5 See http://ethicaljournalismnetwork.org/what-we-do/accountable-journalism [accessed 22/4/2018].

6 Locker, K. & Kang, A. (2018). *Focused listening can help address journalism's trust problem,* at American Press Institute. https://www.americanpressinstitute.org/publications/focused-listening-trust/ [accessed 28/03/2018].

7 Aronson-Rath, R. (2017). *Transparency is the antidote to fake news* on NiemanLab, December 2017 http://www.niemanlab.org/2017/12/transparency-is-the-antidote-to-fake-news/ [accessed 15/06/2018].

- အင်တာနက်ပေါ်တွင်ဖြစ်စေ၊ အင်တာနက်မပါဘဲဖြစ်စေ ထုတ်လုပ်သော တင်ဆက်ချက်များ ဖန်တီးထုတ်လုပ်ခြင်း လုပ်ငန်းနယ်ပယ်ကြီး (ကြော်ငြာများ၊ စျေးကွက်ဖော်ဆောင်ခြင်း၊ လူထုဆက်ဆံရေး၊ လုပ်ကြံသတင်းများနှင့် သတင်းမှားများ အပါအဝင်) နှင့် သတင်းအတတ်ပညာအကြားမှ ကွာခြားချက်က အဘယ်နည်း။
- သတင်းအတတ်ပညာ၏ ပညာသည်တစ်ဦးသည် မည်သူ့အကျိုးစီးပွားကို ဆောင်ရွက်ရမည်နည်း။
- သတင်းအတတ်ပညာ၏ ပညာသည်များသည် ၄င်းတို့ ထုတ်လုပ်သော/ဖြန့်ဝေသော တင်ဆက်ချက်အတွက် တာဝန်ခံခြင်း ရှိသင့်ပါသလား။ ရှိသင့်ပါက အဘယ့်ကြောင့်နည်း။ မည်သူ့ထံ တာဝန်ခံရမည်နည်း။ မရှိသင့်ဆိုပါက အဘယ့်ကြောင့်နည်း။
- သတင်းအတတ်ပညာ၏ ပညာသည်များသည် ၄င်းတို့၏ သတင်းပေးများ၊ သတင်းတွင်ပါဝင်သူများ၊ ပရိသတ်များအပေါ် မည်သည့် တာဝန်ဝတ္တရားများ ရှိပါသနည်း။
- ‘သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု’ ပေါ်ပေါက်လာသော ခေတ်တွင် သတင်းအတတ်ပညာဖြင့် အသက်မွေးသူများသည် မည်သည့် ဒွိဟ၊ ဝိရောဓိ အသစ်များအကြောင်းကို စဉ်းစားဆုံးဖြတ်ရန် လိုအပ်လာပါသနည်း။

## သင်ယူမှု အကဲဖြတ်ချက် စံနှုန်းများ

ဤစာအုပ်၏ အလုံးစုံ လွှမ်းခြုံသော ရည်ရွယ်ချက်မှာ ကျွမ်းကျင်သတင်းသမားများ၊ လေ့လာဆဲ သတင်းသမားများနှင့် သတင်းလုပ်ငန်းတွင် ပါဝင်သူများအားလုံးတို့အကြား ဝေဖန်သုံးသပ်စဉ်းစားနိုင်စွမ်းများ မြင့်တက်လာစေရန်နှင့် ကိုယ်ခံအားပိုမို အားကောင်းလာရန် ဖြစ်ပါသည်။ အဓိက ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ လိုက်နာခြင်း၊ သုတေသနအားကောင်း နက်ရှိုင်းမှုနှင့် စူးရှထက်မြက်စွာ ခွဲခြမ်းစိတ်ဖြာနိုင်မှုတို့နှင့်အတူ မှန်ကန်မှုနှင့် တိုက်ဆိုင်စစ်ဆေးခြင်း စံနှုန်းများကို အဓိက အကဲဖြတ်ဆန်းစစ်ချက် စံနှုန်းများအဖြစ် ယူဆသင့်ပါသည်။

*သဘောတရားရေးရာ လုပ်ဆောင်ဖွယ်များကို အကဲဖြတ်ဆန်းစစ်ရန် အကြံပြုထားသော အမှတ်ပေးအကဲဖြတ်စံနှုန်းများ –*

- မှန်ကန်မှုနှင့် တိုက်ဆိုင်စစ်ဆေးခြင်း (ဥပမာ – ရင်းမြစ်များကို ကိုးကားရည်ညွှန်းမှု မှန်ကန်စွာ ရှိမရှိ၊ တိုက်ဆိုင်စစ်ဆေးခြင်း နည်းလမ်းများ ဆီလျော်စွာ အသုံးချထားခြင်း ရှိမရှိ)
- သုတေသန ခိုင်မာအားကောင်းမှု (ဥပမာ – သင်ယူသူသည် မိမိ၏ အဆိုပြုချက်/ တွေ့ရှိချက်များကို ထောက်ပံ့ရန် လိုအပ်သော ခိုင်မာအားကောင်းဆီလျော်သော အချက်အလက်များ၊ ရင်းမြစ်များကို ရှာဖွေရန် မည်မျှ ကြိုးစားထားကြောင်း)
- အဆိုပြုချက်နှင့် ခွဲခြမ်းစိတ်ဖြာ ကြောင်းကျိုးပြချက်များ၏ အရည်အသွေး (အဆိုပြုချက်များနှင့် ခွဲခြမ်းစိတ်ဖြာချက်များမှာ မည်မျှ ဆန်းသစ်မှုရှိ/ ကိုယ်ပိုင်အတွေးအမြင်ဆန်ကြောင်း၊ မည်မျှ ခေတ်မီဆန်းပြားကြောင်း)
- အရေးအသား (စာလုံးပေါင်း၊ အထားအသို၊ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများ စုံလင်မှု၊ ဖွဲ့စည်းပုံ)
- အက်ဆေး၊ အစီရင်ခံစာသည် မော်ဂျူး၏ သင်ယူမှု ရည်ရွယ်ချက်များကို ထိမိပေါက်မြောက်ပြီးဖြစ်ကြောင်း သရုပ်ပြနိုင်မှုမည်မျှရှိကြောင်း။

*လက်တွေ့ဆိုင်ရာ၊ သတင်းသမားလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ဖွယ်များကို အကဲဖြတ်ဆန်းစစ်ရန် အကြံပြုထားသော အမှတ်ပေး အကဲဖြတ်စံနှုန်းများ –*

- မှန်ကန်မှုနှင့် တိုက်ဆိုင်စစ်ဆေးခြင်း (ဥပမာ – ရင်းမြစ်များကို ကိုးကားရည်ညွှန်းမှု မှန်ကန်စွာ ရှိမရှိ၊ တိုက်ဆိုင်စစ်ဆေးခြင်း နည်းလမ်းများ ဆီလျော်စွာ အသုံးချထားခြင်း ရှိမရှိ)
- သုတေသန ခိုင်မာအားကောင်းမှု (ဥပမာ – သင်ယူသူသည် မိမိ၏ အဆိုပြုချက်/ တွေ့ရှိချက်များကို ထောက်ပံ့ရန် လိုအပ်သော ခိုင်မာအားကောင်းဆီလျော်သော အချက်အလက်များ၊ ရင်းမြစ်များကို ရှာဖွေရန် မည်မျှ ကြိုးစားထားကြောင်း)
- ဆန်းစစ်ဝေဖန် ခွဲခြမ်းစိတ်ဖြာတင်ပြမှု (ပရိသတ်ကို တင်ပြသော အဓိကအရေးကိစ္စကို မည်မျှ တွေးတွေးဆဆ စုံစမ်းဝေဖန် တင်ဆက်ထားကြောင်း)

- ကိုယ်ပိုင်အတွေးအမြင်ဆန်မှု
- သတင်းဇာတ်လမ်းနောက်ခံ ခိုင်မာအားကောင်းမှု (ဥပမာ – သတင်းဇာတ်လမ်းနောက်ခံ/ ထုတ်လုပ်မှုက စာဖတ်သူ၊ ကြည့်ရှုသူ၊ ပရိသတ်ကို မည်သို့ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း)
- ထုတ်လုပ်မှု တန်ဖိုးများ (ရုပ်သံဖြင့် တည်းဖြတ်ထုတ်လုပ်လျှင်ရှိနိုင်မည့် အားကောင်းမှု၊ မာလ်တီမီဒီယာအဖြစ် ထုတ်လုပ်နိုင်မှု)
- အရေးအသား (စာလုံးပေါင်း၊ အထားအသို၊ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများ စုံလင်မှု၊ ဖွဲ့စည်းပုံ)
- လုပ်ငန်း လုပ်ထုံးလုပ်နည်းများအဖြစ် ဖော်ပြထားသော ကျင့်ဝတ်များကို လိုက်နာမှု

## သင်ကြားပို့ချခြင်း နည်းလမ်းများ

ဤမော်ဂျူးများကို လူကိုယ်တိုင်လာရောက်တက်ရသော စာသင်ခန်းများတွင်ဖြစ်စေ၊ အင်တာနက်ပေါ်မှဖြစ်စေ သင်ကြားနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ သင်ခန်းစာအများစုကို သင်ကြားရာတွင် သင်ယူသူများသည် ပူးပေါင်းဆောင်ရွက်သင်ယူမှု ပြုနိုင်လျှင် အကျိုးရှိမည်ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်သင်ယူမှုများကို အွန်လိုင်း (Moodle ဖြစ်စေ၊ Facebook Group များဖြစ်စေသုံး၍) ဖြစ်စေ၊ မျက်နှာချင်းဆိုင်ဆုံတွေ့၍ဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။

သင်ခန်းစာအများစုကို အပိုင်း ၂ ပိုင်းခွဲသော ပုံစံဖြင့် သင်ကြားနိုင်သည်။ တစ်ပိုင်းမှာ သဘောတရားအရ သင်ယူမှု (ဥပမာ – ဟောပြောပွဲများ၊ စာဖတ်ခြင်း၊ ဟောပြောပို့ချတင်ဆက်ခြင်း) ဖြစ်ပြီး၊ နောက်တစ်ပိုင်းမှာ လက်တွေ့လုပ်ငန်းစဉ် လေ့ကျင့်ခန်းများဖြင့် ဖြည့်စွက်ခြင်း (အချက်အလက် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို အဖွဲ့လိုက်ဆောင်ရွက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများ) ဖြစ်ပါသည်။ သင်ခန်းစာ အများစုသဘောမှာ မိနစ် ၆၀ မှ ၉၀ အထိ သဘောတရားသင်ကြားပို့ချခြင်း အပိုင်းတစ်ပိုင်းနှင့် မိနစ် ၉၀ မှ ၂ နာရီကြာ လက်တွေ့အလုပ်ရုံဖြစ်စေ၊ စမ်းသပ်လုပ်ဆောင်ခြင်းဖြစ်စေ ပါဝင်မည်ဖြစ်ပါသည်။ ထိုအပိုင်းများကို ချဲ့ထွင်နိုင်သည်။ ချုံ့နိုင်သည်။ တစ်ပိုင်းစီခွဲခြင်း၊ နေ့ကူးပြီး ခွဲခြားနေရာချသင်ကြားခြင်းတို့ကို သက်ဆိုင်ရာ ကျောင်း/ အဖွဲ့အစည်းအလိုက် သင်ကြားသင်ယူမှု မူဘောင်များ အချိန်ဇယားများအလိုက် လုပ်ဆောင်နိုင်ပါသည်။ မော်ဂျူးတစ်ခုစီအတွက် လုပ်ဆောင်ဖွယ် လုပ်ငန်းပေးအပ်ချက် (အဆိုင်းမန့်) တစ်ခုစီ အကြံပြုတင်ပြထားပါသည်။

အဆင်ပြေသည့် အချိန်တိုင်းတွင် လုပ်ငန်းခွင်များမှ လက်တွေ့လုပ်ကိုင်နေသူများ၊ ပညာရှင်များကို ဖိတ်ခေါ်ပြီး အပြန်အလှန် ဆွေးနွေးသော အစီအစဉ်များ ထည့်သွင်းပေးရန် သင်ကြားပို့ချသူများနှင့် နည်းပြများကို တိုက်တွန်းအပ်ပါသည်။ သို့မှသာ လက်ရှိရေပန်းစားသော ဖြစ်ရပ်လေ့လာချက်များ၊ ဖြစ်ပျက်ဆဲကိစ္စရပ်များ၊ ဆွေးနွေးချက်များကို သင်ရိုးအတွင်း ထည့်သွင်း အသုံးချနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် သင်ခန်းစာများတွင် မိမိတို့ဒေသနှင့် ဘာသာစကားအရ၊ ယဉ်ကျေးမှုအရ ကိုက်ညီသော အကြောင်းအရာများကို ဆီလျော်အောင် ထည့်သွင်းသင်ကြားကြရန် ဤသင်ရိုးရေးဆွဲသူများက သင်ကြားသူဆရာများနှင့် နည်းပြများကို တိုက်တွန်း အားပေးအပ်ပါသည်။

## စာအုပ်စာတမ်းများ၊ သင်ထောက်ကူများနှင့် ရင်းမြစ်များ

ဆရာများနှင့် သင်တန်းသားများသည် အင်တာနက်ချိတ်ဆက်မှု လိုအပ်ပါမည်။ ပညာရပ်ဆိုင်ရာ ဒေတာဘေ့စ်များဖြစ်စေ၊ Google scholar ဖြစ်စေ၊ နှစ်ခုလုံးဖြစ်စေကို အသုံးပြုနိုင်လျှင်လည်း အကျိုးရှိမည်ဖြစ်သည်။

သင်ယူမှု ရည်ရွယ်ချက်များအတိုင်း လက်တွေ့အသုံးချမှုနှင့် ချိတ်ဆက်သော သင်ယူမှု ရင်းမြစ်များစွာကို ရယူနိုင်သော အဓိက ဝက်ဘ်ဆိုက်တစ်ခုမှာ First Draft News[8] ဖြစ်ပါသည်။

မှတ်သားရန် – ဤလက်စွဲစာအုပ်တွင်ပါသော ဖော်ပြရေးသားချက်များနှင့် ရင်းမြစ်များကို အသုံးပြုလျှင် သင်ရိုး တည်းဖြတ်သူများနှင့် ပါဝင်ရေးသားသူများကို မှန်ကန်စွာ အသိအမှတ်ပြု ရည်ညွှန်းဖော်ပြရပါမည်။

---

8 https://firstdraftnews.com/ [accessed 28/03/2018].

## သင်ကြားရေးဆိုင်ရာ ချဉ်းကပ်ပုံနည်းလမ်း

ဤအထူးပြုသင်ရိုးသည် သတင်းအတတ်ပညာ သင်ကြားရေးအတွက် ယူနက်စကိုက ၂၀၀၇ မှ စတင်ပြီး ထုတ်ဝေပြုစုခဲ့သော စံပြသင်ရိုးများ၏ လမ်းကြောင်းများအတိုင်း[9] ပြုစုထားခြင်းဖြစ်ပါသည်။ ဆရာ/ဆရာမများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှု သင်ရိုး[10] နှင့် သတင်းသမား လုံခြုံရေးအတွက် စံပြသင်ရိုး[11] တို့၏ သင်ကြားရေးနည်းလမ်းများကို အတုယူထားပါသည်။ ထိုချဉ်းကပ်ပုံတို့အရ နည်းပြများအနေနှင့် အောက်ပါတို့ကို ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

- ကိစ္စရပ်များကို စုံစမ်းခြင်း ချဉ်းကပ်ပုံ
- ပြဿနာအခြေပြု သင်ယူမှုနည်းလမ်း (PBL)
- သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးခြင်း
- ဖြစ်ရပ်လေ့လာချက်
- ပူးပေါင်းဆောင်ရွက်မှုရှိသော သင်ယူမှု
- စာသားခွဲခြမ်းစိတ်ဖြာခြင်း
- အခြေအနေ အခင်းအကျင်း ခွဲခြမ်းစိတ်ဖြာချက်
- ဘာသာပြန် တင်ပြသင်ကြားခြင်း
- သရုပ်တူ စမ်းသပ်လေ့ကျင့်ခြင်း
- ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ခြင်း

ထို့ပြင် ဤသင်ရိုးကို သင်ကြားပို့ချမည့် ဆရာများအနေနှင့် သတင်းလုပ်ငန်းဆိုင်ရာ 'လက်တွေ့ဆောင်ရွက်ခြင်း အခြေပြုသင်ယူမှု' (Project Based Learning)[12] ဟူသည့် အယူအဆကို ပိုမိုနက်နဲစွာ လေ့လာသင့်ပါသည်။ ထိုချဉ်းကပ်ပုံမှာ သတင်းလုပ်ငန်းမှ တင်ဆက်ထုတ်ဝေမှုလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ခြင်းအားဖြင့် ကျွမ်းကျင်မှုများကို အသုံးချခြင်းနှင့် စစ်ဆေးခြင်းများ ပြုလုပ်ကာ သင်ယူမှု ရည်ရွယ်ချက်များ အောင်မြင်ပေါက်မြောက်စေခြင်းဖြစ်ပါသည်။ သင်ယူသူများအနေနှင့် လုပ်ကြံသတင်းများကို တန်ပြန်တိုက်ဖျက်ရန်အတွက် သွက်သွက်လက်လက်၊ ပက်ကနဲ တုံ့ပြန်သော၊ ပျံ့နှံ့မှုများသော တင်ဆက်ချက်များ ပြုလုပ်နိုင်ကြောင်းသိရှိအောင်နှင့် ထိုနည်းလမ်းကို လက်တွေ့အသုံးချနိုင်သော အခွင့်အလမ်းများ[13] ရရှိအောင် ဖန်တီးပေးသင့်ပါသည်။

---

9 UNESCO's Model Curricula for Journalism Education (2007). http://unesdoc.unesco.org/images/0015/001512/151209E.pdf [accessed 28/03/2018]. See also UNESCO's Model Curricula For Journalism Education: a compendium of new syllabi (2013). [accessed 28/03/2018: http://unesdoc.unesco.org/images/0022/002211/221199E.pdf; and Teaching Journalism for Sustainable Development: new syllabi (2015). http://unesdoc.unesco.org/images/0023/002338/233878e.pdf [accessed 28/03/2018].

10 Wilson, C., Grizzle, A., Tuazon, R., Akyempong, K. and Cheung, C. (2011). Media and Information Literacy Curriculum for Teachers. [ebook] Paris: UNESCO. http://unesdoc.unesco.org/images/0019/001929/192971e.pdf [accessed 28/03/2018].

11 UNESCO (2017) Model Course on Safety of Journalists: A guide for journalism teachers in the Arab States.http://unesdoc.unesco.org/images/0024/002482/248297e.pdf [accessed 28/03/2018].

12 Posetti, J & McHugh, S (2017) *Transforming legacy print journalism into a successful podcast format: An ethnographic study of The Age's Phoebe's Fall.* Peer reviewed conference paper presented at the International Association of Media and Communications Researchers conference in Cartagena, Colombia 18/07/2017

13 An interesting example is this clip from hashtag our stories: https://www.facebook.com/hashtagoursa/videos/679504652440492/ [accessed 15/06/2018].

# အမှန်တရား၊ ယုံကြည်မှုနှင့် သတင်းအတတ်ပညာ – အရေးပါရခြင်း အကြောင်းတရားများ

*ရှယ်ရီလင်း အိုင်ရာတန် (Cherilyn Ireton)*

# မော်ဂျူး ၁

## အနှစ်ချုပ်

ကမ္ဘာ့နေရာအစိတ်အပိုင်းများစွာတွင် လူမှုမီဒီယာ မပေါ်ပေါက်မီကတည်းက မီဒီယာနှင့် သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှုမှာ ကွဲရှလွယ် ယိုင်နဲ့နေပြီးသားဖြစ်နေပါသည်။[1] အဆိုပါဖြစ်ရပ်မှာ သတင်းအတတ်ပညာအတွက် သီးသန့်သာမဟုတ်ပေ။ ရပ်ရွာအများစုတွင် အဖွဲ့အစည်းများကို ယေဘုယျယုံကြည်စိတ်ချမှု လျော့ကျလာနေခြင်းပင်ဖြစ်သည်။ သို့ရာတွင် သတင်းမျက်နှာဖုံးစွပ်ပြီး ပျံ့နှံ့သော လုပ်ကြံသတင်းနှင့် သတင်းမှားများ၏ ပမာဏ များပြားလွန်းခြင်းနှင့် ပျံ့နှံ့ရောက်ရှိမှု ကျယ်ပြန့်လွန်းခြင်းကြောင့် သတင်းအတတ်ပညာ၏ ဂုဏ်သိက္ခာကျဆင်းထိခိုက်မှု ပိုမိုဖြစ်ပွားလာခြင်းလည်း ရှိနေပါသည်။ ထိုထိခိုက်မှုကြောင့် သတင်းသမားများ၊ သတင်းမီဒီယာများ၊ နိုင်ငံသားများနှင့် ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်းများအပေါ်တွင်လည်း သက်ရောက်မှုအချို့ရှိလာပါသည်။[2]

အင်တာနက်နှင့် အားလုံးအတွက် အခမဲ့မြန်နှုန်းမြင့် သတင်းအချက်အလက် မျှဝေနိုင်သော လူမှုမီဒီယာများပေါ်တွင် လူတိုင်း ထုတ်ဝေသူ လုပ်နိုင်သည်။ ထို့ကြောင့် နိုင်ငံသားများအနေနှင့် မည်သည့် တင်ဆက်ချက်က မှန်သည်မှားသည်ကို ခွဲခြားရ ခက်ခဲလာသည်။ အဆိုးမြင်ခြင်းနှင့် ယုံကြည်စိတ်ချမှု မရှိခြင်းက ကြီးစိုးလာသည်။ အစွန်းရောက် အတွေးအမြင်များ၊ လျှို့ဝှက်အကွက်ချစီစဉ်ကြောင်း စွပ်စွဲချက်များ၊ လူပြိန်းကြိုက်အတွေးများ ရှေ့တန်းတင်ခြင်းတို့ ပေါ်များလာသည်။ ရှေးက လက်ခံနှင့်ပြီးသား အမှန်တရားများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို သံသယမေးခွန်းထုတ်လာကြသည်။ ဤလောကသစ်တွင် သတင်းခန်းများသည် သမိုင်းပေးကဏ္ဍတစ်ရပ်ဖြစ်သော သတင်းတံခါးမှူးများ[3] အဖြစ် အမှန်တရားကို ဖော်ထုတ်အတည်ပြုသော တာဝန်ကိုဆောင်ရွက်ရန် အပြင်းအထန်ကြိုးစားနေရပါသည်။ တစ်ချိန်တည်းတွင် စျေးကွက်သစ်များဖြစ်သော 'ဗျူဟာမြောက် ဆက်သွယ်ရေးများ' နှင့် 'သတင်းစစ်ဆင်ရေးများ' ပေါ်ပေါက်လာခြင်းသည် သတင်းအချက်အလက် ဂေဟစနစ်တွင် ထည့်သွင်းစဉ်းစားဖွယ် အဓိကအချက်အလက်များ[4] ဖြစ်လာပါသည်။ လုပ်ကြံသတင်းများနှင့် သတင်းမှား ကောလာဟလများ ဖြန့်ဝေခြင်းတို့လည်း အပါအဝင်ဖြစ်ပါသည်။

*လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ၏ ပမာဏနှင့် နောက်ဆက်တွဲများမှာ တဖြည်းဖြည်း အကောင်အထည်ပေါ် လက်တွေ့ဖြစ်ပွားလာသည့်အတွက် လူမှုမီဒီယာများကို တည်ဆောက် ဖန်တီးသူများပင် ပူပန်လာရသည်။ ဖေ့စ်ဘွတ်ခ်၏ နိုင်ငံသားပါဝင်မှုနှင့် ဖေ့စ်ဘွတ်ခ်ထုတ်ကုန်ဆိုင်ရာ မန်နေဂျာက ဤသို့ဆိုပါသည်။ 'လူမှုမီဒီယာက ဒီမိုကရေစီအပေါ်မှာ ကျရောက်တဲ့ သက်ရောက်မှုတစ်ခုကို ပြောပါဆိုရင် လူတွေရဲ့ စိတ်သဘောထား ရည်ရွယ်ချက်တွေ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာစေခြင်းပဲဖြစ်ပါတယ်။ စိတ်သဘောထား အကောင်းရော အဆိုးရော ပေါ်လာမှာပါ။ အကောင်းဆုံး အသုံးပြုနေချိန်မှာတော့ မိမိကိုယ်ကိုယ် ထုတ်ဖော်ခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်းဖြစ်လာအောင် ကူညီပေးနိုင်တယ်။ အဆိုးဆုံးအခြေအနေဆိုရင်တော့ သတင်းမှားတွေ ပျံ့နှံ့ပြီး ဒီမိုကရေစီကို ခြစားအောင် ကျူးလွန်နိုင်အောင် အခွင့်ပေးသလိုဖြစ်နိုင်တယ်။'*[5]

ထိုပြဿနာများကို ဖြေရှင်းရန်အတွက် အကြီးစားဖြစ်စေ၊ အသေးစားဖြစ်စေ လုပ်ဆောင်မှုများ ဆောင်ရွက်ရန် လိုအပ်သည်မှာ ရှင်းလင်းမြင်သာပါသည်။ အလွယ်တကူ လုပ်ဆောင်နိုင်သော ရွေးချယ်ဖွယ်အဖြစ်ဆုံးနည်းလမ်းမှာ ဥပဒေ စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ခြင်းပင်ဖြစ်သည်။ နိုင်ငံများစွာကလည်း ထိုလမ်းကြောင်းကို လိုက်နေကြပါသည်။[6] သို့သော် လွတ်လပ်စွာ ထုတ်ဖော်ခွင့်အတွက် ရပ်တည်လှုပ်ရှားသူများက သတိပေးထားသည်မှာ ထိုသို့ ဥပဒေသတ်မှတ်ချက်များရှိလျှင်

1 Edelman. (2017). Edelman Trust Barometer - Global Results. [online]. Available at: https://www.edelman.com/global-results/ [accessed 03/04/2018].

2 Viner, K. (2017). *A mission for journalism in a time of crisis.* [online] the Guardian. Available at: https://www.theguardian.com/news/2017/nov/16/a-mission-for-journalism-in-a-time-of-crisis [accessed 03/04/2018].

3 Singer, J. (2013). User-generated visibility: Secondary gatekeeping in a shared media space. *New Media & Society,* [online] 16(1), pp.55-73. Available at: https://pdfs.semanticscholar.org/0d59/6a002c26a74cd45e15fbc20e64173cf2f912.pdf [accessed 0/3/04/2018].

4 See for example the cases described in Gu, L; Kropotov, V and Yarochkin, F. (nd). *The Fake News Machine How Propagandists Abuse the Internet and Manipulate the Public.* https://documents.trendmicro.com/assets/white_papers/wp-fake-news-machine-how-propagandists-abuse-the-internet.pdf [accessed 16/06/2018]. Another study is published by the Data & Society Research Institute, New York (2017) Media Manipulation and Disinformation Online, https://datasociety.net/output/media-manipulation-and-disinfo-online/ [accessed 15/06/2018].

5 Chakrabarti, S. (2018). *Hard Questions: What Effect Does Social Media Have on Democracy?* Facebook Newsroom. [online] Newsroom.fb.com. Available at: https://newsroom.fb.com/news/2018/01/effect-social-media-democracy/ [accessed 03/04/2018]

6 Funke, D. (2018) *A guide to anti-misinformation actions around the world* Poynter https://www.poynter.org/news/guide-anti-misinformation-actions-around-world [accessed 22/05/2018].

နည်းပညာသစ်များက ဆောင်ကြဉ်းပေးထားသော လွတ်လပ်ပွင့်လင်းမှုနှင့် အများပါဝင်နိုင်မှုတို့ကို ကန့်သတ်ထိခိုက်နိုင်မည် ဟူ၍ ဖြစ်ပါသည်။[7]

အထူးသဖြင့် အာဏာရှင် စိတ်ထားရှိသော ခေါင်းဆောင်များ အာဏာရလာချိန်တွင် ၎င်းတို့လက်တွင် အဆင်သင့်သုံးနိုင်သော အားကောင်းသည့် ဥပဒေလက်နက်ရှိသွားကာ ၎င်း၏လုပ်ဆောင်ချက်ကို ဝေဖန်သည့် တင်ပြရေးသားချက်များကိုလည်း နှိပ်ကွပ်ရန်အလို့ငှာ 'သတင်းတု' ဖြစ်ကြောင်း အလွယ်တကူ သတ်မှတ်နိုင်သွားလိမ့်မည်။

အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက စတင်အကြံပြုလာသည့် ရွေးစရာတစ်ခုလည်း ရှိပါသည်။ ၎င်းက ပရိသတ်များ အနေနှင့် ၎င်းတို့ရရှိသော သတင်းအချက်အလက်များကို အဓိပ္ပာယ်ဖော်ရန်နှင့် အကဲဖြတ်ဆန်းစစ်ရန် နည်းလမ်းများပေးခြင်းနှင့် ပိုမိုပါးနပ်ကျွမ်းဝင်လာအောင် ကူညီလေ့ကျင့်ပေးခြင်းတို့ပင်ဖြစ်သည်။ တောင်အာဖရိက[8] မှ မက္ကဆီကို[9] အထိ နမူနာ များစွာရှိပါသည်။ အချက်အလက် စစ်ဆေးသော အဖွဲ့အစည်းများမှာ (ဤစာအုပ်တွင် ရှင်းပြထားသကဲ့သို့) တဖြည်းဖြည်း များလာပါသည်။

ထိုအခြေအနေများတွင် သတင်းသမားများနှင့် ကျောင်းသားများသည် အဆိုပါလုပ်ငန်းများအကြောင်း သိရှိထားရန်လိုအပ်သည်။ ၎င်းတို့ရယူဆောင်ရွက်နိုင်သော အခန်းကဏ္ဍများအကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ထို့ကြောင့်လည်း ဤလက်စွဲ စာအုပ်ကို ပြုစုခြင်းဖြစ်ပါသည်။

မိမိတို့သည် ဒီမိုကရေစီနည်းလမ်းကျ၊ ပွင့်လင်းသော လူ့အသိုင်းအဝိုင်းများတွင် မရှိမဖြစ်ထောက်ပံ့လှုပ်ရှားသူများအဖြစ် မိမိကိုယ်ကိုယ် ယုံကြည်သော သတင်းသမားများအတွက်မူ လုပ်ကြံသတင်းနှင့် သတင်းမှားဆိုသည်မှာ သတင်းသမား၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးကို စိန်ခေါ်ခြင်းထက်များစွာပိုသည်။ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှုသည်' သတင်း အတတ်ပညာ၏ ရည်ရွယ်ချက်နှင့် ထိရောက်မှုကို သံသယဝင်စေသည်။ သတင်းအတတ်ပညာ၏ လွတ်လပ်အမှီအခိုကင်းမှုနှင့် မြင့်မားသော ပညာသည် စံနှုန်းများ၏ ပင်မအရေးပါမှုကို မီးမောင်းထိုးပြပါသည်။ သို့ရာတွင် သတင်းအတတ်ပညာတွင် နိုင်ငံရေးအတွေးအခေါ်တစ်ရပ်ရပ် လွှမ်းမိုးမှု မရှိနိုင်ဟု ယူဆရန်တော့ မဟုတ်ပါ။ ကျားမဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ၊ ဘာသာစကား အုပ်စုခွဲခြင်းဆိုင်ရာ၊ လူတန်းစားဆိုင်ရာ ဘက်လိုက်ယိမ်းယိုင်မှု တစ်စုံတစ်ရာမျှမရှိဟူ၍လည်းကောင်း၊ ထုတ်ဝေပြုစုသူတို့၏ နောက်ခံများဘက်သို့ ယိမ်းယိုင်မှု မရှိဟူ၍လည်းကောင်း ယူဆ၍တော့မရပါ။ စနစ်ဆိုင်ရာ ကိစ္စရပ်များ ဖြစ်သော မည်သည့်ပုဂ္ဂိုလ် မည်သည့် အဖွဲ့အစည်းက ပိုင်ဆိုင်မှုဩဇာလွှမ်းကြောင်း၊ မည်သည့် စီးပွားရေးပုံစံများကို သုံးနေကြောင်း၊ ပရိသတ်က မည်သည့်စိတ်ဝင်စားမှုရှိနေကြောင်း၊ ထုံးစံမပျက် ကြိုးနီစနစ်များနှင့် လူထုဆက်ဆံရေး ရင်းမြစ်များ၏ သတင်းကွန်ရက်တစ်ခု စသည်တို့လည်း သတင်းအတတ်ပညာတွင် အမြစ်တွယ်ပါဝင်နေကြောင်း အသိအမှတ်ပြုရပါမည်။ သို့သော် စာတည်းကျင့်ဝတ်တို့၏ အရေးပါမှုကို သတင်းတင်ဆက်မှု၏ မီးရှူးတိုင်အဖြစ် အသိအမှတ်ပြု ကျင့်သုံးရမည်ဖြစ်ပါသည်။ သတင်းသမားများ၏ မိမိတို့ကိုယ်ပိုင် လောကအမြင်များနှင့် အခြေအနေများကို သုံးသပ်ရာတွင်လည်း စာတည်းကျင့်ဝတ်များကို ဦးထိပ်ထားရပါမည်။ သတင်းအတတ်ပညာဆိုသည်မှာ 'ခြေခြေမြစ်မြစ် မရှိသော ထင်မြင်ချက်' တစ်ရပ်သက်သက် မဟုတ်ကြောင်း ထုတ်ဖော်ရမည်။ လူထုက သတင်းအတတ်ပညာကို ယုံကြည် စိတ်ချရန်အတွက်ဆိုလျှင် လူထုကောင်းကျိုးနှင့် တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ကျယ်ပြန့်သော စံနှုန်းများကို ပွင့်လင်းမြင်သာစွာ လိုက်နာပြရန်လိုသော ပညာရပ်နှင့် လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ရန်လိုအပ်သည်။ တင်ဆက်သည့် အကြောင်းအရာနှင့် ရှုထောင့်များတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ဖြစ်စေ အထက်ပါစံနှုန်းများကို မလျော့တမ်း ကျင့်သုံးရမည်ဖြစ်သည်။[10]

ဤသင်ခန်းစာတွင် သတင်းအတတ်ပညာက လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီကို မည်သို့ ဝန်ဆောင်ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဆန်းစစ်သုံးသပ်ရန်၊ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' က ဒီမိုကရေစီနှင့် ပွင့်လင်းသော လူ့အဖွဲ့အစည်းများကို မည်သို့

7 Nossel, S. (2017). *Faking News: Fraudulent News and the Fight for Truth.* [ebook] PEN America. Available at: https://pen.org/wp-content/uploads/2017/10/PEN-America_Faking-News-Report_10-17.pdf [accessed 03/04/2018].

8 #KnowNews is a web browser extension developed by South Africa's Media Monitoring Africa NGO, which seeks to help audiences identify if the site they are browsing contains credible news: https://chrome.google.com/webstore/search/KnowNews [accessed 15/06/2018].

9 See the website https://verificado.mx/ representing a coalition of 60 media, civil society and university institutions focusing on verification of contested content during the 2018 Mexican election. [accessed 15/06/2018]; https://knightcenter.utexas.edu/blog/00-19906-media-collaboration-and-citizen-input-fueled-verificado-2018-fact-checking-mexican-ele [accessed 04/07.2018].

10 See Rosen, J. (2010). The View from Nowhere: Questions and Answers. *PressThink.* http://pressthink.org/2010/11/the-view-from-nowhere-questions-and-answers/ [accessed 15/06/2018].

သက်ရောက်နေကြောင်းနှင့် ဆက်လက်မည်သို့သက်ရောက်မည့် အန္တရာယ်များရှိကြောင်း၊ သတင်းအတတ်ပညာအနေနှင့် မည်သို့ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ကြောင်း၊ အများပြည်သူအကျိုးအတွက် အထောက်အထားရှိမှန်ကန်သော သတင်းများကိုသာ တင်ဆက်သော နယ်ပယ်တစ်ခုဖြစ်ကြောင်း ထင်ရှားစွာရပ်တည်နိုင်သော နည်းလမ်းစံနှုန်းများအားဖြင့် အများယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်း မည်သို့ပြုနိုင်ကြောင်း နက်နဲစွာ ဆင်ခြင်သုံးသပ်စဉ်းစားရန် သင်တန်းသားများကို ဆရာများက တိုက်တွန်းအားပေးသင့်ပါသည်။ သတင်းအတတ်ပညာ လုပ်သားများကို မျက်လုံးမှိတ်ယုံကြည်ရမည်ဟု တိုက်တွန်းခြင်း မဟုတ်ပါ။ သတင်းအတတ်ပညာ၏ ဝိသေသနှင့် ကွာခြားမှုအကြောင်းကို နားလည်သိရှိစေရန်အတွက်သာ ဖြစ်ပါသည်။ အများအကျိုးအတွက် တိုက်ဆိုင်စစ်ဆေးပြီး သတင်းအချက်အလက်များကိုသာ တင်ပြခြင်း နှုန်းစံ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲလိုစိတ်နှင့် စဉ်ဆက်မပြတ်အကဲဖြတ်ဆန်းစစ်ခြင်းကို နားလည်အသိအမှတ်ပြုခြင်းအားဖြင့် စိတ်ချခြင်းသာ ဖြစ်ပါသည်။ အဆိုးမြင်ဝါဒမဟုတ်သော သံသယရှိတတ်ခြင်း၏ တန်ဖိုးကို နားလည်ခြင်းနှင့် ဆက်စပ်စွမ်းရည်များ လူထုတွင် ရှိနေခြင်းဟုလည်း ဆိုလိုပါသည်။ ထိုစွမ်းရည်မှာ သတင်းအတတ်ပညာ အယောင်ဆောင်များနှင့် သတင်းအတတ်ပညာကို စစ်မှန်စွာ ကြိုးစားလုပ်ကိုင်နေသူများ (အခြေခံဝိသေသများဖြစ်သော ပွင့်လင်းမြင်သာမှု၊ မိမိကိုယ်ကိုယ် စည်းမျဉ်းသတ်မှတ်လိုက်နာပြီး တာဝန်ခံနိုင်မှု၊ ထိုဝိသေသများရှိကြောင်း ဂုဏ်သတင်း ကျော်စောခိုင်မာမှုရှိသူများ) တို့ကို သေချာစွာ ခွဲခြားသိမြင်နိုင်ခြင်းစွမ်းရည်ဖြစ်သည်။ သတင်းသမားများနှင့် သတင်းအတတ်ပညာသင်ယူဆဲ ကျောင်းသားများ အနေနှင့်ဆိုလျှင် ပြောင်းလဲနေသော သတင်းအချက်အလက် ပတ်ဝန်းကျင်အကြောင်း သိမြင်ခြင်းနှင့် စိန်ခေါ်မှုများကို မည်သို့ တုံ့ပြန်ကိုင်တွယ်နိုင်ကြောင်း နားလည်ခြင်းပင်ဖြစ်ပါသည်။

## ပုံကြမ်း

သတင်းသမားများနှင့် ၎င်းတို့ ဝန်ဆောင်နေသော လူ့အဖွဲ့အစည်းများက 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ၏ နောက်ဆက်တွဲများကို နားလည်သဘောပေါက်ရန်အတွက် သတင်းအတတ်ပညာနှင့် သမားရိုးကျမီဒီယာဟောင်းများ တွေ့ကြုံနေရသော လုပ်ထုံးလုပ်နည်းအဆင့်၊ အလေ့အထ ယဉ်ကျေးမှုအဆင့်နှင့် စနစ်တစ်ခုလုံးအဆင့်မှ နက်ရှိုင်းသော ပြောင်းလဲမှုများအကြောင်းကို စဉ်းစားတွေးခေါ်နိုင်ရန်လိုပါသည်။ ထိုအပြောင်းအလဲများမှာ ဒစ်ဂျစ်တယ်နည်းပညာနှင့် အင်တာနက်သုံး တစ်ကိုယ်ရေသုံးစက်ပစ္စည်းတို့ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲမှုများကြောင့် ပေါ်ပေါက်လာကြခြင်း ဖြစ်သည်။ အရေးအကြီးဆုံး နားလည်ရန်လိုအပ်သည့်အချက်မှာ သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှု ကင်းမဲ့မှု ပြဿနာအရှိန်မြင့် ဖြစ်ပွားလာခြင်းနှင့် လူမှုမီဒီယာကို ချိတ်ဆက်အသုံးပြုမှုတို့အကြားက ဆက်နွယ်မှုပင်ဖြစ်သည်။[11]

သတင်းအတတ်ပညာ၏ ရန်သူတော်အားလုံးမှာ လူမှုမီဒီယာပင်ဖြစ်သည်ဟု အပြစ်တင်ခြင်းမှာလည်း မှားယွင်းနိုင်ပါသည်။ ယုံကြည်မှုနှင့် တိုက်ရိုက်ချိတ်ဆက်နေသည့်အရာမှာ သတင်းစွမ်းရည်ပင်ဖြစ်ပါသည်။ သတင်းလောကအပေါ် ယုံကြည်မှု လျော့ကျခြင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအပေါ် ယုံကြည်မှုများ လျော့ကျလာခြင်းတို့သည်လည်း တိုက်ရိုက်ချိတ်ဆက်မှုများရှိထားကြပါသည်။[12]

သတင်းကို ရယူစုဆောင်းပုံနှင့် ဖြန့်ဝေပုံများ၏ စနစ်နှင့်ချီသော ပြောင်းလဲမှုများ၊ အစဉ်အလာ သတင်းမီဒီယာများ၏ မူလပုံစံ စီးပွားရေးများ ပြိုလဲလာကြခြင်းကြောင့် သတင်းလောကတွင် သတင်းခန်းစွမ်းရည်များ ထိခိုက်လာကြသည်။ ထိုအခါ သတင်းလွှမ်းခြုံမှု၏ အရည်အသွေး၊ နက်ရှိုင်းမှုနှင့် ကျယ်ပြန့်မှုများကို ထိခိုက်လာကြပါသည်။[13] အစိုးရ သတင်းခန်းများအတွက် ထောက်ပံ့မှုကျဆင်းလာခြင်းနှင့် ဤကဏ္ဍကို အစိုးရက ဝင်ရောက်ထိန်းချုပ်မှု မြင့်မားလာခြင်းကြောင့်လည်း သတင်းတင်ဆက်မှုများ ပိုမိုအားနည်းလာပါသည်။

ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုကြီးက ဇာတ်ကြောင်းများ တင်ပြနိုင်သော နည်းလမ်းသစ်ပေါင်းများစွာကို ကြိုဆိုနိုင်လိုက်သလို သတင်းဖြစ်စဉ်တွင်းတွင် ပရိသတ်ပူးပေါင်းပါဝင်မှု ပိုမိုမြင့်တက်လာစေခြင်း ရှိသည်မှန်သော်လည်း ယိုင်နဲ့နေနှင့်သော အစဉ်အလာသတင်းထုတ်လုပ်သူများအတွက် စိန်ခေါ်မှုများကိုလည်း ပိုမိုကြီးထွားလာစေပါသည်။ များသောအားဖြင့် ဒစ်ဂျစ်တယ်သီးသန့် ထုတ်လုပ်ရပ်တည်သော သတင်းအဖွဲ့အစည်းများသည်လည်း သတင်းအတတ်ပညာ၏ ပျက်ယွင်း

11 မော်ဂျူး ၃ ကို ရှုပါ။

12 Edelman. (2017) op cit

13 မော်ဂျူး ၃ ကို ရှုပါ။

လာသော ဂုဏ်သိက္ခာကို အဖတ်ဆယ်နိုင်လောက်အောင် ကိုယ်ခံအား မကောင်းကြသေးပေ။[14]

ဒီမိုကရေစီနည်းလမ်းကျနသော၊ မျိုးကွဲစုံလင်မှုရှိသော သတင်းဂေဟစနစ်တစ်ရပ်တွင် သတင်းတုများနှင့် လုပ်ကြံသတင်းများ၏ အန္တရာယ်များကို ကာကွယ်ရန်မှာ သတင်းအတတ်ပညာနှင့် ဆက်စပ်အသက်မွေးသူများအတွက်သာမက လူ့အဖွဲ့အစည်း တစ်ရပ်လုံး တွေ့ကြုံရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း တဖြည်းဖြည်းထင်ရှားလာပါသည်။[15]

ဒစ်ဂျစ်တယ်ခေတ်မတိုင်မီ သတင်းအတတ်ပညာ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများတွင်လည်း ပညာသည် စံနှုန်း အဆင့်အတန်းများ ပါဝင်ခဲ့ပါသည်။ သတင်း၏ မှန်ကန်မှု၊ အရည်အသွေးနှင့် မျှတမှုကို ဗဟိုမှ စုစည်းစစ်ဆေးထိန်းချုပ်သော အလွှာများလည်း ပါဝင်ခဲ့ကြပါသည်။ ကွင်းဆင်းထောက်လှမ်းသော သတင်းထောက်များကို ကျားကန်ကူညီပေးနေသော သတင်းခန်းအဖွဲ့များရှိကြပြီး တင်ဆက်ချက်များ ထုတ်လုပ်ဖြန့်ဝေခြင်းမပြုမီ အချက်အလက်များ စစ်ဆေးပေးကြသည်။ ထိုသို့သော 'သတင်းတံခါးမှူး' စနစ်တစ်ရပ်ရှိခြင်းက သတင်းသမားများအကြားတွင် ပညာရှင်ဆန်သော ခံစားချက်တစ်ရပ် စိမ့်ဝင်ပျံ့နှံ့နေစေသည်။[16]

လူထုဆိုင်ရာ အရေးကိစ္စများ၊ ရပ်ရွာအရေးကိစ္စများ၊ ထောက်လှမ်းစုံစမ်းဖော်ထုတ်ခြင်းများ၊ ဝေဖန်သုံးသပ်ချက်များနှင့် ခွဲခြမ်းစိတ်ဖြာတင်ပြချက်များ လူထုထံဖြန့်ဝေခြင်းအားဖြင့် နိုင်ငံရေးသမားများနှင့် အရာရှိများ တာဝန်ခံမှုရှိအောင် ချည်နှောင်ပေးနိုင်သော ထိရောက်သည့် နည်းလမ်းများကို သတင်းသမားများက ပိုင်ဆိုင်ခဲ့ကြသည်။ ၎င်းမှတဆင့် နိုင်ငံသားများသည် ၎င်းတို့လိုလားသော အုပ်ချုပ်မှုနှင့် စည်းမျဉ်းဥပဒေများကို ရွေးချယ်နိုင်စွမ်းရှိခဲ့ကြသည်။ သတင်း စံနှုန်းများကို မလိုက်နာသော မီဒီယာအဖွဲ့အစည်းများလည်း ရှိခဲ့ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် သတင်းအစစ်အမှန်ကို ကြိုးစားတင်ဆက်ရန် ကြိုးပမ်းပြီး မိမိတို့ အမြင်အတိုင်း အချက်အလက်များ စုစည်းကောက်ယူ တင်ဆက်ကြသည်မှန်သော်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် ဖျော်ဖြေရေး ရည်ရွယ်ချက်များဖြင့် လုပ်ကြံဖန်တီးသော တင်ဆက်ချက်များနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်ပါသည်။

လုပ်ရှားလုပ်ဆောင်သူများအနေနှင့် သတင်းများကို ထောက်လှမ်းသိရှိခြင်း၊ မှတ်တမ်းတင်ခြင်း၊ မှတ်ချက်ပေးခြင်းနှင့် လူမှုမီဒီယာပေါ်တွင် ၎င်းသတင်းများကို ဖြန့်ဝေနိုင်ခြင်းစွမ်းရည်များမှာ အလေ့အထတစ်ရပ်သဖွယ်ပေါ်ပေါက်လာသောကြောင့် သတင်းများကို ဗဟိုတစ်နေရာမှ ချုပ်ကိုင်ဖြန့်ဝေသော ပုံစံဟောင်းသာမက လူထုဟစ်တိုင်သဘော၊ လူထုဆွေးနွေးငြင်းခုန်ခြင်း သဘောများပါ ပြောင်းလဲလာကြပါသည်။[17] လူမှုမီဒီယာများမှာ ယနေ့အချိန်တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာများ ဆွေးနွေးရန်အတွက် အဓိက အခြေခံအဆောက်အအုံ ဖြစ်လာနေပါသည်။ အချို့ကလည်း ထိုအချက်ကြောင့် ဒီမိုကရေစီများနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းများတွင် ဒီမိုကရေစီ ချို့တဲ့မှု ပေါ်ပေါက်လာသည်ဟု ဆိုကြပြန်ပါသည်။[18]

၎င်းဖြန့်ဝေသူများသည် သတင်းထုတ်လုပ်သူများမဟုတ်ဟု နည်းပညာကုမ္ပဏီများနှင့် လူမှုမီဒီယာ ကုမ္ပဏီများက မလျှော့တမ်း တင်းခံထားသည်။ ထို့ကြောင့် ထိုသူများကို သတင်းသမားနှင့် ထုတ်ဝေသူတာဝန်များ ကျင့်ဝတ်များလိုက်နာခြင်းရှိအောင် တာဝန်ခံခိုင်းရန် တိုက်တွန်းရမည့် ဝန်ထုပ်ဝန်ပိုးကို မိမိတို့ထမ်းစရာမလိုဟု ထိုကုမ္ပဏီများက ယူဆကာ ဘေးထွက်နေကြ ပါသည်။[19] ထိုဖြန့်ဝေသူများသည် သတင်းအချက်အလက်များ ထုတ်လုပ်ရန်အတွက် သတင်းသမားများကို အလုပ်ခန့်အပ်ခြင်း မရှိသော်လည်း ၎င်းတို့၏ သတင်းစုဆောင်းနိုင်စွမ်းနှင့် တည်းဖြတ်နိုင်စွမ်းတို့ကိုကြည့်လျှင် ၎င်းတို့သည် လက်ဆင့်ကမ်း ဖောက်သည်ချသူသက်သက်၊ ကြားမှဆက်သွယ်ပေးသည့် ဆက်သားသက်သက် မဟုတ်တော့ဘဲ ပိုမိုကြီးမားသောကဏ္ဍတွင် ရှိနေကြောင်း သိသာပါသည်။

အောက်စ်ဖို့ဒ် ကွန်ပျူတာသိပ္ပံက 'အမှိုက်' ဟု အမည်တပ်သော သတင်းမှားများနှင့် လုပ်ကြံသတင်းများ အများစုကို သက်ဆိုးရှည်အောင် ကျားကန်နေသည့်အရာများမှာ လူမှုမီဒီယာလမ်းကြောင်းများနှင့် ရှာဖွေရေးအင်ဂျင်များ၏ အလိုအလျောက်

14 Greenspon, E. (2017). *The Shattered Mirror: News, Democracy and Trust in the Digital Age.* [ebook] Ottowa: Public Policy Forum, Canada. Available at: https://shatteredmirror.ca/download-report/ [accessed 03/04/2018].

15 Ansip, A. (2017). *Hate speech, populism and fake news on social media – towards an EU response.* https://ec.europa.eu/commission/commissioners/2014-2019/ansip/announcements/statement-vice-president-ansip-european-parliament-strasbourg-plenary-debate-hate-speech-populism [accessed 03/04/2018].

16 Kovach, B. and Rosenstiel, T. (2010). *Blur: How To Know What's True In The Age of Information Overload.* 1st ed. New York: Bloomsbury, pp.171-184.

17 Nossel, S. (2017). *Faking News: Fraudulent News and the Fight for Truth.* [ebook] PEN America. Available at: https://pen.org/wp-content/uploads/2017/10/PEN-America_Faking-News-Report_10-17.pdf [accessed 03/04/2018].

18 Howard, P. (2017) Ibid

19 Howard, P. (2017) Ibid. See also Module Three

တွက်ချက်တင်ပြပုံများဖြစ်ပါသည်။ အသုံးပြုသူပါဝင်သော မိသားစုများ၊ မိတ်ဆွေများစသည့် ကွန်ရက်များအတွင်းသို့ ဝင်ရောက်ခြင်းအားဖြင့် ထိုအင်ဂျင်များနှင့် လူမှုမီဒီယာများသည် သတင်းမှားနှင့် လုပ်ကြံသတင်းများအတွက် အုတ်မြစ်အခြေခံများနှင့် တရားဝင်မှု ယုံကြည်ဖွယ်ရာဖြစ်မှုတို့ကို ဖန်တီးပေးနေပါသည်။[20]

မသမာသော ရည်ရွယ်ချက်ဖြင့် လှည့်ဖျားရန် ဖန်တီးထားသော အကြောင်းအရာ အချက်အလက်များ လူမှုမီဒီယာများအပေါ်တွင် ပျံ့နှံ့နေခြင်းသည် နိုင်ငံသားတို့၏ အမှန်မြင်နိုင် နားလည်နိုင်မှုကို ထိခိုက်နေပါသည်။[21] ထို့ပြင် ယုံကြည်စိတ်ချမှု၊ အသိနှင့်ယှဉ်သော ပြောဆိုဆွေးနွေးမှု၊ အပြန်အလှန် နားလည်သဘောတူမှုရှိခြင်းနှင့် ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကို ယိုင်နဲ့အားနည်းလာစေခြင်းလည်း[22] ဖြစ်နေပါသည်။ လူမှုမီဒီယာကြောင့် ဒီမိုကရေစီများ အခြေပျက်ရကြောင်း စွပ်စွဲချက်များတွင် အောက်ပါတို့လည်း ပါဝင်ပါသည်။

- ပွဲတင်ခန်းများ ဖန်တီးပေးခြင်း (အမှားကို အထပ်ထပ်မြင်ပါများ၍ အမှန်ဟုထင်သွားစေခြင်း သက်ရောက်မှု)၊ အစွန်းရောက်မှုနှင့် ပြင်းပြသောဝါဒစွဲနှင့် ဘက်လိုက်မှုများ ဖန်တီးပေးခြင်း။
- လူကြိုက်များသည့်အရာမှသာ တရားဝင်အမှန်ဟု အထင်ရောက်စေခြင်း။
- လူပြိန်းကြိုက် အကြောင်းအရာများနှင့် အများစုကို ဆွဲဆောင်သော ခေါင်းဆောင်များ၊ အစိုးရများနှင့် ၎င်းတို့၏ အဆွယ်အပွား လှုပ်ရှားဆောင်ရွက်သူများက အများကို ခြယ်လှယ်ခွင့်ရလာခြင်း။
- တစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များ ရယူသွားနိုင်ခြင်းနှင့် တစ်ဦးချင်းကို ဦးတည်သော သတင်းစကားများ ပေးပို့ခြင်း၊ ကြော်ငြာနေမှန်း လူမသိအောင် တိတ်တိတ်ပုန်း ကြော်ငြာခြင်း။[23]
- (လူထုဟစ်တိုင်) လူထုအကြား ဆွေးနွေးချက်များကို ကြားဖြတ်အနှောင့်အယှက်ပေးခြင်း။[24]

ဤကိစ္စများ မဖြစ်ပွားအောင် ကာကွယ်ဆောင်ရွက်နိုင်ပါသည်။ လူမှုမီဒီယာဆိုသည်မှာ လူထုအသိုက်အဝန်းကို သတင်းအတတ်ပညာနှင့် ရင်းနှီးစေရန်၊ လူထုအကြား ဆွေးနွေးဖလှယ်မှု၊ နိုင်ငံသားလိုက်နာဖွယ်တန်ဖိုးများနှင့် ဒီမိုကရေစီနည်းကျ ပူးပေါင်းပါဝင်မှု မြှင့်တင်ရန်အတွက် အဓိကလမ်းကြောင်းနယ်ပယ်တစ်ရပ် ဖြစ်နိုင်ပါသည်။ ၎င်းအနေနှင့် လူ့အခွင့်အရေးများ၊ ယဉ်ကျေးမှုမျိုးကွဲစုံလင်ခြင်း၊ သိပ္ပံ၊ အသိဗဟုသုတ၊ ဉာဏ်နှင့်ယှဉ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းစသည်တို့ ပိုမိုအားကောင်းလာရန် မြှင့်တင်ပေးသော ပတ်ဝန်းကျင်တစ်ရပ်လည်း ဖြစ်ပါသည်။ ထိုအချက်ကိုနှလုံးသွင်းပြီး သတင်းအတတ်ပညာသည် – အမှန်တော့မည်သည့် လမ်းကြောင်းနယ်ပယ်တွင်မဆို – ရှုပ်ထွေးခက်ခဲသော အကြောင်းအရာများကို လူအများစုနားလည်အောင် တင်ဆက်နေရပေမည်။ ထိုသို့တင်ဆက်ရာတွင် ထိုအရေးကိစ္စနှင့် ပတ်သက်ပြီး အချက်အလက်မှားလည်း မပါအောင်၊ အခင်းအကျင်းအရှုပ်ကို အလွယ်ရှင်းသောကြောင့် အထင်မှားခြင်းလည်း မဖြစ်ရအောင် သတိထားရပါမည်။ အထူးသဖြင့် အဆင့်မြင့်ဆေးပညာပိုင်းများ (ဥပမာ သက်ရှိကိုယ်ခန္ဓာများ ပွားယူခြင်း)၊ သိပ္ပံပညာတိုးတက်မှုများတွင် (ဥပမာ ဉာဏ်ရည်တုနည်းပညာ) သတင်းသမားများအတွက် ခက်ခဲနိုင်သည့်အရာများမှာ အချက်အလက် မှန်မမှန် စစ်ဆေးခြင်း၊ အုတ်အော်သောင်းတင်းဖြစ်စေမည့် အလန့်တကြား အရေးအသားများကို ရှောင်ရန်၊ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများကို ရေးသားသည့်အခါ ချင့်ချင့်ချိန်ချိန်တင်ပြရန်နှင့် ပညာရပ်ကျွမ်းကျင်သူအသီးသီးတို့၏ အမြင်များတွေ့ရှိချက်များကို နားလည်ရန်နှင့် မျှတစွာ ချိန်ညှိစဉ်းစားနိုင်ရန်ပင်ဖြစ်သည်။

ထို့နောက် လုပ်ကြံသတင်းများနှင့် သတင်းမှားများကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနိုင်သော နည်းလမ်းများစွာ သတင်းအတတ်ပညာတွင် ရှိပါသည်။ အဆိုပါနည်းလမ်းများတွင် ခြယ်လှယ်မှုကို လက်မခံဘဲတွန်းလှန်ခြင်း၊ လုပ်ကြံသတင်း ထုတ်လုပ်ဖြန့်ဖြူးမှုများကို စုံစမ်းထောက်လှမ်းပြီး အများသိအောင်ဖော်ထုတ်ခြင်း စသည်တို့ပါဝင်ပါသည်။ သို့ရာတွင် ထိုနည်းလမ်းများဆောင်ရွက်သည့်အခါ သတင်းအတတ်ပညာကို ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်သော အကြီးစားအားထုတ်ကြိုးပမ်းမှုများနှင့် တွဲဖက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ (အောက်တွင် ဆက်လက် ဖတ်ရှုနိုင်ပါသည်။)

20 Pariser, E. (2011). The filter bubble: what the Internet is hiding from you. London, Viking/Penguin Press.

21 European Commission (2017). Next steps against fake news: Commission sets up High-Level Expert Group and launches public consultation. [online] Available at: http://europa.eu/rapid/press-release_IP-17-4481_en.htm [accessed 13/06/2018].

22 Deb, A., Donohue, S. & Glaisyer, T. (2017). *Is Social Media A Threat To Democracy?* [ebook] Omidyar Group. Available at: https://www.omidyargroup.com/wp-content/uploads/2017/10/Social-Media-and-Democracy-October-5-2017.pdf [accessed on 03/04/2018].

23 Cadwalladr, C. and Graham-Harrison, E. (2018). How Cambridge Analytica turned Facebook 'likes' into a lucrative political tool. The Guardian. [online] Available at: https://www.theguardian.com/technology/2018/mar/2017/facebook-cambridge-analytica-kogan-data-algorithm [accessed 03/04/2018].

24 Deb, A., Donohue, S. & Glaisyer, T. (2017) Ibid

သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှုကို လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးအနေနှင့် တုံ့ပြန်လုပ်ဆောင်ချက်များနှင့် လူမှုမီဒီယာကြောင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများမှာ ကွဲပြားစုံလင်လှပြီး လူမှုအသိုင်းအဝိုင်း၏ အဆင့်အမျိုးမျိုးတွင် ဖြစ်ပွားပေါ်ပေါက်သည်။ ဖြေရှင်းနည်းတို့မှာလည်း တဖြည်းဖြည်းဆင့်ကဲ တိုးတက်ပြောင်းလဲနေပြီး အချို့ပြောင်းလဲမှုများမှာ မြန်ဆန်လှသည်။ နည်းလမ်းအများစုမှာ အမေရိကန်ပြည်ထောင်စုမှ စတင်လာကြသည်။ ဂူဂဲလ်နှင့် အကြီးစား မီဒီယာကုမ္ပဏီများ၏ ရုံးချုပ်များ ရှိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သတင်းမှားများကို ဖြေရှင်းရန် တဖြည်းဖြည်းဆင့်ကဲ တိုးတက်ပြောင်းလဲနေသော နည်းပညာသုံး လုပ်ဆောင်ချက်များအနက် အချို့ဥပမာများမှာ အောက်ပါတို့အတိုင်းဖြစ်ကြပါသည်။

- လုပ်ကြံသတင်းများ ဖြစ်သည်ဟု ကုမ္ပဏီက ယူဆထင်မြင်သော ရှာဖွေမှုရလဒ်များနှင့် သတင်းပေးသွင်းမှု (ဝက်ဘ်ဆိုက်တစ်ခုခုကိုကြည့်လျှင် အဆက်မပြတ်မြင်ရအောင် သတင်းအချက်အလက် အဆက်မပြတ် တင်ပြမှု) များကို ဖယ်ထုတ်ပေးနိုင်သော နည်းလမ်းတီထွင်ဖန်တီးပေးရန်အတွက် ကတိကဝတ်ပြုမှု (မည်သည့်အရာ သတင်းမှားဖြစ်ကြောင်း သတ်မှတ်ရာတွင် အငြင်းပွားဖွယ်တော့ရှိသည်။)[25 26 27]
- ကလစ်နှိပ်ခြင်းမှ လုပ်ကြံသတင်း ထုတ်လုပ်ဖြန့်ဝေသူများ ရရှိသော ကြော်ငြာဝင်ငွေများ ဖြတ်တောက်ခြင်း။[28]
- ဒစ်ဂျစ်တယ် တင်ဆက်ချက်များနှင့် ရုပ်ပုံများ၏ မှန်ကန်မှုကို ဖော်ထုတ်နိုင်သော နည်းပညာသုံးနည်းလမ်းများ ပေးအပ်ခြင်း။[29]
- သတင်းအတတ်ပညာ၊ နည်းပညာနှင့် ပညာရပ်ဆိုင်ရာ သုတေသနတို့ စုစည်းပြီး လုပ်ငန်းများဆောင်ရွက်သော သတင်းအတတ်ပညာ လုပ်ငန်းများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုများပေးခြင်း။[30]
- ယုံကြည်စိတ်ချရသော သတင်းအချက်အလက် ထုတ်လုပ်သူများထံမှ သတင်းဖြစ်ကြောင်း အသုံးပြုသူ ပရိသတ်က သိနိုင်၊ တွေ့ရှိလက်လှမ်းမီနိုင်အောင် ထောက်ပံ့ပေးနိုင်သော နည်းပညာစံနှုန်းများ၊ မှန်ကန်ကြောင်း အချက်ပြပေးမည့် နည်းပညာများ ဖော်ထုတ်သတ်မှတ် ဖန်တီးခြင်း[31] တို့ဖြစ်ကြပါသည်။

ဤစာအုပ်ကို ရေးသားနေသည့် ၂၀၁၈ အစောပိုင်းတွင်မူ နည်းပညာစံနှုန်းဆိုင်ရာ လုပ်ငန်းများအနက် သတင်းအဖွဲ့အစည်းများ အတွက် အရေးပါဆုံးလုပ်ငန်းတစ်ခုမှာ The Trust Project (ယုံကြည်စိတ်ချမှု စီမံကိန်း) ပင်ဖြစ်သည်။ 'ယုံကြည်စိတ်ချမှု စီမံကိန်း' ဆိုသည်မှာ အဖွဲ့အစည်းများ စုပေါင်းထားသော ပူးပေါင်းမှုတစ်ရပ်ဖြစ်ပြီး အကြီးစားရှာဖွေရေး အင်ဂျင်များ၊ လူမှုမီဒီယာကုမ္ပဏီများနှင့် ကမ္ဘာအနှံ့မှ မီဒီယာကုမ္ပဏီ ၇၀ ကျော်တို့နှင့် ပူးပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ၎င်းပူးပေါင်းမှု၏ အဓိကလုပ်ငန်းစဉ်မှာ လူထုအနေနှင့် မည်သည့်သတင်းများသည် 'မှန်ကန်သော၊ တာဝန်ခံမှုရှိသော၊ ကျင့်ဝတ်ညီစွာ ထုတ်လုပ်တင်ပြသော' သတင်းများဖြစ်ကြောင်း ယုံကြည်စိတ်ချဖွယ် အမှတ်အသားတစ်ခုခုကိုကြည့်ပြီး သိနားလည်နိုင်ရေးပင် ဖြစ်ပါသည်။ ၎င်းတို့က ကနဦး ပညာရပ်ဆိုင်ရာ စံနှုန်း ရှစ်ခုကို[32] စတင်သတ်မှတ်သည်။ သတင်း ထုတ်လုပ်သူ တစ်စုံတစ်ဦးက မိမိတို့အနေနှင့် ယုံကြည်စိတ်ချဖွယ် သတင်းထုတ်လုပ်သူများအဖြစ် အသိအမှတ်ပြုမှု ခံလိုပါက အဆိုပါ စံနှုန်းရှစ်ရပ်လုံးကို လိုက်နာထားခြင်းရှိကြောင်း မိမိတို့ အွန်လိုင်းဒီဇိုင်းတွင် အလွယ်တကူမြင်နိုင်အောင် ပြသထားရမည် ဖြစ်ပါသည်။ 'ယုံကြည်စိတ်ချမှု စီမံကိန်း'၏ ယုံကြည်စိတ်ချဖွယ်ရှိမှု ညွှန်းကိန်းများ[33]မှာ –

---

25 Ling, J. (2017). *Eric Schmidt Says Google News Will 'Engineer' Russian Propaganda Out of the Feed.* Motherboard Vice.com. [online] Available at: https://motherboard.vice.com/en_us/article/pa39vv/eric-schmidt-says-google-news-will-delist-rt-sputnik-russia-fake-news?utm_ campaign=buffer&utm_content=buffer41cba&utm_medium=social&utm_source=facebook.com+Motherboard [accessed on 03/04/2018]; https://www.rt.com/news/411081-google-russia-answer-rt/

26 Mosseri, A. (2018). *Helping ensure news on Facebook is from trusted sources.* Facebook. https://newsroom.fb.com/news/2018/01/trusted-sources/ [accessed on 03/04/2018].

27 Stamos, A. (2018) *Authenticity matters: Why IRA has no place on Facebook.* Facebook. https://newsroom.fb.com/news/2018/04/authenticity-matters/ [accessed on 03/04/2018]

28 Love, J. & Cooke, C. (2017). *Google, Facebook move to restrict ads on fake news sites.* Reuters. [online] Available at: https://www.reuters. com/article/us-alphabet-advertising/google-facebook-move-to-restrict-ads-on-fake-news-sites-idUSKBN1392MM [accessed 15/06/2018]

29 မော်ဂျူး ၆ ကို ရှုပါ။ http://www.truly.media/ သည် နမူနာတစ်ခု ဖြစ်ပါသည်။ [accessed 15/06/2018]

30 မော်ဂျူး ၅ ကို ရှုပါ။

31 The Trust Project (2017). *The Trust Project – News with Integrity.* [online] Available at: https://thetrustproject.org/?nr=0 [accessed on 03/04/2018].

32 The Trust Project (2017). Ibid

33 The Trust Project (2017). Ibid

- **အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ**
  - မိမိတို့ ကျင့်သုံးသော စံနှုန်းများမှာ အဘယ်နည်း။
  - သတင်းတိုက်ကို မည်သူက ငွေကြေးထောက်ပံ့သနည်း။
  - သတင်းတိုက်၏ အဓိကလုပ်ငန်းစဉ်က အဘယ်နည်း။
  - ကျင့်ဝတ်ပိုင်း၊ ကိုယ်စားပြုမှု စုံလင်သည့်အပိုင်း၊ မှန်ကန်မှုအပိုင်း၊ အမှားပြင်ဆင်မှုအပိုင်းနှင့် အခြားစံနှုန်းများကို လိုက်နာမှုနှင့် ပတ်သက်သော သန္နိဋ္ဌာန်များမှာ အဘယ်နည်း။
- **စာတည်းနှင့် သတင်းသမားကျွမ်းကျင်မှု –** မည်သူရေးသားချက်နည်း။ သတင်းသမား မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်အကြောင်းအရာများကို ကျွမ်းကျင်ကြောင်းနှင့် အခြားတင်ဆက်ရေးသားဖူးသည့် သတင်းများ။
- **လုပ်ငန်းအမျိုးအစား –** မည်သည့်အကြောင်းအရာ ဖြစ်ပါသလဲ။ ထင်မြင်ချက်၊ ခွဲခြမ်းစိတ်ဖြာချက်၊ ကြော်ငြာ၊ (ငွေကြေးဖြင့် ဖြန့်ဝေပေးသောစာ/ ကြော်ငြာ စသည်ဖြင့်) အမည်တပ် ခွဲခြားပြထားခြင်း။
- **ရည်ညွှန်းကိုးကားချက်များ –** စုံစမ်းထောက်လှမ်းဖော်ထုတ်ချက်များနှင့် သတင်းဇာတ်လမ်းများ တင်ဆက်ချက်များတွင် အချက်အလက်ရင်းမြစ်များ၊ ဖော်ပြချက်များ၏ နောက်ကွယ်မှ သတင်းရင်းမြစ်များ ဖော်ပြထားခြင်း။
- **လုပ်ထုံးလုပ်နည်းများ –** သတင်းဇာတ်လမ်း တင်ပြချက်များတွင် သတင်းသမားသည် အဘယ့်ကြောင့် ဤသတင်းကို ရွေးချယ်ထောက်လှမ်းခဲ့ကြောင်းနှင့် မည်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဖြတ်သန်းခဲ့ကြောင်း ဖော်ပြချက် (ဤအချက်က ပွင့်လင်းမြင်သာမှုကို အထောက်အပံ့ပေးပါသည်။)
- **ပြည်တွင်းရင်းမြစ်များ –** ဒေသခံရင်းမြစ်များနှင့် ပြည်တွင်း/ ဒေသခံ ကျွမ်းကျင်သူများပါဝင်နေလျှင် ပါဝင်နေကြောင်း ဖော်ပြထားရမည်။ သတင်းဖြစ်ရပ် ဖြစ်ပွားရာ အချိန်/ နေရာတွင် ထောက်လှမ်းထားခြင်း ဟုတ်မဟုတ်၊ ဒေသဖြစ်စဉ်/ အခြေအနေနှင့် ရပ်ရွာအကြောင်း နားလည်သဘောပေါက်မှုရှိစွာ ထောက်လှမ်းထားခြင်း ရှိမရှိ သိသာစေရသည်။
- **ကွဲပြားစုံလင်သော အသံများ –** စုံလင်ကွဲပြားသော ရှုထောင့်အမြင်များကို စုစည်းတင်ပြရန် သတင်းခန်းတစ်ခု၏ ကြိုးပမ်းမှုနှင့် သန္နိဋ္ဌာန်ဖြစ်သည်။ (အသံတစ်စုံတစ်ရာ၊ တိုင်းရင်းသားလူမျိုးစု တစ်စုစု၊ နိုင်ငံရေး ရပ်တည်ချက် တစ်စုံတစ်ခု ပျောက်ကွယ်လစ်လပ်နေပါက စာဖတ်သူ၊ ပရိသတ်၊ သောတရှင်များက သတိထားမိလိမ့်မည်။)
- **အကောင်အထည်ဖော်ခြင်းရှိသော တုံ့ပြန်ချက်များ –** ဦးစားပေးချက်များ သတ်မှတ်ခြင်း၊ သတင်းထောက်လှမ်းခြင်းဖြစ်စဉ်တွင် ဝင်ရောက်ကူညီခြင်း၊ အချက်အလက်မှန်ကန်မှု ရှိစေခြင်းနှင့် အခြားအပိုင်းများအတွက် လူထု၏ အကူအညီကို ထည့်သွင်းပါဝင်စေခြင်းဖြစ်ပါသည်။ စာဖတ်သူ၊ ပရိသတ်၊ သောတရှင်များသည် သတင်းဇာတ်လမ်းတစ်စုံတစ်ရာ ပြောင်းလဲသွားစေရန်၊ ပိုမိုကျယ်ပြန့်လာစေရန် ဝင်ရောက်ပူးပေါင်းပါဝင်ခြင်းနှင့် တုံ့ပြန်မှတ်ချက်များပေးခြင်း ဆောင်ရွက်လိုကြပါသည်။

သတင်းလုပ်ငန်းများအပေါ် ယုံကြည်စိတ်ချမှုရှိခြင်းသည် သတင်းသမားများအတွက် ပိုမိုများပြားသော၊ ကွဲပြားစုံလင်သော၊ အရည်အသွေးရှိသော ရင်းမြစ်များ ရရှိလာခြင်းလည်းမည်ပါသည်။ တစ်ဆက်တည်း ပရိသတ်များတွင်လည်း ထိုအရည်အသွေးများကို ထုံကူးရရှိသွားခြင်းလည်း ရှိနိုင်ပါသည်။

အစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပညာသင်ကြားပေးသူများ၏ တုံ့ပြန်ချက်များတွင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းမှုကို များစွာစူးစိုက်ထားပါသည်။ ၎င်းတတ်ကျွမ်းမှုအကြောင်းကို လာမည့်သင်ခန်းစာတွင် ပိုမိုအသေးစိတ် ဖော်ပြထားပါသည်။[34]

အထက်ပါအချက်များသည် ၂၀၁၇ ကမ္ဘာ့ စာတည်းများ ဖိုရမ်တွင် ထည့်သွင်းဆွေးနွေးခြင်းခံရပြီး ဥက္ကဋ္ဌ မာဆယ်လိုရက်သည် ကမ္ဘာ့အနှံ့မှ စာတည်းတို့သည် အောက်ပါမူဘောင်များကို လိုက်နာကျင့်သုံးသင့်ကြောင်း ပြောခဲ့ပါသည်။[35]

---

34 မော်ဂျူး ၄ ကို ရှုပါ။

35 Ireton, C. (2016). *World Editors Forum asks editors to embrace 5 principles to build trust* https://blog.wan-ifra.org/2016/06/14/world-editors-forum-asks-editors-to-embrace-5-principles-to-build-trust [accessed 15/06/2018].

- သတင်းအချက်အလက်များ အကြီးအကျယ်ပွားများနေသော ခေတ်တွင် ယုံကြည်စိတ်ချဖွယ်ရှိမှု၊ အမှီအခိုကင်းလွတ်လပ်မှု၊ မှန်ကန်မှု၊ ပညာသည်ကျင့်ဝတ်၊ ပွင့်လင်းမြင်သာမှုနှင့် ဗဟုဝါဒဟူသော တန်ဖိုးများရှိမှသာ လူထုနှင့် **ယုံကြည်စိတ်ချမှု အခြေခံသော ဆက်ဆံရေးတစ်ရပ်ကို** တည်ဆောက်နိုင်မည်ဖြစ်သည်။
- အဆင့်မြင့် သတင်းအတတ်ပညာသည် လူမှုမီဒီယာပေါ်တွင် ဖောဖောသီသီရသော တင်ဆက်ချက်များနှင့် **ခြားနားလျက် ခံ့ညားစေရန်**အတွက် **မေးခွန်းထုတ်ခြင်းနှင့် မှန်ကန်မှုဆန်းစစ်ခြင်းကို** နိုးကြားစွာ၊ မပျက်မကွက် လုပ်ဆောင်ရမည်။ လူမှုမီဒီယာဆိုသည်မှာ သတင်းအချက်အလက် ရင်းမြစ်တစ်ရပ်သာဖြစ်ပြီး အချက်အလက်များ မှန်ကန်မှုအတွက် ဆက်လက် စစ်ဆေးရန်လိုကြောင်းနှင့် ပညာရှင်ဆန်သော တင်ဆက်ချက်များကို ပိုမိုအားကောင်းအောင် ထောက်ပံ့ပေးသောအရာအဖြစ် အသုံးပြုရမည်။
- လက်ရှိအဆင့်သစ်တွင် **သတင်းအတတ်ပညာ၏ အဓိကလုပ်ငန်းစဉ်မှာ** အရည်အသွေးမြင့်သော မှန်ကန်ကြောင်း တိုက်ဆိုင်စစ်ဆေးနိုင်သော သတင်းအချက်အလက်များ တင်ဆက်ခြင်း၊ ယုံကြည်စိတ်ချဖွယ်ရာ အချက်အလက်များ ရနိုင်သော သတင်းအမှတ်တံဆိပ်များ တည်ဆောက်ခြင်းအားဖြင့် **လူ့အသိုင်းအဝိုင်းကို ဝန်ဆောင်မှုပေးရန်။**
- ခေတ်သစ်၏ အဆင့်မြင့် သတင်းအတတ်ပညာတစ်ရပ်၏ **အခြေခံလိုအပ်ချက်တစ်ရပ်မှာ အခြေခံ အချက်အလက်များထက် ကျော်လွန်သော တင်ဆက်ချက်များ** ပြုလုပ်ရန်ပင်ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာမှု၊ ပတ်ဝန်းကျင် အခြေအနေအခင်းအကျင်းများကို စုံစမ်းဖော်ထုတ်တင်ပြမှုများ၊ ဉာဏ်နှင့်ယှဉ်သော ထင်မြင်ချက် အတွေးအမြင်များ တင်ပြခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် သတင်းတင်ဆက်ခြင်းမည်ကာမတ္တမှသည် လူထုသတင်းနားလည်မှု ရေချိန်ကို မြေတောင်မြှောက် အားပေးသော အသိအမြင်များ ပေးအပ်ခြင်းဆီသို့ ကူးပြောင်းဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။
- ခေတ်သစ်၏ အဆင့်မြင့် သတင်းအတတ်ပညာကို ယုံကြည်စိတ်ချမှုဖြင့် အဓိကမောင်းနှင်ပြီး လူမှုဆီလျော်မှု၊ အများပြည်သူဆိုင်ရာ လျော်ကန်သော အကျိုးစီးပွား၊ ရိုးသားမှန်ကန်မှုဟူသည့် အဓိကမူဘောင်များ၏ လမ်းညွှန်မှုအောက်တွင် ရှိသင့်ပါသည်။

သတင်းသမားများနှင့် သတင်းခန်းများအတွက်မူ အောက်ပါတို့ကို မြှင့်တင်ခြင်းအားဖြင့် အရည်အသွေးတိုးတက်ရေးကို ပိုမို အာရုံစိုက်သင့်ပါသည်။

- တာဝန်ခံမှုရှိသော၊ ကျင့်ဝတ်ညီ သတင်းအတတ်ပညာ လုပ်ထုံးလုပ်နည်းများနှင့် အထောက်အထားအခြေပြု သတင်းတင်ဆက်ခြင်း။[36]
- အချက်အလက်များ မှန်ကန်မှု ရှိမရှိ စစ်ဆေးခြင်းနှင့် လုပ်ကြံသတင်းများ၊ သတင်းမှားများကို ဖော်ထုတ်သိရှိစေခြင်း။[37]
- ကိန်းဂဏန်းအချက်အလက်များ၊ ရင်းမြစ်များနှင့် ဒစ်ဂျစ်တယ်ရုပ်ပုံများ၏ မှန်ကန်ခိုင်မာမှုကို တိုက်ဆိုင်စစ်ဆေးခြင်း။[38]
- သတင်းသမားများ ဝင်ရောက်လုပ်ကိုင်နေသော ရပ်ရွာများနှင့် ချိတ်ဆက်ပြီး သတင်းရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များသည် ရပ်ရွာလူ့အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း။[39]

အထက်ပါ နောက်ဆုံးအချက်မှာ ရှေးရိုးစဉ်လာမီဒီယာများနှင့် ၄င်းတို့ဦးတည်သော လူထုအကြား အဆက်ပြတ်ခြင်းအကြောင်း ဖြစ်ပြီး ၄င်းနှင့် ပတ်သက်၍ ထင်ရှားစွာ မြင်ခဲ့ရသည့် သာဓကတို့ရှိပါသည်။ ဥရောပသမဂ္ဂမှ ယူကေကထွက်ခွာခြင်း၊ Brexit နှင့် ၂၀၁၆ အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲတို့ဖြစ်ပါသည်။ လူမှုမီဒီယာမှ ဆောင်ရွက်သော လူထုဆက်သွယ်ရေး၏ အားသာချက်မှာ တိုက်ရိုက်ထိတွေ့ဆက်သွယ်နိုင်ခြင်းပင်ဖြစ်ပါသည်။ သင်ကြားသူများ/ နည်းပြများသည် မိမိတို့ မီဒီယာက ပရိသတ်ကို မည်သို့ ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးခြင်းဖြင့် ယုံကြည်စိတ်ချမှု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း လေ့လာသင့်

36 Wales, J. (2017). *What do we mean by evidence-based journalism?* Wikitribune. https://medium.com/wikitribune/what-do-we-mean-by-evidence-based-journalism-3fd7113102d3 [accessed on 03/04/2018].

37 မော်ဂျူး ၅ ကို ရှုပါ။

38 Bell, F. (2018). In an age of data-journalism, verification is all the more complex. For instance, in cases of massive data troves it is likely that not just inaccurate information exists, but also that it is entirely possible that deliberately planned disinformation may be included within the records. See also Module Six of this course

39 Batsell, J. (2015). Engaged journalism: connecting with digitally empowered news audiences. New York. Columbia University Press.

ပါသည်။ သို့မှသာ ပိုမိုကျယ်ပြန့်သော ရပ်ရွာအသိုင်းအဝိုင်းတစ်ရပ်လုံးနှင့် ဆက်ဆံရေး ပိုမိုအားကောင်းလာမည်ဖြစ်ပါသည်။

ရှုပ်ဒ်ဆန်၏ 'ဒီမိုကရေစီတစ်ရပ်အတွက် သတင်းများက ဆောင်ကြဉ်းပေးနိုင်သော အရာခြောက်ခု ခုနစ်ခု'[40] ဟူသည့် စာအုပ်တွင် အောက်ပါတို့အတိုင်း ဆွေးနွေးဖွယ်ရာ အချက်အလက်အချို့တို့ ပေးထားပါသည်။

၁။ သတင်းအချက်အလက် – နိုင်ငံသားများအနေနှင့် ကောင်းမွန်သော နိုင်ငံရေးရွေးချယ်မှုများ ပြုလုပ်နိုင်စေရန် မျှတပြီး ပြည့်စုံသော သတင်းအချက်အလက်များ ပေးအပ်ရေး။

၂။ ထောက်လှမ်းစုံစမ်းမှု – မည်သည့်နေရာများတွင် အာဏာလုပ်ပိုင်ခွင့်များ စုစည်းနေကြောင်း ရှာဖွေဖော်ထုတ်ရန် (အထူးသဖြင့် အစိုးရအာဏာနှင့် လုပ်ပိုင်ခွင့်များ)။

၃။ ခွဲခြမ်းစိတ်ဖြာမှု – ရှုပ်ထွေးပွေလီသော ကမ္ဘာကြီးကို နိုင်ငံသားများ နားလည်သဘောပေါက်ရေး အထောက်အကူပြုမည့် အဓိပ္ပါယ်ဖော်နည်းမူဘောင်များ ခိုင်ခိုင်မာမာ ရရှိသွားရေး ပေးအပ်ရန်။

၄။ လူမှုစာနာခြင်း – လူ့အသိုင်းအဝိုင်းနှင့် ကမ္ဘာတစ်ရပ်လုံးမှ အခြားသူများအကြောင်း ဖော်ထုတ်ပြောဆိုရန်။ သို့မှသာ လူအများအနေနှင့် မိမိတို့မှတစ်ပါး အခြားသူများ (အထူးသဖြင့် မိမိတို့လောက် အခွင့်အရေး အပြည့်အဝ မရသူများ)၏ အမြင်များနှင့် ဘဝများကို စာနာနားလည်လာမှု ရှိလာမည်ဖြစ်သည်။

၅။ လူထုဆွေးနွေးရာနေရာ – နိုင်ငံသားများအကြားတွင် အပြန်အလှန်ပြောဆို နားလည်မှုများ ပေါ်ပေါက်လာစေရေး လမ်းကြောင်းများ ဖန်တီးပေးရန်။ အရေးကိစ္စများကို ဗဟုဝါဒကျင့်သုံးမှု၊ ပညာရပ်ပေါင်းစုံမှ ချဉ်းကပ်မှုများဖြင့် ရှုမြင်ဖြေရှင်းရန်၊ လူ့အဖွဲ့အစည်းအတွင်း အုပ်စုအမျိုးမျိုး၏ ရှုထောင့်အမြင်မျိုးစုံကို ထင်ဟပ်ဖော်ပြနိုင်သည့် ဘုံဟာစ်တိုင်တစ်ခုအဖြစ် ရပ်တည်ရန်။

၆။ စည်းရုံးလှုံ့ဆော်ခြင်း – (ဆီလျော်သင့်မြတ်သည့်အခါ) နိုင်ငံရေးအစီအစဉ်များနှင့် ရှုထောင့်များအတွက် ရပ်တည်ပေးပြီး ထိုအစီအစဉ်များကို လူထုထောက်ခံမှု ပိုမိုရရှိစေရေးအတွက် လူထုကို စည်းရုံးရန်။ သို့ရာတွင် အများပြည်သူ့အကျိုးစီးပွားဆိုင်ရာ သတင်းသမားကျင့်ဝတ်ကိုလည်း ချိုးဖောက်ပြောက်ကျားခြင်း မရှိစေရန်။

## မော်ဂျူး ရည်ရွယ်ချက်များ

- သတင်းအတတ်ပညာနှင့် လူမှုမီဒီယာအကြောင်း တက်ရောက်သူများက သေချာဝေဖန်သုံးသပ် စဉ်းစားစေရန်။
- 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ဂေဟာစနစ်ကြီးထဲတွင် မိမိတို့၏ အခန်းကဏ္ဍမှာ မည်သို့ဖြစ်ကြောင်း ဆန်းစစ်စေရန်။
- 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု'က လူ့အဖွဲ့အစည်းအပေါ် ကျရောက်သည့် သက်ရောက်မှုများအကြောင်းကို သေချာဝေဖန်သုံးသပ် စဉ်းစားစေရန်။

## သင်ယူမှုရလဒ်များ

ဤမော်ဂျူးအပြီးတွင် တက်ရောက်သူများသည် –

၁။ ယခင်ထက်များစွာ ကျယ်ပြန့်လာသည့် မီဒီယာအခင်းအကျင်းအတွင်းတွင် သတင်းအတတ်ပညာသည် ဒီမိုကရေစီနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းများကို မည်သို့ ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ကြောင်းနှင့်၊ ဒီမိုကရေစီတစ်ရပ်အတွက် 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု'က မည်သည့်အန္တရာယ်များ ပေးနိုင်ကြောင်း ဝေဖန်သုံးသပ်လာနိုင်လိမ့်မည်။

40 Schudson, M. (2008). *Why Democracies Need an Unlovable Press.* Polity. Chapter Two: Six or Seven Things News Can Do For Democracy. Available at: https://books.google.co.uk/ books?id=hmYGMe9ecKUC&printsec=frontcover&dq=schduson+michael+6+or+seven+ways&hl=en&sa=X&ved=0ahUKEwju_ ZGI6ozZAhWELsAKHc0vBlUQ6AEIKTAA - v=onepage&q&f=false [accessed on 03/04/2018].

၂။ သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှုကို မည်သည့်အချက်များက ထောက်ကူအားပေးနေကြောင်း နားလည်ပြီး ထိုယုံကြည်စိတ်ချမှုကို မည်သို့ ထိန်းသိမ်းထားရမည်နှင့် ပြန်လည်တည်ဆောက်ရမည်ကို သိရှိနားလည်လာလိမ့်မည်။

၃။ သတင်းအတတ်ပညာက အဘယ့်ကြောင့် အရေးပါကြောင်း အခြားသူများကို ရှင်းပြလာနိုင်လိမ့်မည်။

## မော်ဂျူး ဖွဲ့စည်းတည်ဆောက်ထားပုံ

ဤမော်ဂျူး၏ အစိတ်အပိုင်းများတွင် ပါဝင်သော အကြောင်းအရာများကို ဖွဲ့စည်းထားပုံမှာ သတင်းအတတ်ပညာ အရေးပါပုံနှင့် လူထုအကျိုးပြုနိုင်ပုံတို့ကို မိနစ် ၃၀ စာ ဟောပြောပို့ချခြင်းနှင့် မိနစ် ၃၀ စာ လက်တွေ့လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်းတို့ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ မိနစ် ၉၀ စာ လက်တွေ့လေ့ကျင့်ခန်းတွင်မူ လမ်းညွှန်ထိန်းကျောင်းပေးသော မူဘောင်အတွင်း ဆွေးနွေးခြင်းအားဖြင့် သတင်းအတတ်ပညာအပေါ် ယုံကြည်မှုကင်းမဲ့ အဆိုးမြင်ခြင်း မည်သို့ဖြစ်ပေါ်နိုင်ကြောင်း၊ ထိုသို့ မယုံသူများကို သတင်းအချက်အလက်အားလုံးမှာ တူညီစွာမှားယွင်းနေခြင်း မဟုတ်ဟု မည်သို့ ပြန်လည်စည်းရုံးနိုင်ကြောင်း၊ လူမှုမီဒီယာပေါ်တွင် သတင်းအားလုံးမှာ တန်းတူပုံဖမ်းနေချိန်တွင် သတင်းသမားများ၊ သတင်းထုတ်လုပ်သူများအနေနှင့် လူမှုမီဒီယာပေါ်တွင် မိမိတို့အပေါ် ယုံကြည်စိတ်ချမှုရှိလာစေရန် မည်သို့ တည်ဆောက်နိုင်ပုံများကို ဆွေးနွေးရမည်ဖြစ်ပါသည်။

## သင်ကြားရေး အစီအစဉ်များနှင့် သင်ယူမှုရလဒ်များကို ချိတ်ဆက်ခြင်း

က။ သဘောတရား

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| အမှန်တရားနှင့် ယုံကြည်စိတ်ချမှု အကြောင်း ဟောပြောပို့ချမှုနှင့် အပြန်အလှန် ဆွေးနွေးချက်များ | မိနစ် ၃၀ | ၁၊ ၂ |
| သတင်းအတတ်ပညာ အဘယ့်ကြောင့် အရေးပါရကြောင်းနှင့် ပြည်သူ့တာဝန်ကို မည်သို့ ထမ်းဆောင်ကြောင်း ဆွေးနွေးကြခြင်း | မိနစ် ၃၀ | ၁၊ ၂၊ ၃ |

ခ။ လက်တွေ့

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| လက်တွေ့ လေ့ကျင့်ခန်း | မိနစ် ၉၀ | ၃ |

## အကြံပြုထားသော လေ့ကျင့်ခန်းများ

ချမှတ်ပေးသည့် လုပ်ငန်းတွင် အပိုင်း ၃ ပိုင်း ပါဝင်ပြီး တက်ရောက်သူများသည် နှစ်ဦးတွဲအလိုက်သော်လည်းကောင်း အဖွဲ့ငယ်များအလိုက်သော်လည်းကောင်း ဆောင်ရွက်ရမည်ဖြစ်သည်။

- တက်ရောက်သူများသည် (နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ) သွားရောက်ကြပြီး သတင်းပရိသတ်တစ်ဦးကို လူတွေ့မေးမြန်းချက်တစ်ခု ပြုရမည်။ ရပ်ရွာတွင်းနှင့် ပြည်တွင်းသတင်းများနှင့် နိုင်ငံသားဆိုင်ရာ အချက်အလက်များ ရင်းမြစ်များအနက် ဖြေဆိုသူက စိတ်ချယုံကြည်မှုအရှိဆုံး ရင်းမြစ်ကို မေးမြန်းရမည်ဖြစ်ပါသည်။ ထိုယုံကြည်မှုအရှိဆုံးဟု အညွှန်းခံရသည့် မီဒီယာတိုက်မှ ထုတ်ဝေသည် စာတစ်အုပ်ဖြစ်စေ၊ ခေါင်းစဉ်တစ်ခုအောက်မှ သတင်းဇာတ်လမ်းတွဲတစ်ခုကိုဖြစ်စေ လေ့လာရမည်။ ထို့နောက် ရှပ်ဒ်ဆန်၏ 'ဒီမိုကရေစီတစ်ရပ်အတွက် သတင်းများက ဆောင်ကြဉ်းပေးနိုင်သောအရာ ခြောက်ခု ခုနစ်ခု' စဉ်းစားပုံကို အခြေခံဘောင်အဖြစ် အသုံးပြုပြီး အဆိုပါ ထုတ်ဝေမှုများ၏ သတင်းအတတ်ပညာမှ ၎င်းတို့ရပ်ရွာလူထုကို မည်သို့ထိရောက်စွာ အကျိုးပြုနေကြောင်း ခွဲခြမ်းစိတ်ဖြာဖော်ထုတ်စဉ်းစားရပါမည်။ အကြောင်းအရာပါဝင်မှု ခွဲခြမ်းစိတ်ဖြာမှု နည်းလမ်းများမှာ ဤချဉ်းကပ်မှုအတွက် အသုံးဝင်သော နည်းလမ်းများ ဖြစ်ပါလိမ့်မည်။ ဒုတိယအပိုင်းမှာ 'ယုံကြည်စိတ်ချမှု စီမံကိန်း' မှ ယုံကြည်စိတ်ချမှု ညွှန်းကိန်း ၈ ခုအနက် မည်မျှကို တွေ့ရှိနိုင်ကြောင်း ဖော်ထုတ်ရန်ဖြစ်ပါသည်။ တတိယအပိုင်းအနေနှင့် သတင်းတင်ဆက်ချက်ဖြစ်စေ၊ စာတည်းမှတ်ချက်ဖြစ်စေ ရေးသားထုတ်လုပ်ရမည်ဖြစ်ပြီး သတင်းအတတ်ပညာ အဘယ့်ကြောင့် အရေးပါရကြောင်း ရပ်တည်တင်ဆက်ရမည်။ ၎င်းကို စာအားဖြင့်သော်လည်းကောင်း၊ ဗွီဒီယိုသော်လည်းကောင်း၊ အသံလွှင့် အစီအစဉ်ပုံစံဖြင့်သော်လည်းကောင်း တင်ဆက်နိုင်ပါသည်။

## ဆက်လက်ဖတ်ရှုရန်


Deb, A., Donohue, S. & Glaisyer, T. (2017). *Is Social Media A Threat To Democracy?* [ebook] Omidyar Group. Available at: https://www.omidyargroup.com/wp-content/uploads/2017/10/Social-Media-and-Democracy-October-5-2017.pdf

Edelman. (2017). *2017 Edelman TRUST BAROMETER - Global Results.* [online] Available at: https://www.edelman.com/global-results/

Howard, P. (2017) *Is social media killing democracy?* Oxford. Available at https://www. oii.ox.ac.uk/videos/is-social-media-killing-democracy-computational-propaganda-algorithms-automation-and-public-life/

Nossel, S. (2017). *FAKING NEWS: Fraudulent News and the Fight for Truth.* [ebook] PEN America. Available at: https://pen.org/wp-content/uploads/2017/10/PEN-America_ Faking-News-Report_10-17.pdf

Schudson, M. (2008). *Why Democracies Need an Unlovable Press.* Polity. Chapter 5: Six or Seven Things News can do for Democracies, Available at https://books. google.co.uk/books?id=hmYGMe9ecKUC&printsec=frontcover&dq=schduson+michae l+6+or+sev-en+ways&hl=en&sa=X&ved=0ahUKEwju_ZGI6ozZAhWELsAKHc0vBlUQ6AEIKTAA -v=onepage& q&f=false

Viner, K. (2017). *A mission for Journalism in a time of crisis.* [online] the Guardian. Available at: https://www.theguardian.com/news/2017/ nov/16/a-mission-for-Journalism-in-a-time-of-crisis

# 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အကြောင်း စဉ်းစားခြင်း – သတင်းမှား၊ လုပ်ကြံသတင်းများနှင့် မသမာသော သတင်းဖြန့်ဝေခြင်းများ၏ ပုံစံအမျိုးမျိုး

*ကလဲရ် ဝါဒယ်နှင့် ဟိုစိန်ဒရက်ရှန် (Claire Wardle and Hossein Derakhshan)*

# မော်ဂျူး ၂

## အနှစ်ချုပ်

*'သတင်းတု' ဟူသော စကားလုံးသည် အလွန်အသုံးတွင်ကျယ်လာသည်။ 'မီဒီယာတု' ဟူသည့် စကားပင်ရှိသည်။ မိမိသဘောမတူသော သတင်းတင်ဆက်မှုများတွေ့လျှင် ထိုစကားလုံးသုံးပြီး အမည်တပ်လိုက်သည်။ ဂူဂဲလ်၏ ပြောင်းလဲမှုရေစီးကြောင်းများ မှတ်တမ်း **"Google Trends Map"** တစ်ရပ်တွင် တွေ့ရသည်မှာ လူအများသည် ဖော်ပြပါစကားလုံးကို ၂၀၁၆ နှစ်ဆုံးအထိမှ အများဆုံးစတင် ရှာဖွေလာကြသည်[1] ဟူ၍ ဖြစ်သည်။ ဤမော်ဂျူးအတွင်းတွင် တက်ရောက်သူများသည် 'သတင်းတု' ဟူသည့် စကားလုံးမှာ က) သတင်း ညစ်ညမ်းရောနှောမှုပမာဏကို ရှင်းပြလွှမ်းခြုံနိုင်သည့် စကားလုံး အဘယ့်ကြောင့် မဟုတ်ကြောင်းနှင့် ခ) စကားအဓိပ္ပာယ် ပြဿနာရှိလာခြင်းကြောင့် မသုံးသင့်တော့ခြင်း အကြောင်းအရင်းများကို လေ့လာရမည် ဖြစ်ပါသည်။*

ကံမကောင်းစွာနှင့်ပင် 'သတင်းတု' ဟူသော စကားလုံးသည် နိုင်ငံရေးသဘောဆောင်ရန် အလွန်လွယ်ကူပြီး သတင်းလောကကို ပြန်လည်ထိုးနှက်ရန် လက်နက်တစ်ခုအဖြစ် အသုံးချရန်လည်း မူလသဘောကိုက လွယ်ကူနေသော စကားရပ်တစ်ခု ဖြစ်နေပါသည်။ အာဏာစွဲကိုင်သူများ မနှစ်သက်သော သတင်းတင်ဆက်ချက်များကို အမြစ်ဖြတ်ရန် လက်နက်တစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုစကားလုံးအစား သတင်းမှားနှင့် လုပ်ကြံသတင်း (Misinformation and Disinformation) ဆိုသည့် စကားရပ်များကို အသုံးပြုရန် အကြံပြုအပ်ပါသည်။ ဤမော်ဂျူးတွင် အဆိုပါအမျိုးအစား အမျိုးမျိုးကို လေ့လာခွဲခြမ်းစိတ်ဖြာပြီး 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အစဉ်အတန်းလိုက် မျဉ်းကြောင်းသဖွယ် တည်ရှိနေမှုတွင် မည်သည့်နေရာတွင် မည်သည့်အမျိုးအစားများ ရှိနေကြောင်းကို လေ့လာတင်ပြသွားပါမည်။

ဤနေရာတွင် သရော်စာများနှင့် ဟာသစာပြောင်/စာဖျက်များ၊ ကလစ်မျှားသော ခေါင်းစည်းများ (မြင်သည်နှင့် ကလစ်နှိပ်ဝင်ရောက်ဖတ်ရှုချင်ရုံသက်သက် ရေးထားသော ခေါင်းစည်းများ)၊ သရုပ်ဖော်စာများ၊ ရုပ်ပုံများနှင့် ကိန်းဂဏန်းများကို နားလည်မှုလွဲအောင် တမင်ရေးသောစာများ၊ သတင်းအကြောင်းအရာက မှန်သော်လည်း ရှေ့နောက် အဆက်စပ်မရှိဘဲ မျှဝေသောစာများ၊ အယောင်ဆောင်စာများ (သတင်းသမားနှင့် သတင်းတိုက်နာမည် အမှတ်တံဆိပ်များကို မသက်ဆိုင်သူများက ယူသုံးပြီး ရေးသားဖြန့်ဝေသောစာများ)၊ ပြုပြင်စီမံခြယ်လှယ်ထားမှုရှိသော သတင်းများ၊ မဟုတ်သည်ကို ဟုတ်သယောင် ဖန်တီးထားသောအရာများ အားလုံးပါဝင်ပါသည်။ ထိုအရာများကြောင့် ပေါ်လာသော အခက်အခဲ အကျပ်အတည်းသည် အလွန်ရှုပ်ထွေးခက်ခဲရကား 'သတင်းတု' ဟူသည့် စကားရပ်က ထိုအရာများအားလုံးကို လွှမ်းခြုံနိုင်လောက်အောင် အဓိပ္ပာယ်ကျယ်ပြန့်ခြင်း မရှိပေ။

ထိုသို့သော ရောထွေးညစ်ညမ်းနေသော သတင်းအချက်အလက်များက ကျွန်ုပ်တို့၏ လူမှုမီဒီယာရေစီးကြောင်းများထဲသို့ ဝင်ရောက်ရောယှက်လာခြင်းနှင့် ရှေးရိုးစဉ်လာ မီဒီယာများအတွင်းသို့ စိမ့်ဝင်စီးဆင်းခြင်းကို ကာကွယ်လိုသည်ဆိုပါက ဤပြဿနာကို ကျွန်ုပ်တို့များစွာ ပိုမိုစဉ်းစားရန် လိုအပ်လာပါသည်။ အဆိုပါ သတင်းအချက်အလက်များကို ဖန်တီးနေကြသူများအကြောင်းကိုလည်း စဉ်းစားရန်လိုအပ်ပါသည်။ ၎င်းတို့ အဘယ့်ကြောင့် ဤအချက်အလက်များကို ဖန်တီးနေကြကြောင်းနှင့် မည်သည့်တွန်းအားများရှိနေကြောင်း စဉ်းစားရန်လိုအပ်ပါသည်။ မည်သည့် အကြောင်းအရာ တင်ဆက်ချက် အမျိုးအစားများကို တင်ဆက်နေကြကြောင်းနှင့် ပရိသတ်အမြင်က ၎င်းတို့အပေါ် မည်သို့ရှိကြောင်း စဉ်းစားရပါမည်။ ထိုပရိသတ်များက ထိုအချက်အလက်များကို ဆက်လက် လက်ဆင့်ကမ်းမျှဝေမှု ရှိသည်ဆိုပါကလည်း ထိုသို့ လက်ဆင့်ကမ်းစေသည့် တွန်းအားများမှာ မည်သည်တို့ဖြစ်ကြောင်း စဉ်းစားရပါမည်။ ဤပြဿနာတွင် မျက်နှာစာပေါင်းများစွာ ရှိပါသည်။ ဆွေးနွေးငြင်းခုံမှု အများစုမှာလည်း ပြဿနာ၏ ရှုပ်ထွေးခက်ခဲမှုကို လွှမ်းခြုံနိုင်သော ဆွေးနွေးချက်များ မဟုတ်ကြပြန်ပါ။ ဤမော်ဂျူးအဆုံးတွင် သင်ယူသူများသည် 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' နှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးသည့်အခါ ဆီလျော်မှန်ကန်သော ဝေါဟာရစကားရပ်များနှင့် ၎င်းတို့ ဖွင့်ဆိုချက်များကို နိုင်နင်းစွာ နားလည်၍ အသုံးပြုနိုင်လာပါလိမ့်မည်။

1 Google Trend Map of the term *Fake News* https://trends.google.com/trends/explore?date=today%205-y&q=fake%20news [accessed 06/04/2018].

## ပုံကြမ်း


ဤလက်စွဲစာအုပ်တွင် 'လုပ်ကြံသတင်း' နှင့် 'သတင်းမှား' ဟူသည့် စကားရပ်များကို မည်သို့ အသုံးပြုထားသနည်းဆိုသော် အများအကျိုးအတွက် မှန်ကန်ကြောင်း တိုက်ဆိုင်စစ်ဆေးနိုင်သော အချက်အလက်များကို စစ်မှန်သော သတင်းအတတ်ပညာဖြင့် တင်ပြသော သတင်းများ၏ ဆန့်ကျင်ဘက်သဘောကို ညွှန်းဆိုရန် အသုံးပြုထားပါသည်။ ဤမော်ဂျူးတွင် လုပ်ကြံသတင်းများအကြောင်းကို ပိုမိုစူးစိုက်တင်ပြထားပါသည်။

'သတင်းတု' အကြောင်း ပြောဆိုဆွေးနွေးချက်အများစုသည် အယူအဆ ၂ ခုကို ပေါင်းစပ်ထားပါသည်။ သတင်းမှားနှင့် လုပ်ကြံသတင်းတို့ပင်ဖြစ်သည်။ ဖြန့်ဝေနေသူက သဘောရိုးဖြင့် မှန်သည်ထင်၍ ဖြန့်ဝေနေခြင်းမျိုးဆိုပါက သတင်းမှားများသည် မှားယွင်းနေကြောင်း ထောက်ပြခြင်းမှာ အဆင်ပြေနိုင်သည်။ လုပ်ကြံသတင်းဆိုသည်က မည်သည့် သတင်းမှားမျိုးနည်းဆိုမူ ဖြန့်ဝေနေသူက သတင်းမမှန်မှန်း သိလျှက်နှင့် တမင်ဖြန့်ဝေနေသော သတင်းမှားမျိုးဖြစ်ပါသည်။ ရည်ရွယ်ချက်ရှိရှိဖြင့် တမင်တကာ လိမ်ညာလှည့်ဖျားခြင်းဖြစ်ပြီး မသမာသော လှုပ်ရှားဆောင်ရွက်သူများ၏ လှည့်စားအယုံသွင်းမှုများကို ခံနေရသူများနှင့် သက်ဆိုင်ပါသည်။[2]

တတိယအမျိုးအစားမှာမူ မသမာသော သတင်းဖြန့်ဝေမှုဟု ခေါ်ဆိုနိုင်သည်။ အမှန်တရားပေါ်တွင် အခြေပြုထားသော သတင်းဖြစ်သော်ငြား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံတစ်ရပ်ရပ်အပေါ် ဆိုးကျိုးထိခိုက်မှုရှိစေရန် ရည်ရွယ်ရန် ဖြန့်ဝေသော သတင်းဖြစ်သည်။ နမူနာအားဖြင့် အများပြည်သူအကျိုးစီးပွားနှင့် ဆက်စပ်ပတ်သက်ခြင်း မရှိဘဲနှင့် လူပုဂ္ဂိုလ်တစ်ဦး၏ လိင်ပိုင်းတိမ်းညွတ်မှုကို ဖွင့်ချသတင်းပေးခြင်းမျိုးဖြစ်သည်။ သတင်းစကား အမှားများအကြားတွင် မည်သည်က အမှန်ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ရန် အရေးကြီးပါသည်။ သို့ရာတွင် မှန်သောအချက်အလက်များ (အမှန်အနည်းငယ်ပါသော အချက်အလက်များ) တွင် မည်သည်တို့သည် အများပြည်သူအကျိုးစီးပွားကို ဆောင်ရွက်ရန်ထက် ဖျက်လိုဖျက်ဆီးလုပ်ရန် ရည်ရွယ်ချက်နှင့် ဖန်တီးထားသော သတင်းမှန်များဖြစ်ကြောင်း ခွဲခြားသိရှိရန်လည်း အရေးကြီးပါသည်။ အဆိုပါ မသမာ သတင်းဖြန့်ဝေခြင်းများသည် – ဥပမာ အများပြည်သူ့အကျိုးစီးပွားအတွက် လျော်ကန်သင့်မြတ်ခြင်းမရှိဘဲ တစ်ဦးတစ်ယောက် ကိုယ်ရေးလွတ်လပ် လုံခြုံခွင့်ကို ချိုးဖောက်သော သတင်းများသည် – သတင်းအတတ်ပညာ ကျင့်ဝတ်စံနှုန်းများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေပါသည်။

အထက်ပါ ကွဲပြားချက်များ မည်သို့ ရှိနေစေကာမူ ၎င်းတို့၏ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများမှာ တူညီနေနိုင်ပါသည်။ ဥပမာ ဒီမိုကရေစီ နည်းလမ်းများ၏ ခိုင်ကျည်တည်တံ့မှု ခြစားလာခြင်း၊ ကာကွယ်ဆေး ထိုးနှံနှုန်းများ လျော့ကျလာခြင်း အစရှိသည်တို့ဖြစ်သည်။ ထို့ပြင် အချို့သောဖြစ်ရပ်များတွင် အထက်ပါ သတင်းအမျိုးအစား ၃ မျိုးစလုံးကို ရောနှောအသုံးချခြင်း ရှိနိုင်သည်။ ထို့ပြင် တစ်မျိုးကို အသုံးချနေသူသည် အခြားအမျိုးအစားများကိုပါ ဆက်တိုက်ဖြစ်စေ၊ တစ်ပြိုင်နက် အခြားလမ်းကြောင်းတစ်ခုတွင်ဖြစ်စေ အသုံးချတတ်ကြောင်းလည်း အထောက်အထားများရှိပါသည်။ ၎င်းမှာ ကျယ်ပြန့်သော သတင်းဗျူဟာတစ်ခု ဖန်တီးရန်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အထက်ပါ အမျိုးအစားကွဲပြားမှုကို နားလည်ထားသင့်ပါသည်။ အကြောင်းရင်းများ၊ အသုံးပြုသည့် နည်းလမ်းများ၊ တန်ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများမှာ အမျိုးအစားအလိုက် ကွဲပြားနိုင်သောကြောင့် ဖြစ်ပါသည်။

2 Further insight into definitions can be observed in the study by Karlova and Fisher (2012).




**ပုံ ၁ – သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု**

၂၀၁၇ ပြင်သစ်သမ္မတ ရွေးကောက်ပွဲဖြစ်ရပ်တွင် အထက်ပါ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု နမူနာ သုံးမျိုးစလုံးကို တွေ့ရှိခဲ့ရသည်။

## ၁။ လုပ်ကြံသတင်းနမူနာများ

ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် လုပ်ကြံသတင်းများဖြစ်ရန် ကြိုးပမ်းခဲ့သည့် ဖြစ်ရပ်တစ်ခုမှာ ဘယ်လ်ဂျီယမ် သတင်းစာလေဆွား Le Soir[3] သတင်းစာနှင့် တစ်ပုံစံတည်း အတုဖန်တီးပြီး အရွေးခံယှဉ်ပြိုင်နေသည့် သမ္မတလောင်း အီမန်နျူရယ် မက်ခရွန်ကို ဆော်ဒီအာရေဗျမှ ငွေကြေးထောက်ပံ့ပေးနေကြောင်း သတင်းဆောင်းပါး လုပ်ကြံရေးသားပြီး ဖြန့်ချီခဲ့သည်။ ၎င်းက ဗဟားမားနိုင်ငံဘက်တွင် နိုင်ငံခြားဘဏ်စာရင်းများ ပိုင်ဆိုင်နေကြောင်း မှားယွင်းစွာ စွပ်စွဲထားသည့် စာရွက်စာတမ်းများလည်း အွန်လိုင်းတွင် ပျံ့နှံ့ခဲ့သေးသည်။[4] နောက်ဆုံးတွင်မူ 'တွစ်တာကို စီးနင်းတိုက်ခိုက်ခြင်း' မှ လုပ်ကြံသတင်းများ ဖြန့်ဝေခြင်းပင်ဖြစ်သည်။ တွစ်တာပေါ်တွင် တစ်ဦးနှင့်တစ်ဦးချိတ်ဆက်မှု မရှိတရှိ အသုံးပြုသူအုပ်စုများက တွစ်တာပေါ်တွင် တစ်ချိန်တည်းလိုလို သတင်းစကားတစ်မျိုးတည်း "#"တစ်မျိုးတည်းကိုသုံးပြီး သမ္မတလောင်း၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးများအကြောင်း စွပ်စွဲအပုပ်ချမှုများကို အလုံးအရင်း ဖြန့်ဝေတိုက်ခိုက်ခဲ့ကြခြင်းပင်ဖြစ်သည်။

## ၂။ သတင်းမှား နမူနာများ

၂၀၁၇ ခုနှစ် ဧပြီလ ၂၀ ရက် ပဲရစ်မြို့တော်၊ ရှောင့်ပ်စ် အယ်လီဆယ်လမ်းတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍လည်း သတင်းမှားပေါင်းများစွာ ဖြစ်ပွားခဲ့သည်။[5] အထူးသတင်း၊ ကြားဖြတ်သတင်းအနေနှင့် တင်ဆက်ရသော

3 CrossCheck, 2017. *Was Macron's campaign for French Presidency financed by Saudi Arabia?:* Available at https://crosscheck.firstdraftnews. org/checked-french/macrons-campaign-french-presidency-financed-saudi-arabia/ [accessed 03/04/2018].

4 CrossCheck, 2017. *Did Emmanuel Macron Open an Offshore Account?* CrossCheck, Available at https://crosscheck.firstdraftnews.org/checked-french/emmanuel-macron-open-offshore-account/ [accessed 03/04/2018].

5 ကောလာဟလနမူနာ တစ်ခုမှာ ယူကေမှ မူဆလင်များက အဆိုပါ တိုက်ခိုက်မှုကို လိုလားထောက်ခံသည်ဟုဖြစ်သည်။ ၎င်းကောလာဟလကို Cross Check Project က ဖော်ထုတ်ချေဖျက်ခဲ့သည်။ - CrossCheck, (April 22, 2017) *Did London Muslims 'celebrate' a terrorist attack on the Champs-Elysees? CrossCheck,* Available at https://crosscheck. firstdraftnews.com/checked-french/london-muslims-celebrate-terrorist-attack-champs-elysees / [accessed 03/04/2018].

သတင်းများစွာတွင် ထိုသို့သတင်းမှားခြင်း ဖြစ်လေ့ရှိကြပါသည်။ လူမှုမီဒီယာပေါ်မှ အသုံးပြုသူများစွာကလည်း မသိနားမလည်စွာနှင့် ကောလာဟလများ ဖြန့်ကြသည်။ ဒုတိယမြောက်ရဲအရာရှိတစ်ဦး ထပ်မံသေဆုံးပြီဆိုပါကလည်း မျှဝေကြပြန်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များမှာ တစ်ဦးတစ်ယောက် နစ်နာစေသော မသမာရည်ရွယ်ချက်ဖြင့် သတင်းမျှဝေခြင်း ရှားပါသည်။ ၎င်းတို့က ရုတ်တရက်ဖြစ်လာသော ဖြစ်ရပ်တွင် စိတ်နစ်သွားပြီး ဝင်ရောက်ကူညီလိုစိတ်နှင့် မျှဝေကြခြင်း ဖြစ်သည်။ မိမိမျှဝေနေသော သတင်းမှာ မှန်နိုင်ခြေ မှားနိုင်ခြေ မည်သို့ရှိကြောင်း မစဉ်းစားဖြစ်တော့ခြင်းသာ ဖြစ်ပါသည်။

## ၃။ မသမာ သတင်းပေးခြင်း နမူနာများ

မသမာ သတင်းပေးခြင်းများအနက် လက်ဖျားခါလောက်ဖွယ် ဖြစ်ရပ်တစ်ခုမှာ ၇ ရက်နေ့ နောက်ဆုံး ရွေးချယ်မဲပေးယှဉ်ပြိုင်မည့် နေ့ရက်မတိုင်မီတွင် အီမန်နျူရယ် မက်ခရွန်၏ အီးမေးလ်များ ပေါက်ကြားကုန်ခြင်းပင်ဖြစ်သည်။ အီးမေးလ်များမှာ အစစ်များ ဖြစ်သည်ဟုလည်း ယူဆရပါသည်။ သို့ရာတွင် ထိုပေါက်ကြားမှုသည် မက်ခရွန်၏ လူထုစည်းရုံးမဲဆွယ်ရေး လှုပ်ရှားမှုအတွက် တတ်နိုင်သမျှ အပြင်းထန်ဆုံး ထိုးနှက်ချက်ဖြစ်အောင် စီစဉ်ထားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများအရ မဲပေးမည့်နေ့မတိုင်မီ မဲဆွယ်မှုနှင့် သတင်းတင်ဆက်မှုများ rjy&e တားမြစ်ချက် စတင် ကာနီးတွင် ချိန်ကိုက်ပြီး ကိုယ်ရေးကိုယ်တာ အီးမေးလ်များ ဖွင့်ချလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ဝါဒဖြန့်မှုနှင့် လုပ်ကြံသတင်းတို့မှာ အဓိပ္ပာယ်မတူညီကြပါ။ သို့ရာတွင် ဝါဒဖြန့်ရန်အတွက် လုပ်ကြံသတင်းများကို အသုံးပြုကြပါသည်။ သို့ရာတွင် ဝါဒဖြန့်မှုအတွက်သုံးသော သတင်းများမှာ လုပ်ကြံသတင်းများထက်ပင်ပိုမို တရားလွန်စီမံပြုလုပ် ဖန်တီးထားသော သတင်းများဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော ဝါဒဖြန့်မှုသည် သတင်းအချက်အလက်ပေးရန်သက်သက် မဟုတ်ဘဲ စိတ်ခံစားချက်များကို ပိုမိုဦးတည်ပစ်မှတ်ထားသောကြောင့်ပင် ဖြစ်ပါသည်။[6]

ဤမော်ဂျူးတွင် သတင်းမှားများအကြောင်းကို စူးစိုက်တင်ပြမည်ဖြစ်ပြီး လုပ်ကြံသတင်းများအကြောင်းကို အထူးသဖြင့် တင်ပြပါမည်။ အခြားအမျိုးအစားများအကြောင်းကိုလည်း နမူနာများ လေ့လာနိုင်ရန်တင်ပြသွားပါမည်။

အထက်ဖော်ပြပါ အမျိုးအစားများဖြစ်သည့် လုပ်ကြံသတင်းများ၊ သတင်းမှားများ၊ မသမာ သတင်းပေးခြင်းများနှင့် မှန်ကန်သော သတင်းဇာတ်လမ်းတစ်ပုဒ်ကို အမြင်အမျိုးမျိုးမှ ကွဲပြားစွာ တင်ဆက်ကြခြင်းတို့မှာ မတူညီကြပါ။

ဥပမာ သတင်းသမားတစ်ဦးက သတင်းတစ်ခု ရေးသားတင်ပြရာတွင် 'ဘာနီမဒေါ့ဖ်နှင့် လက်ဝါးခြင်း ရိုက်ထားခြင်း မရှိသော်လည်း ဤကိစ္စအသစ်တွင် တွေ့ရသည်ဟုဆိုသည့် မသမာမှုသည် အငယ်စား ရင်းနှီးမြှုပ်နှံသူများကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့ပါသည်' ဟု ရေးသည်။ နောက်ထပ်သတင်းသမားတစ်ခုက ထိုသတင်းကိုပင် ရှေ့နောက်ပြောင်းရေးလျှင်လည်း တရားဝင်နေပါသေးသည်။ 'ဤကိစ္စအသစ်တွင် တွေ့ရသည်ဟုဆိုသည့် မသမာမှုသည် အငယ်စား ရင်းနှီးမြှုပ်နှံသူများကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့သော်လည်း ဘာနီမဒေါ့ဖ်နှင့် လက်ဝါးခြင်း ရိုက်ထားခြင်းတော့ မရှိပါချေ။' ဟု ရေးလျှင်လည်း သတင်းမှားပေးခြင်း မဟုတ်ပါ။ ဒုတိယအရေးသားက 'ကိစ္စအသစ်'၏ သက်ရောက်မှုကိုဖော့ပြီး တင်ပြသည်။ ဤနမူနာတွင် သတင်းတစ်ခု၏ အစိတ်အပိုင်းများကို အဖိအဖော့ကွဲပြားခြင်း၊ အာရုံစိုက်တင်ပြမှု မတူညီကြခြင်းသည် အထက်ဖော်ပြပါ သတင်းမှားနှင့် လုပ်ကြံသတင်းများကို ဖန်တီးဖြန့်ဝေခြင်းမျိုးမဟုတ်ပါ။ အထက်ပါအရေးအသားနှစ်ရပ်လုံးသည် သူ့နည်းသူ့ဟန်နှင့် မှန်ကန်သော အဓိပ္ပာယ်ကောက်ယူပုံများ ဖြစ်နိုင်ပါသည်။

အဓိကနားလည်ရမည့်အချက်မှာ တရားဝင်သတင်းများ၊ လုပ်ကြံသတင်းများ၊ သတင်းမှားများနှင့် မသမာ သတင်းပေးခြင်း အားလုံးတို့တွင် နောက်ခံဇာတ်ကြောင်းအယူအဆများ (Narratives) ရှိနေကြကြောင်း ဖြစ်သည်။ သတင်းများ၏ အုတ်မြစ်တွင် မြှုပ်နှံထားသည့် နောက်ခံဇာတ်ကြောင်း အယူအဆအပေါ်မူတည်ပြီး မည်သည့် အချက်အလက်များမှာ သတင်း အတွက် အဓိကအချက်များဖြစ်ကြောင်း ရွေးချယ်ခြင်းဖြစ်လာသည်။ (အဆိပ်အတောက် သတင်းများတွင်မူ မည်သည့် အချက်အလက်များကို လုပ်ကြံဖန်တီးမည်၊ မည်သည်တို့ကို အဆက်အစပ်တို့ဖြုတ်ပြီး တင်ပြမည်ကို ရွေးချယ်သည်။) လုပ်ကြံသတင်းနှင့် အလားတူသတင်းများမဟုတ်ဘဲ ရာဇဝတ်မှုတစ်ခုကို သတင်းတင်ပြသည့်အခါ ကျူးလွန်သူနှင့် ကျူးလွန်ခံရသည့်ပုဂ္ဂိုလ်၏ ထင်ရသော တိုင်းရင်းသား၊ နိုင်ငံသားဖြစ်မှုကို ထည့်သွင်းဖော်ပြရန် သင့်လျော်သည်ဟု ထင်မြင်aumi;jriနိုင်သည်။ ဖြစ်ခဲ့သည့် ပြစ်မှုတွင်လည်း ကျူးလွန်သည်ဟု ယူဆရသူက ရွှေ့ပြောင်းaexiသူ

6 Neale, S. (1977). Propaganda. *Screen* 18-3, pp 9-40

trSm;om;wp0; ဖြစ်နေပြီး၊ ကျူးလွန်ခံရသူက ပြည်တွင်းနေ အမျိုးသမီးတစ်ဦး ဖြစ်နေသည်ဆိုပါစို့။ ထိုတိုင်းရင်းသား၊ နိုင်ငံသားဖြစ်မှုများသည် ပြစ်မှုသတင်းနှင့် သက်ဆိုင်မှုရှိမရှိ အဓိကကျမကျဆိုသည်မှာ သတင်းသမား၏ သတင်းထောက်ခြင်းစွမ်းရည်၊ လုပ်ဆောင်ချက်နှင့်ဆိုင်သည်။ သတင်းသမားက သိလျက်နှင့်ဖြစ်စေ၊ မသိလျက်ဖြစ်စေ 'အလင်းပြ ထုတ်ဖော်ပြောဆိုလိုသော' အကြောင်းအရာ ခေါင်းစဉ်များ၊ နောက်ခံအယူအဆများ၊ ရှုထောင့်များနှင့် ဝါဒစွဲကိုင်မှုများနှင့်လည်း သက်ဆိုင်နေပါသည်။ ဤအချက်မှာ အချက်အလက်များ မှန်ကန်မှု ရှိမရှိ စစ်ဆေးသည့်အချိန်တွင် နောက်ခံဇာတ်ကြောင်း အယူအဆများကို စစ်ထုတ် oµycjci;yg vyaqmioion talumi;t&i;wpc vn;jzpon/ tcsutvursm;? tcsutvure r[won talumi;t&mrsm;u rnon&n&,csu jzi rnont"ym,xuatmi a&;om;azmjyxm;alumi;u azmxwjci;yijzpon/ w&m;0iowi; twwynmu usio;aeo ynm&irsm;wivn; tqyg aemuct,tqrsm; trSm;rSm;ujym;pm &Ei luygon/ olaom xaemuct,tqrsm; &aeaomalumi owi;twwynmon atmuyg (owi; twwynmr[waom quo,a&;) trSm;tpm; 7c\ aemucZmwalumi; t,tqrsm;Ei xl;rjcm;em; jzpom;on[ rqvyg/ owi;twwynmwi xl;jcm;cnm;on*Pu &qyijzpygon/

## ၁။ သရော်စာနှင့် စာပြောင်စာဖျက်

သရော်စာကို လုပ်ကြံသတင်းနှင့် သတင်းမှားအမျိုးမျိုးနှင့် တစ်တန်းတည်း အမျိုးအစားပြုလိုက်ခြင်းက အံ့သြစရာဖြစ်ချင်ဖြစ်နိုင်ပါသည်။ သရော်စာနှင့် စာပြောင်တို့သည် အနုပညာပုံစံတစ်မျိုးဟု ယူဆနိုင်သည်။ သို့ရာတွင် ယနေ့ခေတ်ကမ္ဘာတွင် လူအများစုသည် ၎င်းတို့၏ သတင်းများကို လူမှုမီဒီယာ သတင်းအဆက်မပြတ်ပေးသည့် စာမျက်နှာများမှ ရရှိနေခြင်းဖြစ်ပြီး မည်သည့်အချိန်တွင် သရော်စာ မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်ရန် ခက်ခဲလာသည့် အခြေအနေရှိပါသည်။ ဥပမာ ကာဘရစ်စတမ်တိုင်းမ်ဆိုသည့် အမှတ်တံဆိပ်မှာ ယနေ့*ပါကစ္စတန်*[7] သတင်းစာ၏ ကော်လံတစ်ခုဖြစ်ပြီး သရော်စာများသာ တင်ပြသောအပိုင်းလည်း ဖြစ်ပါသည်။ ၂၀၁၇ ဇန်နဝါရီလတွင် ထိုဝက်ဘ်ဆိုက်ကို ပါကစ္စတန်တွင် အပိတ်ခံလိုက်ရသောကြောင့် သတင်းထုတ်ဝေမှု ရပ်ဆိုင်းသွားခဲ့ပါသည်။[8]

## ၂။ မှားယွင်းသော အဆက်အစပ်များ

ခေါင်းစည်းများ၊ ရုပ်ပုံများ? ပုံခေါင်းစဉ်စာသားများနှင့် သတင်းကိုယ်ထည်တို့ မသက်ဆိုင်ခြင်းသည် မှားယွင်းသော အဆက်အစပ်ပင်ဖြစ်သည်။ အများဆုံးတွေ့ရသည့် နမူနာမှာ (ကလစ်နှိပ်ပြီး ဝင်ဖတ်ချင်ရုံသာ ရေးထားသောခေါင်းစည်းများ) ကလစ်မျှားသော ခေါင်းစည်းများဖြစ်သည်။ ပရိသတ်၏ အာရုံကို ဖမ်းစားရန် အပြိုင်အဆိုင် ကြိုးစားနေရသော ကာလတွင် စာတည်းများသည် ခေါင်းစည်းရေးသည့်အခါ ဖတ်မိသည်နှင့် ကလစ်နှိပ် ဝင်ရောက်ဖတ်ရှုအောင် ဆွဲဆောင်သည့် စာသားများကို မဖြစ်မနေရေးလာရသည်။ ကလစ်နှိပ်ဝင်ရောက်ပြီးသည့်အခါမှ အလိမ်အညာ ချဲ့ကားရေးထားသည်ကို တွေ့ရှိရခြင်းမျိုး ဖြစ်သည်။ ကမ်းကုန်အောင်ဆိုးသည့် နမူနာကို The political insider ဝက်ဘ်ဆိုက်[9] တွင် တွေ့နိုင်သည်။ ရုပ်ပုံများနှင့် သရုပ်ဖော်စာသားများကိုလည်း သုံးပြီး ဤသို့လုပ်ဆောင်နိုင်သည်။ အထူးသဖြင့် ဖေ့စ်ဘွတ်ခ်ကဲ့သို့သော ဆိုက်မျိုးတွင် ဖြစ်သည်။ ရုပ်ပုံက တစ်မျိုးပြထားပြီး ဆွဲဆောင်သော်လည်း ဖွင့်ဖတ်လိုက်သောအခါမှ အကြောင်းအရာနှင့် ရုပ်ပုံနှင့် မသက်ဆိုင်ဘဲဖြစ်နေခြင်းမျိုးပင်။ သို့ရာတွင် အသုံးပြုသူများသည် မည်သည့် ဆောင်းပါးလင့်ခ်ကိုမှ ဖွင့်မဖတ်ဘဲ သတင်းစာမျက်နှာတစ်လျှောက်လုံး တောက်လျှောက်ပွတ်ဆွဲကြည့်နေချိန်မျိုးတွင် (၎င်းပုံစံအတိုင်း အသုံးပြုသူလည်းများပါသည်)၊ အလိမ်အညာ ဓာတ်ပုံများနှင့် ခေါင်းစည်းများဖြင့် မိမိအာရုံကို ဆွဲဆောင်ရယူခြင်းများ များစွာရှိလာတတ်ပါသည်။

---

7 Pakistan Today (2018). *Anthropologists make contact with remote cut-off tribe still thanking Raheel Sharif.* [online] p.Khabaristan Today. Available at: https://www.pakistantoday.com.pk/2017/01/11/anthropologists-make-contact-with-remote-cut-off-tribe-still-thanking-raheel-sharif/ [accessed 06/04/2018].

8 Among the resources for consultation here is one written by co-editor of this book, Julie Posetti, along with Alice Mathews, available at: (TBA)

9 The Political Insider (2015). *First time voter waited 92 years to meet Trump... what happened next is AMAZING!* [online] Available at: https:// thepoliticalinsider.com/first-time-voter-waited-92-years-to-meet-trump-what-happened-next-is-amazing/ [accessed 06/04/2018].

## ၃။ *လှည့်ဖျားမှုပါသော အကြောင်းအရာ တင်ဆက်ချက်*

ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များကို လိုရာဆွဲဘောင်ခတ်ပုံဖော်ရန်အတွက် သတင်းအချက်အလက်များ ရုပ်ပုံများ၊ ကိန်းဂဏန်းများ၊ အဆိုအမိန့်များ၊ ပြောစကားများကို လှည့်ဖျားသည့်သဘောဖြင့် ဖော်ပြတင်ဆက်ချက်မျိုးဖြစ်သည်။ ဘောင်ခတ်ခြင်း သီအိုရီ (Framing Theory)[10] ဟု ခေါ်ကြသည်။ အချို့နမူနာများကို rappler.com[11] တွင် ဖော်ထုတ်ရှင်းလင်းထားပါသည်။ လှည့်ဖျားလိမ်ညာသော အချက်အလက်များ ဖြန့်ဝေရာတွင် ရုပ်ပုံများသည် အလွန်အသုံးဝင်သော ကြားခံများဖြစ်ကြသည်။ လူဦးနှောက်က ရုပ်ပုံများကို သံသယဖြစ်မှု ပိုမိုနည်းပါးသောကြောင့်ပင်ဖြစ်သည်။[12] သတင်းပုံဆောင်ကြော်ငြာများ (native ads) သို့မဟုတ် ငွေကြေးဖြင့် စာတည်းတင်ဆက်ချက်ပုံစံအလား တင်ဆက်သော ကြော်ငြာများသည်လည်း ငွေကြေးဖြင့် တင်ဆက်ထားသော ကြော်ငြာဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခြင်း မပြုပါက ဤစာရင်းအောက်ကို ဝင်နိုင်ပါသည်။[13]

## ၄။ *အခြေအနေ အခင်းအကျင်းအမှား*

'သတင်းတု' ဟူသည့် စကားရပ်ကို မသုံးသင့်သည်မှာ ဤအချက်ကြောင့်လည်း ဖြစ်ပါသည်။ ဤအမျိုးအစားမှာ သတင်းအမှန်အစစ် တစ်ခုကို မူလပေါ်ပေါက်ခဲ့သည့် အခြေအနေ အခင်းအကျင်းမှ ခွဲထုတ်ပြီး ပြန်လည်တင်ဆက် ဖြန့်ဝေခြင်းမျိုး ဖြစ်သောကြောင့်ပင်။ ဥပမာ – ဗီယက်နမ်တွင် ၂၀၀၇ ခုနှစ်က ရိုက်ခဲ့သည့် ဓာတ်ပုံတစ်ပုံကို ၇ နှစ်အကြာမှ ပြန်လည်ဖြန့်ဝေပြီး ၂၀၁၅ နီပေါငလျင်အပြီး အခြေအနေဟု အထင်လွဲအောင် ပြန်လည်မျှဝေတင်ဆက်ခြင်းမျိုး ဖြစ်ပါသည်။[14]

## ၅။ *အယောင်ဆောင် တင်ဆက်ချက်များ*

သတင်းသမားများ အမှန်တကယ် တွေ့ကြုံရသော ပြဿနာများတွင် မိမိတို့ ကလောင်အမည် ဖော်ပြချက်များကို မိမိမရေးထားသော သတင်းဆောင်းပါးတွင် ဖော်ပြထားခြင်း၊ မိမိတို့ အဖွဲ့အစည်းက ဖန်တီးထားခြင်း မဟုတ်သော ဗွီဒီယိုများနှင့် ရုပ်ပုံများတွင် မိမိအဖွဲ့အစည်း အမှတ်တံဆိပ်နှင့် အမည်များ ဖော်ပြထားခြင်းတို့ ပါဝင်သည်။ ဥပမာအားဖြင့် ၂၀၁၇ ကင်ညာနိုင်ငံရွေးကောက်ပွဲ မတိုင်မီတွင်၊ ဘီဘီစီ အာဖရိကသည် မိမိတို့ အမှတ်တံဆိပ်ကို တစ်စုံတစ်ယောက်က သူ၏ ကိုယ်ပိုင်ဗွီဒီယိုတွင် ဖိုတိုရှော့ဖြင့် ထည့်သွင်းထားခြင်း၊ ဘီဘီစီအာဖရိက၏ သတင်းခေါင်းစည်း ဒီဇိုင်းကိုလည်းယူပြီး ရေးသားထားကာ whatapps[15] တွင် ထိုဗွီဒီယို ပျံ့နှံ့နေခြင်းတို့ကို ရှာဖွေသိရှိခဲ့သည်။ ထို့ကြောင့် ဘီဘီစီ အာဖရိကသည် ထိုသို့သော ဘီဘီစီအယောင်ဆောင် ဗွီဒီယိုတစ်ခု ပျံ့နှံ့နေခြင်းနှင့် ၎င်း၏ လှည့်စားမှုကို ရှောင်ကြဉ်ရန်လိုကြောင်း သတိပေးချက် ရိုက်ကူးဖြန့်ဝေခဲ့ရပါသေးသည်။

## ၆။ *ပြုပြင်စီမံ ဖြတ်ညှပ်ကပ် တင်ဆက်ချက်*

ပြုပြင်စီမံထားသော တင်ဆက်ချက်များဆိုသည်မှာ အကြောင်းအရာ ရုပ်ပုံ စာအစစ်များကို ရယူပြီး ပြုပြင်ပြောင်းလဲကာ လှည့်ဖျားရန် စီမံခြင်းပင်ဖြစ်သည်။ နမူနာအနေနှင့် တောင်အာဖရိကနိုင်ငံတွင် ဟက်ဖ်ပို့စ် သတင်းစာ၏ အကြီးတန်း သတင်းထောက် ဖယ်ရီရယ် ဟက်ဖရီ၏ ဓာတ်ပုံများကို ပြုပြင်ပြီး ပြခဲ့ခြင်းမျိုးဖြစ်သည်။ တစ်ကြိမ်တွင်မူ စီးပွားရေးသမား

---

10 Entman, R., Matthes, J. and Pellicano, L. (2009). Nature, sources, and effects of news framing. In: K. Wahl-Jorgensen and T. Hanitzsch (Contributor), ed., *Handbook of Journalism studies.* [online] New York: Routledge, pp.196-211. Available at: https://centreforjournalism.co.uk/ sites/default/files/richardpendry/Handbook%20of%20Journalism%20Studies.pdf [accessed 03/04/ 2018].

11 Punongbayan, J. (2017). *Has change really come? Misleading graphs and how to spot them.* Rappler.com. [online] Available at: https://www. rappler.com/thought-leaders/20177731-duterte-change-fake-news-graphs-spot [accessed 06/04/2018].

12 See article by Hannah Guy in required reading section of this lesson

13 မော်ဂျူး ၃ ကို ရှုပါ။

14 Pham, N. (2018). *Haunting 'Nepal quake victims photo' from Vietnam.* BBC. [online] Available at: http://www.bbc.co.uk/news/world-asia-32579598 https://www.rappler.com/thought-leaders/20177731-duterte-change-fake-news-graphs-spot [accessed 06/04/2018].

15 BBC (2017). *Kenya election: Fake CNN and BBC news reports circulate.* [Online] Available at: http://www.bbc.co.uk/news/world-africa-40762796 [accessed 06/04/2018].

ရိုဟန်ရှူးပါနှင့် သတင်းထောက်တို့ ခင်မင်ရင်းနှီးမှုကို ထောက်ပြလိုသောကြောင့် အဆိုပါ စီးပွားရေးသမား၏ ပေါင်ပေါ်တွင် ထိုင်နေသည့် ပုံအဖြစ် ၎င်း၏ ဓာတ်ပုံကို စီမံဖန်တီးခဲ့ခြင်းပင်ရှိသည်။[16]

## ၇။ အတုပြုလုပ်ဖန်တီးသော တင်ဆက်ချက်များ

ဤတင်ဆက်ချက် အမျိုးအစားများမှာမူ စာသားများလည်း ဖြစ်နိုင်သည်။ WTOE5 News ကဲ့သို့ သတင်းဝက်ဘ်ဆိုက် အယောင်ဆောင်ပြီး အစအဆုံး ဖန်တီးထားသော ဆိုက်မျိုးလည်း ဖြစ်နိုင်သည်။ ထိုဆိုက်မှာ စိတ်ကူးယဉ်သတင်းများကိုသာ ဖန်တီးပြီး တင်ဆက်နေသော သတင်းဌာနအတု တစ်ခုဖြစ်ပြီး ပုပ်ရဟန်းမင်းကြီးက ဒေါ်နယ်ထရမ့်ကို သမ္မတနေရာအတွက် သိဒ္ဓိတင်ပေးခဲ့သည် ဆိုသော ta|umi;t&mမျိုးရေးသော ဝက်ဘ်ဆိုက်ဖြစ်သည်။ ဤတင်ဆက်ချက် အမျိုးအစားများတွင် ရုပ်ပုံများလည်းပါနိုင်သည်။ ဂရပ်ဖစ်သရုပ်ဖော်ပုံတစ်ခုဖြင့် လူအများကို ဟီလာရီကလင်တန်အတွက် မဲပေးလိုပါက ဖုန်းစာတိုပို့စနစ်မှတဆင့် မဲပေးကြရန် တိုက်တွန်းသောအဖြစ်[17] လည်း ရှိခဲ့ပါသည်။ ထိုသရုပ်ဖော်ပုံများကို လူမှုကွန်ရက်များပေါ်မှ လူနည်းစုအုပ်စုများကို အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲ မတိုင်မီအချိန်တွင် ဦးတည် ဖြန့်ဝေခြင်း ရှိခဲ့ပါသည်။

အထူးသဖြင့် သတင်းသမားများနှင့် ယေဘုယျအားဖြင့် ပြည်သူလူထုအားလုံးသည် အထက်ပါ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု အစိတ်အပိုင်းအားလုံးကို တစ်ခုချင်း ကွဲပြားစွာ စေ့ငုရန်လိုပါသည်။ ဖန်တီးသူများ၊ ဖြန့်ဝေနေသော သတင်းစကားများနှင့် အဓိပ္ပာယ်ဖော်ချက်များ စသည်တို့အားလုံးကို ဆန်းစစ်ရမည်။ အစိတ်အပိုင်း တစ်ခုစီအတွက် မေးသင့်သော မေးခွန်းများ ရှိပါသည်။ အတုဖန်တီးထားသော သတင်းစကားတစ်ခုကို စတင်ဖန်တီးသူနှင့် ထိုသတင်းစကားကို ထုတ်လုပ်ပေးသူတို့ တူချင်မှ တူမည်ဖြစ်သည်။ ဖြန့်ဝေသောသူက နောက်တစ်ဦးဖြစ်ချင် ဖြစ်နေနိုင်ပါသည်။ အလားတူပင် ထိုလှုပ်ရှားဆောင်ရွက်သူတို့က မည်သူတို့ ဖြစ်ကြောင်းနှင့် ထိုသို့လုပ်ဆောင်ရန် မည်သည့် တွန်းအားများ ရှိကြောင်းလည်း နားလည်ရန် လိုအပ်ပါသည်။ ထိုလှုပ်ရှားဆောင်ရွက်သူများ ထုတ်လုပ်သော သတင်းစကားများ၏ အဓိပ္ပာယ်များကိုလည်း နားလည်ရန် လိုအပ်ပါသည်။ သို့မှသာ သတင်းစကားတစ်ခုစီ၏ ပမာဏနှင့် ပြင်းအားကို နားလည်ကာ တုံ့ပြန်ဖြေရှင်းရန် စတင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ (လက်ရှိအချိန်အထိ အငြင်းအခုန်ဆွေးနွေးချက်များမှာ သတင်းဝက်ဘ်ဆိုက် အတုအယောင်များထံမှ စာသားဖြင့် ရေးသားဖြန့်ဝေမှုများကိုသာ တရားလွန်အာရုံစိုက်နေကြသည်။ ရုပ်ပုံ/ဗွီဒီယိုစသည့် ရုပ်ပုံဆိုင်ရာ တင်ဆက်ချက်များမှာလည်း ပျံ့နှံ့မှု တူညီသည့်အပြင် ချေဖျက်ရှင်းလင်းရန်လည်း များစွာ ပိုမိုခက်ခဲပါသည်။)

နောက်ဆုံးတွင်မူ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု၏ အဆင့် ၃ ဆင့်ကို ခွဲခြားစဉ်းစားသင့်ပါသည်။ ဖန်တီးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းအဆင့်များ ဖြစ်ပါသည်။ (ပုံ ၂ ကို ရှုပါ)။ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု အမျိုးအစားတစ်မျိုးစီအတွက်ကိုလည်း ဤ အဆင့် ၃ ဆင့်နှင့် ချိတ်ဆက်စဉ်းစားသင့်ပါသည်။ အကြောင်းမှာ အဆိုပါသတင်းမျိုးကို ဖန်တီးသည့် ညာဏ်ကြီးရှင်နှင့် ထုတ်လုပ်သူများ ဖြန့်ဝေသူများမှာ များသောအားဖြင့် တစ်ဦးစီဖြစ်နေတတ်သောကြောင့်ပင်။

16 Haffajee, F. (2017). *Ferial Haffajee: The Gupta fake news factory and me.* HuffPost South Africa. [online] Available at: https://www.huffingtonpost.co.za/2017/06/05/ferial-haffajee-the-gupta-fake-news-factory-and-me_a_22126282/ [accessed 06/04/2018].

17 Haltiwanger, J. (2016). Trump Trolls Tell Hillary Clinton Supporters They Can Vote Via Text. Elite Daily. Available at https://www.elitedaily.com/news/politics/trump-trolls-hillary-clinton-voting-text-message/1680338 [accessed on 23/03/2018].

| | | |
|---|---|---|
| **လုပ်ရှားဆောင်ရွက်သူ** | လုပ်ရှားဆောင်ရွက်သူ အမျိုးအစား – | တရားဝင်/ တရားမဝင် |
| | အဖွဲ့အစည်းအဆင့် – | မရှိ/ ပြန့်ကျဲ/ စုစည်း/ ကွန်ရက် |
| | စေ့ဆော်အားမှာ – | ငွေကြေး/ နိုင်ငံရေး/ လူမှုရေး/ စိတ်ပိုင်းဆိုင်ရာ |
| | အလိုအလျောက်စနစ် – | လူကိုယ်တိုင်/ ဆိုက်ဘော့/ ဘော့တ် |
| | ဦးတည်ပရိသတ် – | အဖွဲ့ဝင်များ/ လူမှုအုပ်စုများ/ လူ့အဖွဲ့အစည်း တစ်ရပ်လုံး |
| | အန္တရာယ်ဖြစ်စေလိုစိတ် – | ရှိ/ မရှိ |
| | လှည့်ဖျားလိုစိတ် – | ရှိ/ မရှိ |
| **သတင်းစကား** | ကြာချိန် – | ရေရှည်/ ရေတို/ တစ်ပွဲတိုး |
| | မှန်ကန်မှု – | အထင်မှားစေ/ ပြုပြင်စီမံထား/ အစအဆုံး အတုပြုလုပ်ထား |
| | ဥပဒေနှင့် ညီမညီ – | ဥပဒေနှင့်ညီ/ ဥပဒေနှင့်မညီ |
| | အယောင်ဆောင်မှု – | မရှိ/ အမှတ်တံဆိပ်အတု/ လူပုဂ္ဂိုလ်ယောင်ဆောင် |
| | သတင်းစကား၏ ပစ်မှတ် – | တစ်ဦးချင်း/ အဖွဲ့လိုက်/ လူမှုအုပ်စု/ ရပ်ရွာတစ်ခုလုံး |
| **အဓိပ္ပာယ်ဖော်သူ** | သတင်းစကားကို ဖတ်ရှုပုံ – | ကြီးစိုးမှုခံရ/ ဆန့်ကျင်လိုစိတ်ရှိ/ တစ်ဝက်တစ်ပျက် လက်ခံ |
| | တုံ့ပြန်ဆောင်ရွက်ပုံ – | လျစ်လျူရှု/ ထောက်ခံပြီး ဝေမျှ/ ဆန့်ကျင်ပြီး ဝေမျှ |

**ပုံ ၂ – သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု၏ အစိတ်အပိုင်း ၃ ပိုင်း**

ဥပမာအားဖြင့် အစိုးရအထောက်အပံ့ဖြင့် လုပ်ကြံသတင်းလှုပ်ရှားမှုကြီးတစ်ခုလုံးကို ကြိုးကိုင်ခြယ်လှယ်ဖန်တီးပေးရသူတစ်ဦး၏ နောက်ခံတွန်းအား စေ့ဆော်မှုနှင့် ငွေအနည်းငယ်မျှသာရပြီး လှုပ်ရှားမှုအတွင်း ပါဝင်သော အယူအဆ အကြောင်းအရာများကို ပို့စ်များအနေနှင့် ရေးတင်ပေးရသူ ထရိုလာများ၏ စေ့ဆော်မှုများမှာ အလွန်ကွာခြားနိုင်ပေသည်။ သတင်းစကားတစ်ခုကို ဖြန့်ချိလိုက်ပြီဆိုသည်နှင့် တဖန်ပြန်လည်ထုတ်လုပ်မှုများ၊ ပြန်လည်ဖြန့်ဝေမှုများကို လုပ်ဆောင်သူပေါင်းများစွာက ရည်ရွယ်ချက် စေ့ဆော်မှုအမျိုးမျိုးဖြင့် အဆုံးမရှိ ဆက်လက်လုပ်ဆောင်နိုင်ပေတော့မည်။ ဥပမာ – လူမှုမီဒီယာပေါ်မှ တင်ဆက်ချက်တစ်ခုကို အုပ်စုပေါင်းများစွာက သိရှိသွားပြီး ဖြန့်ဝေနေပြီဆိုပါက၊ အစဉ်အလာ မီဒီယာတိုက်တစ်ခုခုကလည်း တွေ့ရှိသွားပြီး (စစ်ဆေးမှုအဆင့်ဆင့် ဖြတ်သန်းခြင်းမရှိပါက) ၄င်းတို့မီဒီယာတွင် ပြန်လည်ဖော်ပြခြင်း ပြုလုပ်ပေလိမ့်မည်။ ထိုအခါ ထိုသတင်းစကားသည် အခြားအုပ်စုများ ရပ်ရွာများထံ ထပ်မံ ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့ပေဦးမည်။ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု'ကို ဤသို့တစ်မျိုးချင်း တစ်စစီ ခွဲခြားနားလည်မှသာလျှင် ဆိုခဲ့သည့် မသိသာသော ကွဲပြားခြားနားမှုများကို ထောက်လှမ်းသိရှိနိုင်မည် ဖြစ်ပါသည်။[18]

---

18 စာတည်းမှတ်ချက် – ထပ်မံရှင်းလင်းရန် လိုအပ်နိုင်သည့် ဇယားကွက်ကို အောက်တွင် ဖော်ပြထားပါသည်။

| | လှုပ်ရှားဆောင်ရွက်သူများ – အစိုးရများ၊ စိတ်ဓာတ်စစ်ဆင်ရေးများ၊ နိုင်ငံရေးပါတီများ၊ လူထုဆက်ဆံရေး ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၊ မီဒီယာများ | ဆော့ဖ်ဝဲဖြင့် ထောက်ကူမှု |
|---|---|---|
| **တင်ဆက်ချက် ဖန်တီးမှု –** ဥပမာ – ဓာတ်လမ်းများ၊ မှတ်ချက်များ၊ likes များ (နှစ်သက်မှုများ)၊ ဗွီဒီယိုများ၊ မီးမ်များ။ | အကောင့်ပုန်းများ၊ အကောင့်တုများ၊ ခိုးယူရရှိထားသော အကောင့်များ။ | အသုံးပြုသူမြင်ရသည့် သက်ဝင်တုံ့ပြန်မှုရှိသော အထူးပြုလုပ်ချက်များ။ |
| **တင်ဆက်ချက်ကို ဖြန့်ဝေခြင်း –** ပြန်လည်မျှဝေခြင်းနှင့် လင့်ခ်များ ပေးခြင်း။ | ဘော့တ်များ၏ အားကို အသုံးပြုခြင်း။ | ဘော့တ်များ။ |
| **တင်ဆက်ချက်များကို တည်းဖြတ်ခြင်း –** ပြုပြင်စီမံပြောင်းလဲခြင်း၊ ထိန်းကျောင်းခြင်း၊ စုဆောင်းခြင်း။ | ထိုးဖောက်ဝင်ရောက်ရယူခြင်း၊ ဂိမ်းကစားခြင်း။ | အလိုအလျောက် တွက်ချက် တင်ပြပုံ စနစ်များ၊ (အယ်ဂရစ်သမ်များ) |

ဇယား – အဆိပ်အတောက်ဖြစ်မှုပြဇယား – သတင်းခိုင်မာမှု မည်သို့ ပျက်ယွင်းနိုင်ကြောင်း ရှင်းလင်းချက်

ရင်းမြစ် – Berger, G. 2017. https://en.unesco.org/sites/default/files/fake_news_berger.pdf [accessed 22/04/2018].

အလျင်အမြန် ပျံ့နှံ့သွားသော ဇာတ်လမ်းဖြစ်သည့် ပုပ်ရဟန်းမင်းကြီးက ဒေါ်နယ်ထရမ့်ကို သမ္မတနေရာအတွက် လက်ခံအသိအမှတ်ပြုသည်ဟူသည့် ဇာတ်လမ်းရေးသားခဲ့သည့် ဝက်ဘ်ဆိုက်နမူနာက အကျော်ကြားဆုံးတစ်ခုပင်ဖြစ်ပါသည်။[19] 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ၏ အဆင့်အမျိုးမျိုးကိုစဉ်းစားရန် အသုံးဝင်သော သာဓက လေ့လာချက်တစ်ရပ်ပင် ဖြစ်ပါသည်။ (ပုံ ၃ ကို ရှုပါ)

**ဖန်တီးမှု**

အမည်မသိ ပုဂ္ဂိုလ်တစ်ဦးက ဇာတ်လမ်းစဉ်းစား ဖန်တီးလိုက်သည်။

**ထုတ်လုပ်မှု**

ထိုဖန်တီးလိုက်သည့် ဇာတ်လမ်းဆောင်းပါးကို WTOE5 News သတင်းစာက အင်တာနက်တွင် တင်လိုက်သည်။ ထိုသတင်းစာသည် အတုဖန်တီးသော ဝက်ဘ်ဆိုက် ၄၃ ခုစည်းထားပြီး ဆောင်းပါး ၇၅၀ ကျော် စုစုပေါင်း တင်ဆက်ထားပြီးဖြစ်သော ကွန်ရက်တွင် ပါဝင်နေသည်။

**ဖြန့်ချိမှု**

ဇာတ်လမ်းကို အဆိုပါ ကွန်ရက်တွင် အလုပ်လုပ်သူတစ်ဦးက Facebook တွင် ဦးစွာ မျှဝေလိုက်သည်။

**ပြန်လည်ထုတ်လုပ်မှု**

ဇာတ်လမ်းဆောင်းပါးကို အစအဆုံး အတုဖန်တီးသော ဝက်ဘ်ဆိုက်ကွန်ရက်နှင့် သက်ဆိုင်နေသူများက Facebook ပေါ်တွင် ဆင့်ကာဆင့်ကာ မျှဝေကြပြီး သတင်း၏ သက်ရောက်မှု ပိုကြီးအောင်နှင့် အမြတ်အစွန်းပိုရအောင် လုပ်ကြသည်။

ထရမ့်ကို ထောက်ခံသူပြည်သူများက ထိုဆောင်းပါးကို ထပ်ဆင့်မျှဝေကြသည်။

ထရမ့်အနိုင်ရလျှင် အကျိုးစီးပွားရမည့် အုပ်စုများက ဆောင်းပါးကို ဆက်လက်မျှဝေကြသည်။ (တင်ဆက်ချက်သည် ထရိုစက်ရုံများနှင့် အလိုအလျောက် မျှဝေသည့် ဘော့တ် (စာအလိုအလျောက်ပို့ပေးသော စက်ရုပ်များ) ကြောင့် ပိုမိုကျယ်ပြန့်ကျယ်လောင်လာသည်။

ဟီလာရီကလင်တန် ထောက်ခံသူများကလည်း ထရမ့်ထောက်ခံသူများမှာ အလွယ်တကူ အရူးလုပ်ခံနေရကြောင်း ပြက်ရယ်ပြု လှောင်ပြောင်ရန် အထောက်အထားအဖြစ် မျှဝေ လက်ဆင့်ကမ်းကြသည်။

**ပုံ ၃ – 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ၏ အဆင့်ဆင့်**

## မော်ဂျူး ရည်ရွယ်ချက်များ

- လုပ်ကြံသတင်းနှင့် သတင်းမှား အမျိုးအစား အမျိုးမျိုးအကြောင်းကို နားလည်ခြင်းအားဖြင့် အင်တာနက်ပေါ်တွင် တွေ့သော သတင်းအချက်အလက်များ ရယူကြည့်ရှုရာတွင် ပိုမိုအမြော်အမြင်ရှိ သတိထားသူများ ဖြစ်လာစေရန်။
- အဆိုပါ သတင်းအချက်အလက် အမျိုးအစားများကို ဖန်တီးသူများအကြောင်း (များသောအားဖြင့် အယောင်ဆောင်များ ဖြစ်တတ်)၊ မည်သည့် ပုံစံများနှင့် ဖန်တီးတတ်ကြကြောင်း၊ မည်သည့် အဓိပ္ပာယ်များ ဆောင်တတ်ကြောင်းနှင့် မည်သို့ ပျံ့နှံ့တတ်ကြကြောင်း သေချာစွာ ဝေဖန်သုံးသပ်တတ်လာစေရန်။
- 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' တွင် ပါသည့် အကြောင်းအရာအမျိုးမျိုး၏ ရှုပ်ထွေးခက်ခဲမှုများအကြောင်းကို နားလည်လာတတ်စေရန်၊ အထူးသဖြင့် အဆိုပါ သတင်းအချက်အလက်မျိုးကို ဖန်တီးသူအမျိုးမျိုးတို့ ကွဲပြားပုံ၊ ၄င်းတို့ အသုံးပြုသည့် ပုံစံအမျိုးမျိုး၏ ကွဲပြားပုံ၊ ပရိသတ်က ထိုသတင်းစကားများကို မျှဝေကြပုံအမျိုးမျိုးတို့ ကွဲပြားပုံများကို နားလည်ရန်။

19 WTOE 5News (2016). *Pope Francis shocks world, endorses Donald Trump for President, releases statement.* [online] Available at: https://web.archive.org/web/20161115024211/http://wtoe5news.com/us-election/pope-francis-shocks-world-endorses-donald-trump-for-president-releases-statement/ [accessed 06/04/2018].

- လုပ်ကြံသတင်းနှင့် သတင်းများတို့၏ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ရှိတတ်ကြသည့် အခက်အခဲများကို စဉ်းစားတွေးခေါ်တတ်စေရန်။
- 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' က ဒီမိုကရေစီနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းများကို မည်သို့ အကျိုးသက်ရောက်မှုရှိကြောင်း (ပြီးခဲ့သည့် မော်ဂျူး၏ ခေါင်းစဉ်အကြောင်းမှာ tvet a&;u; ကြောင်း သိနားလည်စေရန်)။

## သင်ယူမှုရလဒ်များ

ဤသင်ရိုးအပြီးတွင် သင်တန်းသားများသည် –

၁။ ဤခေါင်းစဉ်ကို နိုင်ငံရေးသမားများ၊ သတင်းမီဒီယာများနှင့် ပညာရှင်များက ပုံဖော်u? ဆွေးနွေးထားu on န n;vr;အမျိုးမျိုးကို သဘောပေါက်လာလိမ့်မည်။

၂။ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အကြောင်း စဉ်းစားသည့်အခါ အန္တရာယ်ဖြစ်စေနိုင်မှုနှင့် မှားယွင်းမှုတို့ကို မည်သို့ စံနှုန်းပြုစဉ်းစားရကြောင်း နားလည်လာလိမ့်မည်။

၃။ သတင်းမှားနှင့် လုပ်ကြံသတင်းအမျိုးအစား အမျိုးမျိုးအကြောင်း နားလည်ပြီး နမူနာအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာတတ်လာပါလိမ့်မည်။

၄။ လုပ်ကြံသတင်းဖြစ်ရပ်တစ်ခုကို ကြည့်ပြီး မည်သူဖန်တီးကြောင်း စတင်လိုက်ကြောင်း၊ သတင်းစကားက မည်သည့် ပုံစံဖြစ်ကြောင်း၊ ပရိသတ်က မည်သို့ နားလည်လောက်မည်ဖြစ်ကြောင်း ဝေဖန်ပိုင်းခြား သုံးသပ်တတ်လာလိမ့်မည်။

၅။ ဤအရေးကိစ္စများကို အဘယ့်ကြောင့် ဂရုတစိုက်စဉ်းစားရန်လိုကြောင်း အခြားသူများကို ရှင်းလင်းပြောပြတတ်လာလိမ့်မည်။

## မော်ဂျူး ဖွဲ့စည်းတည်ဆောက်ပုံ

### သဘောတရား ရှင်းလင်းပို့ချမှုနှင့် လက်တွေ့လုပ်ဆောင်ချက်အပိုင်း

ဤမော်ဂျူးအတွက် ဆလိုက်ပြကွက်များ[20] ကို အပြန်အလှန် ဆွေးနွေးမှုပါသော အလုပ်ရုံဆွေးနွေးမှုကို ထောက်ပံ့နိုင်အောင် ပြင်ဆင်ထားပါသည်။

သို့ရာတွင် ဤသင်ရိုး၏ ရည်ရွယ်ချက်အရ အထက်ပါစာသားကို သဘောတရားဆိုင်ရာ ပို့ချချက်အတွက် အသုံးပြုရန် အကြံပြုပါသည်။ ပြကွက်များတွင်ပါသော လက်တွေ့လေ့ကျင့်ခန်းများကို မိနစ် ၉၀ စာ လက်တွေ့လုပ်ငန်းအတွက် စစ်ထုတ် စုစည်းထားပါသည်။ သင်ကြားသူများအနေနှင့် ဆွေးနွေးချက် မေးခွန်းများနှင့် လေ့ကျင့်ခန်းများကို အသုံးပြုပြီး ထိုပြကွက်များကို အစဉ်လိုက် အသုံးပြုသင်ကြားသင့်ပါသည်။

လေ့ကျင့်ခန်း ၁ – အောက်ပါပုံအမှတ် ၄ ကို ကြည့်ပါ။ ၄င်းက 'လုပ်ကြံသတင်းနှင့် သတင်းမှား အမျိုးအစား ၇ မျိုးကို ရှင်းလင်းတင်ပြထားပါသည်။ ထိုအမျိုးအစား တစ်ခုစီအတွက် အတွဲလိုက်ဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ နမူနာများ ရှာပေးရန် တက်ရောက်သူများကို ညွှန်ကြားပါ။

20 ဆလိုက်ပြကွက်များကို ဒေါင်းလုတ်ယူနိုင်သောနေရာ - https://en.unesco.org/sites/default/files/fake_news_syllabus_-_model_course_1_-_slide_deck.pdf




**ပုံ ၄– 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု'၏ အမျိုးအစား ၇ ခု *(firstdraftnews.org)***

လေ့ကျင့်ခန်း ၂ – ပုံ (၁) တွင် ပါသော ဆက်စပ်မှုပြ စက်ဝိုင်းဇယားကိုကြည့်ပါ။ သတင်းမှား၊ လုပ်ကြံသတင်းနှင့် မသမာ သတင်းပေးမှုတို့ကို နှိုင်းယှဉ်ရှင်းပြထားခြင်း ဖြစ်ပါသည်။ ၄င်းရှင်းလင်းချက်များနှင့် သဘောတူပါသလား။ လစ်ဟာချက်များ ရှိပါသလား။ မည်သည့်အချက်အလက်များကို မိမိသဘောမတူခြင်း ရှိပါသလဲ။

## သင်ကြားရေး အစီအစဉ်များနှင့် သင်ယူမှုရလဒ်များကို ချိတ်ဆက်ခြင်း

### က။ သဘောတရားပိုင်း

| ဟောပြောပို့ချချက် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
|---|---|---|
| ဟောပြောချက်နှင့် အတန်းလိုက် ဆွေးနွေးချက်များ – မကြာသေးမီက ဖြစ်ခဲ့သော လုပ်ကြံသတင်းနှင့် သတင်းမှား သာဓကများအကြောင်း ရှိနှင့်ပြီး ဗဟုသုတများမျှဝေရန်။ | မိနစ် ၉၀ | ၁ |

ခ။ လက်တွေ့ပိုင်း

| ဟောပြောပို့ချချက် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
| --- | --- | --- |
| လေ့ကျင့်ခန်း ၁ – ပုံ ၄ တွင် လုပ်ကြံသတင်းနှင့် သတင်းမှား အမျိုးအစားအမျိုးမျိုးရှင်းပြထားသည်။ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ၊ တစ်မျိုးစီ၏ နမူနာများ ရှာဖွေရမည်။ | ၄၅ မိနစ် | ၂ |
| လေ့ကျင့်ခန်း ၂ – ပုံ ၁ ကို လေ့လာပါ။ သတင်းမှား၊ လုပ်ကြံသတင်းနှင့် မသမာ သတင်းပေးခြင်းအကြောင်း ရှင်းပြထားသည်။ သဘောတူပါသလား။ လစ်ဟာချက် ရှိပါသလား။ မိမိသဘောမတူသည့်အရာ တစ်ခုခု ရှိပါသလား။ | ၄၅ မိနစ် | ၃ |

## အကြံပြုထားသော လေ့ကျင့်ခန်းများ

လူမှုမီဒီယာများအနေနှင့် အသုံးပြုသူများကို ၄င်းတို့ ဝက်ဘ်ဆိုက်ရှိ သတင်းအချက်အလက်များကို ရယူသုံးစွဲရာတွင် သတိထားဖွယ်အကြောင်းအရာများကို ပညာပေး ရုပ်ရှင်ဇာတ်လမ်းတိုတစ်ခု ရိုက်ကူးပြီး သတင်းတင်ဆက်မှု စာမျက်နှာ (newsfeed) ၏ ထိပ်ဆုံးတွင် ပြထားမည်ဆိုပါက ထိုဇာတ်လမ်းတိုကို မည်သို့ ရိုက်ကူးသင့်ကြောင်း ဇာတ်ကွက်အစီအစဉ် (storyboard)[21] တစ်ခု ဆွဲသားရမည်။ အဆိုပါ ဇာတ်ညွှန်းဇာတ်ကွက်အစီအစဉ်ကို ဖန်တီးရာတွင် ဤမော်ဂျူးတွင် avvmသင်ယူconလုပ်ကြံသတင်းနှင့် သတင်းမှားများအကြောင်း u eremay; ထည့်သွင်းEiပြီး? မှန်ကန်ကြောင်း ရှိမရှိ မaocmao;သော အကြောင်းအရာများကို zw&ou နှစ်သက်ခြင်း (like ပေးခြင်း)? မျှဝေခြင်းနှင့် မှတ်ချက်ပေးခြင်းတို့၏ အန္တရာယ်များအကြောင်းကို မီးမောင်းထိုးပြနိုင်ပါသည်။ ဇာတ်ကွက်အစီအစဉ် (storyboard) ဖန်တီးသည့် ရိုးရှင်းသော နည်းကိရိယာတစ်ခုကို http://www.storyboardthat.com/ တွင် တွေ့နိုင်ပါသည်။

## သင်ထောက်ကူများ

Slides: https://en.unesco.org/sites/default/files/fake_news_syllabus_-_model_course_1_-_slide_deck.pdf

21 Note: Storyboarding is the creative planning process used in advertising, film, documentary-making and journalism that presents a frame-by-frame pictorial representation of the flow of text, video or audio content

## ဆက်လက်ဖတ်ရှုရန်


Berger, G. 2017. Fake news and the future of professional and ethical Journalism Presentation at conference organized by the Joint Extremism/Digital Europe Working Group Conference of the European Parliament on 6 September 2017 https:// en.unesco.org/sites/default/files/fake_news_berger.pdf

Busby, M. I. Khan & E. Watling (2017) *Types of Misinformation During the UK Election*, First Draft News, Available at https://firstdraftnews.com/misinfo-types-uk-election/

Guy, H. (2017) *Why we need to understand misinformation through visuals*, First Draft News, Available at https://firstdraftnews.com/understanding-visual-misinfo/

Karlova, N.A. and Fisher, K.E. (2012) "Plz RT": A Social Diffusion Model of Misinformation and Disinformation for Understanding Human Information Behaviour. Proceedings of the ISIC2012 (Tokyo). Available at https://www.hastac.org/sites/default/files/documents/karlova_12_isic_misdismodel.pdf

Silverman, C. (2017) *This is How your Hyperpartisan Political News Get Made*, BuzzFeed News, Available at https://www.buzzfeed.com/craigsilverman/ how-the-hyperpartisan-sausage-is-made?

Wardle, C. & H. Derakhshan (2017) *Information Disorder: Towards an Interdisciplinary Framework for Research and Policy-Making. Council of Europe.* Available at https://firstdraftnews.com/resource/coe-report/

Wardle, C. & H. Derakhshan (2017) *One year on, we're still not recognizing the complexity of information disorder online*, First Draft News, Available at https://firstdraftnews.org/coe_infodisorder/

Zuckerman, E. (2017) *Stop Saying Fake News, It's Not Helping*, My Heart's in Accra, Available at http://www.ethanzuckerman.com/blog/2017/01/30/ stop-saying-fake-news-its-not-helping/

# သတင်းလုပ်ငန်းကဏ္ဍ အသွင်ပြောင်းလဲမှု – ဒစ်ဂျစ်တယ်နည်းပညာ၊ လူမှုမီဒီယာကဏ္ဍများနှင့် သတင်းမှား / လုပ်ကြံသတင်းများ ပျံ့နှံ့မှု

*ဂျူလီ ပိုစက်တီ (Julie Posetti)*

# မော်ဂျူး ၃

# အနှစ်ချုပ်

ဒစ်ဂျစ်တယ်ခေတ်ကို 'သတင်းအတတ်ပညာအတွက် ရွှေရောင်ခေတ်'[1] ဟု ခေါ်ကြသည်။ သိသာထင်ရှားသော လျှို့ဝှက်ဒေတာ အချက်အလက်များ လက်ရောက်ရယူနိုင်မှု၊ နယ်နိမိတ်ဖြတ်ကျော် စုပေါင်းအစီရင်ခံသည့် သတင်းတင်ပြမှုပုံစံများ၊ အသိပညာ ဗဟုသုတများ စုစည်းမှုများနှင့် ရင်းမြစ်အမျိုးမျိုးတို့ကို မောက်စ်တစ်ချက်နှိပ်ရုံဖြင့် လက်လှမ်းမီစေခြင်းဖြင့် စုံစမ်းဖော်ထုတ်သော သတင်းအတတ်ပညာတစ်ရပ်[2] ထူးကဲစွာပေါ်ပေါက်လာသည်။ ထိုအပြောင်းအလဲကြောင့်လည်း သတင်းလုပ်ငန်းများသည် မကြုံစဖူးထူးခြားသည့် အဆက်မပြတ်ဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများကို ကြုံတွေ့ပြီးဖြစ်သည်။ 'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' ပေါ်ပေါက်လာစေသော ဖိအားများ[3]၊ တစ်ဟုန်ထိုး ရိုက်ခတ်မှုများကြောင့် သတင်းအတတ်ပညာသည် ဘက်ပေါင်းစုံမှ တိုက်ခိုက်ဝေဖန်ခံရခြင်း[4] ရှိလာသည်။ အဆိုပါ ဖိအားများနှင့် ထိုးနှက်ချက်များတွင် အောက်ပါတို့လည်းပါဝင်သည်။

- လူမှုမီဒီယာတွင် ကွန်ပျူတာအသုံးပြု၍ ဝါဒဖြန့်ခြင်း [5]နှင့် ' r , lu n မှုကို လက်နက်သဖွယ် အသုံးပြုခြင်းတို့'[6] ပေါ်ပေါက်လာခြင်း။
- သတင်းပုံနှိပ် ထုတ်ဝေခြင်းအတွက် သမားရိုးကျ လုပ်ငန်းပုံစံများ ပြိုလဲစေခဲ့သော (alumjim&&rwi)ဒစ်ဂျစ်တယ် အနှောင့်အယှက်နှင့် အမြောက်အမြား အလုပ်လက်မဲ့ဖြစ်မှု။
- ပုံနှိပ်ကြော်ငြာကို အစားထိုးဝင်ရောက်လာသည့် ဒစ်ဂျစ်တယ်ကြော်ငြာများသည်လည်း သတင်းအတတ်ပညာကို အထောက်အပံ့မပေးနိုင်ခြင်း (ဂူဂဲ V နှင့် ဖေ့စ်ဘွတ်ခ်သည် ဒစ်ဂျစ်တယ် ကြော်ငြာရောင်းချမှု၏ အဓိက အကျိုးခံစားသူများဖြစ်ကြသည်။)[7]
- ဒစ်ဂျစ်တယ်နည်းလမ်းများနှင့် လမ်းကြောင်းများ စုဆုံလာမှုသည် တင်ဆက်ချက်များ ပြုစုပြင်ဆင်ထုတ်လုပ်သည့် လုပ်ငန်းအစအဆုံး (content-commissioning)၊ ထုတ်လုပ်ရေးလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဖြန့်ချိရေး လုပ်ငန်းများကို အသွင်ပြောင်းစေခြင်း၊ လုပ်ငန်းပြီးစီးချိန် လျာထားချက်ဖိအားများ သိသိသာသာ ကြီးထွားလာခြင်းနှင့် အလုပ်အကိုင် ဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်း။
- သတင်းသမား (အထူးသဖြင့် အမျိုးသမီးများ)၊ ၎င်းတို့၏ ရင်းမြစ်များနှင့် ပရိသတ်များကို ဦးတည်သည့် အွန်လိုင်းမှ နှောင့်ယှက်တိုက်ခိုက်မှုများ။[8]
- လူမှုမီဒီယာပလက်ဖောင်းများသည် အကြောင်းအရာရှာဖွေတွေ့ရှိမှုနှင့် ဖြန့်ဝေခြင်း [9]၏ ရှေ့တန်းတွင် ပရိသတ်များကို ဦးစားပေးနေရာချခြင်းနှင့် သတင်းထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်သူများဖြစ်စေခြင်း (ဤအချက်မှာ အကျိုးကျေးဇူးများစွာပေးပါသည်။ သို့သော် သတင်းမီဒီယာကို ထိန်းချုပ်သည့် t p0 t vm

1 Posetti, J. (2017). Protecting Journalism Sources in the Digital Age UNESCO, Paris. p 104 http://unesdoc.unesco.org/images/0024/002480/248054E.pdf [accessed 01/04/2018]. (Citing ICIJ Director, Gerard Ryle)

2 Obermayer, B. & Obermaier, F. (2016). The Panama Papers: Breaking the story of how the rich and powerful hide their money, One World, London

3 Wardle, C. & Derakhshan, H. (2017). Council of Europe, Op Cit. မှတ်ချက် – ၂၀၁၈ နိုင်ငံတကာ သတင်းအတတ်ပညာပွဲတော်တွင် ဤအခန်းရေးသားသူက ပံ့ပိုးဦးဆောင်ဆွေးနွေးပေးခဲ့သော ဆွေးနွေးပွဲမှတ်တမ်း ဗွီဒီယိုကို အသုံးပြု၍ ဤအခန်းပါ အကြောင်းအရာများ သင်ကြားခြင်းလည်း ပြုလုပ်နိုင်ပါသည်။ https://www.journalismfestival.com/programme/2018/journalisms-perfect-storm-confronting-rising-global-threats-from-fke-news-to-censorship-surveillance-and-the-killing-of-journalists-with-impunity

4 UNESCO (2018). World Trends in Freedom of Expression and Media Development 2017/2018. UNESCO, Paris. http://unesdoc.unesco.org/images/0025/002597/259756e.pdf [accessed 29/03/2018].

5 Clarke, R. & Gyemisi, B. (2017). Digging up facts about fake news: The Computational Propaganda Project. OECD. http://www.oecd.org/governance/digging-up-facts-about-fake-news-the-computational-propaganda-project.htm [accessed 01/04/2018].

6 UNESCO (2017). States and journalists can take steps to counter 'fake news'. UNESCO, Paris. https://en.unesco.org/news/states-and-journalists-can-take-steps-counter-fake-news [accessed 29/03/2018].

7 Kollewe, J. (2017). *Google and Facebook bring in one-fifth of global ad revenue* The Guardian, May 2nd 2017. https://www.theguardian.com/ media/2017/may/02/google-and-facebook-bring-in-one-fifth-of-global-ad-revenue [accessed 29/03/2018].

8 မော်ဂျူး ၇ ကို ရှုပါ။

9 Nielsen, R.K. & Schroeder, C. K. (2014). *The Relative Importance of Social Media for Accessing, Finding and Engaging With News in Digital Journalism*, 2(4) http://www.tandfonline.com/doi/abs/10.1080/21670811.2013.872420 [accessed 29/03/2018].

လုပ်ပိုင်ခွင့်အာဏာကို ယိမ်းယိုင်စေပြီး စိစစ်အတည်ပြုမှု စံချိန်စံနှုန်းများကိုလည်း ထိခိုက်မှုရှိသည်။)[10]

- ပရိသတ်က 'သိလိုတိုင်းရသော သတင်းများ' ကို လိုလားလာခြင်း၊ လူမှုမီဒီယာ u မိုဘိုင်း vze;rm;rwqi အချိန်နှင့် တပြေးညီ အသုံးပြုနိုင်လာခြင်းတို့ကြောင့် သတင်းစက်ဝန်းမှာ ရပ်နားခြင်းမရှိ အဆုံးမရှိတော့ဘဲ ရင်းမြစ်များ လျော့နည်းလာခြင်း ပြဿနာကို ရင်ဆိုင်နေရသည့် သတင်းအတတ်ပညာရှင်များ အပေါ် ဖိအားများလာသည်။
- ပုံနှိပ်ထုတ်ဝေ rလုပ်ငန်းwi owi;xwvyorm;u pmzwy&owx a&mu&&e um;ctjzp vyaqmiaerr ဖယ်ရှားခံလာ&သည်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမျိုးမဆို အကြောင်းအရာ ထုတ်လုပ်ရန်၊ အစဉ်အလာအရရှိနေသော သတင်းတံခါးမှူးများကို ရှောင်လွှဲရန်နှင့် အများအာရုံစိုက်မှုရရှိအောင် အပြိုင်အဆိုင် လုပ်ဆောင်နိုင်လာကြသည်။ အာဏာရှိသူများကို ဝေဖန်ထောက်ပြမှုပါသော owi;wiqurrm; tay: ယုံကြည်စိတ်ချရမှု လျော့ပါးစေလိုသည့် အာဏာရနိုင်ငံရေးသမားများလည်းထိုသို့ ဆောင်ရွက်လာကြသည်။[11]
- သတင်းစာလုပ်ငန်းများ ရှုံးနိမ့်မှုကြောင့် ပေါ်လာသော ဟာကွက်များကို လိုက်ဖြည့်နေသည့် ဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်းအသစ်များ၏ သက်ရောက်မှုနှင့် အကျိုးအမြတ်ရရှိမှု အကန့်အသတ်ရှိခြင်း။
- ရှေးရိုးစဉ်လာ မီဒီယာအဖွဲ့အစည်းများနှင့် သတင်းအတတ်ပညာအပေါ် ယုံကြည်မှု ယုတ်လျော့လာခြင်းကြောင့် ပရိသတ်များ လျော့ပါးလာခြင်း၊ တစ်ဆက်တည်းတွင်အကျိုးအမြတ်များ လျော့နည်းလာခြင်းနှင့် 'သတင်း ဖရိုဖရဲဖြစ်မှု' ကို မီးလောင်ရာလေပင့်ခြင်း။

အချက်အလက်၊ ဖျော်ဖြေမှု၊ ကြော်ငြာ၊ လုပ်ကြံဖန်တီးခြင်းနှင့် စိတ်ကူးယဉ် ဇာတ်လမ်းများအကြားရှိ ခြားနားမှု မှုန်ဝါးရောထွေးလာသည်။ လုပ်ကြံသတင်းနှင့် သတင်းမှားများကို ထုတ်လုပ်သည့်အခါ အချင်းချင်းမျှဝေမှုအပေါ် အားကိုးသော လူမှုသတင်း ဖြန့်ဝေခြင်းစနစ်သည် ထိုသတင်းအကြောင်းအရာကို ချက်ချင်းအဆင့်ဆင့်ပျံ့နှံ့သွားစေသည်။ သတင်းသမားများနှင့် အခြား အချက်အလက် စစ်ဆေးသူများက သတင်းအမှားများကို ဖော်ထုတ်ချေဖျက် ဖြေရှင်းနိုင်လျှင်ပင် သတင်းမှားကို ပြန်ရုတ်သိမ်း အဖတ်ဆယ်ရန် မဖြစ်တော့ပေ။

ဒစ်ဂျစ်တယ် အသွင်ပြောင်းမှုဖြစ်စဉ်များနှင့် လူမှုမီဒီယာပေါ်ထွန်းမှုအပါအဝင် ဒစ်ဂျစ်တယ်ခေတ်တွင် ရှေးရိုးစဉ်လာ သတင်းမီဒီယာ စီးပွားရေး လုပ်ငန်းပုံစံများ ပျက်စီးပြိုလဲမှုများ ဖြစ်ပွားခြင်းကြောင့် လုပ်ကြံသတင်းနှင့် သတင်းမှားတို့ တစ်ဟုန်ထိုး ပြန့်ပွားခြင်းနှင့် တရားဝင်မှုရှိလာခြင်းတို့ မည်သို့ ဖြစ်ပေါ်လာပုံကို ဤသင်ခန်းစာတွင် လေ့လာရမည် ဖြစ်သည်။[12] 'သတင်းဖရိုဖရဲဖြစ်ခြင်း' အပေါ် သတင်းမီဒီယာများ၏ တုံ့ပြန်မှုကို တက်ရောက်သူများ နှိုင်းချိန် စဉ်းစားတတ်စေရန် အထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် ဤပြဿနာကို စီမံဖြေရှင်းခြင်းအတွက် အသုံးပြုနိုင်သည့် ကဏ္ဍတွင်း အလေ့အထကောင်းများကိုပါ လေ့လာရမည်ဖြစ်သည်။

---

10 Posetti, J. & Silverman, C. (2014). When *Good People Share Bad Things: The Basics of Social Media Verification* in Posetti (Ed) Trends in Newsrooms 2014 (WAN-IFRA, Paris). http://www.wan-ifra.org/sites/default/files/field_media_image_file_attach/WAN-IFRA_Trends_Newsrooms_2014.pdf [accessed 29/03/2018].

11 Cadwalladr, C. (2017). *Trump, Assange, Bannon, Farage... bound together in an unholy alliance*, The Guardian, October 28th 2017. https://www.theguardian.com/commentisfree/2017/oct/28/trump-assange-bannon-farage-bound-together-in-unholy-alliance [accessed 29/03/2018].

12 Posetti, J. & Silverman, C. (2014). op cit

ပုံကြမ်း

## ပြဿနာ၏ အရင်းအမြစ်များကို အစဆွဲဖော်ထုတ်ခြင်း

## *သတင်းလုပ်ငန်းအပေါ် သက်ရောက်မှုရှိသည့် 'သတင်းဖရိုဖရဲဖြစ်ခြင်း' ကို ဖြစ်စေသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းအရင်းများ*

### (က) သမားရိုးကျလုပ်ငန်းပုံစံများ ပြိုလဲပျက်စီးခြင်း

သတင်းသမားများ၏ စီးပွားရေးကို ရာစုနှစ်နှစ်စုနီးပါး ထောက်ပံ့ခဲ့သည့် ငွေကြေးထောက်ပံ့မှုပုံစံဖြစ်သော သမားရိုးကျကြော်ငြာခ ဘဏ္ဍာရေး တစ်ရှိန်ထိုးကျဆင်းမှု၊ ဒစ်ဂျစ်တယ်ကြော်ငြာမှ အကျိုးအမြတ် အလုံအလောက် မရှာနိုင်သည့်အဖြစ်တို့သည် သတင်းအတတ်ပညာ ရေရှည်တည်တံ့အောင် ဖန်တီးနိုင်မည့် အရေးတကြီး စမ်းသပ်လုပ်ဆောင်ချက်များကို ဖြစ်စေသည့် အကြောင်းအရင်းများဖြစ်သည်။ သတင်းစာထုတ်လုပ်မှုများ ရုတ်တရက်ကျဆင်းလာခြင်းနှင့်အတူ ဖြစ်ပေါ်လာသော သတင်းလုပ်ငန်းပြိုလဲမှုကြောင့် ဒစ်ဂျစ်တယ်ခေတ် သတင်းခန်းများသည် ဖွဲ့စည်းတည်ဆောက်ပုံများ အမြစ်လှန် ပြောင်းလဲခံရခြင်းနှင့် အစုအပြုံလိုက် အင်အားလျှော့ခံရခြင်းများ ဖန်တရာတေ ကြုံလာရပါသည်။ စရိတ်သက်သာပြီး၊ နည်းပညာ ပိုမိုအဆင့်မြင့်လာသော စမတ်ဖုန်းများနှင့်အတူ မီဒီယာသုံးစွဲသူ အမူအကျင့်များ ပြောင်းလဲခြင်းနှင့် လူမှုမီဒီယာ တစ်ဟုန်ထိုး ပြောင်းလဲမှုကြောင့် ပရိသတ်များသည် သမားရိုးကျ သတင်းထုတ်လုပ်မှုများသုံးပြီး သတင်းရယူသည့်ပုံစံမှတဆင့် လူအချင်းချင်းကြား သတင်းအချက်အလက် မျှဝေသည့်ပုံစံကို ကူးပြောင်းလာပြီး ဘဏ္ဍာငွေ တဖြည်းဖြည်း ပိုမိုဆုတ်ယုတ်မှုပါ ဖြစ်ပေါ်လာသည်။

'သတင်းဖရိုဖရဲဖြစ်ခြင်း' နှင့် ပတ်သက်သည့် သက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- သတင်းခန်း ရင်းမြစ်များ မလုံလောက်ခြင်း (ဝန်ထမ်းနှင့် ဘဏ္ဍာရေး)။ စေ့စပ်သေချာမှု အားနည်းသည့် ရင်းမြစ်များနှင့် သတင်းအချက်အလက်၊ 'ဖြစ်ပွားရာနေရာရှိ အခြေအနေကို လက်တွေ့သွားရောက်' ပြန်လည် အစီရင်ခံမှု အားနည်းခြင်း။
- လူမှုမီဒီယာ လမ်းကြောင်းများနှင့် ပင်မစာမျက်နှာများတွင် တောင်းဆိုသည့်အတိုင်း အချက်အလက် အကြောင်းအရာများ အဆက်မပြတ် ပေးပို့နိုင်ရန် သတ်မှတ်ချိန် ဖိအားကြီးမားလာပြီး အရည်အသွေးထိန်းချုပ်သည့် လုပ်ဆောင်ချက်ဖြစ်စဉ်များ လျော့နည်းလာခြင်း။
- 'ချိန်ညှိစစ်ဆေးမှုများ' (အချက်အလက် စစ်ဆေးခြင်းနှင့် သတင်းတည်းဖြတ်သည့် သတင်းထောက် အပါအဝင်) အတွက် အချိန်နှင့် ရင်းမြစ်များ လျော့နည်းခြင်း။
- ကြော်ငြာနှင့် သတင်းရောယှက် ရှုပ်ထွေးစွာ တင်ပြခြင်းရှိသော်လည်း အကျိုးအမြတ်များသည့် 'သတင်းပုံတူ ကြော်ငြာ'[13] နှင့် 'အာရုံဖမ်းစား' သည့် ခေါင်းစီးစာသားများအပေါ် အလွန်အမင်း အားကိုးခြင်းကြောင့် ပရိသတ် ယုံကြည်မှုကို လျော့နည်းစေခြင်း။

### (ခ) သတင်းခန်းများနှင့် ဇာတ်လမ်းတင်ဆက်ခြင်းတို့ ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်း

၂၀၀၀ ခုနှစ်မှ ၁၀ စုနှစ် အတွင်းတွင် မီဒီယာကမ္ဘာ[14] ကိုင်လှုပ်ခံခဲ့ရသည်။ နောက်ဆက်တွဲအနေဖြင့် ဒစ်ဂျစ်တယ်ခေတ်တွင် သတင်းဖန်တီးမှုဖြစ်စဉ်များနှင့် ပုံစံများ၊ ဖြန့်ချိရေးနှင့် သုံးစွဲမှုများ၏ ပုံစံများ ပုံပျက်သွားခြင်းစသည့် သက်ရောက်မှုများ ရှိခဲ့သည်။ ထူးခြားသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ တစ်ပြိုင်တည်း ဖြစ်ပေါ်ခဲ့သည်။ သတင်းလုပ်ငန်း၏ ဒစ်ဂျစ်တယ်

13 'Native Advertising' သို့မဟုတ် သတင်းပုံတူကြော်ငြာဆိုသည့် စကားလုံးမှာ မီဒီယာလောကတွင်သုံးသော စကားဖြစ်ပြီး သတင်းတင်ဆက်ချက်ပုံစံအလား ကြော်ငြာခယူလျက် တင်ဆက်သည့် ကြော်ငြာများကို ညွှန်းခြင်းဖြစ်သည်။ ကျင့်ဝတ်ညီ လုပ်ထုံးလုပ်နည်းအရ ကြော်ငြာခယူလျက် တင်ဆက်ထားသော ကြော်ငြာဖြစ်ကြောင်း စာတမ်းထိုးထားရမည်ဖြစ်သော်လည်း စာဖတ်သူများက ကြော်ငြာအပေါ် စိတ်ဝင်စားမှု နည်းမည်စိုးသောကြောင့် ထိုသို့ ပွင့်လင်းမြင်သာမှုမရှိဘဲ တင်ဆက်ထားသော ကြော်ငြာများလည်း များစွာရှိသည်။

14 Nielsen, R. K. (2012). *The Ten Years That Shook the Media World: Big Questions and Big Trends in International Media Developments* (Reuters Institute for the Study of Journalism, Oxford). https://reutersinstitute.politics.ox.ac.uk/sites/default/files/2017-09/Nielsen%20-%20 Ten%20Years%20that%20Shook%20the%20Media_0.pdf [accessed 29/03/2018]

အသွင်ပြောင်းခြင်းနှင့် သတင်းအတတ်ပညာဟူသည့်အရာများမှာ ပရိသတ်အမူအကျင့်များ ပြောင်းလဲခြင်း (ဥပမာ – လူအချင်းချင်းကြား အကြောင်းအရာဖြန့်ဝေခြင်း၊ သတင်းရယူလိုအား) နှင့် နည်းပညာ (လူမှုမီဒီယာလမ်းစဉ်ပေါ်ထွန်းလာမှု၊ လက်တွေ့နှင့် မခြားဖန်တီးထားသော ပုံရိပ်ယောင်ကမ္ဘာနည်းပညာပေါ်လာခြင်း (Virtual Reality)၊ ကွန်ပျူတာစက်စွမ်းရည် ဖွံ့ဖြိုးမှုနှင့် စမတ်ဖုန်းအသုံးပြုနိုင်မှု များပြားလာခြင်း)[15] ဟူသည့် အင်အားနှစ်ခု တစ်ပြိုင်တည်းကြောင့် ဖြစ်ပေါ်လာသည့် အကြားအလပ်မရှိသည့် ဖြစ်စဉ်များဟုပင် အများနားလည်ထားသည်။ ထို့ကြောင့် ဒစ်ဂျစ်တယ် စွမ်းဆောင်ရည်ကို မရပ်မနားမြှင့်တင်ရန် လိုအပ်သည်။

'သတင်းဖရိုဖရဲဖြစ်ခြင်း'နှင့် ပတ်သက်သည့် သက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- မီဒီယာ စုဆုံပေါင်းစည်းမှု – ယခုအခါတွင် သတင်းသမားများသည် မီဒီယာအမျိုးအစား များစွာတွင် တင်ဆက်ချက်များ (မိုဘိုင်း V ဖုန်းနှင့် ကြည့်ရန်နှင့် ပုံနှိပ်တွင်ကြည့်ရန်) တစ်ပြိုင်တည်း ထုတ်လုပ်တင်ပြနိုင်ရန် လုပ်ဆောင်ကြရသည်။ ကြိုတင် vyaqmi သော owi;ay;ycsu များ (proactive reportage) ပြုရန် အချိန်နည်းပါးသွားပြီး လူထုဆက်ဆံရေး တင်ဆက်ချက် (publica relations content) က olaom talumi; t&mrsm;u aသချာမစစ်ဆေးဘဲ azmjyမိခြင်းများ ဖြစ်လာနိုင်ပါသည်။
- သတင်းထောက်များသည် မည်သူ၏ ပြန်လည်စစ်ဆေးပေးမှုမှ မပါဘဲ မိမိတို့ တင်ဆက်ချက်ကို မိမိတို့ဘာသာ ရေးသားတည်းဖြတ်ရန် လိုအပ်လာသည်။[16]
- ဒစ်ဂျစ်တယ် တင်ဆက်ချက်များ ပြင်ဆင်ရာတွင် ပြီးစီးရန် သတ်မှတ်ချိန်သည် အမြဲ 'အခုချက်ချင်း' ပြီးရန်ဖြစ်သည်? မှားနိုင်ခြေမြင့်သည်။
- vrr' , m 0;pm;ay; owi;xwvyr (social-first publishing) u ep"0vyie; jzpvm on/ သတင်းထောက်များသည် ၎င်းတို့၏ ကိုယ်ပိုင်လူမှုမီဒီယာအကောင့်များနှင့် ထုတ်ဝေသူ/ သတင်းတိုက်များ၏ အကောင့်များတွင် သတင်းဇာတ်လမ်းများ u tcseEiwajy;n တင်ဆက်ရန် ပရိသတ်၏ တောင်းဆိုမှုများကို ဖြည့်ဆည်းရ on/ ထိုအလေ့အထများတွင် 'တွစ်တာမှ တိုက်ရိုက်တင်ဆက်ခြင်း'၊ 'ဖေ့စ်ဘွတ်တွင် တိုက်ရိုက်လွှင့် ဗွီဒီယို'လုပ်ဆောင်လာရပြီး တည်းဖြတ်မှု ကြီးကြပ်ခြင်း မရှိနိုင်တော့ပေ (ဥပမာ တိုက်ရိုက်လွှင့်ချိန်များ)။ ထို့ကြောင့် 'သတင်းအရင်ထုတ် နောက်မှစစ်' စိတ်နေစိတ်ထားပေါ်ပေါက်လာသည်။
- 'စိတ်ဝင်စားသည့် မိနစ်အရေအတွက်'နှင့် 'အသုံးပြုသည့်အချိန်' (သတင်းအတတ်ပညာ အရည်အသွေးနှင့် ရေရှည်အတွက် ပိုမိုအသုံးဝင်သော ညွှန်းကိန်းများအစား) ဆောင်းပါးကို ကလစ်နှိပ်မှုအရေအတွက်နှင့် ဝက်ဘ်ဆိုက်ကို အသုံးပြုသူဦးရေဟူသည့် မည်ကာမတ္တ ဒေတာညွှန်းကိန်းများကိုသာ အားကိုးပြီး တဖြည်းဖြည်း ဖောက်သည်နည်းလာjy;? aps;usvmaom ဒစ်ဂျစ်တယ်ကြော်ငြာများရအောင် ကြိုးစားလာရသည်။
- ကလစ်နှိပ်ချင်အောင် ဆွဲဆောင်သော အလေ့အထများ (စာဖတ်သူများက လင် Cအမှားများကိုနှိပ်ရန် သွေးဆောင်ဖြားယောင်းသည့် ခေါင်းစီးစာသားများ အသုံးပြုခြင်းဟု အဓိပ္ပာယ်ရ) ကို သုံးစွဲသူ များလာစေရန် အစပိုင်းက အသုံးပြုခဲ့သော်လည်း ယခုမူ သတင်းအတတ်ပညာ ပညာရှင်မဆန်သော လုပ်ရပ်တစ်ခုအဖြစ် ယူဆလာကြပြီး ထိုသို့သုံးလျှင် ယုံကြည်မှုလျော့ကျခြင်း ရှိလာသည်။
- အရည်အသွေးနှင့် တိကျမှုသေချာမှုတို့ကို စတေးစွန့်လွှတ်ပြီး ပျံ့နှံ့ V , သည့် ရေပန်းစားသော သတင်းနောက်ကိုသာ လိုက်ကုန်ကြသည်။ 'machine learning' က ထိုပြဿနာကို ပိုမိုဆိုးရွားစေနိုင်သည်။
- မီဒီယာဖွံ့ဖြိုးမှုစီမံချက်များ၏ ရလဒ်များအနေနှင့် သတင်းခန်းများတွင် အချက်အလက် စစ်ဆေးသည့် ဌာနခွဲများ ပေါ်ပေါက်လာကြသည်။

15 For detailed global analysis of digital media trends, See the Reuters Institute for the Study of Journalism's (RISJ) *Digital News Report*. The 2018 edition is available at: http://www.digitalnewsreport.org/survey/2018/overview-key-findings-2018/

16 See Australian Community Media (ACM) case study: Robin, M. (2014). *Who needs subs? Fairfax turns to reporter-only model* Crikey. https:// www.crikey.com.au/2014/10/16/who-needs-subs-fairfax-turns-to-reporter-only-model/ [accessed 29/03/2018]. (Note: this method is now entrenched across Fairfax Media's regional, rural and community publications)

## (ဂ) အလျင်အမြန် ပျံ့နှံ့မှု – သတင်းဂေဟစနစ်အသစ်တွင် လုပ်ကြံသတင်းများ အလျင်အမြန်ပျံ့နှံ့ပုံ

### က။ *ပရိသတ်အရေးပါမှု မြင့်တက်လာခြင်း*

ဒစ်ဂျစ်တယ်ခေတ်သည် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းရှိ အတားအဆီးများကို[17] ဖယ်ရှားခဲ့သည်။ ယခင်က ပရိသတ်အဖြစ်သာ နေခဲ့ကြသူများလက်ထဲသို့ ထုတ်လုပ်ရေးနည်းလမ်းများ ထည့်ပေးလိုက်ကြသည်။[18] ထိုလူစုသည် သတင်းအပါအဝင် အခြားအကြောင်းအရာများကို တွဲဖက်ထုတ်လုပ်သူများ ဖြစ်လာခဲ့သည်။ ၎င်းတို့အလုပ် လုပ်ဆောင်ပုံနှင့် အလေ့အထကို **'produsage'**[19] (ထုတ်လုပ်သုံးစွဲမှု) ဟုခေါ်ကြသည်။ ကနဦး၌ အီးမေးလ်နှင့် စကားပြောခန်းများမှတဆင့် ထိုကဲ့သို့ ပရိသတ်များ တဖြည်းဖြည်း ပေါ်ပေါက်လာနေခဲ့ပြီး လူမှုမီဒီယာလမ်းကြောင်းများပေါ်လာသည့်အချိန်တွင် ၎င်းပရိသတ်များ၏ လက်လှမ်းမီမှုမှာ ဆတက်ထမ်းပိုး တိုးတက်များပြားသွားခဲ့သည်။

### ခ။ *လူမှုမီဒီယာရောက်ရှိလာမှု*

၂၀၀၀ ခုနှစ်အနှောင်းပိုင်း နိုင်ငံများစွာတွင် တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်သည် သတင်းအတတ်ပညာ အလေ့အထများနှင့် ၎င်း၏ ပညာရပ်ဆိုင်ရာ လုပ်ဆောင်ချက်များ (အထူးသဖြင့် မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပရိသတ် စိတ်ဝင်စားမှုနှင့် လူမှုမီဒီယာတွင် ဖြစ်ပေါ်နေသည့် ပုဂ္ဂိုလ်ရေးနှင့် လူထုအသိုင်းအဝိုင်းကြား ထိပ်တိုက်တွေ့မှု)[20] နှင့် အကြောင်းအရာများ တင်ဆက်ဖြန့်ဝေမှုကို လွှမ်းမိုးသည့် လူမှုမီဒီယာများအဖြစ် ယူကျုံနှင့် တစ်တန်းတည်းရောက်ရှိလာခဲ့သည်။ ယုံကြည်မှုကို အခြေခံပြီး အချင်းချင်းကြားတည်ဆောက်ထားသည့် ကွန်ရက်များပေါ်ပေါက်လာပြီး (အထူးသဖြင့် ဖေ့စ်ဘွတ်ပေါ်တွင်) အကြောင်းအရာ အပြန်အလှန် မျှဝေမှုတို့သည် သမားရိုးကျ သတင်းဖြန့်ဝေမှု နည်းလမ်းများကို စတင်စိန်ခေါ်ခဲ့သည်။

အသုံးပြုသူများသည် ၎င်းတို့ပြန်လည်မျှဝေလိုသည့် သတင်းများကို ၎င်းတို့ဘာသာ စုစည်းပြင်ဆင်လာသည်။ သတင်း ဝန်ဆောင်မှုများနှင့် သတင်းသမားများ၊ အခြားယုံကြည်စိတ်ချရသည့် သတင်းပေးသူများဆီမှ အကြောင်းအရာများကို ထိန်းညှိမှုမရှိ စိတ်ကြိုက်စုဆောင်းနိုင်သည်။ 'ယုံကြည်ရသည့် ကွန်ရက်များ' (အသုံးပြုသူနှင့် ၎င်း၏အပေါင်းအသင်းများ) မှတဆင့် ဖြန့်ဝေခြင်းဖြစ်သောကြောင့် မမှန်ကန်သော၊ မှားယွင်းသော၊ မလိုမုန်းထားသော၊ ဝါဒဖြန့်သော အကြောင်းအရာများ ကို သတင်းအယောင်ဆောင် ဖြန့်ဝေခြင်းသည် စိတ်ဝင်စားမှုကို ပိုမိုဆွဲဆောင်နိုင်သည်။ စိတ်လှုပ်ရှား ခံစားမှုများကို နှိုးဆွသော အကြောင်းအရာနှင့် မိတ်ဆွေတစ်ဦး သို့မဟုတ် မိသားစုဝင်က မျှဝေသောအကြောင်းအရာနှစ်မျိုးမှာ လူမှုမီဒီယာတွင် ပြန်လည် မျှဝေနိုင်ခြေမြင့်သော အကြောင်းအရာများဖြစ်ကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့သည်။[21]

သတင်းသမားများနှင့် သတင်းအဖွဲ့အစည်းများသည် (ပရိသတ်များ ရှိသည့်နေရာတွင် လိုက်လံတည်ရှိရမည်ဖြစ်သောကြောင့်) သတင်းစုစည်းရန်၊ ပရိသတ် စိတ်ဝင်စားမှုရရန်နှင့် အကြောင်းအရာဖြန့်ဝေရန် ထိုလူမှုမီဒီယာများတွင် စိမ့်ဝင်နေရာယူလိုက်ကြ သော်လည်း **'filter bubbles'** အင်တာနက် ပူဖောင်းများ[22] သို့မဟုတ် **'echo chambers'** ပဲ့တင်ခန်းများ[23] သည် (တစ်ခါတစ်ရံ ထင်ကြသကဲ့သို့ သီးသန့်ဖြစ်မှု၊ အလုံပိတ်မှု ရှိသင့်သလောက် မရှိလျှင်ပင်) ပေါ်ပေါက်လာကြသည်။ ထိုဖြစ်စဉ်များကြောင့် အသုံးပြုသူတစ်ဦးချင်းစီသည် အတည်ပြုစစ်ဆေးပြီး အချက်အလက်များEi အခြားရှုထောင့်များကို တွေ့jri သိရှိခြင်း များ လျော့ကျလာခဲ့သည်။ ဤဖြစ်ရပ် u 'သတင်းဖရိုဖရဲဖြစ်ခြင်း' နှင့် ပတ်သက်သည့် အန္တရာယ်များ တိုးပွားစေသည်။

---

17 Gillmor, D. (2004). *We, the Media: Grassroots Journalism By the People, For the People* (O'Reilly). http://www.authorama.com/we-the-media-8.html [accessed 29/03/2018].

18 Rosen, J. (2006). *The People Formerly Known as the Audience*, PressThink blog (June 27th, 2006). http://archive.pressthink.org/2006/06/27/ ppl_frmr.html [accessed 29/03/2018].

19 Bruns, A. (2008). Blogs, *Wikipedia, Second Life, and Beyond: From Production to Produsage.* Peter Lang, New York. See also Bruns A (2006) Collaborative Online News Production. Peter Lang, New York.

20 Posetti, J. (2009). *Transforming Journalism...140 Characters at a Time* Rhodes Journalism Review 29, September 2009. http://www.rjr.ru.ac. za/rjrpdf/rjr_no29/Transforming_Journ.pdf [accessed at 29/03/2018].

21 Bakir, V. & McStay, A. (2017) *Fake News and the Economy of Emotions* Digital Journalism (Taylor and Francis) July, 2017. http://www.tandfonline.com/doi/abs/10.1080/21670811.2017.1345645 [accessed 29/03/2018].

22 မှတ်ချက် – Filter bubbles များ ဆိုသည်မှာ အလိုအလျောက်တွက်ချက်မှုများက တစ်ဦးချင်းစီ၏ နှစ်သက်ရာ တင်ဆက်ချက်များကို ဖြည့်ဆည်းတင်ဆက်နေရင်း စိတ်တူကိုယ်တူရှိသော ပုဂ္ဂိုလ်များကို တစ်နေရာတည်းတွင်း စုစည်းသွားစေခြင်း သက်ရောက်မှု ဖြစ်ပါသည်။ c.f. Pariser, E. (2012). The Filter Bubble. Penguin and Random House, New York

23 'Echo chambers' ပဲ့တင်ခန်းများဆိုသည်က စိတ်တူအမြင်တူ ပုဂ္ဂိုလ်များအနေနှင့် မိမိတို့အမြင်နှင့် တူညီသောအရာများကိုသာ လူမှုမီဒီယာပေါ်တွင် အထပ်ထပ် တွေ့ခြင်း၊ အတည်ပြုခြင်းဖြစ်စေသည့် သက်ရောက်မှုကိုခေါ်သည်။ မော်ဂျူး ၅ တွင် 'အတည်ပြုခြင်း ဘက်လိုက်မှု' အတွေးမှားပုံများကို အကျယ်ဖော်ပြထားပါသည်။

ပရိသတ်နှင့် ကွန်ရက်ချိတ်ဆက်ထားသည့် သတင်းအတတ်ပညာ၏ အကျိုးကျေးဇူးများတွင် အမျိုးစုံလင်ကွဲပြားသော ရင်းမြစ်များကို တစ်ပြိုင်တည်းစုပေးနိုင်သည့် စွမ်းဆောင်ချက်၊ အချက်အလက် ရင်းမြစ်မှန်ကန်ကြောင်း အများပြည်သူ ပူးပေါင်းမှုဖြင့် အတည်ပြုပေးသည့် လုပ်ဆောင်ချက်များ[24] ပါဝင်သည်။ ၎င်းတို့သည် သတင်းမှားများကို အမှန်စစ်ဆေးရန်၊ လုပ်ကြံသတင်းများ ချေဖျက်ရှင်းလင်းရန်နှင့် မသမာသည့် လုပ်ဆောင်သူများကို ဖော်ထုတ်ဖွင့်ချရန် အထောက်အကူဖြစ်သည်။ (owi;xwvyoEi owi;&,olum; wuµuquo, vyaqmijci;jzi) သစ္စာရှိသော ပုံမှန်အသုံးပြုသည့် ပရိသတ်တစ်ရပ်တည်ထောင်ခြင်း[25] စသည်တို့ပါဝင်သည်။ သတင်းထောက်များပြုလုပ်သည့် တင်ဆက်ချက်အမှားများကို အမှန်ပြင်ဆင်ရန် သို့မဟုတ် သုတေသနပြုလုပ်ရာတွင် စုပေါင်းပါဝင်ရန်တို့နှင့်ပတ်သက်ပြီး ပရိသတ်များကို 'ခံပြောခွင့်'/ 'စောဒကတက်ခွင့်' ရရှိလာစေသည်။ ကွန်ရက်ချိတ်ဆက်ထားသည့် လူထုအသိုင်းအဝိုင်းရှိနေခြင်းဖြင့် သတင်းသမားများနှင့် ပရိသတ်များသည် တစ်ဖက်သတ်ကန့်သတ်ချက်များကို ရှောင်ကွင်းလုပ်ဆောင်နိုင်စွမ်း ပိုမိုရှိလာစေသည်။ ဥပမာအားဖြင့် သတင်းအချက်အလက် ရပိုင်ခွင့်နှင့် ပွင့်လင်းလူ့အဖွဲ့အစည်းများကို ထူးခတ်ထားသည့် အာဏာသုံးတားမြစ်ချက်များ၊ ဆင်ဆာဖြတ်ခြင်းများ (ဥပမာ – အခါပေးဆရာကြီးများ၏ စိစစ်ခွင့်ပြုချက်များ ယူနေရခြင်း) မျိုးပင်ဖြစ်သည်။

သတင်းသမားများ၏ လူမှုမီဒီယာလမ်းကြောင်းများမှတဆင့် ပရိသတ်များနှင့် သတင်းရင်းမြစ်များကို ဆက်သွယ်ပုံသည် မိမိကိုယ်ကိုယ် စည်းကမ်းသတ်မှတ်ထိန်းကျောင်းမှုကို ထောက်ကူပေးသော တာဝန်ခံမှု မူဘောင်တစ်ရပ် အသွင်ဆောင်သော လက္ခဏာအသစ်တစ်ခုအဖြစ် မြင်နိုင်သည်။ ထိုသို့ အပြန်အလှန် ချိတ်ဆက်မှုများ ရှိနေခြင်းကြောင့် မိမိတို့အလုပ်အပေါ် us;alumi;ninwaomဝေဖန်မှုများကို သတင်းr',mသမားများ u လူသိရှင်ကြား အလျင်အမြန် တုံ့ပြန်ရန်၊ အမှားပြင်ဆင်ရန်နှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုပွင့်လင်းမြင်သာစေရန် ထောက်ကူပြီး 'လုပ်ထုံးလုပ်နည်းအားဖြင့် တင်ဆက်ချက်ဖန်တီးခြင်း' ပေါ်ပေါက်လာစေပါသည်။[26]

ဆိုးပြစ်များတွင် အောက်ပါတို့ပါဝင်သည်။

- 'ယုံကြည်မှုအခြေခံသည့် ကွန်ရက်များ'[27] ကြောင့် သတင်းဖြန့်ဝေမှုနှုန်း မြင့်မားလာခြင်းနှင့် စိတ်ခံစားမှုအပြည့်ဖြင့် ပြန်လည်တုံ့ပြန်မှုများ (ဥပမာ – ကိုယ်ယုံကြည်ရာကို မှန်ကန်ကြောင်း အတည်ပြုမှုတို့ကြောင့် ဖြစ်ပေါ်လာသည့်) ကြောင့် လုပ်ကြံသတင်းများနှင့် သတင်းမှားများ အလျင်အမြန်ပျံ့နှံ့ခြင်း။ (မော်ဂျူး ၅ ကို ကြည့်ရန်)
- အစိုးရနှင့် အခြားအလားတူ ဌာနများအနေနှင့် 'ပရိသတ်များကို တိုက်ရိုက်ဆက်သွယ်ခြင်း' လုပ်ဆောင်သောကြောင့် သတင်းမီဒီယာများ၏ စစ်ကြောမေးမြန်းမှုနှင့် စစ်ဆေးအတည်ပြုမှုများကို ရှောင်လွှဲနိုင်သွားခြင်း။ လူမှုမီဒီယာ၏ စွမ်းအားကို ကြိုးကိုင်ခြယ်လှယ်ခြင်းအားဖြင့် ရွေးကောက်ပွဲရလဒ်များနှင့် ပြည်သူ့ရေးရာမူဝါဒကို လွှမ်းမိုးရန် ကြိုးပမ်းမှုများ ပိုမိုများပြားလာကြောင်း အထောက်အထားများရှိပါသည်။[28]
- အုတ်အော်သောင်းတင်းဖြစ်စေသော သတင်းအချက်အလက်များကို မျှဝေနိုင်ခြေပိုများလာသည်။[29]
- လုပ်ကြံသတင်းနှင့် သတင်းမှားများ ပျံ့နှံ့သွားပြီးသည်နှင့် တစ်ပြိုင်နက် အလွယ်တကူ ပြန်အဖတ်မဆယ်နိုင်ခြင်းနှင့် အမှန်မပြင်ဆင်နိုင်ခြင်း – အမှားချေဖျက်ရှင်းလင်းခြင်း သို့မဟုတ် အမှားဖော်ထုတ်သည့် အစီရင်ခံမှု မည်မျှ လုပ်သည်ဖြစ်စေ၊ လုပ်ကြံဇာတ်လမ်းများ၊ မသမာသော ရည်ရွယ်ချက်ဖြင့် ရေးထားသော သရော်စာတစ်ခု၊ သတင်း

24 Garcia de Torres, E. (2017). *The Social Reporter in Action: An Analysis of the Practice and Discourse of Andy Carvin in* Journalism Practice, 11(2-3). http://www.tandfonline.com/doi/abs/10.1080/2017512786.2016.1245110 [accessed 29/03/2018].

25 Posetti, J. (2010). *Aussie #Spill Breaks Down Barriers Between Journalists, Audience* PBS Mediashift, May 24th, 2010. http://mediashift.org/2010/05/aussie-spill-breaks-down-wall-between-journalists-audience144/ [accessed 29/03/2018].

26 Posetti, J. (2013). *The 'Twitterisation' of investigative journalism* in S. Tanner & N. Richardson (Eds.), Journalism Research and Investigation in a Digital World (pp. 88-100): Oxford University Press. Available at http://ro.uow.edu.au/cgi/viewcontent.cgi?article=2765&context=lhapapers

27 'ယုံကြည်မှုအခြေခံသည့် ကွန်ရက်များ' 'Trust networks' များသည် အွန်လိုင်းတွင် မိမိယုံကြည်စိတ်ချသူ အချင်းချင်းအကြား (မိသားစု/ မိတ်ဆွေအုပ်စုများ) သတင်းအချက်အလက် ဝေမျှနေသူများ စုပေါင်းထားသည့် ကွန်ရက်ဖြစ်သည်။ ကြားဝင် ထိန်းကျောင်းသူ မရှိ။ သတင်းအချက်အလက်များသည် မှန်ကန်ကြောင်း အတည်ပြုထားခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ယုံကြည်မှုအခြေခံ ကွန်ရက်မှ လာခြင်းဖြစ်ပါက မစဉ်းစားဘဲ ဝေမျှနိုင်ခြေ ပိုမိုများပြားကြောင်း သုတေသနများက ဖော်ပြထားပါသည်။

28 Freedom House (2017). *Freedom of the Net 2017: Manipulating Social Media to Undermine Democracy* Freedom House. https://freedomhouse.org/report/freedom-net/freedom-net-2017 [accessed 29/03/2018]. ထပ်မံဖတ်ရှုရန် - Cadwalladr, C. (2018). *I made Steve Bannon's Psychological Warfare Tool: Meet the data war whistleblower,* The Guardian/Observer https://www.theguardian.com/news/2018/mar/2017/ data-war-whistleblower-christopher-wylie-faceook-nix-bannon-trump [accessed 31/03/2018].

29 Kalsnes, B. & Larsson, O. A. (2017). *Understanding News Sharing Across Social Media: Detailing distribution on Facebook and Twitter* in Journalism Studies (Taylor and Francis) March, 2017. http://www.tandfonline.com/doi/abs/10.1080/1461670X.2017.1297686?scroll=top&needAccess=true&journalCode=rjos20 [accessed 29/03/2018].

ဟန်ဆောင်ထားသည့် ဝါဒဖြန့်ဗွီဒီယိုတစ်ခု သို့မဟုတ် စစ်ဆေးအတည်ပြုမှု ပျက်ကွက်ခြင်းကြောင့်ဖြစ်လာသည့် အစီရင်ခံချက် အမှားတစ်ခုကို အလုံးစုံဖယ်ရှားနိုင်မည် မဟုတ်ပါ။

- လူမှုမီဒီယာများတွင် ချက်ချင်းတင်ရန် လိုအပ်ချက်တွန်းအားကြောင့် လုပ်ကြံသတင်းနှင့် သတင်းမှား သို့မဟုတ် ရင်းမြစ်အတုအယောင်များမှ အကြောင်းအရာများကိုယူ၍ အမှုမဲ့ အမှတ်မဲ့ မျှဝေမိစေနိုင်သည်။ [30]
- လူ့အသိုင်းအဝိုင်းအတွင်းတွင် မီဒီယာနှင့် သတင်းအချက် t v u ဆိုင်ရာ တတ်ကျွမ်းနားလည်မှု နိမ့်ခြင်းနှင့် မှန်ကန်မှုကို စစ်ဆေးအတည်ပြုနိုင်သည့် စွမ်းရည်အဆင့်နိမ့်ခြင်း။ များသောအားဖြင့် လူမှုမီဒီယာ သာမန် အသုံးပြုသူများသည် အကြောင်းအရာကို မျှဝေမိ ထိုအကြောင်းအရာသည် စစ်မှန်မှု ရှိမရှိ ဆုံးဖြတ်နိုင်စွမ်း အားနည်းခြင်း။
- အထက်ဖော်ပြထားသော အရေးပေါ်ပြဿနာများကို ဖြေရှင်းရန်အကြောင်းပြပြီး တရားနည်းလမ်းမကျသော ဆင်ဆာဖြတ်မှုနှင့် ပိတ်ပင်မှုများမှတဆင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို နှိပ်ကွပ်ထိန်းချုပ်နိုင်ခြေ အန္တရာယ်။
- ဘက်လိုက်မှုများကို အတည်ပြုပြီး၊ အရည်အသွေးရှိ a o m? အတည်ပြုစစ်ဆေးပြီး a o m သတင်းအချက်အလက်များ t m; aw jr i o&r u လျော့ကျစေသော filter bubbles အင်တာနက် ပူဖောင်းများ ပေါ်ပေါက်လာမှု။
- အရည်အသွေး rjy n r သော သတင်းအတတ်ပညာကြောင့် သတင်းလုပ်ငန်းအပေါ် ပရိသတ်၏ လေးစားမှု လျော့နည်းလာပြီး၊ ဝေဖန်ထောက်ပြသူတို့၏ အသံကို ပိတ်ပင်လိုသူတို့က သတင်းမီဒီယာကို တိုက်ခိုက်မှုတို့မှာ တရားဝင်သယောင် လုပ်သင့်သယောင် ထင်မြင်လာနိုင်ခြေ အန္တရာယ်။
- သတင်းဟန်ဆောင်ထားသည့် လုပ်ကြံသတင်းနှင့် စစ်မှန်သော သတင်းများ ပရိသတ်က ရောထွေးနားလည် ယူဆနိုင်ခြေ အန္တရာယ်။ [31]
- သတင်းခန်းများသည် လုပ်ကြံသတင်းများကို ကိုင်တွယ်ဖြေရှင်း &e ပြင်ဆင်မှုအားနည်းခြင်းနှင့် ပြဿနာကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်မည့် ခေတ်မီအဆင့်မြင့်သောဗျူဟာများ u လူမှုမီဒီယာစာတည်းများက a&; q v yaq m i ရန် လိုအပ်ချက်။ [32]

## ဂ။ *လူမှုမီဒီယာလမ်းကြောင်းများ ပေါ်ပေါက်လာမှု*

ဂါဒီယန်သတင်းစာ၏ အယ်ဒီတာချုပ် ကတ်သရင်းဗင်နာက ဖေ့စ်ဘွတ်သည် စာတည်းဖြတ်သူများနေရာတွင် အယ်လ်ဂိုရစ်သမ် အလိုအလျောက် တွက်ချက်မှုများ အစားထိုးလိုက်ခြင်းဖြင့် သမိုင်းတွင် အကြွယ်ဝဆုံးနှင့် အင်အားအကြီးဆုံး ထုတ်ဝေသူ ဖြစ်လာသည်ဟု မှတ်ချက်ပြုသည်။ [33] 'လူမှုမီဒီယာများသည် အချက်အလက်မှန်ကန်မှု အတည်ပြုခြင်းနှင့် အမှားပြင်ဆင်ခြင်း စသည့် သမားရိုးကျ စာတည်းကြီးကြပ်မှု လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး တာဝန်ယူရန် တွန့်ဆုတ်နေသော်လည်း 'တံခါးမှူးအသစ်များ' အဖြစ် လက်ခံကြပြီးဖြစ်သည်။ [34] သို့ရာတွင် မီဒီယာလွတ်လပ်မှုကို ထိပါးသည်အထိ အကြောင်းအရာ အချို့ကို ဆင်ဆာပိတ်ရန် ဆုံးဖြတ်ထားချက်များလည်း ရှိနေကြသည်။' [35] လုပ်ကြံသတင်းနှင့် သတင်းမှားကို ဖြေရှင်းရန် လူမှုမီဒီယာများက အားစိုက်ထုတ်မှုများ အလျင်အမြန် ဆောင်ရွက်နေခြင်းတော့ရှိပါသည်။ သို့သော် ကမ္ဘာအဆင့်ချီ၍ ပြည့်ပြည့်စုံစုံတုံ့ပြန်ရန် တွန့်ဆုတ်နေခြင်း၊ လူမှုရေးရာနှင့် ဒီမိုကရေစီရေးရာ သက်ရောက်မှုများအတွက် ထုတ်ဝေသူပုံစံဖြင့် တာဝန်ယူရန် တွန့်ဆုတ်နေခြင်းတို့ရှိရာ လူမှုမီဒီယာများသည် 'သတင်းဖရိုဖရဲဖြစ်ခြင်း' နှင့် 'အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှုများ' အစုလိုက် ထုတ်လုပ်ရာနေရာအဖြစ် အသုံးပြုခြင်းခံရဖွယ် အနေအထားရှိပါသည်။ [36]

---

30 Posetti, J. (2009). *Rules of Engagement For Journalists on Twitter* PBS Mediashift, June 19th 2009. http://mediashift.org/2009/06/rules-of-engagement-for-journalists-on-twitter170/ [accessed 29/03/2018].

31 Nielsen, R. K. & Graves, L. (2017). "*News you don't believe": Audience Perspectives on Fake News Reuters* Institute for the Study of Journalism Factsheet (RISJ, Oxford). https://reutersinstitute.politics.ox.ac.uk/sites/default/files/2017-10/Nielsen%26Graves_factsheet_1710v3_ FINAL_download.pdf [accessed 29/03/2018].

32 Elizabeth, J. (2017) *After a Decade, It's Time to Reinvent Social Media in Newsrooms*, American Press Institute https://www.americanpressinstitute.org/publications/reports/strategy-studies/reinventing-social-media/single-page/ [accessed 29/03/2018].

33 Viner, K. (2017). *A mission for journalism in a time of crisis* The Guardian, November 17th, 2017. https://www.theguardian.com/news/2017/ nov/16/a-mission-for-journalism-in-a-time-of-crisis [accessed 29/03/2018].

34 Bell, E. & Owen, T. (2017). *The Platform Press: How Silicon Valley Reengineered Journalism* Tow Center for Digital Journalism. https://www. cjr.org/tow_center_reports/platform-press-how-silicon-valley-reengineered-journalism.php [accessed 29/03/2018].

35 Hindustan Times (2016). *Facebook Says Will Learn From Mistake Over Vietnam Photo.* http://www.hindustantimes.com/world-news/facebook-says-will-learn-from-mistake-over-vietnam-photo/story-kwmb3iX6lKgmwaIGZeKlyN.html [accessed 29/03/2018].

36 Posetti, J. (2017). *Fighting Back Against Prolific Online Harassment,* The Conversation, June 29th 2017. https://theconversation.com/fighting-back-against-prolific-online-harassment-in-the-philippines-80271 [accessed 29/03/2018].

သတင်းဖြန့်ဖြူးမှုနှင့် လုပ်ကြံသတင်းပျံ့နှံ့မှုတွင် ဖေ့စ်ဘွတ်ခ် အယ်လ်ဂရစ်သမ်၏ လုပ်ဆောင်ချက်ကို ၂၀၁၆ ခုနှစ်ကတည်းက[37] စနစ်တကျဝေဖန်စိစစ်မှုများ ရှိလာခဲ့သည်။ လူမှုမီဒီယာတွင် ကွန်ပျူတာအသုံးပြု၍ ဝါဒဖြန့်ခြင်းနယ်ပယ်နှင့် ပတ်သက်ပြီး ကန့်သတ်စိစစ်ခဲ့ကြခြင်းဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပွင့်လင်းလူမှုမီဒီယာများအပေါ် သက်ရောက်မှုများရှိခဲ့သည်။[38] ယုံကြည်စိတ်ချရသည့် တင်ဆက်ချက်များကို အမှတ်အသားပြုခြင်းနှင့် လိမ်ညာမှုများ၊ အမှားအယွင်းများ ထည့်ထားသော ပို့စ်များကို မှတ်သားဖော်ထုတ်နိုင်အောင် ဆောင်ရွက်သည့် လုပ်ရှားမှုများအပါအဝင် အခြားကနဦး လုပ်ဆောင်ချက်များကို သတင်းအဖွဲ့အစည်းများ၊ သတင်းအတတ်ပညာ ပညာရှင်များနှင့် တွဲဖက်လုပ်ဆောင်ပြီးနောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ဖေ့စ်ဘွတ်သည် ထိုလုပ်ဆောင်ချက်မှ သိသိသာသာ နောက်ဆုတ်သွားသည်။[39] ပရိသတ်ပါဝင်မှုနှင့် ပတ်သက်လျှင် ပွင့်လင်းလူမှုမီဒီယာမှ ပိုမိုတင်းကျပ် ကျဉ်းမြောင်းသော လူမှုမီဒီယာစနစ်သို့ ပြောင်းလဲမှုတစ်ရပ် ဖြစ်လာနိုင်ခြေရှိသည်။ ထိုပြောင်းလဲမှုသည် သတင်းဖြန့်ဖြူးမှုနှင့် သတင်းအတတ်ပညာ အရည်အသွေး ရေရှည်တည်တံ့မှုအပေါ် အသစ်အသစ်သော ဂယက်များ ရိုက်ခတ်နိုင်ခြေရှိသည်။ filter bubbles အင်တာနက် ပူဖောင်းသက်ရောက်မှုများနှင့် လုပ်ကြံသတင်း ပျံ့နှံ့မှုဆိုင်ရာ ထပ်တိုးအန္တရာယ်များ ဖြစ်လာနိုင်ခြေလည်းရှိပါသည်။[40] ဂူဂဲလ်၏ ရှာဖွေရေး အယ်လ်ဂရစ်သမ်များသည်လည်း 'ယုံကြည်ပြီးအကြောင်းကို ရွေးချယ်အတည်ပြုမှုကို အားပေးခြင်း' ရှိကြောင်း ၂၀၁၈ ခုနှစ် အစောပိုင်းတွင် ဝန်ခံခဲ့ရပြီး ၎င်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ဤစာအုပ်ရေးသားနေသော အချိန်တွင် ထိုပြဿနာများ ဖြေရှင်းရန် လုပ်ဆောင်နေကြောင်း ဂူဂဲလ်က ဖော်ပြခဲ့သည်။ 'ထုတ်လုပ်သူတွေက တင်ပြနေကြတဲ့ ဆီလျော်မှန်ကန်တဲ့ အမြင်ရှုထောင့်မျိုးစုံ ရှိပြီး ဒီရှုထောင့်စုံကို အသုံးပြုသူတွေ မြင်သာရန်နှင့် လက်ရောက်ရယူနိုင်ဖို့ ထောက်ပံ့ပေးလိုပါတယ်' ဟု ဂူဂဲလ်မှ ပြောကြားပါသည်။[41]

## 'သတင်းဖရိုဖရဲဖြစ်ခြင်း'က 'သတင်းအတတ်ပညာနှင့် သတင်းလုပ်ငန်းအပေါ် ကျရောက်သော'အကျိုးဆက်များ

- မတိကျသော၊ လုပ်ကြံထားသော၊ အထင်မှားစေသော သတင်းများကို မျှဝေသည့် သတင်းအမှတ်တံဆိပ်များ၊ တစ်သီးပုဂ္ဂလ သတင်းသမားများနှင့် သတင်းအတတ်ပညာအပေါ် ယုံကြည်မှု ဆုတ်ယုတ်လာခြင်း။
- လုပ်ကြံသတင်းနှင့် အရည်အသွေးရှိရှိ သတင်းတင်ဆက်ခြင်းတို့ တစ်တန်းတည်း ကျရောက်လာခြင်း။ ငွေပေးကြော်ငြာကို ကြော်ငြာဟု သေချာအမည်မတပ်ဘဲ သတင်းယောင်ယောင်နှင့် တင်ဆက်သောကြောင့် ယေဘုယျအားဖြင့် ယုံကြည်မှုလျော့ကျလာခြင်း။
- သတင်းအတတ်ပညာ စီးပွားရေးလုပ်ငန်းပုံစံအပေါ် ဖိအားပိုများလာခြင်း – ပရိသတ်များသည် မိမိတို့က ယုံကြည် စိတ်ချရသည့်အပြင် လူထုအကျိုးစီးပွားအတွက် အရေးပါသော သတင်းများရရန် မျှော်လင့်ပြီး သတင်းမီဒီယာကို အားကိုးတော့မည်မဟုတ်ပါ။ သို့ရာတွင် ရေရှည်တည်တံ့သည့် သတင်းလုပ်ငန်းပုံစံတိုင်းကို တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အမှတ်တံဆိပ်အပေါ် စွဲစွဲမြဲမြဲအားပေးမှုရှိစေရန် အထက်ပါ ယုံကြည်အားကိုးမှုမျိုးကို လိုအပ်ပါသည်။
- (စုံစမ်းထောက်လှမ်းရေး သတင်းအတတ်ပညာမှတဆင့်) တာဝန်ခံမှုရှိစေရေး တိုက်တွန်းပေးသော အကျိုးဆောင်များ အဖြစ် သတင်းသမားများက ဆောင်ရွက်ရသည့် အခန်းကဏ္ဍ အားနည်းလာခြင်းနှင့် လူ့အဖွဲ့အစည်းတွင် တာဝန်ခံမှု ယေဘုယျအားဖြင့် လျော့ကျလာနိုင်ခြင်း။
- ပုံနှိပ်လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်များကို လျော့နည်းစေသည့် ပိတ်ဆို့တားမြစ်မှုများ

37 Finkel, Casey & Mazur (2018). op cit

38 Grimme, C., Preuss, M., Adam, L., & Trautmann, H. (2017). *Social Bots: Human-Like by Means of Human Control?*. Big Data 5(4) http://comprop.oii.ox.ac.uk/publishing/academic-articles/social-bots-human-like-by-means-of-human-control/ [accessed 29/03/2018].

39 Wang, S., Schmidt, C. & Hazard, O. L. (2018). Publishers claim they're taking Facebook's newsfeed changes in their stride - is the bloodletting still to come? NiemanLab. http://www.niemanlab.org/2018/01/publishers-claim-theyre-taking-facebooks-news-feed-changes-in-stride-is-the-bloodletting-still-to-come/ [accessed 29/03/2018].

40 Alaphillippe, A. (2018). *Facebook's Newsfeed Changes Are Probably Going to be Great for Fake News*, The Next Web. https://thenextweb.com/contributors/2018/01/2018/facebooks-news-feed-changes-probably-going-great-fake-news/ [accessed 29/03/2018].

41 Hao, K. (2018). *Google is finally admitting it has a filter bubble problem*, Quartz. https://qz.com/1194566/google-is-finally-admitting-it-has-a-filter-bubble-problem/ [accessed 29/03/2018].

ဆောင်ရွက်လာခြင်း ('သတင်းတု' ကို သုတ်သင်ရန် မဖြစ်မနေလုပ်ရကြောင်း အကြောင်းပြလျှက်) အင်တာနက် ပိတ်ဆို့မှုများ၊ လူမှုမီဒီယာကို ပိတ်ဆို့မှုနှင့် ဆင်ဆာဖြတ်မှု။

- သတင်းသမားများ (အထူးသဖြင့် အမျိုးသမီးသတင်းသမားများ) ကို ဦးတည်ပစ်မှတ်ထားသည့် မသမာသော သဘောဖြင့် အွန်လိုင်းတိုက်ခိုက်မှုများ။ ဝေဖန်ထောက်ပြမှုပါသည့် သတင်းတင်ဆက်ချက်ကို အယုံအကြည်မဲ့စေရန်၊သတင်းသမားများ လုပ်ကြံသတင်းနှင့် သတင်းမှားများ ဖြန့်ချိမိအောင် တမင်ချောက်တွန်းရန် ကြိုးပမ်းမှုများ။[42]

## ပေါ်ပေါက်လာသော လုပ်ငန်းခွင် လုပ်ထုံးလုပ်နည်းများ – သတင်းအဖွဲ့အစည်းများက 'သတင်းတု'အကြောင်း တင်ဆက်ပုံနှင့် 'သတင်းဖရိုဖရဲဖြစ်ခြင်း'ကို တုံ့ပြန်ပုံ

အထက်တွင်ဖော်ပြထားသည့် ပြဿနာများနှင့် စိန်ခေါ်မှုများကြောင့် လိုအပ်လာသည့်အရာများမှာ – ပညာရှင်ဆန်သော သတိဝီရိယရှိမှု၊ ကျင့်ဝတ်လိုက်နာမှု၊ သတင်း tcsu tvuနှင့် owi;ရင်းမြစ်များ နှစ်ခုလုံးအတွက် pEe;jrirm;aom owi;a&;om;azmjyrEi (tjcm;olrsm;နှင့် ပူးပေါင်း vyaqmiaom tcsutvuppaq;rtyg t0i) tcsutvuppaq;twnjyKr? သွက်လက်မြန်ဆန်သော ချေဖျက်ဖြေရှင်းမှုEi တီထွင်ဆန်းသစ်သည့် သတင်းတင်ဆက်မှုတို့ jzpပါသည်။

အောက်ပါတို့မှာ သတင်းအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ သတင်းထောက်များက ဇာတ်ကြောင်းများကို တင်ဆက်ရန်၊ ပရိသတ်များ သတင်းအတတ်ပညာဆိုင်ရာ အခြေခံနားလည်မှု ရှိလာကြစေရန်နှင့် လုပ်ကြံသတင်းများကို တုံ့ပြန်ရန် အားထုတ်မှုနမူနာအချို့ဖြစ်သည်။

- လုပ်ကြံသတင်းများကို တုံ့ပြန်ရန် ဂါဒီယန် သတင်းစာက အင်စတာဂရမ် တင်ဆက်ချက်များသုံး၍ ဆောင်ရွက်ခြင်း။ လူငယ်များ စိတ်ဝင်စားမှုရှိစေမည့် ဗွီဒီယိုများ တင်ဆက်ခြင်း။ https://www.instagram.com/p/BRd25kQBb5N/(ဂါဒီယန်၏ သတင်းတု ပဟေဠိ ကစားနည်းကိုလည်းကြည့်ပါ။) https://www.theguardian.com/theguardian/2016/dec/28/ can-you-spot-the-real-fake-news-story-quiz)

- ဖိလစ်ပိုင်၏ ဒီမိုကရေစီကို ထိခိုက်စေသည့် ဝါဒဖြန့် အကောင့်တုကွန်ရက်ကြီး ဖော်ထုတ်လိုက်နိုင်သည့် Rappler ၏ စုံစမ်းဖော်ထုတ်မှု သတင်းအတတ်ပညာနှင့် အချက်အလက် ခွဲခြမ်းစိတ်ဖြာမှု နည်းလမ်းများ https://www.rappler.com/ nation/148007-propaganda-war-weaponizing-internet

- နယူးယောက် တိုင်းမ် သတင်းစာက သာဓက လေ့လာချက် နည်းလမ်းအသုံးပြု၍ အားကောင်းစွာ သတင်းရှင်းလင်းတင်ဆက်ပုံ – https://www.nytimes.com/2016/11/20/business/ media/how-fake-news-spreads.html

- ကိုလံဘီယာ သတင်းဆန်းစစ်ချက် အဖွဲ့က ဤပြဿနာအပေါ် ခွဲခြမ်းစိတ်ဖြာမည်ဟု ကတိကဝတ် – https://www.cjr.org/analysis/how_fake_news_sites_frequently_ trick_big-time_journalists.php

- ရာသီဥတုပြောင်းလဲမှု ငြင်းဆိုရေး ဝါဒီများကို ပြန်လည်စိန်ခေါ်ရာတွင် သတင်းသမားများအတွက် ဩစတြေးလျ ဂါဒီယန်၏ လမ်းညွှန်ချက်များ – https://www.theguardian.com/environment/planet-oz/2016/nov/08/ tough-choices-for-the-media-when-climate-science-deniers-are-elected

- ၂၀၁၇ ရွေးကောက်ပွဲကာလများတွင် ဂျပန်မှ သတင်းသမားများနှင့် ပညာရှင်များ ပူးပေါင်းထားပြီး ၄င်းခုနှစ်အတွင်း ပြင်သစ်တွင် အောင်မြင်ခဲ့သော Cross check ၏ ရွေးကောက်ပွဲစောင့်ကြည့်ရေး စီမံကိန်းမှ အခြေခံမူသဘောင်များကို ပွားယူအသုံးချထားသည့် အမှားချေဖျက်ရှင်းလင်းရေး ပူးပေါင်းမှု – http:// www.niemanlab.org/2017/10/a-snap-election-and-global-worries-over-fake-news-spur-fact-checking-collaborations-in-japan/

42 မော်ဂျူး ၇ တွင် အသေးစိတ် ခွဲခြမ်းစိတ်ဖြာချက်များ ပါဝင်သည်။

- အမေရိကတွင် Electionland သည် သတင်းအတတ်ပညာ သင်ကြားလေ့ကျင့်သူများနှင့် ကျောင်းသားများ အကြား ပူးပေါင်းမှု ပါဝင်သော စိတ်ဝင်စားဖွယ် နမူနာတစ်ရပ်ဖြစ်ပါသည်။ https://projects.propublica.org/ electionland/ [43]

- Cambridge Analytica အရှုပ်တော်ပုံအကြောင်း ကမ္ဘာ့အနှံ့ စုံစမ်းဖော်ထုတ်တင်ဆက်ချက် (The Observer & The Guardian, Channel 4 News နှင့် The New York Times ဟူသည့် သတင်းဌာနကြီးများ ပူးပေါင်းဖော်ထုတ်မှုဖြစ်သည်။) ဇောက်စ် မီဒီယာက ရှုပ်ထွေးခက်ခဲသော သတင်းများကို ပရိသတ်များ၏ ဗဟုသုတ ရင့်သန်ရေး ဦးတည်ပြီး တင်ဆက်ပုံမှာလည်း မှတ်သားဖွယ်ဖြစ်ပါသည်။ a. https://www.vox.com/ policy-and-politics/2018/3/21/2017141428/cambridge-analytica-trump-russia-mueller b. https://www.vox.com/policy-and-politics/2018/3/23/2017151916/ facebook-cambridge-analytica-trump-diagram

- *The Quint* ၏ အိန္ဒိယမှ whatsapp တွင် လုပ်ကြံသတင်းပျံ့နှံ့မှုကို ကိုင်တွယ်ရန် ပရိသတ်အားကို သုံးခြင်းနှင့် အက်ပ်ပေါ်တွင် အချက်အလက် မှန်ကန်မှု စစ်ဆေးပြီးသား အကြောင်းအရာများကို စုစည်းခြင်း နည်းလမ်းများ – https://www.thequint.com/neon/satire/ whatsapp-indian-elections-and-fake-propaganda-satire [44]

သင်ယူသူများ၏ ဒေသတွင်း သာဓကများ၊ ကိုယ်ပိုင်ဘာသာစကားများဖြင့် ရေးထားသော အခြားဥပမာများ ထပ်ပေါင်းထည့်ရန် သင်ကြားပို့ချသူများကို အကြံပြုအပ်ပါသည်။

'သတင်းတု' များလာသော ခေတ်တွင် ပါမောက္ခ ချာလီ ဘတ်ကတ် ပြောဆိုထောက်ပြခဲ့သည့် ကျင့်ဝတ်နှင့်ညီသော သတင်းအတတ်ပညာ အလေ့အထကို အဆင့်မြှင့်တင်ပေးသည့် ဗျူဟာများမှာလည်း တန်ဖိုးရှိလှသည်။ သတင်းသမားများသည် အောက်ပါတို့ လုပ်ဆောင်သင့်ကြောင်း ပြောထားသည်။

- ချိတ်ဆက်ပါ – လမ်းကြောင်း ^yv uazmi;များအားလုံးပေါ်တွင် ဆက်သွယ်ရလွယ်အောင် ရှိနေပါ။ [45]
- စုဆောင်းပါ – တင်ဆက်ချက်ကောင်း မည်သည့်နေရာတွင်ရှိစေကာမူ အသုံးပြုသူများ ရှာတွေ့နိုင်ရန် ကူညီပါ။
- ကျိုးကြောင်းဆက်စပ်မှု ရှိပါစေ – အသုံးပြုသူများ၏ ဘာသာစကားကို အသုံးပြုပြီး ဆန်းသစ်မှုရှိစွာ 'နားထောင်ပါ။'
- ကျွမ်းကျင်မှုရှိပါ – တန်ဖိုးပိုမြင့်လာပါစေ။ ထိုးထွင်းသိမြင်ဉာဏ်၊ အတွေ့အကြုံ၊ အခင်းအကျင်းတို့ကို ပေါင်းစပ်တင်ပြပါ။
- မှန်ကန်မှုရှိပါ – အချက်လက်စစ်ဆေးခြင်း၊ ချိန်ညှိခြင်း၊ တိကျစေ့စပ်မှုရှိခြင်း။
- လူသားဆန်ပါ – ကိုယ်ချင်းစာမှု၊ ကွဲပြားစုံလင်မှုကို ပြသပါ၊ အပြုသဘောဆောင်ပါ။
- ပွင့်လင်းမြင်သာမှုရှိပါ – ရင်းမြစ်များကို ပြသပါ၊ တာဝန်ခံမှုရှိပါ၊ ဝေဖန်သုံးသပ်မှုကို ခွင့်ပြုပါ။ [46]

---

43 စာတည်းမှတ်ချက် – CrossCheck နှင့် Electionland တို့သည် ရွေးကောက်ပွဲကာလတွင် ပေါ်ပေါက်လေ့ရှိသော လုပ်ကြံသတင်းများကို တန်ပြန်တိုက်ဖျက်ရန် ပူးပေါင်းဆောင်ရွက်သော ရှေ့ဆောင်ဆန်းသစ်လုပ်ငန်းများဖြစ်သည်။ ထိုကဲ့သို့သော 'ရုတ်တရက် ပေါ်ပေါက်သော' ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တန်ဖိုးရှိသော ဖြစ်စဉ်များပင်။ အချက်အလက် စစ်ဆေးသော လုပ်ထုံးလုပ်နည်း/ အဖွဲ့အစည်းများ မရှိသောအချိန် အားနည်းသော အချိန်တို့တွင် အထူးသဖြင့် အရေးပါလာသော လုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။

44 Note: For research examining the role of chat apps in disinformation distribution See Bradshaw, S & Howard, P. (2018). *Challenging Truth and Trust: A Global Inventory of Organized Social Media Manipulation.* Working Paper 2018.1. Oxford, UK: Project on Computational Propaganda: http://comprop.oii.ox.ac.uk/wp-content/uploads/sites/93/2018/07/ct2018.pdf [accessed20/8/18].

45 မှတ်ချက်။ သတင်းသမားများသည် အဆိုပါ လမ်းကြောင်းအားလုံးကို တစ်ဦးတည်းက တစ်ပြိုင်တည်း အသုံးမပြုနိုင်ဟူသည့်အချက်ကို နားလည်ပါသည်။ သို့ရာတွင် သတင်းခန်းများအနေနှင့် နာမည်ကြီး မီဒီယာများဖြစ်သော တွစ်တာ၊ ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်တို့အပြင် အခြား ဩဇာမကြီးသေးသော မီဒီယာ လမ်းကြောင်း တစ်ခုစီကို သတင်းသမား တစ်ဦးစီက ခွဲဝေတာဝန်ယူစောင့်ကြည့်ရန် တာဝန်ပေးလျှင်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်။

46 Beckett, C. (2017). op cit

## မော်ဂျူးရည်ရွယ်ချက်များ

- တစ်ဖက်တွင် သတင်းလုပ်ငန်းကို အားနည်းစေသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းအရင်းများနှင့် အခြားတစ်ဖက်တွင် လုပ်ကြံသတင်းနှင့် သတင်းမှား၏ တွန်းအားများကို သင်တန်းသားများ နားလည်စေရန်။
- သင်တန်းသားများက 'သတင်းဖရိုဖရဲဖြစ်ခြင်း' ဖြစ်စဉ်အပေါ် သတင်းလုပ်ငန်း၏ တုံ့ပြန်မှုများကို ဝေဖန်သုံးသပ် ခွဲခြမ်းစဉ်းစားတတ်အောင် ကူညီပေးရန်။
- လုပ်ကြံသတင်း အကျပ်အတည်း ကြာရှည်နေမှုနှင့် ဖွံ့ဖြိုးရေးလမ်းစဉ်များ၏ကဏ္ဍကို နားလည်ပြီး ဝေဖန်သုံးသပ်တတ်ရန်။
- သတင်းသမားများကြားရှိ အလေ့အထကောင်း ပေါ်ပေါက်လာမှုနှင့် သတင်းအဖွဲ့အစည်းများက အခက်အခဲများအပေါ် ထိရောက်စွာ တုံ့ပြန်ပုံတို့မှတဆင့် သင်ခန်းစာယူတတ်ရန်။

## သင်ယူမှုရလဒ်များ

ဤမော်ဂျူးအဆုံးတွင် တက်ရောက်သူများသည် အောက်ပါတို့ကို ဆောင်ရွက်တတ်သွားမည်။

၁။ သတင်းအစီရင်ခံခြင်းနှင့် သတင်းမှား ဖြန့်ဖြူးခြင်းတွင် သတင်းမီဒီယာ လုပ်ဆောင်မှု၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းအရင်းများနှင့် ကျယ်ပြန့်သော အကျိုးဆက်များကို ဝေဖန်သုံးသပ်ဆန်းစစ်တတ်ခြင်း။

၂။ သတင်းအဖြစ် တင်ပြထားသော လုပ်ကြံသတင်းများနှင့် သတင်းမှား အလျင်အမြန် ပျံ့နှံ့စေသည့်ဖြစ်ရပ်တွင် နည်းပညာနှင့် 'တံခါးမျိုးများ' ၏ အခန်းကဏ္ဍကို နားလည်ပြီး ဝေဖန်သုံးသပ်တတ်ခြင်း။

၃။ လုပ်ကြံသတင်း ဖော်ထုတ်ခြင်းနှင့် တိုက်ဖျက်ခြင်းဆိုင်ရာ သတင်းလုပ်ငန်း လုပ်ထုံးလုပ်နည်းကောင်းများကို ဖော်ထုတ်သိရှိတတ်ခြင်း။

## မော်ဂျူးဖွဲ့စည်းတည်ဆောက်ပုံ

ဤမော်ဂျူးသည် လူတွေ့စာသင်ခန်း သို့မဟုတ် အွန်လိုင်းမှတဆင့် ပို့ချရန် စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းကို သဘောတရားပိုင်းနှင့် လက်တွေ့နှစ်ပိုင်းခွဲထားသည်။

### သင်ယူမှုရလဒ်များကို အစီအစဉ်များနှင့် ချိတ်ဆက်ခြင်း

*က။ သဘောတရားပိုင်း*

| မော်ဂျူးအစီအစဉ် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
|---|---|---|
| အပြန်အလှန် ဆွေးနွေးမှုရှိသော ပို့ချမှုနှင့် အမေးအဖြေချိန်ကို သမားရိုးကျ သင်တန်းပုံစံဖြင့်ဖြစ်စေ၊ အဝေးရောက်ပါဝင်မှု လုပ်ဆောင်ချက်ပါသော ဝက်ဘ်ဆိုက် တစ်ခုခုမှဖြစ်စေ ပို့ချနိုင်သည်။<br>ပို့ချချက်ကို အထက်တွင်ပေးထားသည့် ဥပမာများနှင့် သီအိုရီမှ ထုတ်ယူအသုံးပြုနိုင်သည်။<br>သို့သော်လည်း ဤမော်ဂျူးကို ပို့ချရာတွင် ယဉ်ကျေးမှုအရ ကာလံဒေသံအရ ဆီလျော် သက်ဆိုင်မှုရှိသော ဖြစ်ရပ်လေ့လာချက်များကို ထည့်သွင်းပို့ချရန် အကြံပြုလိုပါသည်။<br>သင်ယူမှုရလဒ်များ ထိရောက်ရန် သတင်းသမားများ၊ တည်းဖြတ်သူများနှင့် ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ကျွမ်းကျင်ပညာရှင် ဆွေးနွေးပွဲများ ပြုလုပ်ပေးလျှင် ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများ၏ တိုက်ရိုက်တုံ့ပြန်မှုရရှိရန် မေးခွန်း အမေးအဖြေအပိုင်းကို ပို့ချသူ/ ဆရာ/ နည်းပြက ပံ့ပိုးကူညီရပါမည်။ | မိနစ် ၆၀–၉၀ | ၁၊ ၂၊ ၃ |

ခ။ လက်တွေ့

| မော်ဂျူးအစီအစဉ် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
| --- | --- | --- |
| အလုပ်ရုံဆွေးနွေးပွဲ/ လက်တွေ့လုပ်ငန်းစဉ် (မိနစ် ၉၀) – လုပ်ရိုးလုပ်စဉ်အတိုင်း လူတွေ့စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည်။ Moodle သင်ကြားသင်ယူမှု ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်ခ်အဖွဲ့၊ သို့မဟုတ် အခြားသော အဝေးရောက် သင်ယူပါဝင်မှုပြုနိုင်သော လုပ်ဆောင်ချက်ပါသည့် ဝန်ဆောင်မှု တစ်စုံတစ်ရာကို အသုံးပြုနိုင်သည်။ အလုပ်ရုံဆွေးနွေးပွဲ/ လက်တွေ့လုပ်ငန်းစဉ်ကို အောက်ပါ တည်ဆောက်ပုံအတိုင်း ဆောင်ရွက်နိုင်ပါသည်။<br>ပါဝင်တက်ရောက်သူများကို ၃–၅ ယောက်ပါ အုပ်စုများဖွဲ့နိုင်သည်။ တစ်ဖွဲ့စီတိုင်းကို အောက်ပါအတိုင်း တာဝန်ပေးနိုင်သည်။<br>၁။ သတင်းအဖွဲ့အစည်းက သတင်းမှားနှင့် လုပ်ကြံသတင်း မတော်တဆ ဖြန့်ဖြူးသလိုဖြစ်သွားသော တင်ဆက်ချက်တစ်ခု၊ သို့မဟုတ် သာမန်တင်ဆက်ချက်တစ်ခုကို လေ့လာရန်ပေးပါ။<br>၂။ သတင်းအချက်အလက်နှင့် မမှန်ကန်သော အစီရင်ခံချက် အခြေအနေ (ဥပမာ – ကြားဖြတ်သတင်း ဖြစ်ပါသလား) ၏ မူလအရင်းခံများကို ရှာဖွေပြီး အတူတူ ပူးပေါင်းဆန်းစစ် စစ်ဆေးရမည်။ ထိုဖြစ်ရပ်အခြေအနေ (လူမှုမီဒီယာ လမ်းကြောင်းများ၏ အခန်းကဏ္ဍနှင့် လက်ရှိသတင်းလုပ်ငန်းများ သေးငယ်လာခြင်းကဲ့သို့ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းအရင်းများကိုပါ ထည့်သွင်းစဉ်းစားခြင်းအားဖြင့်) ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းများကို ဆွေးနွေးပါ။ လုပ်ကြံသတင်းများ၏ လိမ်ညာခံရဖူးသည့် ကိုယ်ပိုင်အတွေ့အကြုံများကို ဆွေးနွေးပါ။<br>၃။ အဆိုပါ ထုတ်ဝေမှုနောက်ကွယ်မှ ဖြစ်နိုင်ခြေအကြောင်းအရင်းများနှင့် သတင်းမှားများ ထုတ်လုပ်မှုကို ကာကွယ်နိုင်ရန် သတင်းသမားများ သို့မဟုတ် သတင်းအဖွဲ့အစည်းများက ယခုနှင့်မတူ ကွဲပြားစွာ လုပ်ဆောင်သင့်သည့် အရာသုံးခုကို ဖော်ထုတ်ပါ။ ၄င်းတို့ကို (အင်္ဂလိပ်လိုစာလုံး ၂၅၀။ မြန်မာလို တစ်မျက်နှာခန့်) ရှိသည့် သုံးသပ်ချက်တစ်ရပ် အနှစ်ချုပ်ရေးသားပါ။ | မိနစ် ၉၀–၁၂၀ | ၁၊ ၂၊ ၃၊ ၄ |

## အကြံပြုထားသော လေ့ကျင့်ခန်းများ

ဖြစ်ရပ်လေ့လာချက် အစီရင်ခံစာတစ်စောင် (အင်္ဂလိပ်လိုစာလုံးရေ ၂၀၀၀ သို့မဟုတ် မြန်မာလို စာမျက်နှာ ၄ မျက်နှာခန့်)။ လုပ်ကြံသတင်းကို ဖြန့်ဖြူးခြင်းဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းဖြစ်စေ လုပ်ဆောင်သော သတင်းအဖွဲ့အစည်းတစ်ခု၏ အကြောင်း ပါဝင်သော ဖြစ်ရပ်လေ့လာချက်သုံးခု (မိမိနိုင်ငံ၊ ဒေသမှ ဖြစ်ရပ်တစ်ခုအပါအဝင်) ကို ရှာဖွေဖော်ထုတ်ပါ။ ဥပမာတစ်ခုစီ (သတင်းမှား/ လုပ်ကြံသတင်း ထုတ်လုပ်မှု၏ အကြောင်းအရင်းများနှင့် အကျိုးဆက်များကို ဆွေးနွေးခြင်း) ကို တိုက်ဆိုင် စိစစ်ပြီး ဖြစ်ရပ်လေ့လာချက်တစ်ခုစီမှ သင်ခန်းစာများ မည်သို့ရရှိကြောင်း ထည့်သွင်းရေးသားပါ။ (မှတ်ချက် – ပါဝင် တက်ရောက်သူများသည် အလုပ်ရုံဆွေးနွေးပွဲအတွင်း အသုံးပြုရန် ဤမော်ဂျူးတွင် ပေးထားသော ဥပမာများမဟုတ်ဘဲ လတ်တလော ပူပူနွေးနွေး ဥပမာများကို ရွေးချယ်သင့်သည်)။

# ဆက်လက်ဖတ်ရှုရန်


Bakir, V. & McStay, A. (2017). *Fake News and the Economy of Emotions* in Digital Journalism (Taylor and Francis). http://www.tandfonline.com/doi/abs/10.1080/21670811.2017.1345645 [accessed 29/03/2018].

Bell, E. & Owen, T. (2017). *The Platform Press: How Silicon Valley Reengineered* Journalism Tow Center for Digital Journalism, March 29th, 2017. https://www.cjr.org/ tow_center_reports/platform-press-how-silicon-valley-reengineered-Journalism.php [accessed 29/03/ 2018].

Ireton, C. (Ed) (2016). *Trends in Newsrooms 2016* (WAN-IFRA, Paris). http://www.wan-ifra.org/sites/default/files/field_media_image_file_attach/WAN-IFRA_Trends_Newsrooms_2016.pdf [accessed 29/03/2018].

Kalsnes, B. & Larsson, O. A. (2017). *Understanding News Sharing Across Social Media: Detailing distribution on Facebook and Twitter* in Journalism Studies (Taylor and Francis). http://www.tandfonline.com/doi/ abs/10.1080/1461670X.2017.1297686?scroll=top&need Access=true& journalCode=rjos20 [accessed 29/03/2018].

Nielsen, R. K. (2012). *The Ten Years That Shook the Media World: Big Questions and Big Trends in International Media Developments* (Reuters Institute for the Study of Journalism, Oxford). https://reutersinstitute.politics.ox.ac.uk/sites/default/files/2017-09/ Nielsen%20-%20Ten%20Years%20that%20Shook%20the%20Media_O.pdf [accessed 29/03/2018].

McChesney, W. & Picard, V. (Eds) (2011). *Will the Last Reporter Please Turn Out the Lights: The Collapse of Journalism and What Can Be Done to Fix it.* The New Press, New York.

Mitchell, A., Holcomb, J. & Weisel, R. (2016). *State of the News Media* Pew Research Centre. http://assets.pewresearch.org/wp-content/uploads/sites/13/2016/06/30143308/ state-of-the-news-media-report-2016-final.pdf [accessed 29/03/2018].

Posetti, J. (2009). *Transforming Journalism ...140 Characters at a Time* Rhodes Journalism Review 29, http://www.rjr.ru.ac.za/rjrpdf/rjr_no29/Transforming_Journ.pdf [accessed 29/03/2018].

Posetti, J. (2013). *The 'Twitterisation' of investigative* Journalism in S. Tanner & N. Richardson (Eds.), Journalism Research and Investigation in a Digital World (pp. 88-100): Oxford University Press, Melbourne. http://ro.uow.edu.au/cgi/viewcontent.cgi?article= 2765&context=lhapapers [accessed 20/03/2018].

Posetti, J. & Silverman, C. (2014). *When Good People Share Bad Things: The Basics of Social Media Verification* in Posetti (Ed) Trends in Newsrooms 2014 (WAN-IFRA, Paris). http://www.wan-ifra.org/sites/default/files/field_media_image_file_attach/WAN-IFRA_Trends_Newsrooms_2014.pdf [accessed 29/03/2018].

Posetti, J. (Ed) (2015). *Trends in Newsrooms* 2015 (WAN-IFRA, Paris). http://www.wan-ifra.org/sites/default/files/field_media_image_file_attach/WAN-IFRA_Trends_Newsrooms_2015.pdf, (See also Trends in Newsrooms 2014) [accessed 29/03/2018].

RISJ (2018). *Digital News Report 2018* (University of Oxford). http://media. digitalnewsreport. org/wp-content/uploads/2018/06/digital-news-report-2018. pdf?x89475 [accessed 29/06/ 2018].

Silverman, C. (2015). *Lies, Damn Lies and Viral Content.* Tow Center for Digital Journalism http://towcenter.org/wp-content/uploads/2015/02/LiesDamnLies_ Silverman_ TowCenter.pdf [accessed 29/03/2018].

Society of Climate Change Reporters (2016). *Climate Change: A Guide to Information and Disinformation* http://www.sej.org/initiatives/climate-change/overview [accessed 29/03/ 2018].

UNESCO (2017). *States and journalists can take steps to counter 'fake news'*. https:// en.unesco.org/news/states-and-journalists-can-take-steps-counter-fake-new [accessed 29/03/2018].

# မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုဖြင့် သတင်းမှားများကို တိုက်ဖျက်ခြင်း

*မက်ဂ်ဒါ အဘူဖဒီလ် (Magda Abu-Fadil)*

# မော်ဂျူး ၄

## အနှစ်ချုပ်

ဤမော်ဂျူးတွင် ပါဝင်တက်ရောက်သူများသည် တိုက်ရိုက်ပေးသော သတင်းအချက်အလက်များနှင့် မသိစိတ်ဖြင့် သွယ်ဝိုက်သတိပြုမိစေသော သတင်းတင်ဆက်ချက်များရှိ 'သတင်းဖရိုဖရဲဖြစ်မှု' ကို သတိထားနားလည်မိစေသည့် နည်းလမ်းတစ်ခုဖြစ်သော 'မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ Oem;vnမှု'[1] ဟူသည့် အယူအဆကို လေ့လာရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် သတင်းအချက်အလက်ဆိုင်ရာ နယ်ပယ်အောက်တွင်ပါသော မီဒီယာဟူသည့် နယ်ပယ်ခွဲနှင့် ပတ်သက်ပြီး အပြန်အလှန်ဆက်နွှယ်သော ကျွမ်းကျင်မှုများကိုညွှန်းဆိုရန် ယူနက်စကိုသည် 'မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ Oem;vnမှု' MIL ကို အသုံးပြုသည်။ ၄င်း;တွင် လူ့အခွင့်အရေးဆိုင် Oနားလည်မှု (အထူးသဖြင့် သတင်းအချက်အလက် ရှာဖွေခွင့်၊ ရရှိခွင့်နှင့် ထင်မြင်ချက်ပေးနိုင်ခွင့်စသည့် လွတ်လပ်စွာထုတ်ဖော်ajymqခွင့် အခွင့်အရေးများအကြောင်း)၊ သတင်းဆိုင်ရာ Oနားလည်မှု (သတင်းအတတ်ပညာဆိုင်ရာ စံနှုန်းများနှင့် ကျင့်ဝတ်များအပါအဝင်)၊ ကြော်ငြာဆိုင်ရာ Oနားလည်မှု၊ ကွန်ပျူတာဆိုင်ရာ Oနားလည်မှု၊ 'အာရုံစိုက်မှု qi&m&ီးပွားရေး'(attention economy) Uနားလည်မှု၊ ယဉ်ကျေးမrsm;tciji;ciji;ဆက်နွှယ်မှုဆိုင်ရာ Oနားလည်မှု?wu, a&အချက်အလက်များ သိမ်းဆည်းခြင်းဆိုင်ရာ Oနားလည်မှု စသည်တို့ ပါဝင်သည်။ တစ်ဦးချင်း ဝိသေသလက္ခဏာရပ်နှင့် လူမှုရေး ဖွံ့ဖြိုးမှုများအကြား အပြန်အလှန် ဆက်နွှယ်မှုတို့ကို နားလည်ခြင်းတို့လည်း ပါဝင်သည်။ MIL သည် မရှိမဖြစ်လိုအပ်သော ဘဝတွက်တာကျွမ်းကျင်မှုတစ်ခုဖြစ်လာသည်။ တစ်စုံတစ်ဦး၏ ဝိသေသလက္ခဏာရပ်ကို ပူးတွဲပုံဖော်နေကြောင်း သိခြင်း၊ သတင်းအချက်အလက်မြူarmi twi; z;u , xm;aomaxmiacsmurm;u a&miuui;om;Eijci;တို့ ပါဝင်ပါသည်။ သတင်းအချက်အလက်ကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ရှာဖွေတွေ့ရှိခြင်း၊ ဝေဖန်သုံးသပ်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း၊ မိမိကိုယ်ကိုယ် နားလည်ခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းရှိ အခြားသူများကို နားလည်ခြင်းတို့ကို MIL က ထောက်ပံ့ပေးပါသည်။

သတင်းဆိုင်ရ Oနားလည်မှုသည် သတင်း၏ ဘာသာစကားနှင့် အစဉ်အလာကို အနုပညာအမျိုးအစားတစ်ခုအလားနားလည်စေရန်နှင့် ထိုအစိတ်အပိုင်းများကို မသမာသော ရည်ရွယ်ချက်များအတွက် အသုံးပြုမှုလာပါကလည်း သတိပြုမိစေသည့် တတ်ကျွမ်းမှုတစ်ခုဖြစ်သည်။ သို့သော်လည်း ဤအခြေခံ Oနားလည်မှု သက်သက်က သတင်းအရေခြုံထားသည့် လုပ်ကြံ သတင်းများကို ကြံ့ကြံ့ခံနိုင်သည့် ခုခံနိုင်ရည် r&နိုင်သေးပေ။ အဘယ့်ကြောင့်ဆိုသော် လူသားတို့သည် ဦးနှောက်နှင့်ရော နှလုံးသားနှင့်ပါ ဆက်သွယ်ကြသောကြောင့်ပင်။ တစ်ဦးချင်းကြားတွင် သတင်းများကို တုံ့ပြန်ပုံနှင့် သတင်းအမျိုးအစား မည်သို့ပင်ရှိစေကာမူ မိမိတို့ နဂိုစိတ်အခံဖြင့် ယုံခြင်း မယုံခြင်းတို့ မည်သို့ဖြစ်ပေါ်ကြောင်း သိနားလည်မှု မြှင့်တင်ခြင်းသည်လည်း MIL တွင် ပါဝင်ရန်လိုအပ်သည်။

MIL သည် အခြေခံအားဖြင့် လူတစ်ဦးချင်းကို မိမိတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများ၊ မိမိတို့ မည်သူဖြစ်ကြောင်း၊ မိမိတို့ မည်သို့ဖြစ်လာနိုင်ကြောင်း? သတင်းများနှင့် ချိတ်ဆက်မှုကို မည်သို့သက်ရောက်နိုင်ကြောင်းနှင့် အခြားဆက်သွယ်မှု အမျိုးအစားများအပေါ် ထိုးထွင်းသိမြင်နိုင်စွမ်းများပေးသင့်သည်။ ဤမော်ဂျူးသည် တက်ရောက်သူများကို သတင်းအတတ်ပညာနှင့် သတင်းအတတ်ပညာအယောင်ဆောင်သော သတင်းအချက်အလက်ကို သတိပြုမိစေရန်နှင့် ခွဲခြားတတ် စေရန် ကူညီပေးသည်။ ထိုကဲ့သို့ လုပ်ပိုင်ခွင့်ပေးခြင်းသည် တစ်ဦးချင်းကို မိမိတို့၏ ဝိသေသလက္ခဏာရပ်များနှင့် ပတ်သက်ပြီး မိမိကိုယ်ကိုယ် ကျွမ်းကျင်စွာ သိနားလည်လာရန်နှင့် သတင်းယောင်ဆောင်ထားသည့် လုပ်ကြံသတင်းများ၏ ခြယ်လှယ်ခံရမှုကို သတိပြုမိပြီး ခံနိုင်ရည်ရှိစေရန် ကူညီပေးသည်။

ပါဝင်တက်ရောက်သူများသည် ခွဲခြမ်းစိတ်ဖြာမှု၊ အဓိပ္ပာယ်ပြန်ဆိုမှု၊ ဝေဖန်သုံးသပ်မှု၊ စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်ခြင်း၊ ကောက်ချက်ချခြင်းနှင့် ရှင်းပြနိုင်ခြင်းတို့ ပါဝင်သည့် 'ရည်ရွယ်ချက်ရှိရှိ သုံးသပ်အကဲဖြတ်ခြင်း'[2] ဆိုင်ရာ စဉ်းစားခြင်း မူဘောင်ကို မည်သို့ပုံဖော်အသုံးပြုနိုင်ကြောင်း လေ့လာရမည်ဖြစ်သည်။

ပါဝင်တက်ရောက်သူများသည် ပုံနှိပ်ထုတ်ဝေသော သတင်းများ၊ ရုပ်သံထုတ်လွှင့်မှု၊ အွန်လိုင်းနှင့် လူမှုမီဒီယာ၊ စာများကို သက်ဆိုင်ရာ အစိတ်အပိုင်းအလိုက် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပြီး သတင်းရင်းမြစ်များအကြောင်း လေ့လာခြင်းနှင့် ၄င်းတို့ကို အများယုံကြည်လက်ခံမှု (လက်မခံမှု) တို့ကိုလည်း လေ့လာရမည်ဖြစ်သည်။

---

1 https://en.unesco.org/themes/media-and-information-literacy [accessed 16/06/2018].

2 Facione, P. (2010, updated). *Critical Thinking: What It Is and Why It Counts.* [online] Insight Assessment. Available at: https://www.insightassessment.com/ [accessed 01/02/2018].

သတင်းအမှန်သည် လှေနံဓားထစ် မှတ်သားနိုင်သော အရာတစ်ခုမဟုတ်ဘဲ ကွဲပြားစုံလင်သည့် နောက်ခံဇာတ်ကြောင်းများနှင့် အခြေခံအယူအဆများတွင် အခြေခံထားသော်ငြားလည်း ယေဘုယျအားဖြင့် လုပ်ငန်းဆိုင်ရာ နည်းလမ်းများနှင့် ကျင့်ဝတ်များကို လိုက်နာမှုရှိပြီး အမှားများကို လျှော့ချခြင်းနှင့် လုပ်ဇာတ်များကို တိုက်ဖျက်ခြင်းတို့တွင် အထောက်အကူပြုမြပ်ဖြစ်ပါသည်။ သတင်းသမားများသည် ပြုလုပ်သူမျိုးစုံတို့က ဖော်ပြထားသည့် လိမ်ညာမှုများကို ထုတ်ဖော်သတင်းတင်ဆက်ခြင်းနှင့် သံသယနှင့် ထောက်ပြခြင်းများပြုလုပ်သင့်သည်။ သို့ရာတွင် အဆိုပါ ပြောဆိုချက်များကို အချက်အလက်များအဖြစ် လက်မခံသင့်သလို အခြေအနေမှန်ကို ပရိသတ်အား အသိပေးသည့် ရှင်းလင်းချက်များမပါဘဲ ၎င်းတို့ကို ဖော်ပြခြင်းလည်း မလုပ်သင့်ပါ။

ပြီးပြည့်စုံမှုမရှိသော၊ အထင်မှားစေသော၊ လုပ်ကြံဖန်တီးထားသော အချက်အလက်များ u|o|;jy; သတင်း;qeqe ရေးသားနိုင်ပါက tjyiye;tm;jzi ယုံကြည်ဖွယ်ရာ သတင်းဇာတ်လမ်း ထွက်လာအောင် ဖန်တီးခြင်းrm v|, |uv:ijrea|umi; wua&mu|o|rsm;u လှေ့လာနိုင်မည်ဖြစ်သည်။[3]

ဤမော်ဂျူးပါ ပို့ချချက်များသည် သတင်းမှားနှင့် လုပ်ကြံသတင်းကို ကိုင်တွယ်ရာတွင် MIL ၏ အရေးပါမှုကို အသိပေးပညာပေး မြှင့်တင်ရန် ဦးစားပေးသည်။ လုပ်ကြံဖန်တီးထားသည့် 'သတင်း' ကို သတိပြုမိရန် ကျိုးကြောင်းဝေဖန် သုံးသပ်စဉ်းစားခြင်း ကျွမ်းကျင်မှုကို အသုံးပြုပုံတို့ပါဝင်သည်။ ပါဝင်တက်ရောက်သူများ မိမိတို့၏ နေ့စဉ်ဘဝတွင် ကိုယ်ပိုင် MIL ကို လေ့ကျင့် အသုံးပြုခြင်း၏ အရေးပါမှုကိုလည်း မီးမောင်းထိုးပြထားသည်။ MIL သည် မိမိတို့၏ လူ့အခွင့်အရေးများအပြင် အခြားသူများ၏ အခွင့်အရေးများကို မည်သို့ အားဖြည့်ထောက်ပံ့နိုင်ကြောင်းနှင့် အလိမ်အညာများကို အားပေးအားမြှောက် လုပ်မိခြင်းနှင့် ဖြန့်ချိခြင်းတို့ကို ရှောင်ကြဉ်ရန် မည်သို့ အရေးကြီးကြောင်း မြင်သာစေသည်။[4]

ကွန်ပျူတာတပ်ဆင်ပြီး အင်တာနက်ချိတ်ဆက်ထားသော နေရာများတွင် သင်ကြားနိုင်သည်။ ပါဝင်တက်ရောက်သူများသည် လက်တွေ့ပိုင်း သင်ခန်းစာလေ့ကျင့်ခန်းများတွင် မိမိတို့၏ ကိုယ်ပိုင်မိုဘိုင်းပစ္စည်းများ၊ အွန်လိုင်းပေါ်၌ စကားပြောသည့် အပ်ပလီကေးရှင်းများကို အသုံးပြုနိုင်သည်။ တက္ကသိုလ်အတွင်း သတင်းအရင်းမြစ် စင်တာများနှင့် စာကြည့်တိုက်များကို လက်လှမ်းမီရရှိရန် တက္ကသိုလ်မှ အင်ထရာနက်တစ်ခုကို အသုံးပြုနိုင်ပြီး တက္ကသိုလ်ပြင်ပ အွန်လိုင်းရင်းမြစ်များကို လက်လှမ်းမီ ရရှိရန် အင်တာနက်ကို လိုအပ်သည်။

## ပုံကြမ်း

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် အမေရိကန်၊ ပြင်သစ်၊ ကင်ညာနှင့် ဂျာမနီနိုင်ငံ ရွေးကောက်ပွဲများမှ ပေါ်ထွက်လာသည့် သတင်းများအဖြစ် အယောင်ဆောင်ထားသည့် လုပ်ကြံသတင်းများသည် လူ့အဖွဲ့အစည်းများကို စိန်ခေါ်သည့် သတင်းများအကြောင်း အရိပ်အမြွက်တစ်ခုသာဖြစ်သည်။ သို့ရာတွင် ဆိုးကျိုးပေးနိုင်ခြေ မြင့်နိုင်ပါသည်။ ဤအဖြစ်ကို စဉ်းစားကြည့်ပါ။ ၂၀၁၇ ခုနှစ် မက္ကဆီကိုမြေငလျင်တွင် အကျိုးအပဲ့အပျက်အစီးများကြား ပိတ်မိနေသည့် ကျောင်းသူ ဖရိဒ်ါဆိုဖီယာကို ကယ်ထုတ်ရန် ကြိုးစားနေမှုကို ကမ္ဘာအနှံ့အပြားရှိ ရုပ်သံဌာနများနှင့် လူမှုမီဒီယာ အသုံးပြုသူများက တိုက်ရိုက်အချိန်နှင့်တပြေးညီ စိတ်ဝင်တစား ရင်တမမ ဝိုင်းကြည့်နေခဲ့ကြသည်။ အဆုံးသတ်ကျမှ သိရသည်မှာ ထိုကျောင်းသူသည် အမှန်တကယ်မရှိဟူ၍ပင်။[5] တမင်လုပ်ကြံထားသည့် လုပ်ကြံသတင်း ဟုတ်ချင်မှ ဟုတ်မည်။ သို့သော် သတင်းမှားဖြစ်ခဲ့သည်။ သတင်းအတတ်ပညာသည် အမှားများနှင့် လုပ်ကြံလိမ်ဆင်နှစ်မျိုးလုံးကို ရှောင်ရှားရမည်ဖြစ်သည်။ သတင်းထဲရှိ မဟုတ်မမှန် ထွက်ဆိုချက်များအားလုံးသည် တစ်စိတ်တစ်ပိုင်းအားဖြင့် လုပ်ကြံသတင်းကဲ့သို့ 'သတင်းမှား' မဟုတ်သော်လည်း နှစ်မျိုးလုံးမှာ လူ့အဖွဲ့အစည်း၏ လောကကို နားလည်ခြင်းစွမ်းရည်ကို အဟန့်အတားပြုနိုင်သည်။

---

3 For examples of "journalese" consider: Fluent in Journalese by Philip B. Corbett. March 17, 2015 https://afterdeadline.blogs.nytimes.com/2015/03/2017/fluent-in-journalese/ ; My 'shameful secret': I've learnt to love clichéd journalese by Rob Hutton. 05 Sep 2013. https://www. telegraph.co.uk/culture/10288967/My-shameful-secret-Ive-learnt-to-love-cliched-journalese.html [both accessed 22/04/2018].

4 MIL သတင်းအတတ်ပညာ ပညာရေးတွင် ပေါင်းစပ်လေ့လာထားသည့် စာအုပ်များမှာ - Van der Linde, F. 2010. The necessity of a media literacy module within journalism or media studies curricula. Global Media Journal, African Edition. Vol 4, no.2 http://globalmedia.journals.ac.za/pub/article/view/7

5 Campoy, A. (2017). *A schoolgirl trapped in Mexico's earthquake rubble won the world's hearts – except she did not exist*. Quartz. Available at: https://qz.com/1084105/a-schoolgirl-trapped-in-mexicos-earthquake-rubble-won-the-worlds-hearts-except-she-didnt-exist/ [accessed 03/04/2018].

သတင်းအသုံးပြုသူများသည် ခေတ်မီသော မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းမှုအပြင် အတွေးအခေါ် ပညာပိုင်းဆိုင်ရာ နားလည်မှုအတိုင်းအတာတစ်ခုကိုလည်း လိုအပ်သည်။ သတင်းအစစ်အမှန်သည် အပြည့်အဝဆုံး 'အမှန်တရား'နှင့် မတူနိုင်ကြောင်း နားလည်သဘောပေါက်သင့်သည် (လူသားချင်း ဆက်ဆံရေး၊ အဖြစ်မှန်နှင့် လူသားတို့ကြား အပြန်အလှန် ဆက်နွယ်မှုတို့မှတဆင့်သာ အမှန်တရားက မည်သို့ရှိကြောင်း ခန့်မှန်းနိုင်သည်)။ မည်သို့ပင်ဆိုစေကာမူ ပါဝင်တက်ရောက်သူများနှင့် သတင်းအတတ်ပညာ ကျောင်းသား/သူများသည် သတင်းအတတ်ပညာက အမှားကို ဆက်လက်တည်တံ့အောင် မပြုလုပ်သင့်ကြောင်း နားလည်သင့်သည်။ ဟာရီကိန်းမုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ၏ နောက်ဆက်တွဲများအနေနှင့် ရေကူးကန်များ သို့မဟုတ် လူနေအိမ်နောက်ဘက်တွင် ဝေလငါးများနှင့် ငါးမန်းများ ရောက်ရှိနေကြောင်း တွေ့ပါသည်ဆိုသော မီဒီယာများ၏ ဖော်ပြချက်များကိုတွေ့ပါက စိတ်ပျက်လက်ပျက်နှင့် 'ဘယ်လို ပြောလိုက်ပါလိမ့်' ဟု မေးစရာပင်။ သတင်းသမားမှန်လျှင် လုပ်ဆောင်ရမည့် မှန်ကန်ကြောင်းအတည်ပြုခြင်း မလုပ်ဆောင်ထားသော သတင်းတင်ဆက်မှုသည် ပစ်စလက်ခတ်ဆန်သော သတင်းတင်ဆက်မှုနှင့် တန်းမဝင်သော ထုတ်ဝေမှုဖြစ်စဉ်များ ဖြစ်ပေါ်စေသည်။ သို့ရာတွင် တမင်လှည့်စားသည့် သဘောပါလာပါက မသမာမှုပင်ဖြစ်ပါသည်။ MIL သည် မသမာမှုနှင့် ပေါ့ဆမှုအကြား ကွဲပြားမှုကို နားလည်စေသည်။ ၄င်းတို့နှင့် ပညာရှင်ဆန်၊ ကျင့်ဝတ်ညီသောသတင်းများကို နှိုင်းယှဉ်သဘောပေါက်မှုလည်း ရှိစေသည်။

လမ်းကရှုပ်လျှားသည်။ အမုန်းစကား၊ သူစိမ်းကြောက်ခြင်း၊ လုပ်ဇာတ်ခင်းထားသည့် စာရင်းအင်းများ၊ နိုင်ငံရေးသမား၏ လုပ်ကြံဇာတ်များ စသည်တို့အပေါ် မူတည်ပြီး ဒုက္ခသည်များ သို့မဟုတ် 'အခြား' ကိုးကွယ်ယုံကြည်မှု၊ အခြားမျိုးနွယ်စုများမှ လူများ၊ မတူကွဲပြားသော အသားရောင်များကို တိုက်ခိုက်မှုများ များပြားလာသည်။ လူပြိန်းကြိုက်၊ အများဆန္ဒနောက်လိုက်သော အပြောအဆို အယူအဆများသည် သတင်းအတတ်ပညာ၏ စံချိန်များနှင့် လွဲချော်သော အထင်မှားစေတတ်သော မီဒီယာ တင်ဆက်ချက်များ စသည်တို့မှာ MIL က တုံ့ပြန်ဖြေရှင်းရန် လိုအပ်သောအရာများပင်ဖြစ်သည်။ ထိုသို့ ဖြေရှင်းမှုများသည် တဖြည်းဖြည်းပိုမို ရှုပ်ထွေးလာစရာရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အမှန်တရား စိုးစဉ်းမျှ မပါသော ဗွီဒီယိုအတုများ၊ အသံဖိုင်အတုများကို အစစ်နှင့် မခြား ဖန်တီးနိုင်သော၊ လူအစစ်အလား ထင်ရအောင် အတုဖန်တီးနိုင်သော ဉာဏ်ရည်တု နည်းပညာသုံး ကွန်ပျူတာအစီအစဉ်များ အသုံးပြုလာကြခြင်းကြောင့် ဖြစ်ပါသည်။[6]

ဤအခြေအနေတွင် အရိုးရှင်းဆုံး စကားစမြည်မှသည် သမားရိုးကျနှင့် ဒစ်ဂျစ်တယ် မာတီမီဒီယာတွင် အကျယ်ပြန့်ဆုံး ဖြန့်ဖြူးထားသည့် သတင်းများအထိ မိမိတို့ မြင်သမျှ ကြားသမျှကို ကျိုးကြောင်းဝေဖန်သုံးသပ်နိုင်ရန် သတင်းအတတ်ပညာ ကျောင်းသား/သူများနှင့် သတင်းလောကသားများကို လမ်းညွှန်ပေးနိုင်ရန် လိုအပ်လာသည်။

ဘရပ်ဆယ် အခြေစိုက်အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သော 'မီဒီယာပရိသတ် အကျိုးကျေးဇူးဆိုင်ရာ ဥရောပအသင်း' (EAVI) ၏ နိုင်ငံသားများအတွက် မီဒီယာအတတ်ပညာ ပရိုဂရမ်တွင် ဝါဒယ်နှင့် ဒရက်ရှန် (၂၀၁၇)[7] က သတ်မှတ်ဖော်ထုတ်ထားသော လုပ်ကြံသတင်းနှင့် သတင်းမှားအမျိုးအစားများအပြင် ယနေ့သတင်းသမားများ တွေ့ကြုံနေရသည်တို့ကို အကျဉ်းချုပ်တင်ပြထားသည့် 'သတင်းတု၏ အလွန် – လှည့်စားအထင်မှားစေသော သတင်း ၁၀ မျိုး' တွင် လက်တွေ့အသုံးဝင်သည့် သရုပ်ဖော်ပုံတစ်ခုကို ပြုစုခဲ့ပါသည်။[8] ၄င်းသည် သတင်းအတတ်ပညာ ကျောင်းသား/သူများနှင့် သတင်းလောကသားများအတွက် အဖိုးတန်သောရင်းမြစ်တစ်ခုဖြစ်သည်။

ဒေါက်တာ ပီတာ ဖစီယွန်၏ ခေတ်နှင့်အညီ ပြင်ဆင်ရေးသားထားသော သုတေသနစာတမ်း 'Critical Thinking: What it is and Why It Counts'[9] သည် ကျောင်းသား/သူများ' ကျိုးကြောင်းဖော်ပြခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ထိရောက်သော တစ်ဦးချင်းနှင့် အုပ်စုလိုက် စဉ်းစားခြင်းဖြစ်စဉ်များ' ကို ရင်းနှီးစေရန် အစကောင်းတစ်ခုဖြစ်သည်။ 'အမှန်တရား၏ အလွန်ခေတ်'၊ 'သတင်းမှား' နှင့် 'အခြားရှုထောင့်မှ အချက်အလက်များ' များပြားလာသော ခေတ်တွင် ပိုမိုဆီလျော်လာပါသည်။ ဤချဉ်းကပ်မှုတွင် ကျိုးကြောင်းဝေဖန်သုံးသပ်သည့် စဉ်းစားခြင်း၌ အောက်ပါတို့ပါဝင်သည်။

- အရေးအရာ အမျိုးမျိုးအကြောင်း စူးစမ်းခြင်း။
- သတင်းဗဟုသုတ အသိအမြင်ရှိရန် လုံ့လထုတ်လာခြင်း။

6 Edmund, C. (2017). *This AI can create a video of Barack Obama saying anything.* [online] World Economic Forum. Available at: https://www. weforum.org/agenda/2017/07/obama-speech-simulation-washington-university?

7 မော်ဂျူး ၂ ကို ရှုပါ။

8 EAVI. (2018). EAVI.eu. [online] Available at: https://eavi.eu/beyond-fake-news-10-types-misleading-info

9 Facione, P. (2010, updated). Ibid. *Critical Thinking.*

- ကျိုးကြောင်းဝေဖန်သုံးသပ်ခြင်း တတ်ကျွမ်းမှုကို အသုံးပြုရန် နိုးကြားသတိရှိခြင်း။
- ကြောင်းကျိုးဆက်စပ် စဉ်းစားဖော်ထုတ်ခြင်း ဖြစ်စဉ်အဆင့်ဆင့်အပေါ် အားကိုးယုံကြည်မှု။
- ကျိုးကြောင်းဆက်စပ် စဉ်းစားတတ်သော မိမိ၏ ကိုယ်ပိုင်စွမ်းရည်များကို ယုံကြည်မှုရှိခြင်း။
- rwlu vသော ကမ္ဘာ့အမြင်များ Eiywo u v|i အမြင်ကျယ်စွာ အသိအမှတ်ပြုနိုင်ခြင်း။
- ရှုထောင့်အမြင် rm;Ei xijri , qcu အမျိုးမျိုး u ထည့်သွင်းစဉ်းစားနိုင်အောင် ajymi;v ;jyiv , &ခြင်း။
- အခြားသူများ၏ အတွေးအမြင်များကို နားလည်ခြင်း။
- အကြောင်းအရင်းများကို နှိုင်းချင့်သုံးသပ်ရာတွင် မျှတမှုရှိခြင်း။
- တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်အစွဲများ၊ တစ်ဖက်သတ် ကြိုတင်ယူဆချက်များ၊ ပုံသေကားကျစဉ်းစားမှုများ သို့မဟုတ် အတ္တကြီးသော ယိမ်းယိုင်မှုများကို သတိပြုမိခြင်းနှင့် ရိုးသားစွာ ရင်ဆိုင်ခြင်း။
- q;ဖြတ်Cu များကို ဆိုင်းငံ့ခြင်း၊ ပြုလုပ်ခြင်းနှင့် ajymi;vခြင်းတို့ကို vy&eအမြော်အမြင်ရှိခြင်း။
- ရိုး&;om;om;သုံးသပ် r|u အပြောင်းအလဲ u မဖြစ်မနေ vyရမည်ဟု qလာသည့်အခါ အမြင်အယူအဆများကို o;oy&eEi ပြောင်းလဲရန် လိုလားခြင်း။

လေ့လာမှုများအရ ကမ္ဘာ့နေရာအများအပြားတွင် လူငယ်များက မိုဘိုင်းပစ္စည်းများ အသုံးပြုခြင်းသည်[10] 4i;တို့၏ သတင်းအများစုကို ထိုစက်များရှိ စကားပြောအပလီကေးရှင်းများ၊ လူမှုမီဒီယာနှင့် ရုံဖုန်ရုံခါ သမားရိုးကျ မီဒီယာ ဝက်ဆိုက်များနှင့် ဘလော့များမှတဆင့် ရရှိနိုင်သောကြောင့်ဖြစ်သည်။ [11] [12] [13] ထိုလမ်းကြောင်းများအားလုံးတွင် မည်သည်က နာမည်ရသော သတင်းအတတ်ပညာဖြစ်ကြောင်း၊ မည်သည်က အပျော်တမ်း တင်ဆက်ချက်ဖြစ်ကြောင်းပင် ခွဲခြားပြခြင်း မရှိရာ မည်သည်က လုပ်ကြံသတင်းဖြစ်ကြောင်း အချက်ပြသည့်အရာ လုံးဝမရှိပေ။

အခြားပြဿနာတစ်ရပ်မှာ လူမှုမီဒီယာ \ သတင်း tay: သဘောထားဖြစ်သည်။ အကြီးမားဆုံး လူမှုဆက်သွယ်ရေး လမ်းကြောင်းဖြစ်သည့် ဖေ့စ်ဘွတ်ခ်နှင့် ပတ်သက်ပြီး ဖရက်ဒရစ် ဖီးလောက်ခ်က် ပြောသည်။ ‘ဖေ့စ်ဘွတ်ခ်အတွက်ဆိုရင် သတင်းအတတ်ပညာက စကတည်းက ပြဿနာအကြီးအကျယ်ပဲ။ ခုလည်း သတင်းမှားနဲ့ ပတ်သက်ပြီး ရှင်းမရတဲ့ ပြဿနာတွေ၊ အပေါစားကြော်ငြာတွေနဲ့ နှံ့နစ်နေတာ။ ဖေ့စ်ဘွတ်ခ်က သတင်းကို တားမြစ်လိုက်တော့မှာ။’[14] ၄င်းနှင့်ပတ်သက်ပြီး မည်သို့ဖြစ်လာမည်ကို မည်သူမျှမသိနိုင်သေးပေ။ ထိုသို့ တားမြစ်လိုက်ပါက သတင်းအဖွဲ့အစည်းအချို့အနေနှင့် စိတ်ပျက်မည်ဖြစ်သည်။ မိမိတို့ပရိသတ်များ ရသင့်သည်ကို ရတော့မည် မဟုတ်ဟုဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို မျက်jcnမပြတ်ရန် ဖေ့စ်ဘွတ်ခ်ကို အဓိကသတင်းလမ်းကြောင်းအဖြစ် သုံးနေသူများစွာ ရှိသောကြောင့်ပင်ဖြစ်သည်။[15] သို့သော် MIL ထောက်ခံသူအချို့က မျှော်လင့်သည်မှာ ထိုကဲ့သို့ ပိတ်ပင်မှုရှိလျှင် လူငယ်သတင်း အသုံးပြုသူများသည် ‘အမြဲအဆင်သင့်’ စက်များမှတဆင့် အားစိုက်စရာမလို သတင်းရရှိနေခြင်း မရှိတော့ဘဲ ကမ္ဘာမှာ ဖြစ်ပျက်နေသည်များကို ရှာဖွေရန် လူမှုမီဒီယာကို အပြည့်အဝအားမကိုးတော့ဘဲ အခြားနေရာများတွင်ပါ ဖော်ထုတ်သွားရောက် ရှာဖွေတတ်လာမည်ဟူ၍ဖြစ်သည်။ တစ်ချိန်တည်းတွင် ဖေ့စ်ဘွတ်ခ်သည် ၄င်းကိုယ်တိုင် သတင်းထုတ်ဝေမှု လုပ်ဆောင်ကာ ရှိပြီးသား မီဒီယာ လုပ်ဆောင်သူများနှင့် ယှဉ်ပြိုင်နိုင်သည်ဟု အကြံပြုကြသည်။[16]

---

10 *Children’s use of mobile phones.* (2015). [ebook] Tokyo: Mobile Society Research Institute, NTT Dotcomo. Available at: https://www.gsma.com/publicpolicy/wp- content/uploads/2012/03/GSMA_Childrens_use_of_mobile_phones_2014.pdf

11 *Digital News Report (2017).* Reuters Institute for the Study of Journalism’s (RISJ, Oxford) https://reutersinstitute.politics.ox.ac.uk/sites/default/files/Digital%20News%20Report%202017%20web_0.pdf

12 Shearer, E. & Gottfried, J. (2017). *News Use Across Social Media Platforms.* [ebook] Washington DC: Pew Research Centre. Available at: http://www.journalism.org/2017/09/07/news-use-across-social-media-platforms-2017/ Shearer, E. & Gottfried, J. (2017). *News Use Across Social Media Platforms.* [ebook] Washington DC: Pew Research Centre. Available at: http://www.journalism.org/2017/09/07/news-use-across-social-media-platforms-2017/

13 *Youth, Internet, and Technology in Lebanon: A Snapshot (2017)* Social Media Exchange. Available at https://smex.org/youth-internet-and-technology-in-lebanon-a-snapshot/

14 Filloux, F. (2018). *The Monday Note,* 14 January, 2018. Available at: https://mondaynote.com/facebook-is-done-with-quality-journalism-deal-with-it-afc2475f1f84

15 မော်ဂျူး ၃ ကို ရှုပါ။

16 Is Facebook’s Campbell Brown a Force to Be Reckoned With? Or Is She Fake News? https://www.nytimes.com/2018/04/21/technology/facebook-campbell-brown-news.html

သတင်းအစစ်အမှန်သည်ပင်လျှင် ပိုမိုကျယ်ပြန့်သော ခန့်မှန်းယူဆချက်များ၊ အယူအစွဲများ၊ သဘောထားစနစ်များနှင့် ဝိသေသလက္ခဏာရပ်များ၏ ဘောင်ခတ်မှုအောက်တွင် အမြဲတည်ဆောက်ခြင်းနှင့် သုံးစွဲခြင်းခံရသည်။ အချက်အလက်များသည် ထိုနောက်ခံ အခင်းအကျင်းများအပေါ် မူတည်ပြီး အဓိပ္ပာယ်ပေါ်လာခြင်း ရှိပေသည်။ MIL က ၎င်းအဖြစ်ကို နားလည်အောင် ထောက်ပံ့ပေးနိုင်ပါသည်။ အမှန်ရှိနေသော ဖြစ်ရပ်ကို တတ်နိုင်သမျှ ဖမ်းဆုပ်အဓိပ္ပာယ်ဖော်သော သတင်းအတတ်ပညာရပ်ဆိုင်ရာ ကြိုးပမ်းမှုအမျိုးမျိုးကတစ်ဖက်၊ tcu t v uppaq;twnမပြုနိုင်သောအချက်များကို သတင်းမျက်နှာဖုံးတပ်ပြီး လှည့်စားရန် ကြိုးပမ်းသော လုပ်ဆောင်ချက်များက တစ်ဖက် ခွဲခြားနားလည်နိုင်စွမ်းကို ဆိုလိုပါသည်။

ပုံသေကားကျစဉ်းစားမှုကို တိုက်ဖျက်ရန်နှင့် မတူညီသော ယဉ်ကျေးမှုများကြား ဆက်သွယ်မှုကို မြှင့်တင်ရန် MIL ကို နည်းလမ်းကိရိယာတစ်ခုအဖြစ် သုံးစွဲနိုင်ပါသည်။ ဘာသာစကားအမျိုးမျိုးသုံးစွဲခြင်းသည် ထို ရည်ရွယ်ချက်ကို ပေါက်မြောက်စေမည့် အဓိကအချက်အလက်တစ်ခုလည်း ဖြစ်ပါသည်။ လှုပ်ရှားဆောင်ရွက်သူများစွာတို့သည် MIL အားထုတ်မှုများတွင် ပါဝင်လုပ်ဆောင်ခဲ့ပြီး ရင်းမြစ်ကောင်းများကို UNESCO ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့ရှိနိုင်သည်။[17] 'သင်ရိုးညွှန်းတမ်းမှတဆင့် လုပ်aq\iစရာများရှိပြီး လက်တွေ့တွင် လုပ်ကြံသတင်းနှင့် သတင်းမှားများ၏ ရိုက်ချက်များကို မှေးမှိန်သွားအောင် ပြုလုပ်ရန် များစွာ လိုအပ်နေသေးသည်။'[18]

ဤမော်ဂျူးနှင့် အကျိုးသက်ရောက်မှုရရှိရန် ဗွီဒီယိုအများအပြားကို အသုံးပြုနိုင်ပါသည်။ MIL ၏ 'ပညာပေးဖော့်ဖြေမှု' ပုံစံတစ်ခုအဖြစ် စာတမ်းထိုး ပညာပေး ဗွီဒီယိုများဖြင့်[19] ပါဝင်တက်ရောက်သူများကို သတင်းမှားများအကြောင်း လေ့လာခိုင်းနိုင်ပါသည်။ ထို့ပြင် မိမိတို့ကိုယ်တိုင် သတင်းမှား နမူနာများ၊ လုပ်ကြံသတင်းနမူနာများနှင့် သာမန် သတင်းတင်ဆက်ချက်များကို ရှာဖွေပြီး ပါသမျှ အကြောင်းအရာ တစ်စစီကို သံသယကြီးကြီးဖြင့် လေ့လာဆန်းစစ်ခိုင်းခြင်း ဆောင်ရွက်နိုင်ပါသည်။

သတင်းအချက်အလက်အများစုကို အွန်လိုင်းမှရှာဖွေရန် 'ဂူဂဲလ်' ကို အပေါ်ယံအသုံးပြုသည့် အလေ့အထနှင့် ပတ်သက်ပြီး နည်းပြများက ပါဝင်တက်ရောက်သူများကို ပြန်လည်စဉ်းစားခိုင်းနိုင်သည်။ အဆင့်မြင့်ရှာဖွေမှုများ အပါအဝင်၊ သတင်းအရင်းမြစ်မျိုးစုံကို ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်း၊ သတင်းအချက်အလက်ကို ဝေဖန်သုံးသပ်ခြင်းနှင့် ရှာဖွေခြင်းနှင့် သက်ဆိုင်သည့် အတတ်ပညာတည်ဆောက်ရာတွင် စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်များ၏ တန်ဖိုးကို နားလည်ခြင်းတို့ ရှိလာရန် အကူအညီပေးသင့်သည်။[20] 'သတင်းအတတ်ပညာ ကျောင်းသား/သူများနှင့် လုပ်ငန်းခွင်တွင်းမှ သတင်းသမားများ အတွက် သတင်းအချက်အလက်များကို အတည်ပြုခြင်းနှင့် ကျိုးကြောင်းဝေဖန်သုံးသပ်စစ်ဆေးခြင်းပြုသည့် ဖြစ်စဉ်များနှင့် လုပ်ထုံး လုပ်နည်းများကို ပိုမိုနက်နဲစွာ သိရှိစေရန် အသုံးပြုနိုင်သည့် ပညာရှင်သုံး ကိုးကားချက်များကို အလွယ်တကူ လက်လှမ်းမီရရှိရန် အွန်လိုင်းစာကြည့်တိုက်များက ပြုလုပ်ပေးထားပါသည်။ ပါဝင်တက်ရောက်သူများ မမှန်ကန်သောသတင်းများကို တိုက်ဖျက်ရန်၊ ဆိုးကျိုးများကို တားဆီးရန်နှင့် သတင်းအတတ်ပညာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မဟုတ်မှန်သည့် သတင်းများချေဖျက်ရာတွင် အကူအညီပေးသည့် သင်ယူမှု ဗဟုသုတများကို အခြားရင်းမြစ်များသည် ပေးအပ်နိုင်ပါသည်။'[21]

လုပ်ကြံသတင်းနှင့် သတင်းမှား ရရှိမှုဝေသည့် လူမှုမီဒီယာ အသုံးပြုသူများနှင့် နိုင်ငံရေးရာ ချိတ်ဆက်ဆောင်ရွက်မှုများကလည်း အလားအလာကောင်းသော နည်းလမ်းတစ်ခုဖြစ်သည်။ သတင်းသမားများနှင့် သတင်းအတတ်ပညာ ကျောင်းသား/သူများသည် မိမိတို့အတွက်ရော မိမိတို့၏လူ့အဖွဲ့အစည်းအတွက်ပါ အမှားများကိုရှာဖွေရန်၊ ခြေရာခံရန်နှင့် မဟုတ်မမှန်ကြောင်း ချေဖျက်နိုင်မည့် နည်းလမ်းဖြစ်ပါသည်။ ဤမော်ဂျူးတွင် ထိုအပိုင်းနှင့်ပတ်သက်ပြီး လေ့ကျင့်ခန်းများ ထည့်သွင်းစဉ်းစားရန် နည်းပြများကို အကြံပြုအပ်ပါသည်။

နော်ထရီဒိန်း တက္ကသိုလ် လက်ဘာနွှန်မှ အကြီးတန်း မီဒီယာကထိကနှင့် သုတေသီယရူဘာအယ်ဟက်လူ၏ စကားများကို

---

17 ဖတ်ရန် - http://www.unesco.org/new/en/communication-and-information/media-development/media-literacy/mil-as-composite-concept/ [accessed 22/04/2018].

18 Abu-Fadil, M. (2007). *Media Literacy: A Tool to Combat Stereotypes and Promote Intercultural Understanding.* Available at: http://unesdoc.unesco.org/images/0016/001611/161157e.pdf [accessed 01/04/2018].

19 သတင်းမီဒီယာဆိုင်ရာ တတ်ကျွမ်းနားလည်မှုများသည် မည်မျှအရေးကြီးကြောင်း အားကောင်းစွာ မီးမောင်းထိုး သရုပ်ပြနိုင်သည့် ဗွီဒီယို နမူနာတစ်ခုဖြစ်ပါသည်။ Vice Media မှ အမေရိကတွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများနှင့် သက်ဆိုင်သော မှတ်တမ်းဖြစ်ပါသည်။ - Hoaxers say victims of mass shootings are 'crisis actors', Vice Select on Facebook. https://www.facebook.com/vicenews/videos/842904982564160/ [accessed 01/04/2018].

20 *15 resources for teaching media literacy.* ASCD. Available at http://inservice.ascd.org/15-resources-for-teaching-media-literacy/. [accessed 03/04/2018]

21 An example is Project Look Sharp, a media literacy initiative of Ithaca College, which has media literacy guides, curriculum kits and downloadable handouts. www.projectlooksharp.org. [accessed 23/03/2018].

ဤမော်ဂျူးနှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစားသင့်ပါသည်။ 'သတင်းစကားပုံစံအမျိုးမျိုးကို အနက်အဓိပ္ပာယ်ပြန်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ လူထုကို ပေးအပ်တာက မီဒီယာ ပညာပေးသူများနှင့် သတင်းသမားများ ပါဝင်ရမယ့် အဆက်မပြတ် ရုန်းကန်မှုတစ်ခုဖြစ်ပါတယ်။ မီဒီယာဆိုင်ရာ oem; v n မှုဆိုတာ သတင်းရင်းမြစ်တွေအပေါ်ရှိရမယ့် ယုံကြည်မှုနဲ့ မေးခွန်းထုတ်ဖို့ လိုအပ်တဲ့ သံသယတို့ဘက်မျှအောင် ကူညီပေးပါတယ်။'

## မော်ဂျူးရည်ရွယ်ချက်များ

ဤမော်ဂျူး၏ ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်ပါသည်။

- သတင်းအတတ်ပညာ (နှင့် သတင်းအတတ်ပညာအမျိုးမျိုး) ကို နားလည်ရန် အခြေခံလိုအပ်သော တတ်ကျွမ်းနားလည်မှုများ[22] နှင့် ဆင့်ပွားကျွမ်းကျင်မှုများ[23] ၏ အရေးပါပုံကို သတိပြုမိရန်၊ အားနည်းချက်ရှိသော သတင်းအတတ်ပညာနှင့် မီဒီယာအမျိုးမျိုးရှိ မသမာသော သတင်းများကို နားလည်သတိပြုမိရန်။
- မီဒီယာနယ်ပယ်မျိုးစုံမှ သတင်းအသုံးပြုမှုကို ခွဲခြားနားလည်တတ်သည့် ကျွမ်းကျင်မှုများနှင့် လုပ်ကြံသတင်းထုတ်လုပ်ရန် မည်မျှလွယ်ကူကြောင်း သိမြင်နိုင်မည့် ကျွမ်းကျင်မှုများ ပေးရန်။
- ပါဝင်တက်ရောက်သူများကို မိမိတို့ အသုံးပြုသည့် သတင်းအချက်အလက်အားလုံးအပေါ် ရှိသင့်သော သံသယတစ်ခုထားတတ်ရန်နှင့် သတင်းတင်ဆက်ချက်များ၊ ကြော်ငြာများ၊ စာများ၊ ဓာတ်ပုံများ၊ ဗွီဒီယိုများ၊ အသံဖြင့် တင်ဆက်ချက် အကြောင်းအရာများ၊ သရုပ်ဖော်ပုံများနှင့် စာရင်းဇယားများ၏ မှန်ကန်မှုကို ဆီလျော်သော အခြေအနေ အခင်းအကျင်းများနှင့် ချိန်ထိုးဆန်းစစ်တတ်စေရေး သင်ကြားရန်။

## သင်ယူမှုရလဒ်များ

ဤမော်ဂျူးအပြီးတွင် ကျောင်းသား/သူများသည် အောက်ပါတို့ကို တတ်မြောက်သွားမည်ဖြစ်သည်။

၁။ စစ်မှန်သော သတင်းအတတ်ပညာ၏ အမျိုးမျိုးသော နောက်ခံအခင်းအကျင်း ဇာတ်ကြောင်းများနှင့် သတင်းဇာတ်လမ်း အခြေခံများကို နားလည်တတ်ခြင်း၊ ထွင်လုံးနှင့် အချက်အလက်မှန်တို့ ကွဲပြားမှုကို သိမြင်ခြင်း။

၂။ ဇာတ်ကြောင်းများ မည်သို့ ရွေးချယ်ပုံ၊ အကြောင်းအရာ မည်သူရွေးချယ်ကြောင်း၊ အခြေအနေမှန်ကို ပြန်လည်တင်ပြမည့် ပုံရိပ်ကို ဖန်တီးရန် မည်သည့်နည်းလမ်းများ အသုံးပြုကြောင်း၊ မည်သည့် ဘာသာစကား အသုံးပြုကြောင်း၊ မည်သည်တို့ကို အသားပေးကြောင်း၊ မည်သည်တို့ကို ချန်လှပ်ထားကြောင်း၊ မည်သူက မည်သည့် အကြောင်းအရာများပြောကြောင်း၊ ထိုပုဂ္ဂိုလ်က မည်မျှ အရေးပါကြောင်းနှင့် ယုံကြည်ရကြောင်း၊ ထိုသူ၏ ရည်ရွယ်ချက်မှာ မည်သို့ဖြစ်နိုင်ကြောင်း၊ ထိုသတင်းတွင် မည်သည့် သက်ရောက်မှု ရှိနိုင်ကြောင်းနှင့် တူညီသော သတင်းတစ်ခုတည်းကို အခြားသူများက မည်သို့ မြင်ကြောင်းနှင့် အသုံးပြုကြောင်း နားလည်ခြင်း။

၃။ မိမိတို့ကိုယ်ပိုင် MIL အဆင့်အတန်း၊ ၎င်းနှင့် မိမိတို့ မည်သို့ ဆက်စပ်ပုံ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုလမ်းကြောင်းများကို မိမိတို့ အသုံးပြုမှုအကြား ၎င်းက မည်သို့ သက်ရောက်ပုံကို ထိုးထွင်းသိမြင်နိုင်ခြင်း။

---

22 For information regarding media and information literacies ဖတ်ရန် - UNESCO's Notions of MIL http://unesco.mil-for-teachers.unaoc.org/foreword/unifying-notions-of-media-and-information-literacy/ [accessed 22/4/2018].

23 *Facione (2010)* တွင် တင်ပြထားသော ခွဲခြားဆန်းစစ်စဉ်းစားခြင်း စွမ်းရည်များအပြင် သံသယထားခြင်းရှိရန် အားပေးပါ။ အရာအားလုံးကို မေးခွန်းထုတ်ပါ။ ဘယ်အရာကိုမျှ ဟုတ်လောက်သည်ဟု မယူဆပါနှင့်၊ ရင်းမြစ်များ၏ အချက်အလက် မှန်ကန်မှု စစ်ဆေးပါ။

## မော်ဂျူးဖွဲ့စည်းတည်ဆောက်ပုံ

ဤမော်ဂျူးကို မိနစ် ၉၀ ကြာ အပိုင်းနှစ်ပိုင်းအဖြစ် ခွဲခြားထားပါသည်။ ပထမ အပိုင်းသည် သဘောတရားပိုင်းဖြစ်ပြီး ဒုတိယ အပိုင်းမှာ လက်တွေ့အပိုင်းဖြစ်သည်။

MIL ၏ အဓိပ္ပာယ်အကြောင်း ဆွေးနွေးချက်၊ သမားရိုးကျမီဒီယာနှင့် လူမှုမီဒီယာမှတဆင့် လုပ်ကြံသတင်း၊ သတင်းမှားနှင့် အခြားမမှန်ကန်မှုများ ပျံ့နှံ့မှုတွင် MIL ၏ အရေးပါမှုအကြောင်း ဆွေးနွေးချက်များအပေါ် ဤပို့ချမှု နည်းလမ်းက အခြေပြုထားပါသည်။ ဤအတန်းအတွက် သင်ထောက်ကူပစ္စည်းများကို အင်တာနက်မှတဆင့် ရယူနိုင်ပြီး သုတေသနနှင့် လက်တွေ့လေ့ကျင့်ခန်းများအတွက် အသုံးဝင်သော ရင်းမြစ်များ များစွာရှိသည်။

အသုံးဝင်သော ဝက်ဘ်ဆိုက်များတွင် အောက်ပါတို့ပါဝင်သည်။

- UNESCO http://en.unesco.org/ and its Media Literacy site https://en.unesco. org/ themes/media-literacy
- United Nations Alliance of Civilisations https://www.unaoc.org/
- Media and information literacy curriculum for teachers http://www. unesco.org/new/ en/communication-and-information/resources/ publications-and-communication-materials/publications/full-list/ media-and-information-literacy-curriculum-for-teachers/
- 5 laws of MIL http://www.unesco.org/new/en/communication-and-information/ media-development/media-literacy/five-laws-of-mil/
- Common Sense Education https://www.commonsense.org/education/ top-picks/ media-news-and-information-literacy-resources-for-students
- EAVI Media and Literacy for Citizenship https://eavi.eu/ beyond-fake-news-10-types-misleading-info/
- The News Literacy Project http://www.thenewsliteracyproject.org/, the Center for News Literacy at Stony Brook University http://www.centerfornewsliteracy.org/
- Mind over Media http://propaganda.mediaeducationlab.com/
- The Digital Resources Center (Center for News Literacy) http://drc.centerfor newsliteracy.org/
- The Center for Media and Information Literacy at the University of Rhode Island https://centermil.org/resources/, to name a few

နည်းပြများအနေနှင့် မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံများနှင့် ဒေသများမှ ရင်းမြစ်များကို ဘာသာစကားအမျိုးမျိုးနှင့် ထပ်ပေါင်းထည့်ရန် အကြံပြုအပ်ပါသည်။

စာသင်ခန်းသည် ကွန်ပျူတာများနှင့် အင်တာနက် တပ်ဆင်ထားသင့်ပါသည်။ သို့မှသာ နည်းပြများနှင့် ကျောင်းသား/ သူများ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ oem;v nမှုအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်များကို လေ့လာခြင်း၊ မီဒီယာဆိုင်ရာ သာဓက ဖြစ်ရပ်များကို လေ့လာခြင်းတို့ vyaqmiEirn။

## သင်ယူမှုရလဒ်များကို အစီအစဉ်များနှင့် ချိတ်ဆက်ခြင်း

### က။ သဘောတရားပိုင်း

နည်းပြသည် MIL နှင့်ဆိုင်သော သင်ထောက်ကူများနှင့် ဖြစ်ရပ်လေ့လာချက်များကို တင်ဆက်ရပါမည်။ သတင်းဟန်ဆောင်သည့် လုပ်ကြံသတင်းနှင့် သတင်းမှားတို့ကြား ဆက်နွယ်မှုကို ပြနိုင်သောအရာများလည်း ဖြစ်ရပါမည်။

| မော်ဂျူးအစီအစဉ် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
|---|---|---|
| MIL နှင့် ကျိုးကြောင်းဝေဖန်သုံးသပ်မှု မှုဘောင်ပါဝင်သည့် နည်းလမ်းများကို ဆွေးနွေးရှင်းပြပါ | ၄၅ မိနစ် | ၁+၃ |
| ဒေသတွင်း ဆီလျော်သော သာဓကများကို မီဒီယာ ပုံစံမျိုးစုံဖြင့်ပြ၍ လေ့လာဆွေးနွေးပါ | ၄၅ မိနစ် | ၁+၂ |

### ခ။ လက်တွေ့

သင်ထောက်ကူ၊ နည်းကိရိယာများနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ

| မော်ဂျူးအစီအစဉ် | နာရီပေါင်း | သင်ယူမှု ရလဒ်များ |
|---|---|---|
| လက်တွေ့ လုပ်ငန်းစဉ်များ | ၉၀ မိနစ် | ၁+၃ |
| **လုပ်ငန်းစဉ် ၁** – သတင်းအတတ်ပညာ (များ)ကို အသိအမှတ်ပြု နားလည်ခြင်း။<br>ဒေသတွင်း သတင်းစာတစ်ခုမှ မျက်နှာဖုံးသတင်းကို ရွေးချယ်ပါ။ ထိုသတင်းတစ်ခုတည်းကို မတူညီသည့် မီဒီယာခွဲ သုံးခုက မည်သို့ ကွဲပြားစွာ တင်ပြကြကြောင်းကို ကျောင်းသား/ သူတိုင်းသည် လေ့လာဖော်ထုတ်ဆန်းစစ်ရမည်။<br>ကျောင်းသား/ သူများ ကျိုးကြောင်းဝေဖန်သုံးသပ်ခြင်း ကျွမ်းကျင်မှုကို အသုံးချနိုင်မည့် ဆွေးနွေးမှုတစ်ခုကို စီစဉ်ပေးပါ။ ခေါင်းစဉ်တင်ပြပုံ၊ သတင်းရွေးချယ်မှုနှင့် တန်ဆာဆင်ပုံနှင့် နောက်ခံ အခင်းအကျင်း အခြေခံဇာတ်ကြောင်းများကို ထုတ်ဖော်လေ့လာသင့်သည်။ ထိုသို့ လေ့လာရာတွင် သတင်းလုပ်ထုံးလုပ်နည်းများကို လိုက်နာ ရေးသားထားခြင်း ရှိမရှိ စစ်ဆေးသင့်သည်။ (ဘယ်သူ၊ ဘယ်အရာ၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်လို၊ ဘာကြောင့် – တိုက်ရိုက်အဆိုများ အသုံးပြုမှု၊ ပညာရှင်ဆန်သော သြဇာလွှမ်းသော ရင်းမြစ်များ၊ ထောက်ကူ ရုပ်ပုံများ၊ နှင့် သတင်းဆန်အောင် ဟိတ်ဟန်ထုတ် မဲပြာပုဆိုး စကားများ အသုံးပြုမှု ရှိမရှိ၊ သတင်းပုံပေါက်မှုရှိအောင် မည်သို့လုပ်ကြောင်း စသည်တို့ လေ့လာရမည်။) | ၄၅ မိနစ် | |

| | | |
|---|---|---|
| **လုပ်ငန်းစဉ် ၂** – လုပ်ကြံသတင်းကို သတင်းများအဖြစ် တင်ပြခြင်း။<br><br>ပါဝင်တက်ရောက်သူများကို မသမာသော သတင်းမှား ဥပမာတစ်ခုကို ပြသပြီး မည်သည်က ‘လုပ်ကြံသတင်းကို ပိပိရိရိ တင်ဆက်နိုင်ပြီး’ မည်သည်ကြောင့် ‘မျက်နှာဖုံးကွာကျစေကြောင်း’ ဆွေးနွေးပါ။ ထို့နောက် ကျောင်းသား/ သူများကို ပြီးခဲ့သည့် လေ့ကျင့်ခန်းတွင် ဖတ်ထားသည့် ဇာတ်ကြောင်းများကိုသုံးပြီး လုပ်ကြံသတင်းတစ်ခု ဖန်တီးခိုင်းပါ။ ၎င်းလုပ်ကြံသတင်းမှာ မဝေးလှသည့် အနာဂတ်တွင် မျက်နှာဖုံး သတင်းများအနေနှင့်ပါမည့် သတင်းမှားများအဖြစ် ရည်ရွယ်ပြီး ရေးရမည်ဖြစ်သည်။ (နောက်တစ်နည်း အနေဖြင့် ကျောင်းသား/ သူများကို မိမိတို့၏ လုပ်ကြံသတင်းအတွက် ကိုယ်ပိုင်ခေါင်းစဉ် ရွေးချယ်စေပါ။)<br><br>ပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းသား/ သူများသည် မည်သည့်အချက်များကြောင့် သတင်းမှန်နှင့် တူနေကြောင်း အဖွဲ့လိုက် သုံးသပ်စစ်ဆေးပါ။ ဝေဖန်သုံးသပ်သည့် စစ်ဆေးနည်းလမ်းတစ်ခုခုကို အသုံးပြုနိုင်သည်။ မည်သည့် သတင်းအပိုင်းတစ်စစီကို အသုံးချပြီး သတင်းမှန်ယောင်ဆောင်ခဲ့ခြင်း ရှိကြောင်းကိုလည်း လေ့လာသင့်ပါသည်။<br><br>ပါဝင်တက်ရောက်သူများကို ပြန်စုပြီး မိမိ မူလ အဖွဲ့တွင် သင်ယူရရှိခဲ့သော သင်ခန်းစာများ အကြောင်းကို အကျဉ်းချုပ်တင်ပြခိုင်းပါ။ | ၄၅ မိနစ် | ၁+၃ |

## အကြံပြုထားသော လေ့ကျင့်ခန်းများ

တစ်ဦးချင်းစီသည် သိပ္ပံပညာနှင့် ဆေးပညာဆိုင်ရာ သတင်းများအတွက် မိမိတို့၏ သက်ဆိုင်ရာ လူမှုမီဒီယာများတွင် ရှာဖွေမှုတစ်ခု ပြုလုပ်သင့်သည် (ဥပမာ – ဝိတ်ချနည်း ပေါ်ပင်သတင်းတစ်ခု၊ ရောဂါဖြစ်ပွားမှု၊ မိမိတို့လူ့အဖွဲ့အစည်းအပေါ် ကမ္ဘာကြီးပူနွေးလာမှု၏ သက်ရောက်မှု၊ လျှပ်စစ်ကားနှင့် လောင်စာသုံးယာဉ်များ လိုအပ်မှု)။ မိမိတို့၏ သုတေသနပြုရှာဖွေပုံ၊ အတည်ပြုခြင်း အစွဲများနှင့် ဇာတ်ကြောင်း/ အမြင်များအပေါ် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ပြန်ဆန်းစစ်ရမည်။ ၎င်းအတွေးများနှင့် MIL အယူအဆများ ဆက်စပ်ပုံကို ဆက်လက်သုံးသပ်ရမည်ဖြစ်သည်။ ထိုအယူအဆများတွင် ရှာဖွေမှု၊ ဝေဖန်သုံးသပ်မှု၊ ဒစ်ဂျစ်တယ် လုံခြုံမှု၊ အခွင့်အရေးနှင့် ဝိသေသလက္ခဏာ ကဲ့သို့သော ကိစ္စရပ်များပါဝင်ပါသည်။

မိမိတို့၏ သုတေသနမှ ရရှိလာသည့် သတင်းအချက်အလက်ကို ဆက်လက်ဖော်ပြရမည်။ တင်ဆက်ချက်ကို မည်သူက ထုတ်လုပ်ခဲ့ကြောင်း၊ သတင်းထောက် သို့မဟုတ် လူပုဂ္ဂိုလ်က မည်သည့်အကြောင်းအရာ ထုတ်ဝေခဲ့သည်ကို မည်သို့ သိရှိခဲ့ကြောင်းနှင့် ထိုသို့ ဖြန့်ဖြူးခြင်းမှ အကျိုးအမြတ်ရရန်ရှိနိုင်ကြောင်း၊ ဒေတာအချက်အလက်၊ စာရင်းဇယားနှင့် သရုပ်ဖော်ပုံများကို နှစ်ခါပြန်စစ်ဆေးသင့်သည်။ ဖြစ်နိုင်ပါက ကျောင်းသား/ သူများသည် မိမိတို့တက္ကသိုလ်၏ စာကြည့်တိုက်/ အွန်လိုင်း စာကြည့်တိုက်ကို အသုံးပြု၍ ဒေတာအချက်အလက်များကို မှန်ကန်ကြောင်း စစ်ဆေးအတည်ပြုသင့်သည်။ သတ်မှတ်ဖော်ထုတ်ထားသည့် အကြောင်းအရာတွင် မှားယွင်းမှုများနှင့် ထိန်ချန်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ခွဲခြမ်းစိတ်ဖြာ၍ မီဒီယာ ဝေဖန်ချက်အပေါ် သုံးသပ်ချက်များအကြောင်း (အင်္ဂလိပ်လို စာလုံးရေ ၁၅၀၀။ မြန်မာလို ၅ မျက်နှာခန့်) ရေးသားပါ။

## သင်ထောက်ကူများ

ဆလိုက်ပြကွက်များ၊ ရုပ်ပုံများနှင့် ဗွီဒီယိုများပါဝင်သည့် ဆောင်းပါးများကို အောက်တွင် စာရင်းပြုစုထားသည်။ နည်းပြများသည် မိမိတို့၏ ကိုယ်ပိုင် ဆလိုက်ပြကွက်များ ဖန်တီးရန်နှင့် မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံများနှင့် အခြေအနေ အခင်းအကျင်များနှင့် သက်ဆိုင်သည့် ရုပ်ပုံများနှင့် ဗွီဒီယိုများ ထည့်သွင်းရန် အကြံပြုအပ်ပါသည်။

## ဆက်လက်ဖတ်ရှုရန်

Abu-Fadil, M. & Grizzle, A. (2016). *Opportunities for Media and Information Literacy in the Middle East and North Africa*.Available at: https://milunesco.unaoc.org/wp-content/uploads/MIL-Mena-2016-english.pdf [accessed 05/01/2018].

A *lexicon for the digital age.* (2017). The Unesco Courier, [online] (July - September 2017). Available at: https://en.unesco.org/courier/2017-july-september/lexicon-digital-age [accessed 06/04/2018].

Facione, P. (2010). *Critical Thinking: What It Is and Why It Counts.* [online] Insight Assessment. Available at: https://www.insightassessment.com/ [accessed 05/01/2018].

Gray, J., Bounegru, L.& Venturini, T. (2017). *What does fake news tell us about life in the digital age? Not what you might expect.* NiemanLab. [online] Available at: http://www.niemanlab.org/2017/04/ what-does-fake-news-tell-us-about-life-in-the-digital-age-not-what-you-might-expect/ [accessed 06/04/2018].

Stephens, B. (2017). *The Dying Art of Disagreement.* The New York Times. [online] Available at: https://www.nytimes.com/2017/09/24/opinion/dying-art-of-disagreement. html [accessed 06/04/2018].

### အခြားဖတ်ရှုဖွယ်များ

Lytvynenko, J. (2018). *Here's How A Canadian Imam Got Caught Up In Fake News About Houston.* BuzzFeed. [online] Available at: https://www.buzzfeed.com/janelytvynenko/toronto-imam-caught-up-in-fake-news?bftw&utm_term=.ha3w9B5rr#.acEgmYE66 [accessed 06/04/2018].

Mulrooney Eldred, S. (2017). *In an era of fake news, students must act like journalists: schools rarely require news literacy, but it's more important than ever.* Science News. [online] Available at: https://www.sciencenewsforstudents.org/article/era-fake-news-students-must-act-journalists [accessed 06/04/2018].

Rusbridger, A., Neilsen, R. and Skjeseth, H. (2017). *We asked people from all over the world how journalists should cover powerful people who lie. Here is what they said.* Reuters Institute for the Study of Journalism, Oxford University. https:// reutersinstitute.politics.ox.ac.uk/risj-review/we-asked-people-all-over-world-how-journalists-should-cover-powerful-people-who-lie [accessed 12/06/2018]

Vesey-Byrne, J. (2017). *Bikini designer exposes why you shouldn't trust everything you see on Instagram.* The Independent. [online] Available at: https://www.indy100.com/ article/bikini-designer-instagram-before-after-karina-irby-7934006?amp [accessed 06/04/2018].

# အချက်အလက် စစ်ဆေးခြင်း အခြေခံများ

*အလက်ဇီရို့စ် မန်ဇာလစ် (Alexios Mantzarlis)*

# မော်ဂျူး ၅

## အနှစ်ချုပ်

*နိုင်ငံရေးသမားများမှ ဈေးကွက်ဖော်ဆောင်သူများအထိ၊ ရပ်တည်အရေးဆို ဆန္ဒပြသူများမှသည် အမှတ်တံဆိပ်များအထိ– လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ အခြားလူများကို တစ်စုံတစ်ရာ အယုံသွင်းဆွဲဆောင်ရန် ကြိုးပမ်းလိုသူများသည် အချက်အလက်များကို ပုံဖျက်ခြင်း၊ ချဲ့ကားခြင်းနှင့် မရှုပ်ရှုပ်အောင် မွှေနှောက်ခြင်းများ လုပ်ဆောင်ရန် စေ့ဆော်မှု တွန်းအားရှိနေကြပါသည်။ ဤမော်ဂျူးသည် မည်သည့် အချက်အလက်များမှာ ဆန်းစစ်နိုင်သော အချက်အလက်များဖြစ်ကြောင်း သိရှိနိုင်သော နည်းလမ်းများနှင့် သက်သေ အထောက်အထားများကို အကဲဖြတ်သော နည်းလမ်းများကို ကျင့်ဝတ်ညီ လုပ်ထုံးလုပ်နည်း/စံနှုန်းများနှင့် လျော်ညီစွာ ဆောင်ရွက်နိုင်ရန် တက်ရောက်သူများကို သင်ကြားထောက်ပံ့ရန် ကြိုးပမ်းထားပါသည်။*

## ပုံကြမ်း

### အချက်အလက် စစ်ဆေးခြင်းသည် တာဝန်ခံမှုရှိသော သတင်းအတတ်ပညာ ပုံစံတစ်မျိုး ဟူသည့် စကားအဓိပ္ပာယ်နှင့် သမိုင်းကြောင်း

နယူးယောက်၏ ဆီးနိတ်အမတ်နှင့် အိန္ဒိယနိုင်ငံနှင့် ကုလသမဂ္ဂ သံအမတ်ကြီး ဒန်နီရယ် ပက်ထရစ် မိုနီဟန် (၁၉၂၇–၂၀၀၃) က ပြောခဲ့သော ကျော်ကြားသည့် စကားတစ်ခုက – 'လူတိုင်းတွင် တစ်ကိုယ်ရေထင်မြင်ချက်ရှိနိုင်သည်။ သို့ရာတွင် တစ်ကိုယ်ရေအချက်အလက်များတော့ ရှိ၍မရ'[1] ဟု ဖြစ်ပါသည်။

သတင်းအတတ်ပညာတွင် အချက်အလက် စစ်ဆေးခြင်းဟူသည့်စကားရပ်သည် အဓိပ္ပာယ် ၂ မျိုးထွက်နိုင်သည်။ အစဉ်အလာအရ အချက်အလက် စစ်ဆေးသူများသည် သတင်းခန်းများတွင် စာအရေးအသား စစ်ဆေးဖတ်ရှုရန်နှင့် သတင်းသမားများက ၎င်းတို့ဆောင်းပါးများတွင် ရေးထားသောအချက်အလက်များက မှန်ကန်မှု ရှိမရှိ ဆန်းစစ်စစ်ဆေးရန် အလုပ်ခန့်အပ်ခြင်း ခံထားရသူများဖြစ်သည်။ အချက်အလက် စစ်ဆေးခြင်း ဤအမျိုးအစားက သတင်းတင်ဆက်ခြင်း ကျစ်လျစ်ခိုင်မာမှုကို အကဲဖြတ်ခြင်း၊ ကိန်းဂဏန်းနှင့် အချက်အလက်များကို နှစ်ခါပြန်စစ်ဆေးခြင်းနှင့် သတင်းတိုက်မှ သတင်းများ ထုတ်ပြန်ခြင်း မပြုမီ အရည်အသွေး အလုံးစုံ စစ်ဆေးထိန်းကျောင်းခြင်းအဖြစ် ဆောင်ရွက်ပါသည်။ ဤကဲ့သို့ အလေ့အထမျိုး ခေတ်သစ်သတင်းအတတ်ပညာတွင် ပေါ်ပေါက်လာရခြင်းမှာ ၁၉၂၀ ဝန်းကျင်အတွင်း[2] အမေရိကမှ TIME ကဲ့သို့သော အကြီးစား အပတ်စဉ် မဂ္ဂဇင်းများကြောင့်ဖြစ်ကြောင်း အနည်းဆုံးတော့ အနောက်နိုင်ငံများတွင် ယူဆကြပါသည်။

၂၁ ရာစု အဝင်တွင် ကမ္ဘာအနှံ့မှ သတင်းအဖွဲ့အစည်းအများစု တွေ့ကြုံခဲ့ရသည့် စီးပွားရေးတုံ့ဆိုင်းမှုများကြောင့် အချက်အလက် စစ်ဆေးသော တာဝန်ရှိသည့် ဌာနများ ပိုမိုကျုံ့လာသည်။[3] စာစစ်စားပွဲများနှင့် ပေါင်းလိုက်ခြင်းဖြစ်စေ၊ လုံးဝဖျက်သိမ်းလိုက်ခြင်းတို့ဖြစ်စေ ဖြစ်လာကြသည်။ ယနေ့တွင်မူ အစဉ်အလာကြီးပြီး အတွေးအခေါ် အဆင့်မြင့်သော သတင်းတိုက်များဖြစ်သည့် အမေရိကမှ The New Yorker ၊ ဂျာမနီမှ Der Spiegel တို့သာ အချက်အလက် စစ်ဆေးသူ စာတည်းများ သီးသန့်ခန့်အပ်ထားခြင်း ရှိပါသည်။[4]

အချက်အလက်စစ်ဆေးပုံ အခြားတစ်မျိုးမှာ သတင်းမထုတ်ဝေခင် လုပ်ဆောင်သော စစ်ဆေးခြင်းမျိုး မဟုတ်ဘဲ သတင်းထုတ်ဝေအပြီး လူထုအကျိုးနှင့်ဆက်စပ်ကြောင်း တွေ့ရှိလာမှသာ စစ်ဆေးခြင်းမျိုးဖြစ်ပါသည်။ 'ထုတ်ပြန်အပြီး' စစ်ဆေးသော စစ်ဆေးပုံမှာ နိုင်ငံရေးသမားများနှင့် အာဏာရှိသူများအနေနှင့် မိမိတို့ ပြောဆိုသမျှ၏ မှန်ကန်မှုကို တာဝန်ခံမှုရှိအောင် တိုက်တွန်းရန်ရည်ရွယ်ထားသော စစ်ဆေးပုံဖြစ်ပါသည်။ ဤလုပ်ငန်းအမျိုးအစားများမှ အချက်အလက် စစ်ဆေးသူများသည် လူထုကို ပြောကြားကြေညာသော ပြောဆိုတင်ပြချက်များကို အတည်ပြုနိုင်မည့်/

1 Moynihan, D. & Weisman, S. (2010). *Daniel Patrick Moynihan.* New York: PublicAffairs.

2 Scriber, B. (2016). *Who decides what's true in politics? A history of the rise of political fact-checking.* [online] Poynter. Available at: https://www.poynter.org/news/who-decides-whats-true-politics-history-rise-political-fact-checking [accessed 28/03/2018].

3 မော်ဂျူး ၃ ကို ရှုပါ။

4 Bloyd-Peshkin, S. & Sivek, S. (2017). *Magazines find there's little time to fact-check online.* [online] Columbia Journalism Review. Available at: https://www.cjr.org/b-roll/magazine-fact-checking-online.php [accessed 28/03/2018].

မမှန်ကြောင်း ငြင်းဆိုပယ်ချနိုင်မည့် တိုက်ရိုက်ရင်းမြစ်များ၊ ယုံကြည်စိတ်ချရသော ဂုဏ်သိက္ခာရှိ ရင်းမြစ်များစသည်တို့ကို လိုက်လံရှာဖွေကြရပါသည်။

'ထုတ်ပြန်အပြီး' အချက်အလက် စစ်ဆေးခြင်းသည် အခြားအကြောင်းအရာများကို လေ့လာစစ်ဆေးခြင်းလည်း ရှိနိုင်သော်လည်း အဓိကအားဖြင့် နိုင်ငံရေး ကြော်ငြာများ၊ မဲဆွယ်စည်းရုံးခြင်း မိန့်ခွန်းများနှင့် ပါတီမူဝါဒကြေညာစာတမ်းများအပေါ်တွင် အဓိအားဖြင့် အာရုံစိုက်လေ့လာပါသည်။ နိုင်ငံရေးအချက်အလက် စစ်ဆေးခြင်းနှင့် ပတ်သက်ပြီး အစောပိုင်း လုပ်ဆောင်ချက်များတွင် **Factcheck.org** (အာနန်ဘာ့ဂ် ပြည်သူ့ရေးရာ မူဝါဒ စင်တာ၊ ပန်ဆယ်ဗေးနီးယား တက္ကသိုလ်က ၂၀၀၃ တွင် စတင်လွှင့်တင်သော ဝက်ဘ်ဆိုက်) နှင့် ၂၀၀၅ တွင် လွှင့်တင်သော **Channel 4 Fact Check** တို့ပါဝင်ကြပါသည်။

'အချက်အလက် စစ်ဆေးခြင်း' လုပ်ငန်းစဉ်သည် အရေးပါမှုမြင့်တက်လာပြီး မကြာသေးမီဆယ်စုနှစ်များအတွင်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ခဲ့ပါသည်။

ဤသတင်းလုပ်ငန်း အလေ့အထ ကြီးထွားလာရခြင်းအတွက် အထူးအရေးပါသော ဖြစ်ရပ်နှစ်ခု ရှိခဲ့ပါသည်။ ပထမလှိုင်းမှာ ဖလော်ရီဒါပြည်နယ်မှ စိန့်ပီတာစဘာ့ဂ်တိုင်းမ် (ယခု တမ်ပါဘေ တိုင်းမ်) ခေါ် သတင်းတိုက်တစ်ခုမှ လွှင့်တင်သော တစ်နှစ်သက်တမ်းကျော်သာ ရှိသေးသည့် အချက်အလက်စစ်ဆေးမှု စီမံကိန်းတစ်ခုဖြစ်သည့် **PolitiFact** ကို ပြည်တွင်း ပူလစ်ဇာ သတင်းဆု ၂၀၀၉ ကို ချီးမြှင့်ခြင်းမှ အစပြုသည်။ **PolitiFact** တွင် ၎င်းတို့က **Truth O Meter** (အမှန်တရားပြဒိုင်ခွက်ဟု ခေါ်သော) လုပ်ဆောင်ချက်တစ်ခုပါပြီး ပြောဆိုချက်များ၏ မှန်ကန်မှုကို အဆင့်ခွဲအမှတ်ပေးရသည့် လုပ်ဆောင်ချက်ဖြစ်ရာ အချက်အလက် စစ်ဆေးခြင်းအတွက် ရှင်းလင်းမှုပိုရှိစေသော၊ စနစ်တည်ဆောက်ပုံ ပိုထင်ရှားစေသော အလွှာတစ်ခု ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။ (ဝေဖန်သူများကမူ ထိုသို့ အမှတ်ပေး အဆင့်ခွဲခြင်းကြောင့် ပုဂ္ဂလဓိဋ္ဌာန်ကျမှု ပိုဖြစ်သွားသည်ဟု ယူဆသည်။) သို့ရာတွင် ထိုသို့သော တည်ဆောက်ပုံဖြင့် လမ်းကြောင်းပေးထားသည့် ချဉ်းကပ်ပုံကြောင့် ပရိသတ်များသည် အချက်အလက် စစ်ဆေးခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း ပိုမိုသဘောပေါက်လာကြသည်။ ဤသတင်းအတတ်ပညာ နည်းလမ်းမှာ နိုင်ငံရေးသမားများနှင့် နာမည်ကျော်များ၏ စကားများအတွက် ပြောဆိုသူက တာဝန်ခံမှုပိုရှိအောင် ဆောင်ရွက်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း ပိုမိုရှင်းလင်းစွာ နားလည်သွားကြသည်။ ထိုအဖြစ်အပျက်က ကမ္ဘာအနှံ့တွင် အခြားသော အလားတူစီမံကိန်းများကိုလည်း ပေါ်ပေါက်လာစေခဲ့ပါသည်။[5]

အချက်အလက် စစ်ဆေးခြင်း လုပ်ငန်းများ၏ ဒုတိယလှိုင်းမှာ ကမ္ဘာအနှံ့ 'သတင်းတု' ဟုခေါ်သော အရာများ ရုတ်တရက် တိုးပွားသွားခြင်း ဖြစ်စဉ်နောက်တွင် ဆက်တိုက်ပါလာသော လှိုင်းပင်ဖြစ်ပါသည်။ 'သတင်းတု' ဟူသည့် စကားလုံးမှာ ယနေ့တွင် အာဏာရှိသူတို့ လိုရာသုံးရန် မွေးစားခြင်းခံရပြီး အလွဲသုံးစားခံနေသော စကားလုံးဖြစ်လာသည်။ ထိုစဉ်က အဓိပ္ပာယ်မှာမူ အစအဆုံး အတုပြုဖန်တီးထားသော လူအများ၏ စိတ်ခံစားချက်များပေါ်အောင် နှိုးဆွသော သတင်းတင်ဆက်ချက်များကို လူမှုမီဒီယာ အယ်ဂရစ်သမ်များသုံးပြီး လူပေါင်းများစွာထံရောက်အောင် ဖန်တီးထားခြင်းဖြစ်သည်။ ၂၀၁၆ အရောက်တွင် အွန်လိုင်း သတင်းအချက်အလက် တည်ဆောက်ပုံသည် သတင်းမှားများနှင့် လုပ်ကြံသတင်းများ၏ စိမ့်ဝင်မှုမှ မည်သို့မျှ မလွတ်ကင်းနိုင်ကြောင်းကို သိရှိလာသည့်အခါ အဖွဲ့အစည်းများသည် တဖြည်းဖြည်းနှင့် အချက်အလက် စစ်ဆေးခြင်းနှင့် ပတ်သက်ပြီး ပြန်လည်အာရုံထားလာကြသည်။

ဤဒုတိယလှိုင်းသည် အများပြည်သူထံ ပြောဆိုချက်များအား အချက်အလက် စစ်ဆေးခြင်းများနှင့် ပျံ့နှံ့လျက်ရှိသည့် သတင်းမှားများကို ချေဖျက်ရှင်းလင်းခြင်း နှစ်ခုလုံးကို တူညီစွာ အာရုံစူးစိုက်မှုရှိပါသည်။ ချေဖျက်ဖြေရှင်းခြင်းသည် အချက်အလက်စစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ဆင်တူသော ကျွမ်းကျင်မှု အစုအဝေး တစ်ခုကို လိုအပ်ပါသည်။ (အထူးသဖြင့် အသုံးပြုသူများ ထုတ်လုပ်ဖန်တီးသည့် အကြောင်းအရာများပိုလိုအပ်သည်။ အောက်ပါ ဗင်းန် သရုပ်ဖော်ပုံတွင်ကြည့်ပါ။) ဤမော်ဂျူးသည် အောက်ပါဖွင့်ဆိုချက်နှင့် ကိုက်ညီသော အချက်အလက် စစ်ဆေးခြင်းအကြောင်းကို စူးစိုက်တင်ပြသွားမည်ဖြစ်ပြီး နောက်လာမည့် မော်ဂျူးတွင် ဒစ်ဂျစ်တယ် တင်ဆက်ချက်များနှင့် ရင်းမြစ်များကို မည်သို့ တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း တင်ပြသွားပါမည်။[6]

---

5 Mantzarlis, A. (2017). In its first decade, PolitiFact helped define political fact-checking far beyond Washington, D.C. [online] Poynter. Available at: https://www.poynter.org/news/its-first-decade-politifact-helped-define-political-fact-checking-far-beyond-washington-dc [accessed 28/03/2018].

6 မော်ဂျူး ၆ ကို ရှုပါ။




INTERNATIONAL FACT-CHECKING NETWORK @ Poynter.

**ပုံ ၅ – အချက်အလက် စစ်ဆေးခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့၏ ကွာခြားချက်**

## *ကမ္ဘာအနှံ့မှ အချက်အလက် စစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ*

Duke Reporters' Lab ၏ အဆိုအရ ၂၀၁၇ ဒီဇင်ဘာတွင် နိုင်ငံ ၅၁ ခု၌ အချက်အလက် စစ်ဆေးခြင်း စီမံကိန်းပေါင်း ၁၃၇ ခု ရှိနေကြောင်းသိရပါသည်။[7]

အချက်အလက် စစ်ဆေးခြင်း လုပ်ငန်းများသည် အမေရိကန်ပြည်ထောင်စုတွင် အများဆုံး ဈေးကွက်ရှိနေသည် ဆိုသော်လည်း အတွေးအကောင်းဆုံး၊ တီထွင်ဆန်းသစ်မှုအရှိဆုံး လုပ်ငန်းပုံစံများကို ကမ္ဘာ့အခြားနေရာများတွင် ဆောင်ရွက်နေကြပါသည်။ သင်ကြားသူများအနေနှင့် Africa Check (တောင်အာဖရိက၊ ဆီနီဂေါ၊ နိုင်ဂျီးရီးယား၊ ကင်ညာ)၊ Chequeado (အာဂျင်တီးနား)၊ Les Decodeurs (ပြင်သစ်)၊ Faktisk (နော်ဝေး)၊ နှင့် Full Fact (ယူကေ) တို့ကဲ့သို့သော စီမံကိန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ဆောင်ရွက်ထားသင့်ပါသည်။

နိုင်ငံသီးသန့်၊ ဒေသသီးသန့်အပေါ် အာရုံစိုက်လေ့လာလိုသူ နည်းပြများအတွက် အောက်ပါရင်းမြစ်များမှာ အသုံးဝင်နိုင်ပါသည်။

- ဘရာဇီး – "Fact-checking booms in Brazil," Kate Steiker မှ Poynter အတွက် ရေးသားထားသော ဆောင်းပါးဖြစ်သည်။ https://www.poynter.org/news/ fact-checking-booms-brazil တွင် တွေ့ရှိနိုင်သည်။
- ဥရောပ – "The Rise of Fact-Checking Sites in Europe" Lucas Graves နှင့် Federica Cherubini တို့က Reuters Institute at the University of Oxford အတွက် ရေးထားသော အစီရင်ခံစာ ဖြစ်ပြီး http://reutersinstitute.politics.ox.ac.uk/our-research/ rise-fact-checking-sites-europe#overlay-context= တွင် တွေ့ရှိနိုင်သည်။

7 Stencel, M. (2017). *Fact-checking booms as numbers grow by 20 percent.* [online] Duke Reporters Lab. Available at: https://reporterslab.org/big-year-fact-checking-not-new-u-s-fact-checkers/ [accessed 28/03/2018].

- ဂျပန် – "A new fact-checking coalition is launching in Japan" ဟူသည့် Masato Kajimoto က Poynter အတွက် ရေးထားပေးသော ဆောင်းပါးဖြစ်သည်။ https://www.poynter.org/news/ new-fact-checking-coalition-launching-japan တွင် ရရှိနိုင်သည်။
- တောင်ကိုရီးယား – "What's behind South Korea's fact-checking boom? Tense politics and the decline of investigative Journalism," ဟူသည့် ဆောင်းပါးကို Boyoung Lim က Poynter အတွက် ရေးသားထားပေးပြီး http://www.poynter.org/2017/whats-behind-south-koreas-fact-checking-boom-tense-politics-and-the-decline-of-investigative-Journalism/463655/ တွင် ဖတ်ရှုနိုင်သည်။
- လက်တင် အမေရိက – "Lack of access to information is driving Latin America's fact-checking boom" Ivan Echt u Poynter အတွက် ရေးသားထားပေးသော ဆောင်းပါးဖြစ်ပြီး https://www.poynter.org/news/ lack-access-information-driving-latin-americas-fact-checking-boom တွင် ဖတ်ရှုနိုင်ပါသည်။
- အမေရိကန် ပြည်ထောင်စု – "Deciding What's True: The Rise of Political Fact- Checking in American Journalism" Lucas Graves က ရေးထားသော စာအုပ်လည်း ရှိသလို၊ ၎င်းစာအုပ်ကို Brad Scriber က စာညွှန်းရေးထားပေးခြင်းလည်း ရှိပါသည်။ Poynter အတွက် ရေးထားပေးကြခြင်းဖြစ်ပြီး https://www.poynter.org/news/ who-decides-whats-true-politics-history-rise-political-fact-checking တွင် တွေ့ရှိနိုင်ပါသည်။

## အချက်အလက် စစ်ဆေးခြင်း နည်းလမ်းများနှင့် ကျင့်ဝတ်များ

အချက်အလက် စစ်ဆေးခြင်းဆိုသည်မှာ အလွန်ခက်ခဲရှုပ်ထွေးလှသော သိပ္ပံပညာတော့ မဟုတ်ပါ။ သို့ရာတွင် စေ့စပ်သေချာစွာဖြင့် အတိမ်းအစောင်းမရှိ ဖြေဆိုရမည့် မေးခွန်းတစ်ခုဖြင့် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသော စဉ်းစားပုံဖြစ်သည်။ ထိုမေးခွန်းမှာ 'ဟုတ်မဟုတ် ဘယ်လိုသိမလဲ' ဟူ၍ ဖြစ်သည်။ အချက်အလက် စစ်ဆေးခြင်းသည် စာလုံးပေါင်း စစ်ဆေးခြင်း မဟုတ်ပေ။ ထို့ကြောင့် မှန်ကန်သော အချက်အလက်များအားလုံးကို စုစည်းပေးထားသည့် အဘိဓာန်အလား စာအုပ်စာတမ်းလည်း မရှိပေ။ သို့မဟုတ် အချက်အလက်တစ်ခုအဖြစ် မှားယွင်းစွာ ဖော်ပြထားသော အကြောင်းအရာတိုင်းကို ဖော်ထုတ်အသိပေးထောက်လှမ်းသော ဆော့ဖ်ဝဲလည်း မရှိပေ။

ယေဘုယျဆိုရလျှင် အချက်အလက် စစ်ဆေးခြင်းကို အဆင့် ၃ ဆင့်ဖြင့် ဖွဲ့စည်းထားပါသည်။

၁။ **အချက်အလက်ဖြင့် တိုက်စစ်နိုင်သည့် ပြောဆိုချက်များကို ရှာဖွေခြင်း။** ဥပဒေဆိုင်ရာ မှတ်တမ်းများ၊ မီဒီယာတိုက်များနှင့် လူမှုမီဒီယာများပေါ်မှ မှတ်တမ်းများကို ဆန်ကာတိုက်ရှာဖွေခြင်းဖြစ်သည်။ မည်သည့်အများဆိုင်ရာ ပြောဆိုချက်များသည် (က) အချက်အလက်များနှင့် တိုက်စစ်နိုင်ကြောင်း (ခ) အချက်အလက် စစ်ဆေးသင့်ကြောင်း ဆုံးဖြတ်သည့်ဖြစ်စဉ် ပါဝင်ပါသည်။

၂။ **အချက်အလက်များ ရှာဖွေခြင်း** – စစ်ဆေးလိုသည့် ပြောဆိုချက်နှင့်ပတ်သက်ပြီး အကောင်းဆုံး သက်သေအထောက်အထားများကို ရှာဖွေခြင်းဖြစ်သည်။

၃။ **အမှားပြင်ဆင်ခြင်း** – အထောက်အထားများ၏ မီးမောင်းအောက်တွင် စစ်ဆေးထားသည့် ပြောဆိုချက်သည် မည်မျှမှန်ကန်ကြောင်း အကဲဖြတ်ခြင်းဖြစ်သည်။

ယုံကြည်စိတ်ချဖွယ်ရာဖြစ်သော အချက်အလက် စစ်ဆေးသော အဖွဲ့အစည်းများသည် မိမိတို့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို အများဆိုင် နည်းလမ်းများအဖြစ် ရှင်းလင်းတင်ပြထားခြင်း ရှိပါသည်။

နည်းပြများသည် မိမိတို့ သင်တန်းသားများကို အောက်ပါတို့အနက် တစ်ခု သို့မဟုတ် များစွာကို သင်ကြားပြသပေးနိုင်ပါသည်။

၁။ Africa check ၏ 'ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်ပုံ' စာမျက်နှာ။ (https://africacheck.org/ about-us/how-we-work/) တွင် တွေ့နိုင်ပါသည်။ Material အပိုင်းတွင် သရုပ်ဖော်ပုံများတွင်လည်း လေ့လာနိုင်ပါသည်။

၂။ Chequeado ၏ “Metodo” (စပိန်ဘာသာစကားဖြင့် http://chequeado.com/ metodo/ တွင် ဖတ်ရှုနိုင်သည်။)

၃။ Pagella Politica ရေးသားထားသော “Metodologia” နှင့် “Come funzioniamo” (အီတာလျံ ဘာသာစကားဖြင့် https://pagellapolitica.it/progetto/index တွင် ဖတ်ရှုနိုင်ပါသည်။)

၄။ PolitiFact မှ ရေးသားပြုစုထားသော “The Principles of PolitiFact” (http://www.politifact.com/truth-o-meter/article/2013/nov/01/principles-politifact-punditfact-and-truth-o-meter/ တွင် ဖတ်ရှုနိုင်ပါသည်။)

နိုင်ငံတကာအချက်အလက် စစ်ဆေးခြင်းကွန်ရက် The International Fact-Checking Network (IFCN)[8] က တာဝန်သိ အချက်အလက် စစ်ဆေးသူများအနေနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများတွင် လိုက်နာရမည့် မူဘောင်ကျင့်ဝတ်များကို ဖန်တီးရေးသားထားပါသည်။

အချက်အလက် စစ်ဆေးသော အဖွဲ့အစည်းများသည် IFCN ကျင့်ဝတ်မူဘောင်များ၏ လက်မှတ်ထိုးအဖွဲ့ဝင်များ ဖြစ်လာရန် လျှောက်ထားမှုများ ရှိကြပါသည်။ ထိုသို့ အဖွဲ့ဝင်ဖြစ်လာရန်အတွက် မူဘောင်များကို ထိရောက်စွာ အသုံးပြုနေမှု ရှိမရှိကို ပြင်ပအကဲဖြတ်ဆန်းစစ်သူတစ်ဦးဦးက ဆန်းစစ်ချက်လိုအပ်ပါသည်။ သင်ကြားသူများအနေနှင့် ထိုမူဘောင်များကို လေ့လာပြီး မိမိတို့နိုင်ငံများမှ အချက်အလက်စစ်ဆေးခြင်း အဖွဲ့အစည်းများကို အကဲဖြတ်ချက်များ ထွက်ထားပါကလည်း လေ့လာသင့်ပါသည်။[9] ထို့နောက် ထိုမူဘောင်များကို လိုက်နာခြင်းရှိသော အချက်အလက် စစ်ဆေးသူများကို ပိုမိုယုံကြည်စိတ်ချရခြင်း ရှိမရှိ ဆွေးနွေးနိုင်ပါသည်။

ထိုမူဘောင်များသည် အချက်အလက်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းကောင်းများနှင့် မကောင်းသော လုပ်ထုံးများကို ခွဲခြားနိုင်ရန် ပရိသတ်ကို အထောက်အကူပေးပါလိမ့်မည်။ ဥပမာ အချက်အလက်စစ်ဆေးခြင်းအဖြစ် ဟန်ဆောင်နေသော သတင်းမှားနမူနာများကို အောက်ပါလိပ်စာများတွင် တင်ပြထားသော အကြောင်းအရာများတွင် နည်းပြများက ရှာဖွေတင်ပြနိုင်ပါသည်။

- ဖြစ်ပွားနေသော မျိုးတုန်းသတ်ဖြတ်မှုနှင့် ဆင်ဆာဖြတ်တောက်ပိတ်ပင်မှုများနှင့် ပတ်သက်ပြီး အလိမ်အညာများကို မွှေနှောက်ထည့်သွင်းနေကြသည်။ https://www.poynter.org/news/these-fake-fact-checkers-are-peddling-lies-about-genocide-and-censorship-turkey
- အမှန်တရား၏ အလွန် ခေတ်စနစ်တွင် ဆွီဒင်၏ လက်ယာစွန်းရောက် အချက်အလက် စစ်ဆေးသူများ ပေါ်ပေါက်လာခြင်းမှာ ရှောင်နိုင်သောအဖြစ်မဟုတ်ပါ။ (ဂါဒီယန် သတင်းစာပါခဲ့သော တင်ဆက်ချက်ဖြစ်သည်။) https://www.theguardian.com/media/2017/jan/19/ in-the-post-truth-era-swedens-far-right-fake-fact-checker-was-inevitable

## *အချက်အလက်များကို မည်သည့်အရာများက ပိတ်ဆို့ဟန့်တားသနည်း*

အချက်အလက် စစ်ဆေးခြင်း လက်တွေ့အပိုင်းများကို သွားရောက်မလေ့လာမီတွင် သင်ယူသူများသည် ၎င်းလုပ်ငန်း၏ အကန့်အသတ်များနှင့် မိမိတို့ကိုယ်တိုင်၏ အကန့်အသတ်များကို နားလည်ရန်လိုသည်။

အချို့သော ဝေဖန်ရေးဆရာများက ပြောကြသည်မှာ ကျွန်ုပ်တို့သည် ‘အမှန်တရား၏ လွန်ရာ’ ခေတ်၊ ‘အချက်အလက်များ၏ အလွန်’ ခေတ်တစ်ခေတ်ကို ဝင်ရောက်လာပြီဟူ၍ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ထိုစကားလုံးများသည် ကမ္ဘာအနှံ့မှ သတင်းခေါင်းစည်းများတွင် ပါဝင်လာပြီး အောက်စ်ဖို့ဒ် အင်္ဂလိပ် အဘိဓာန်နှင့် ဂျာမန်ဘာသာစကားအသင်းက ‘လက်ရှိခုနှစ်၏ ရေပန်းအစားဆုံး စကားလုံး’ အဖြစ် ရွေးချယ်ခြင်းခံရပါသည်။ ‘အမှန်တရား၏ အလွန်ခေတ်’ ထောက်ခံသူများက အဘယ့်ကြောင့် ထိုသို့ယုံရကြောင်း ဤသို့ရှင်းလင်းသည်။ နိုင်ငံရေးနှင့် မီဒီယာက တစ်ဖက်စွန်းရောက်လွန်း၊ အုပ်စုစရိုက်ဆန်လွန်းလာသည့်အတွက် နိုင်ငံသားများသည် မိမိတို့ သဘောမတူသည့် မည်သည့်အချက်ကိုမဆို မျက်စိမှိတ် ငြင်းဆိုခြင်း ရှိလာခြင်းကြောင့် ‘အမှန်တရား၏ အလွန်’ ခေတ်ဟု ဆိုရခြင်းဖြစ်သည်ဟူ၏။

8 မော်ဂျူးစာရေးသူ အလက်ဇီယို မန်ဇာလစ်သည် နိုင်ငံတကာ အချက်အလက် စစ်ဆေးခြင်း ကွန်ရက်ကို ဦးဆောင်သူဖြစ်ပါသည်။

9 Available at https://www.poynter.org/international-fact-checking-network-fact-checkers-code-principles. [ကိုးကားသည့်နေ့စွဲ 28/03/2018].

သို့ရာတွင် တဖြည်းဖြည်း ပိုမိုများပြားခိုင်မာလာသည့် သုတေသနအရဆိုလျှင် ထိုအယူမမှန်တော့ပြန်ပေ။ ပရိသတ်က ယုံကြည်စိတ်ချဖွယ်ဖြစ်ကြောင်း ယူဆထားသည့် ဩဇာလွှမ်းသူများ အဖွဲ့အစည်းများကို ကိုးကားပြီး ပြန်လည်ပြင်ဆင်ချက်များ လုပ်ဆောင်ပါက ပရိသတ်များသည် (ပျမ်းမျှအားဖြင့်) ပိုမိုအသိအမြင်ပွင့်လာခြင်း ရှိသည်ဟူသော သုတေသနပင်ဖြစ်သည်။ သင်ကြားသူများသည် အောက်ပါရင်းမြစ်များကို ထိုကိစ္စအတွက် ထပ်မံဖတ်ရှုပြီး သင်ယူသူများနှင့် ဆွေးနွေးချက်များ ဆောင်ရွက်နိုင်ပါသည်။

- Swire, B., Berinsky, A. J., Lewandowsky, S. & Ecker, U. K. H. (2017). Processing political misinformation: comprehending the Trump phenomenon (1 March 2017). Available at http://rsos.royalsocietypublishing.org/content/4/3/160802 [accessed 28/03/2018].
- Nyhan, B. & Zeitzoff, T. (2018). Fighting the Past: Perceptions of Control, Historical Misperceptions, and Corrective Information in the Israeli- Palestinian Conflict. Available at: http://onlinelibrary.wiley.com/doi/10.1111/ pops.12449/abstract. [accessed 28/03/2018].
- Wood, T. & Porter, E. (2016). The Elusive Backfire Effect: Mass Attitudes' Steadfast Factual Adherence (August 5, 2016). Available at: https://ssrn.com/ abstract=2819073. [accessed 28/03/2018].

တစ်ချိန်တည်းမှာပင် အချက်အလက်များဆိုသည်မှာ လောကတစ်ခုလုံး၏ ဝိသေသသဘောများအားလုံးကို မှန်ကန်စွာ ဖော်ပြနိုင်သော အရာများအဖြစ်သော်လည်းကောင်း၊ လူသားများသည် မိမိမူလအကြိုက်နှင့် ယုံကြည်မှုများနှင့် မကိုက်ညီသော အချက်အလက်များကိုပင် လွှော့လွှော့ရှုရှု လက်ခံနိုင်ကြမည်ဟုသော်လည်းကောင်း ယူဆခြင်းမှာလည်း လူရယ်စရာ အဓိပ္ပာယ်မဲ့သော ဟာသဖြစ်လောက်အောင် အလွယ်တွေးလွန်းခြင်း ဖြစ်ပါသည်။ လူတိုင်းသည် အသိအမြင်ပိုင်းဆိုင်ရာနှင့် အခြားသော ပုံစံအမျိုးမျိုးရှိသည့် ဘက်လိုက်မှုများရှိကြသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ အပိတ်အဆို့များစွာ ရှိကြသည်။ အချက်အလက်ပုံစံဆောင်သော သတင်းအချက်အလက် အသိဗဟုသုတအသစ်များကို စုပ်ယူသိရှိခြင်းကို အဟန့်အတား ဖြစ်စေသော ဘက်လိုက်မှု အယူအစွဲများပင်ဖြစ်ကြပါသည်။ ထိုအယူအစွဲဆိုသည့် ကိစ္စသည် သူများထံတွင်သာ ဖြစ်သည်မဟုတ်၊ မိမိကိုယ်တိုင်အပါအဝင် လူအားလုံးတွင်ဖြစ်သော အကြောင်းအရာဖြစ်ကြောင်း သေချာအာရုံစိုက်ပြောဆိုရန် လိုအပ်ပါသည်။

သင်ကြားသူ နည်းပြအနေနှင့် အောက်ပါ ဘက်လိုက်မှု အယူအစွဲများအကြောင်းကို စာသင်ခန်းအတွင်း ဆွေးနွေးသင့်ပါသည်။

**အတည်ပြုခြင်း ဘက်လိုက်မှု** – (confirmation bias) - [Encyclopaedia Britannica တွင် ရှင်းထားသည့်အတိုင်း https://www.britannica.com/ topic/confirmation-bias] ကိုးကားချိန် ၂၈/ ၀၃/ ၂၀၁၈ – မိမိ၏ ရှိရင်းစွဲ ယုံကြည်မှုများနှင့် ကိုက်ညီသော အကြောင်းအရာ အသိဗဟုသု သတင်းအချက်အလက်ကိုသာ ရှာဖွေခြင်း၊ မိမိယူစွဲထားသည့်အတိုင်းသာ အဓိပ္ပာယ်မြင်ခြင်း ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဤသို့သော ဘက်လိုက်မှု ရှိသွားခြင်းသည် များသောအားဖြင့် မရည်ရွယ်ဘဲ ဖြစ်သွားခြင်းဖြစ်ပြီး ရှေ့နောက်မညီသော အချက်အလက်များကို လျစ်လျူရှုမိခြင်းများ ဖြစ်တတ်ပါသည်။ ရှိရင်းစွဲ ယုံကြည်မှုများဆိုရာဝယ် အခြေအနေတစ်ရပ်တွင် မည်သို့ ဖြစ်သင့်ကြောင်း ယူဆထားသော ယူဆချက်များ၊ မိမိက ကြိုတင်မှန်းဆထားသော ရလဒ်တစ်စုံတစ်ရာ စသည်တို့ ပါဝင်နိုင်ပါသည်။ အထူးသဖြင့် ပြဿနာကိစ္စရပ်သည် အလွန်အရေး ပါသောအခါ၊ မိမိနှင့် အလွန်ဆက်စပ်ကိုက်ညီမှု ရှိသောအခါ လူအများသည် မိမိ၏ ရှိရင်းစွဲ ယုံကြည်မှုများနှင့် အစပ်အဟပ် တည့်သော အချက်အလက်ရှာဖွေမှု၊ နားလည်အဓိပ္ပာယ်ပေါက်မှုများ လုပ်ဆောင်တတ်ပါသည်။

**အကျိုးလိုမှု အရင်းခံယုတ္တိ** (Motivated reasoning) – [Discover မဂ္ဂဇင်းမှ ရှင်းလင်းချက် — http://blogs.discovermagazine.com/intersection/2011/05/05/what-is-motivated-reasoning-how-does-it-work-dan-kahan-answers/#.WfHrl4ZrzBI] ကိုးကားချိန် ၂၈/ ၀၃/ ၂၀၁၈ – အကျိုးလိုမှု အရင်းခံထားခြင်းရှိသော ဆင်ခြင်စဉ်းစားခြင်းဆိုသည်မှာ မိမိလိုလားနေသော အကျိုးကျေးဇူးနှင့် ရည်ရွယ်ချက်တစ်စုံတစ်ရာအတွက် ထောက်ပံ့နိုင်သော ကောက်ချက်များဘက်ကို မသိစိတ်က ယိမ်းယိုင်ပြီး စဉ်းစားတွေးခေါ်ခြင်း၊ အချက်အလက်များကို လိုသလို အဓိပ္ပာယ်ဖော်ခြင်းတို့ ဖြစ်တတ်သောသဘောကို ဆိုလိုခြင်းဖြစ်ပါသည်။ ၁၉၅၀ ခုနှစ်များအတွင်းတွင် စိတ်ပညာရှင်များသည် စမ်းသပ်မှု တစ်ခုကို နာမည်ကြီးတက္ကသိုလ်များဖြစ်သော Ivy League ကောလိပ်များမှ ကျောင်းသားများနှင့် ပြုလုပ်ခဲ့ကြသည်။ မိမိတို့ ကျောင်းအသီးသီးက ပါဝင်ယှဉ်ပြိုင်ကြသော ဘောလုံးအားကစားပွဲများတွင် ဖြစ်ပွားခဲ့သော အငြင်းပွားဖွယ် ဒိုင်လူကြီး ဆုံးဖြတ်ချက်များကို စုစည်းထားသော ဗီဒီယိုတစ်ခုပြသသည်။ ထို့နောက် ထိုဆုံးဖြတ်ချက် မှန်မမှန် စဉ်းစားသုံးသပ်သည့်အခါ အခြားကျောင်း အသင်းများထက် မိမိကျောင်းဘက်ကို အလေးသာသည့်အခါ ဒိုင်လူကြီးဆုံးဖြတ်ချက်များကို မှန်ကန်ကြောင်း

သုံးသပ်မိနိုင်ခြေ ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ သုတေသီများ၏ ကောက်ချက်မှာ မိမိကျောင်းအသင်းကို အားပေးလိုစိတ်နှင့် မိမိကျောင်းအသင်းနိုင်သည်ကို မြင်လိုသော ဆန္ဒများက မိမိ၏ ဆင်ခြင်သုံးသပ်သည့် အမြင်ရှုထောင့်များကို ပုံဖော်ပေးနိုင်သောကြောင့် ဗွီဒီယိုတွင် ဒိုင်လူကြီး ဆုံးဖြတ်ချက်များကို အမြင်အမျိုးမျိုး ကွဲခဲ့သည်ဟူ၍ဖြစ်သည်။

**မြင်ပါများလျှင် အမှန်ထင်ခြင်းအစွဲ** [Oxford University Press A Dictionary of Psychology မှ ကောက်နုတ်ချက် — http://www.oxfordreference.com/view/10.1093/acref/9780199534067.001.0001/acref-9780199534067-e-830] ကိုးကားချိန် ၂၈/၀၃/၂၀၁၈ – အသိအမြင်ပိုင်းဆိုင်ရာ အလိုအလျောက် သဘောပေါက်ထင်မြင်ခြင်းတစ်မျိုးဖြစ်သည်။ ကိစ္စတစ်ခု ဖြစ်နိုင်ခြေရှိမရှိ ဆုံးဖြတ်ရာတွင် မိမိစိတ်တွင် အလွယ်တကူ သိရှိမြင်ယောင်နိုင်ခြင်း အကြိမ်ရေအပေါ် မူတည်ပြီး ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ထိုသို့ အစွဲမျိုးကြောင့် မမှန်ကန်သော ပြောဆိုချက်များကိုပင် အလွယ်တကူ ကြားဖူးမြင်ဖူးခြင်း များစွာရှိထားပါက မှန်ကန်သည်ဟု အထင်လွဲခြင်း ဖြစ်လာစေနိုင်ပါသည်။ ဗန်တာဘစ်တက္ကသိုလ်မှ လီဆာဖေဇီယိုက ဆောင်ရွက်ခဲ့သော စမ်းသပ်ချက်တစ်ခုတွင် 'ဆာရီဆိုတာ စကော့တလန် အမျိုးသား စကပ်' ဟူသည့် စကားကို ခြောက်ကြိမ်ခြောက်ခါ ရွတ်ဆိုရသော လူများသည် အဆိုပါ အဓိပ္ပာယ်မဲ့စကားကို တစ်ကြိမ်တည်း ပြောသူများထက် အဟုတ်ထင်သွားနိုင်ခြေ ပိုမိုမြင့်မားသည်ကို တွေ့ရှိခဲ့ရပါသည်။ သတင်းအတတ်ပညာတွင် သတင်းအမှားများကို ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ ဖော်ပြခြင်းများလာလျှင် အမှားများ အများယုံအောင် သိဒ္ဓိတင်ပေးသော နေရာပင်ဖြစ်သွားနိုင်ပါသည်။ အမေရိကန် သမ္မတဟောင်း ဘားရက် အိုဘားမား၏ မွေးရပ်မြေအကြောင်း လုပ်ကြံဖြန့်ဝေသော သတင်းများအကြောင်းကို မီဒီယာတွင် ထည့်သွင်းပြောဆို တင်ပြမှုများသည်လည်း သမ္မတဟောင်းသည် ဟာဝိုင်အီတွင် မွေးသူမဟုတ်ဟု ယုံသွားသူများပြားသွားရခြင်း အကြောင်းတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ပါလိမ့်မည်။

အချက်အလက်စစ်ဆေးခြင်း လုပ်ငန်းသည် ခြောက်ပစ်ကင်းသော နည်းလမ်းမဟုတ်သည်ကို သတိချပ်သင့်ပါသည်။ အချို့အချက်အလက်များသည် ရာနှုန်းပြည့် မှန်ကန်သော်လည်း အရေးပါသည့် ရှေ့နောက်အဆက်အစပ်ကို ဖျောက်ပြီး ဖော်ပြထားခြင်းလည်း ရှိနိုင်သည်။[10] ပိုမိုကျယ်ပြန့်သော နောက်ခံဇာတ်လမ်း အယူအဆများတွင် အချက်အလက်များကို တည်ဆောက်ပုံ၊ ရှေ့နောက် စီစဉ်ပုံ၊ ပြန်လည်နေရာချပုံတို့ အပေါ် အမြဲတစေမူတည်ပြီး အချက်အလက် အတူတူကို အရေးပါပုံ အမျိုးမျိုး ပြောင်းလဲပေးနိုင်ပါသည်။ အမှန်တရားဆိုသည်မှာလည်း အချက်အလက်များ စုပေါင်းထားခြင်းထက်ပိုပါသည်။ အချက်အလက် စစ်ဆေးခြင်းဆိုသည်မှာ အချက်အလက် တစ်မျိုးတည်းကို သဘောရိုးဖြင့် အဓိပ္ပာယ်ဖော်ခြင်း အမျိုးမျိုးကို ဟန့်တားပိတ်ပင်ရန် သုံးရသည့် နည်းလမ်းလည်း မဟုတ်ပါ။ အချက်အလက်များနှင့် ပတ်သက်ပြီး အမြင်များ အခြားထင်မြင်ချက်များ ရေးသားခြင်းအားဖြင့် နောက်ခံအယူအဆ ဇာတ်လမ်းများ ပြောင်းလဲသွားနိုင်ခြင်းနှင့် တစ်ဦးချင်း ထင်မြင်ချက်များကို ပိတ်ပင်ရန်လည်း မဟုတ်ပါ။ ၄င်းတို့အားလုံးသည် ယုတ္တိဆီလျော်၊ ကြောင်းကျိုးညီညွတ်သော အငြင်းအခုန်များကို အားပေးနိုင်သော အခြေခံအုတ်မြစ်များလည်း ဖြစ်ပါသည်။

## မော်ဂျူး ရည်ရွယ်ချက်များ

- ကမ္ဘာအနှံ့တွင် ပေါ်ပေါက်နေသော အချက်အလက် စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းကောင်းများ အကြောင်းနှင့် ရင်းနှီးကျွမ်းဝင်မှု မြှင့်တင်နိုင်ရန်။
- အချက်အလက်များကို နားလည်မှုနှင့် ပတ်သက်ပြီး အနှောင့်အယှက်ပြုနိုင်သော စဉ်းစားဆင်ခြင်ခိုက်ဘက်လိုက်မှုများအကြောင်း အသိအမြင် မြှင့်တင်ရန်။
- ဝေဖန်ပိုင်းခြားခြင်း ကျွမ်းကျင်မှုများ မြှင့်တင်ရန်။

10 ဖတ်ရန် - example Yanofsky, D.(2013). *The chart Tim Cook doesn't want you to see*. Available at https://qz.com/122921/the-chart-tim-cook-do

## သင်ယူမှု ရလဒ်များ

၁။ အချက်အလက် စစ်ဆေးခြင်းသည် သတင်းအတတ်ပညာ၏ ထူးခြား ထင်ရှားသော ပုံစံတစ်ခုအနေနှင့် ပေါ်ပေါက်လာခြင်းအကြောင်း နားလည်ခြင်းနှင့် အဆိုပါ အလေ့အထ၏ ကျင့်ဝတ်နှင့် ပညာရပ်ဆိုင်ရာ နည်းလမ်းများအကြောင်း နားလည်မှု။

၂။ အထောက်အထားများ၏ အရည်အသွေးကို အကဲဖြတ်ဆန်းစစ်ရာတွင် မေးရန်လိုအပ်သော မေးခွန်းများအကြောင်း နားလည်ခြင်း။

၃။ အချက်အလက်နှင့် တိုက်ဆိုင်စစ်ဆေးနိုင်သော ဖော်ပြချက်များ၊ တစ်ကိုယ်ရည် ထင်မြင်ချက်များနှင့် အတိသယဝုတ္တိအလင်္ကာတို့ကို ကွဲပြားစွာ နားလည်မှု မြင့်တက်လာခြင်း။

၄။ အချက်အလက်များကို နားလည်မှုနှင့် ပတ်သက်ပြီး အနှောင့်အယှက်ပြုနိုင်သော စဉ်းစားဆင်ခြင်ခိုက် ဘက်လိုက်မှုများအကြောင်း နားလည်သဘောပေါက်လာခြင်း။

## မော်ဂျူး ဖွဲ့စည်းတည်ဆောက်ပုံ

ဤသင်ခန်းစာ၏ သဘောတရားပိုင်း တည်ဆောက်ပုံလမ်းကြောင်းတွင် အောက်ပါတို့ကို စူးစိုက်လေ့လာထားပါသည်။

၁။ သမိုင်းကြောင်းနှင့် စကားရပ်အဓိပ္ပာယ်များ

၂။ နည်းလမ်းများနှင့် ကျင့်ဝတ်များ

၃။ အချက်အလက်များ နားလည်ရာတွင် အဟန့်အတား အနှောင့်အယှက် ဖြစ်စေသောအရာများ

လက်တွေ့ပိုင်း တည်ဆောက်ပုံလမ်းကြောင်းများကိုမူ လုပ်ငန်းစဉ် ၂ ခု အဖြစ် ခွဲခြားပါဝင်ပါသည်။

၁။ အချက်အလက် စစ်ဆေးခြင်းပြုနိုင်သော ပြောဆိုချက်များကို ရှာဖွေခြင်း

၂။ အချက်အလက်များကို ရှာဖွေခြင်း

ဤလေ့ကျင့်ခန်း၌ ပြောဆိုချက်မှတ်တမ်းများတွင် အမှားပြင်ခြင်းကို စူးစိုက်တင်ပြထားပါသည်။

### သင်ကြားရေး အစီအစဉ်များနှင့် သင်ယူမှုရလဒ်များကို ချိတ်ဆက်ခြင်း

*က။ သဘောတရား*

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| ၁။ သမိုင်းကြောင်းနှင့် စကားရပ် အဓိပ္ပာယ်များ | မိနစ် ၂၀ | ၁ |
| ၂။ နည်းလမ်းများနှင့် ကျင့်ဝတ်များ | မိနစ် ၂၀ | ၁ |
| ၃။ အချက်အလက်များ နားလည်ရာတွင် အဟန့်အတား အနှောင့်အယှက် ဖြစ်စေသောအရာများ | မိနစ် ၂၀ | ၄ |

ခ။ လက်တွေ့


| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| **လုပ်ငန်းစဉ် ၁** – အချက်အလက် စစ်ဆေးခြင်း ပြုနိုင်သော ပြောဆိုချက်များကို ရှာဖွေခြင်း | မိနစ် ၃၀ | ၃ |
| **လုပ်ငန်းစဉ် ၂** – အချက်အလက်များကို ရှာဖွေခြင်း | ၁ နာရီ | ၂ |

## (က) အချက်အလက်စစ်ဆေးခြင်း ပြုနိုင်သော ပြောဆိုချက်များကို ရှာဖွေခြင်း

အချက်အလက် စစ်ဆေးခြင်းဆိုသည်မှာ မှန်ကန်မှုရှိမရှိကို ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးနိုင်သော ကိန်းဂဏန်းအချက်အလက် အနည်းဆုံး တစ်ခုပါဝင်သော ပြောဆိုတင်ပြချက်များကို အာရုံစူးစိုက်ဆန်းစစ်သည်။ အချက်အလက်စစ်ဆေးခြင်း ပြုရာတွင် ထင်မြင်ချက်များ၊ မှန်းဆချက် ဟောကိန်းများ၊ အတိသယဝုတ္တိများ၊ သရော်စာများနှင့် ဟာသများကို မှန်ကန်မှု ရှိမရှိ စစ်ဆေးခြင်း မပြုပါ။

**လုပ်ငန်းစဉ် ၁** – အများသိပုဂ္ဂိုလ်လေးဦးထံမှ အောက်ပါ မိန့်ခွန်းအချို့ကို ကျောင်းသားများက ဖတ်ရှုရမည်။ ထို့နောက် အချက်အလက် စစ်ဆေး၍ရနိုင်သော စကားရပ်များကို အစိမ်းရောင်ဖြင့် အမှတ်အသားပြုရမည်။ အချက်အလက် စစ်ဆေး၍ မရနိုင်သော ထင်မြင်ချက်များကို အနီရောင်ဖြင့် အမှတ်အသားပြုကာ၊ အချက်အလက် စစ်ဆေးခြင်း ပြုနိုင်ခြင်းနှင့် မပြုနိုင်ခြင်း အလယ်တွင် ရောက်နေသော စကားရပ်များအတွက် လိမ္မော်ရောင်ဖြင့် အမှတ်အသားပြုရမည်။ ကျောင်းသားများက အရောင်ချယ် အမှတ်အသားပြုထားသော စာရွက်များကို ပြန်ပေးပြီးသည့်အခါ တစ်ရွက်ချင်းစီကို ပြန်လည်ဆွေးနွေးပြီး အချက်အလက် စစ်ဆေးနိုင်သော ပြောဆိုချက်တစ်ခု ဖြစ်ရန်အတွက် လိုအပ်သောအရာများကို ဆွေးနွေးကြရမည်။

### လမ်းညွှန်



အနီရောင် – အချက်အလက် စစ်ဆေး၍ မရနိုင်သော ဖော်ပြချက်များ

လိမ္မော်ရောင် – နှစ်ဖက်ကြား ကျနေသော ဖော်ပြချက်များ

အစိမ်းရောင် – အချက်အလက် စစ်ဆေး၍ ရနိုင်သော ဖော်ပြချက်များ

### *မစ်ချယ် ဘက်ခ်လက်၊ ချီလီနိုင်ငံ သမ္မတဟောင်း*

ကျွန်မတို့ဟာ ဒီနယ်ပယ်မှာ ဖွံ့ဖြိုးတိုးတက်မှု အကြီးအကျယ်ရှိလာပြီဆိုပေမယ့်လည်း အဏ္ဏဝါဂေဟစနစ်ကို ခြိမ်းခြောက်နေတဲ့ ပြဿနာတစ်ခုကို ဖြေရှင်းရဦးမယ်ဆိုတာလည်း ကျွန်မတို့ သဘောပေါက်ပါတယ်။ ဒီပြဿနာကတော့ ပလတ်စတစ်ပါပဲ။ တစ်နှစ်ပြီးတစ်နှစ် ပလတ်စတစ် တန်ပေါင်း ၈ သန်းဟာ သမုဒ္ဒရာထဲကို ရောက်ရှိပြီး နှစ်ရာပေါင်းများစွာကြာအောင် ဆက်တည်မြဲနေကြတဲ့အတွက် အင်မတန်ကြီးမားတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်စေပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ကျွန်မတို့ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်ရဲ့ သန့်ရှင်းသော ပင်လယ်များ လှုပ်ရှားမှုမှာ ပါဝင်ထားပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသန္တရအဆင့်မှာ ကျွန်မတို့ လာမယ့် ၁၂ လအတွင်း ကမ်းရိုးတန်းမြို့တော်များအားလုံးမှာ ပလတ်စတစ်အသုံးပြုမှု တားမြစ်ဖို့ ဥပဒေကြမ်းတစ်ခုလည်း တင်ပြဖို့လုပ်နေပါတယ်။ ဒီဥပဒေအရဆိုရင် နိုင်ငံသားတွေဟာ ပင်လယ်တွေသန့်ရှင်းရေးမှာ သမုဒ္ဒရာတွေကို ကာကွယ်စောင့်ရှောက်တဲ့နေရာမှာ ဝိုင်းဝန်းပါဝင်နိုင်တော့မှာပါ။ အမေရိက တိုက်မှာ ဒီလိုဥပဒေအမျိုးအစားကို ပထမဆုံး ကျင့်သုံးတဲ့နိုင်ငံလည်းဖြစ်လာမှာပါ။ ပြီးတော့ ဒီလိုတာဝန်မျိုးကို ယူကြဖို့ အခြားနိုင်ငံများကိုလည်း ကျွန်မတို့ တိုက်တွန်းလိုပါတယ်။ ပြီးတော့ အိုဇုန်းလွှာပါးမှုကိုဖြစ်စေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်တရီရယ် သဘောတူညီချက်ကို အတည်ပြု လက်မှတ်ထိုးထားတာ နှစ် ၃၀ ရှိလာပါပြီ။ ဒါကြောင့်လည်း အိုဇုန်းလွှာက ပြန်လည်ကောင်းမွန်လာပါပြီ။ နှစ် ၃၀ ပြည့် နှစ်ပတ်လည်မှာ ကြေညာချက်တစ်ခု ပြုချင်ပါတယ်။ ကျွန်မတို့နိုင်ငံက မွန်တရီရယ်

သဘောတူညီချက်ရဲ့ ၂၀၁၆ ကီဂါလီ ပြင်ဆင်ချက်ကို အတည်ပြုလိုက်နာဖို့ မကြာသေးခင်ကမှ ကတိကဝတ်ပြုလိုက်ပါတယ်။ ဒီပြင်ဆင်ချက်က ကမ္ဘာကြီးပူနွေးလာမှု ၀.၅ ဒီဂရီ ဆဲလ်စီးယပ်အထိ ကာကွယ်ဖို့ ရည်ရွယ်တာလည်း ဖြစ်ပါတယ်။ ဒါတင်ပဲ မဟုတ်သေးပါဘူး။ ပက်တာဂိုးနီးယားမှာ ဥယျာဉ်ပန်းခြံကွန်ရက်တစ်ခု တည်ဆောက်လိုက်တာကနေပြီး အစိမ်းရောင် နယ်မြေပေါင်း ဟက်တာ ၄.၅ သန်း ပေါ်ပေါက်လာခဲ့ပါပြီ။ ဇီဝမျိုးကွဲစုံလင်မှု မြင့်မားပြီး အများပြည်သူ အသုံးအတွက် အစိုးရက ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးထားမှာလည်းဖြစ်ပါတယ်။

## ဂျေကော့ဘ် ဇူးမား၊ တောင်အာဖရိက သမ္မတဟောင်း

လက်ရှိ ကမ္ဘာ့စီးပွားရေး စနစ်တည်ဆောက်ပုံက ကမ္ဘာ့တောင်ခြမ်းနဲ့ မြောက်ခြမ်းတို့အကြားက ကွက်လပ်ကို ပိုပြီးခြားနား ကြီးမားလာစေပါတယ်။ ကမ္ဘာပြုမှုဖြစ်စဉ်ရဲ့ အကျိုးကျေးဇူးတွေကို လူအချို့က ခံစားရရှိနေကြပေမယ့် ကမ္ဘာ့လူဦးရေအများစု ကတော့ ကမ်းကုန်အောင်ဆိုးတဲ့ ဆင်းရဲမွဲတေမှုနဲ့ ငတ်ပြတ်မှုတွေကို ခံစားရဆဲဖြစ်ပြီး ဘဝအခြေအနေတွေ ပိုကောင်းမွန် လာဖို့ မျှော်လင့်ချက်လည်း မရှိကြပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင်မှပဲ ဆင်းရဲချမ်းသာကွာဟမှုက ကြီးမားဆဲဖြစ်ပြီး အလေးထားရမယ့် ပြဿနာလည်း ဖြစ်နေပါတယ်။ ၂၀၃၀ အစီအစဉ်ကြီးရဲ့ ရည်မှန်းချက်တွေနဲ့ ဦးတည်ချက်တွေကို ရရှိပြည့်မြောက်ဖို့ဆိုရင် ဒီမပြောင်းမလဲ သက်ဆိုးရှည်နေတဲ့ ကမ္ဘာ့စီးပွားရေး တည်ဆောက်ပုံကြီးကြောင့်ဖြစ်နေတဲ့ အခက်အခဲ အတားအဆီးတွေကို ဖြေရှင်းဖို့ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ နိုင်ငံရေးဆန္ဒပိုင်း ကတိကဝတ်ပိုင်းတွေ များစွာလိုအပ်ပါတယ်။ ဒီလို မညီမျှတဲ့၊ တရားမျှတမှု မရှိတဲ့ စီးပွားရေး အင်အားဆက်နွယ်မှုတွေကို အာဖရိကမှာ ပိုပြီး ပြက်ပြက်ထင်ထင် မြင်ရပါတယ်။ ဥပမာ ကျွန်တော်တို့ အာဖရိက တစ်တိုက်လုံးက တွင်းထွက်သယံဇာတတွေ အင်မတန်ကြွယ်ဝတယ်။ ဒါပေမယ့် ဖွံ့ဖြိုးမှု အနိမ့်ဆုံး နိုင်ငံအများဆုံးရှိတဲ့ တိုက်လည်းဖြစ်နေတယ်။

## ဆစ်ဂ်မာ ဂေဘရီယယ်၊ ဂျာမနီ နိုင်ငံခြားရေး ဝန်ကြီးဟောင်း

ကုလသမဂ္ဂအနေနဲ့ ကုလ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်တဲ့ နည်းလမ်းအထောက်အပံ့တွေကို ကျွန်တော်တို့ ပေးအပ်ရမှာဖြစ်တယ်။ လက်ရှိမှာတော့ ကိန်းဂဏန်းတွေကကြည့်ရင် အဲ့ဒီလို ဖြစ်မနေတာ မြင်ရတယ်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ကမ္ဘာ့အနှံ့က စားနပ်ရိက္ခာ မလုံလောက်မှုကို တိုက်ဖျက်ရန်လိုအပ်တဲ့ ဘဏ္ဍာရေး၏ ၅၀ % အောက်သာ ရရှိနေပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးရေး အစီအစဉ်တွင်လည်း ၄င်းရရှိနေတဲ့ ထောက်ပံ့ငွေတွေရဲ့ ၁၅ % ကသာ ဆန္ဒအလျောက် လှူဒါန်းတဲ့ နှောင်ကြိုးမဲ့ ထောက်ပံ့ငွေများဖြစ်ပြီး ယနေ့ ၂၀၁၁ ခုနှစ်တွင်လည်း ၅၀ % သာ ရရှိနေပါသေးတယ်။ အခြားသော ကုလသမဂ္ဂ အစီအစဉ်များတွေမှာလည်း အခြေအနေပိုကောင်းသော အနေအထားမရှိပါ။

ကုလသမဂ္ဂမှ တာဝန်ရှိ ပုဂ္ဂိုလ်များအနေနဲ့ ထိရောက်သော အကူအညီများ စီစဉ်ရေးဆွဲဆောင်ရွက်ခြင်းထက် အလှူခံသော စာများရေးသားပြီး လိုက်လံဝေငှနေခြင်းအတွက် အချိန်ပိုကုန်ရခြင်းလည်း မဖြစ်သင့်ပါ။ ကျွန်တော်တို့လမ်းကြောင်း ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂကို အမှန်တကယ်လိုအပ်တဲ့ ငွေကြေးပမာဏ ရယူနိုင်တဲ့ အဆင့်နဲ့ လုပ်ပိုင်ခွင့်တွေ ခွင့်ပြု ပေးအပ်ရမှာ ဖြစ်ပါတယ်။ ဒီအတွက် အတုံ့အလှည့်အနေနဲ့ ပိုပြီးထိရောက်သွက်လက်မှုနဲ့ ဘဏ္ဍာတွေကို ဘယ်လို အသုံးပြုတယ် ဆိုတဲ့ ပွင့်လင်းမြင်သာမှုတွေကိုသာ ပြန်လည်တောင်းဆိုရမှာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံကတော့ ကုလသမဂ္ဂအတွက် ဘယ်နှုန်းနဲ့မဆို ဘဏ္ဍာရေး ဆက်လက်ထောက်ပံ့ပို့ ရည်ရွယ်ထားပါတယ်။

ဂျာမနီနိုင်ငံဟာ တရားဝင် လှူဒါန်းမှုကို ကမ္ဘာ့စတုတ္ထအများဆုံး ပေးအပ်မှု အပါအဝင် အခြားအထောက်အပံ့တွေ များစွာ ပေးနေတဲ့နိုင်ငံတစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာအနှံ့မှာ လူသားခြင်း စာနာမှု အထောက်အပံ့အများဆုံး ပေးအပ်တဲ့ အလှူရှင်တွေထဲမှာ ဂျာမနီလည်း အပါအဝင်ဖြစ်ပြီး ဆက်လက်လို့ အကူအညီပမာဏများစွာ ဆက်ပေးဖို့ ရည်ရွယ်ထားပါတယ်။

## *မာ့ခ် ဇူကာဘာတ်၊ ဖေ့စ်ဘွတ်ခ် အမှုဆောင်အရာရှိချုပ်*

ဖေ့စ်ဘွတ်ခ်ဆိုတာ စံနမူနာဆန် အကောင်းဆုံးနဲ့ အကောင်းမြင်ဝါဒအရှိဆုံး ကုမ္ပဏီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုအများစုက လူတွေကို ချိတ်ဆက်ပေးခြင်းအားဖြင့် ဖြစ်ပေါ်နိုင်တဲ့ ကောင်းကျိုးတွေကို အာရုံစိုက်ထားပါတယ်။ ဖေ့စ်ဘွတ်ခ် ကြီးထွားလာတာနဲ့အမျှ နေရာအနှံ့က လူတွေဟာ သူတို့ ချစ်ခင်တဲ့လူတွေနဲ့ အဆက်အသွယ် မပြတ်တမ်းနေဖို့ရယ်၊ ကိုယ့်ရဲ့အသံတွေ အများကြားနိုင်စေဖို့ရယ်၊ ရပ်ရွာတွေ စီးပွားရေးတွေ တည်ထောင်နိုင်ဖို့ရယ် ထောက်ကူနိုင်တဲ့ အင်မတန်အားကောင်းတဲ့ နည်းလမ်းသစ်တစ်ခုကို ရရှိလာကြပါတယ်။ မကြာသေးမီကမှ ကျွန်တော်တို့ #metoo လှုပ်ရှားမှုတွေ၊ March for Our Lives လှုပ်ရှားမှုတွေကို ဖေ့စ်ဘွတ်ခ်ပေါ်မှာလည်း (အနည်းဆုံး တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ်) လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။ ဟာရီကိန်း ဟာဗေးမှာ လူတွေက ကူညီကယ်ဆယ်ရေးကိစ္စတွေအတွက် ဒေါ်လာ သန်း ၂၀ ကျော် အလှူခံရရှိခဲ့ပါတယ်။ ပြီးတော့ အသေးစား စီးပွားရေးလုပ်ငန်း သန်း ၇၀ ကျော်က ဖေ့စ်ဘွတ်ကိုသုံးပြီး ပိုမို ကြီးထွားတိုးတက်အောင်နဲ့ အလုပ်အကိုင်တွေ ဖန်တီးနိုင်အောင် လုပ်ဆောင်နေကြပါတယ်။

## (ခ) အချက်အလက်များ ရှာဖွေခြင်း

**လုပ်ငန်းစဉ် ၂ –** စာသင်ခန်းကို နှစ်ဖွဲ့ခွဲပါ။ တစ်ဖွဲ့စီကနေပြီး အထက်ပါစာရင်းများမှ အစိမ်းရောင် ပြောဆိုချက်တစ်ရပ်ကိုယူပြီး အချက်အလက် စစ်ဆေးရန်ဆောင်ရွက်ရမည်။ (မိမိ၏ ကိုယ်ပိုင်စာရင်းတစ်ခုမှလည်း ရွေးချယ်နိုင်သည်။)

အဆိုပါ ပြောဆိုချက် မှန်ကြောင်းအတည်ပြုနိုင်သော၊ သို့မဟုတ် မှားကြောင်း ပယ်ဖျက်နိုင်သော အထောက်အထားများ ရှာဖွေရန် အဖွဲ့များကို ညွှန်ကြားပါ။ ထိုသို့ မရှာဖွေမီတွင် မိမိတို့ တွေ့ရှိသော သတင်းအချက်အလက် ရင်းမြစ်များကို အောက်ပါနယ်ပယ်များအပေါ် မူတည်ပြီး အကဲဖြတ်ခြင်းပြုရန် တိုက်တွန်းပါ။

**နီးစပ်မှု –** အထောက်အထားနှင့် ဖြစ်ရပ် မည်မျှနီးစပ်မှု ရှိပါသလဲ။ ဥပမာ – အလုပ်လက်မဲ့ဖြစ်မှု နှုန်းထားများကို သတင်းပေးတင်ဆက်ထားသော သတင်းဌာနတစ်ရပ်၏ အချက်အလက်မှာ ဖြစ်ရပ်နှင့် ဝေးကွာသည်ဟု ဆိုနိုင်သည်။ နိုင်ငံအဆင့် စာရင်းအင်းဌာနမှ ထုတ်ပြန်သော အလုပ်လက်မဲ့မှု နှုန်းထား ကိန်းဂဏန်းများထက် တန်ဖိုးပိုမို လျော့နည်းသွားမည်ဖြစ်သည်။

**ကျွမ်းကျင်မှု –** အထောက်အထား ထုတ်လုပ်သူ၊ အဖွဲ့အစည်း၏ အထောက်အထား အရည်အသွေး မည်မျှရှိသည်ဖြစ်ကြောင်း ညွှန်းဆိုနိုင်မည့် အရည်အချင်းအသိအမှတ်ပြုမှုများ မည်သို့ရှိပါသနည်း။ ဥပမာ – ဤနယ်ပယ်နှင့် ပတ်သက်ပြီး စာအုပ်ရေးသူသည် ပါရဂူဘွဲ့ရထားပြီး ဤနယ်ပယ်တွင် အများလေးစားသည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။

**အထောက်အထား ကောက်ယူပုံ အသေးစိတ်ဖြစ်မှု –** အထောက်အထားကို မည်သို့ ကောက်ယူခဲ့သနည်း။ ဥပမာ – အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်းကို သုတေသန မေးခွန်းလွှာနှင့် ကောက်ယူထားသည်။[11] ၎င်းကောက်ယူပုံကြောင့် ယေဘုယျကောက်ချက်များ မှားယွင်းစေသည်။ နိုင်ငံတကာ နှိုင်းယှဉ်ချက်များပြုရန်လည်း ခက်ခဲသည်။ အမျိုးသမီးများအနေနှင့် ပြန်လည်ဖြေကြားလိုမှု ဆန္ဒမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားကြသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွင့်ဆိုပုံခြင်း မတူကြပေ။ ဤသို့ဆိုသောကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လျှော့ပေါ့ ညွှန်းဆိုလိုခြင်း မဟုတ်ပါ။ သို့သော် အဆိုပြုချက်များ တွေ့ရှိချက်များ ပြောဆိုတင်ပြရာတွင် အထောက်အထားများ၏ အသေးစိတ်တိကျမှု ရှိပုံကို ညွှန်းဆိုလိုခြင်းသာ ဖြစ်ပါသည်။

**ပွင့်လင်းမြင်သာမှု –** အထောက်အထားနှင့် ပတ်သက်ပြီး မည်သည်တို့ သိရှိထားပါသနည်း။ ဥပမာ – သိပ္ပံလေ့လာချက်တစ်ရပ်က ၎င်းလေ့လာချက်နှင့် ပတ်သက်သော အချက်အလက်အားလုံးနှင့် ကောက်ချက်များအားလုံးကို အခြားသုတေသီများ ဝေဖန်နိုင်အောင် ဖွင့်ချထားပေးခြင်းရှိသည်။

11 ဖတ်ရန် - indicator (48) of the UN Gender Statistics https://genderstats.un.org/#/downloads

**ယုံကြည်အားထားရမှု** – အကဲဖြတ်ဆန်းစစ်စရာ ရေရှည်မှတ်တမ်းရှိပါသလား။ ဥပမာ – Transparency International အဖွဲ့သည် အဂတိလိုက်စားမှုနှင့် ထင်မြင်ချက် အညွှန်းများကို လေ့လာထုတ်ပြန်ခြင်း လုပ်ဆောင်လာသည်မှာ နှစ်ပေါင်း ၂၀ ကျော် ဆက်တိုက်ရှိပြီဖြစ်သည်။ ထို့ကြောင့် ကျွမ်းကျင်သူများအနေနှင့် အမှားအယွင်းထောက်ပြစရာ ရှာဖွေ သိရှိစရာ အချိန်များစွာ ရှိကြပေသည်။[12]

**အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့မှု** – ရင်းမြစ်တစ်ခုသည် ၄င်းတို့တင်ပြထားသော အထောက်အထားမှတဆင့် ကိုယ်ကျိုးစီးပွား တစ်စုံတစ်ရာ ရရှိနေခြင်းရှိပါသလား။ ဥပမာ ခေါက်ဆွဲ၏ ကျန်းမာရေး အကျိုးကျေးဇူးများကို သုတေသန ပြုပြီး ရလဒ်ကောင်းများ ထုတ်ပြန်ခြင်းကို ခေါက်ဆွဲထုတ်လုပ်ရေး လုပ်ငန်းများက တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ပြီး ငွေကြေး ထောက်ပံ့ခြင်း ရှိထားသည်။[13]

နည်းပြများသည် အောက်ပါ ဇယားကွက်ကို ပရင့်ထုတ်ပြီး ကျောင်းသားများကိုပေးကာ ရင်းမြစ်တစ်ခုစီကို အကဲဖြတ်ရာတွင် အသုံးပြုခိုင်းနိုင်ပါသည်။

| | ညံ့ | သင့် | ကောင်း |
|---|---|---|---|
| နီးစပ်မှု | | | |
| ကျွမ်းကျင်မှု | | | |
| အသေးစိတ်မှု | | | |
| ပွင့်လင်းမြင်သာမှု | | | |
| ယုံကြည်အားထားရမှု | | | |
| အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့မှု | | | |

## *အကြံပြုထားသော လေ့ကျင့်ခန်းများ*

### အမှားပြင်ခြင်း

လက်တွေ့လေ့ကျင့်ခန်းတွင် အကဲဖြတ်ခဲ့သော အထောက်အထားများကို အသုံးပြုပြီး တက်ရောက်သူများသည် အချက်အလက် စစ်ဆေးခြင်း အစီရင်ခံစာတစ်ခုကို (စာလုံးရေ ၁၂၀၀ ကျော်၊ စာမျက်နှာ ၄ မျက်နှာခန့်) ရေးသားရပါမည်။ မိမိတို့ ရွေးချယ်ထားသော ဖော်ပြချက်၏ နှိုင်းရမှန်ကန်မှုနှင့် ပတ်သက်ပြီး ကောက်ချက်ချထားခြင်း ပါဝင်ရပါမည်။

တက်ရောက်သူများသည် မိမိတို့ အချက်အလက် စစ်ဆေးထားသော ဖော်ပြချက်အတွက် မှန်ကန်မှုစစ်ဆေးသော အမှတ်ပေးချက် စနစ်အမျိုးမျိုးထားရှိနိုင်ပါသည်။ ဥပမာအားဖြင့် PolitiFact တွင် အောက်ပါ အကဲဖြတ်စနစ်သုံးပါသည်။

**မှန်** – ဖော်ပြချက်က မှန်ကန်သည်။ အရေးပါသည့် အချက်အလက် ပျောက်နေခြင်းမရှိ။

12 Hough, D. (2016) Here's this year's (flawed) Corruption Perception Index. Those flaws are useful. The Washington Post. Available at: https:// www.washingtonpost.com/news/monkey-cage/wp/2016/01/27/how-do-you-measure-corruption-transparency-international-does-its-best-and-thats-useful/?utm_term=.7ff90ea2890f [accessed 23/03/2018].esnt-want-you-to-see/. [accessed 28/03/2018].

13 ဖြစ်ရပ်မှန် နမူနာဖြစ်ပါသည်။ ထပ်မံဖတ်ရှုနိုင်သည့်နေရာမှာ - http://www.healthnewsreview.org/2016/07/study-really-find-pasta-opposite-fattening/. [accessed 23/03/2018].

**အားလုံးနီးပါးမှန်ကန်** – ဖော်ပြချက်က မှန်ကန်သည်။ သို့ရာတွင် ရှင်းလင်းချက်နှင့် အပိုဆောင်း အချက်အလက်များ ထည့်ရန် လိုအပ်သည်။

**တစ်ဝက်မှန်** – ဖော်ပြချက်က တစ်စိတ်တစ်ပိုင်း မှန်ကန်သည်။ သို့သော် အရေးကြီးသည့် အသေးစိတ်များ မပါလာခြင်းဖြစ်စေ၊ ရှေ့နောက် အဆက်အစပ်များ ပျောက်နေခြင်းဖြစ်စေရှိနေသည်။

**အားလုံးနီးပါး မှား** – ဖော်ပြချက်တွင် အမှန်အနည်းငယ်ပါသော်လည်း ဇာတ်လမ်းအယူအဆ ပြောင်းသွားလောက်အောင် အရေးပါသော အချက်အလက်များကို ချန်လှပ်ထားခဲ့သည်။

**မှား** – ဖော်ပြချက်က မမှန်ကန်ပါ။

**မီးလုံးပြည့် မုသား** – ဖော်ပြချက်က လုံးဝမမှန်ကန်ပါ။ အဓိပ္ပာယ်မဲ့ အဆိုပြုချက်များ ပြောဆိုထားခြင်းဖြစ်သည်။

အကဲဖြတ်စနစ်များသည် အထက်ပါအတိုင်း PolitiFact က သုံးသည့်အတိုင်း အလျားလိုက် အစီအစဉ်အတိုင်း အကဲဖြတ်ချက်များ ဖြစ်စရာမလိုပါ။ ထိုအတိုင်းဆိုလျှင် လုံးဝအမှန်မှသည် မီးလုံးပြည့် မုသားအဖြစ် တဖြည်းဖြည်း မုသားပိုများလာသည့် အကဲဖြတ်ချက်မျိုးဖြစ်သည်။ နမူနာအားဖြင့် မက္ကဆီကိုမှ El Sabueso တွင်မူ[14] အကဲဖြတ်ချက်များတွင် 'သက်သေပြ၍မရနိုင်' ဟူသည့် အကဲဖြတ်ချက်ပါပြီး သက်သေရှာဖွေ၍ မရနိုင်သော ဖော်ပြချက်များအတွက်သုံးသည်။ ထို့နောက် 'အငြင်းပွားဖွယ်ရှိ' ဟူသော အမှတ်ပေးချက်လည်းပါသည်။ သက်သေအထောက်အထားရယူသော နည်းလမ်းအပေါ် မူတည်ပြီး မှန်မမှန် ကွဲပြားနိုင်သော ဖော်ပြချက်များအတွက်သုံးသော အကဲဖြတ်ချက်ရလဒ်ဖြစ်သည်။ သင်ယူသူများအနေနှင့် အချက်အလက်ဖော်ပြချက်တစ်ရပ်ကို အကဲဖြတ်နိုင်သော နည်းလမ်းအမျိုးမျိုးရှိကြောင်း နားလည်ပြီး အကဲဖြတ်ချက်ပေးရာတွင် အကဲဖြတ်ချက် စုံလင်စေရန်အတွက် အမှတ်ပေးအကဲဖြတ်ချက် အစီအစဉ်များကို တတ်နိုင်သမျှ တီထွင်ဆန်းသစ်စွာ ဆောင်ရွက်အောင် အားပေးပါ။ အချိန်နှင့် ရင်းမြစ်ရရှိနိုင်မှုအပေါ် မူတည်ပြီး စာသားအပြင် အခြားသော တင်ပြမှုပုံစံများကိုပါ အချက်အလက်စစ်ဆေးနိုင်သော အကဲဖြတ်ချက်ပုံစံများ ဖော်ထုတ်ပြုစုခိုင်းနိုင်ပါသည်။ မီးမ်များ၊ ဗွီဒီယိုများ၊ Gif များ၊ snapchat များ အားလုံးသည် ဖော်ပြချက်အမှားများကို တိုက်ထုတ်ရန် နည်းလမ်းကောင်းများ ဖြစ်လာနိုင်ပါသည်။ အချက်အလက် စစ်ဆေးခြင်း ရလဒ်တစ်မျိုးတည်းကိုပင် ဟာသဗွီဒီယိုတစ်ခုအဖြစ် တင်ပြခြင်းသည် စာသား ဆောင်းပါးတစ်ရပ်အနေနှင့် တင်ပြခြင်းထက် ပိုမိုထိရောက်ကြောင်း လေ့လာချက်တစ်ရပ်တွင် တွေ့ရှိထားကြပါသည်။[15]

တီထွင်ဆန်းသစ်သော စစ်ဆေးခြင်း ပုံစံများအတွက် နည်းပြများသည် အောက်ပါ Poynter ဆောင်းပါးများကို လေ့လာထားနိုင်ပါသည်။

Mantzarlis, A. (2016). Fact-checkers experiment with Snapchat, GIFs and other stuff millennials ❤. Available at https://www.poynter.org/news/fact-checkers-experiment-snapchat-gifs-and-other-stuff-millennials [accessed 28/03/2018].

Mantzarlis, A. (2016). How (and why) to turn a fact check into a GIF. [accessed 28/03/2018. Available at https://www.poynter.org/news/how-and-why-turn-fact-check-gif [accessed 28/03/2018].

14 AnimalPolitico (2015). Available at http://www.animalpolitico.com/blogueros-blog-invitado/2015/01/28/el-sabueso-un-proyecto-para-vigilar-el-discurso-publico/. [accessed 6/04/2018].

15 Young, D., Jamieson, K., Poulsen, S. and Goldring, A. (2017). *Fact-Checking Effectiveness as a Function of Format and Tone: Evaluating FactCheck.org and FlackCheck.org.* Journalism & Mass Communication Quarterly, 95(1), pp.49-75

## ဆက်လက်ဖတ်ရှုရန်

အောက်ပါ စာရင်းမှ ထပ်မံ ဖတ်ရှုဖွယ်ရာများအပြင် Poynter တွင် အချက်အလက် စစ်ဆေးခြင်းအတွက် သီးသန့်ရင်းမြစ်များကို https://www.poynter.org/channels/fact-checking တွင် တွေ့ရှိနိုင်ပါသည်။ ရက်သတ္တတစ်ပတ်လျှင် အကြိမ်များစွာ ဖတ်စရာအသစ်များ ထပ်မံရောက်ရှိသော နေရာလည်းဖြစ်ပါသည်။ အောက်ပါတို့မှာ ထိုနေရာမှ ရယူထားသော အသုံးဝင်သည့် ရင်းမြစ်အသစ်များ ဖြစ်ပါသည်။


Poynter (2018). How to fact-check a politician's claim in 10 steps. Available at https:// factcheckingday.com/articles/5/how-to-fact-check-a-politicians-claim-in-10-steps. [accessed 06/04/2018].

Van Ess, H. (2017). The ultimate guide to bust fake tweeters: A video toolkit in 10 steps Available at https://www.poynter.org/news/ultimate-guide-bust-fake-tweeters-video-toolkit-10-steps. [accessed 06/04/2018].

Mantzarlis, A. (2015). 5 things to keep in mind when fact-checking claim about science. Available at https://www.poynter.org/news/5-things-keep-mind-when-fact-checking-claims-about-science. [accessed 06/04/2018].

Mantzarlis, A. (2016). 5 tips for fact-checking claims about health. Available at https:// www.poynter.org/news/5-tips-fact-checking-claims-about-health. [accessed 06/04/2018].

Mantzarlis, A. (2015). 5 tips for fact-checking datasets. Available at https://www.poynter. org/news/5-tips-fact-checking-datasets. [accessed 06/04/2018].

Mantzarlis, A. (2015). 5 studies about fact-checking you may have missed last month (Poynter). Available at https://www.poynter.org/news/5-studies-about-fact-checking-you-may-have-missed-last-month. [accessed 06/04/2018].

Mantzarlis, A. (2017). Repetition boosts lies — but it could help fact-checkers too Available at https://www.poynter.org/news/repetition-boosts-lies-could-help-fact-checkers-too. [accessed 06/04/2018].

Mantzarlis, A. (2017). French and American voters seem to respond to fact-checking in a similar way. Available at https://www.poynter.org/news/french-and-american-voters-seem-respond-similar-way-fact-checking. [accessed 06/04/2018].

Funke, D. (2017). Where there's a rumour, there's an audience. This study sheds light on why some take off. Available at https://www.poynter.org/news/where-theres-rumor-theres-audience-study-sheds-light-why-some-take. [accessed 06/04/2018].

Funke, D. (2017). Want to be a better online sleuth? Learn to read webpages like a fact-checker. Available at https://www.poynter.org/news/want-be-better-online-sleuth-learn-read-webpages-fact-checker. [accessed 06/04/2018].

Funke, D. (2017). These two studies found that correcting misperceptions works. But it's not magic. Available at https://www.poynter.org/news/these-two-studies-found-correcting-misperceptions-works-its-not-magic. [accessed 06/04/2018].

Mantzarlis, A. (2017). What does the "Death of Expertise" mean for fact-checkers? Available at https://www.poynter.org/news/what-does-death-expertise-mean-fact-checkers. [accessed 06/04/2018].

Mantzarlis, A. (2017). Journalism can't afford for corrections to be the next victim of the fake news frenzy. Available at https://www.poynter.org/news/ Journalism-cant-afford-corrections-be-next-victim-fake-news-frenzy. [accessed 06/04/2018].

Mantzarlis, A. (2016). Should journalists outsource fact-checking to academics? Available at https://www.poynter.org/news/should-journalists-outsource-fact-checking-academics. [accessed 06/04/2018].

## စာအုပ်များ

Ball, J. (2017). Post-Truth: How Bullshit Conquered the World. London: Biteback Publishing.

Gladstone, B. (2017). The Trouble with Reality: a Rumination on Moral Panic in Our Time. New York: Workman Pu.

Graves, L. (2016). . Deciding What's True: the Rise of Political Fact-Checking Movement in American Journalism New York: Columbia University Press.

## အွန်လိုင်းမှ ရင်းမြစ်များ

(အသက် ၁၄ မှ ၁၆ အထိ) ကျောင်းသားများအတွက် စီစဉ်ထားသော သင်ခန်းစာတစ်ခုဖြစ်သည့် နိုင်ငံတကာ အချက်အလက် စစ်ဆေးခြင်းနေ့ အထိမ်းအမှတ် ပြဇာတ် ဇာတ်ကောင် သတ်မှတ်ချက်ကတ်ပြား သင်ခန်းစာကို http://factcheckingday.com/ lesson-plan တွင် ရရှိနိုင်ပါသည်။ ထိုဝက်ဘ်ဆိုက်တွင် အကြံပြုချက်စာရင်းများ၊ တက္ကသိုလ်ကျောင်းသားများအတွက် အွန်လိုင်းသင်တန်းတစ်ခုအတွက် လိပ်စာနှင့် အချက်အလက်/ အချက်အလက် စစ်ဆေးခြင်းဆိုင်ရာ ဖတ်ရှုကိုးကားဖွယ်ရာများ ရနိုင်ပါသည်။

# လူမှုမီဒီယာတွင် တိုက်ဆိုင်စစ်ဆေးခြင်း – ရင်းမြစ်များနှင့် ရုပ်ပုံတင်ဆက်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း

*တွမ် ထရီဝင်းနာ့ဒ် နှင့် ဖာဂက်စ် ဘဲလ် (Tom Trewinnard and Fergus Bell)*

# မော်ဂျူး ၆

## အနှစ်ချုပ်

ဤမော်ဂျူးသည် သင်ယူသူများအနေနှင့် အွန်လိုင်းတွင် တွေ့ရသော ဒစ်ဂျစ်တယ် သတင်းအချက်အလက်များ၏ မူလရင်းမြစ်ကို ဖော်ထုတ်ရှာဖွေတတ်ရန်နှင့် မှန်ကန်မှု ရှိမရှိ တိုက်ဆိုင်စစ်ဆေးတတ်ရန် ဦးတည်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ရင်းမြစ်များ၊ ဓာတ်ပုံနှင့် ဗွီဒီယိုများ၊ အထူးသဖြင့် အသုံးပြုသူများ ထုတ်လုပ်ထားပြီး လူမှုကွန်ရက်မှ ပျံ့နှံ့သော တင်ဆက်ချက်များ၏ စစ်မှန်မှုကို အကဲဖြတ်ဆန်းစစ်ရန် အသုံးပြုနိုင်မည့် ဗျူဟာနည်းလမ်းအမျိုးမျိုးကို တင်ပြမိတ်ဆက်သွားမည်ဖြစ်ပါသည်။

ဤမော်ဂျူးအပြီးတွင် တက်ရောက်သူများသည် မှားယွင်းသော လှည့်ဖျားမှုဆန်သော တင်ဆက်ချက် အမျိုးအစားအဖုံဖုံကို သိရှိသဘောပေါက်သွားခြင်းရှိလိမ့်မည်။ အထူးသဖြင့် အရေးပေါ်သတင်းများကို ဖေ့စ်ဘွတ်ခ်၊ တွစ်တာ၊ အင်စတာဂရမ်၊ ယူကျူ[1] စသော နေရာများတွင် အပြိုင်အဆိုင်တင်ဆက်ကြချိန်တွင် ပျံ့နှံ့တတ်သော သတင်းမှားများအကြောင်းကို နားလည်သွားလိမ့်မည်။ အဆိုပါ တင်ဆက်ချက်များကို ပုံမှန်ဆိုလျှင် ယုံကြည်စိတ်ချဖွယ်ရာဖြစ်သော သတင်းအဖွဲ့အစည်းများက ဖော်ပြခြင်းရှိတတ်သည်။ များသောအားဖြင့် ထိုသတင်းများမှာ မှားယွင်းကြောင်း ထောက်ပြရန်သာ ဖော်ပြခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့ကို သတင်းသမားများက မိမိတို့လူမှုမီဒီယာပေါ်တွင် အမှုမဲ့ အမှတ်မဲ့တစ်ဆင့် ပြန်လည်ဖော်ပြမိခြင်းများ၊ ပိုမိုကျယ်လောင်အောင် ဖြန့်ဝေမိခြင်းများ ရှိနိုင်ပါသည်။ အများပြည်သူဆွေးနွေးသည့် အကြောင်းအရာများ[2] ကို လမ်းလွှဲ/လွှမ်းမိုးလိုသည့် ရည်ရွယ်ချက်များဖြင့်သော်လည်းကြောင်း၊ သတင်းသမားများက ယုံကြည်စိတ်ချဖွယ်ရာ သတင်းရင်းမြစ်များအဖြစ်မှ လျှော့ကျ ပျက်ပြယ်အောင် သွေးထိုးလိုသော ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း မရိုးဖြောင့်သော ရည်ရွယ်ချက်ရှိသူများက သတင်းသမားများ အမှားအယွင်းလုပ်မိအောင် ပစ်မှတ်ထားစီမံလုပ်ဆောင်ခြင်းများ ရှိတတ်သောကြောင့် ထိုသို့ဖြစ်ရခြင်းပင်။[3]

ထို့နောက် တက်ရောက်သူများက တင်ဆက်ချက်မှန်ကန်မှုအတွက် တိုက်ဆိုင်စစ်ဆေးရန်အတွက် အခြေခံ စုံစမ်းထောက်လှမ်းခြင်း နည်းလမ်းများနှင့် ဗျူဟာများကို လက်တွေ့အသုံးချခြင်း မပြုမီတွင် မိမိတို့ အာရုံသိ ထင်မြင်ချက်များကို စမ်းသပ်သည့်အနေနှင့် အမှန်တကယ်ဖြစ်ရပ်များနှင့် နမူနာများကို လေ့လာခိုင်းပါ။ အောက်ပါတို့ ပါဝင်အောင် ဆောင်ရွက်နိုင်ပါသည်။

- အသုံးပြုသူ ထုတ်လုပ်ထားသော တင်ဆက်ချက်များကို သတင်းလုပ်ငန်းတွင် အသုံးပြုခြင်းနှင့် ပတ်သက်ပြီး လမ်းညွှန်ထိန်းကျောင်းထားသော ကျင့်ဝတ်မူဘောင်များနှင့်အညီ မူလရင်းမြစ်များကို ဖော်ထုတ်ခြင်းနှင့် အသိအမှတ်ပြုဖော်ပြခြင်း။[4]
- အကောင့်အတုများနှင့် အလိုအလျောက်ဖြေကြားစက် ဘော့တ်များကို ဖော်ထုတ်သိရှိခြင်းနှင့် ဖယ်ကြဉ်ခြင်း။[5] [6]
- ရုပ်ပုံများနှင့် ဗွီဒီယိုတင်ဆက်ချက်များသည် မူလရင်းမြစ်ထံ မှန်ကန်စွာ ကိုးကားဖော်ပြခြင်း ရှိမရှိ အတည်ပြုခြင်း။
- တင်ဆက်ချက်ကို ရိုက်ကူးမှတ်တမ်းတင်ချိန်နှင့် အင်တာနက်ပေါ် လွှင့်တင်ချိန်များကို အတည်ပြုခြင်း။
- ရုပ်ပုံနှင့် ဗွီဒီယိုများ၏ ရိုက်ကူးတင်ဆက်ရာ တည်နေရာရှာဖွေခြင်း။

မူရင်းရုပ်ပုံနှင့် ဗွီဒီယိုဖိုင်များကို ပြန်လည်ရှာဖွေနိုင်ခြင်းနှင့် စစ်ဆေးအတည်ပြုနိုင်ခြင်းအားဖြင့် သတင်းသမားများသည် အသုံးပြုသူ ထုတ်လုပ်သော တင်ဆက်ချက်များ (UGC) များကို ပြန်လည်ဖြန့်ဝေရာ၌ ကျင့်ဝတ်နှင့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်များ ရယူတောင်းခံနိုင်စွမ်း ရှိလာနိုင်ပါသည်။

---

1 Alejandro, J. (2010). *Journalism In The Age Of Social Media*. Reuters Institute Fellowship. Available at: http://reutersinstitute.politics.ox.ac.uk/sites/default/files/research/files/Journalism%2520in%2520the%2520Age%2520of%2520Social%2520Media.pdf [accessed 22/04/2018].].

2 Paulussen, S. & Harder, R. (2014). *Social Media References in Newspapers*. Journalism Practice, 8(5), pp.542-551.

3 မော်ဂျူး ၇ တွင် ဤအကြောင်းအရာကို အသေးစိတ် ဆွေးနွေးထားပါသည်။

4 ဖတ်ရန် - the Online News Association's UGC Ethics guide: https://ethics.journalists.org/topics/user-generated-content/ [accessed 18/4/2018].

5 Woolley, S.C. & Howard, P.N. (2017). *Computational Propaganda Worldwide: Executive Summary*. Samuel Woolley and Philip N. Howard, Eds. Working Paper 2017.11. Oxford, UK: Project on Computational Propaganda. comprop.oii.ox.ac.uk. Available at http://comprop.oii.ox.ac. uk/wp-content/uploads/sites/89/2017/06/Casestudies-ExecutiveSummary.pdf [accessed 22/04/2018].].

6 Joseph, R. (2018). Guide. *How to verify a Twitter account*. Africa Check. Available at https://africacheck.org/factsheets/guide-verify-twitter-account/. [accessed. 6/04/2018].

## ပုံကြမ်း

"The Element of Journalism[7] ကို ရေးသားသော ဘီလ် ကိုဗက်နှင့် တွမ် ရိုဆန်စတီရယ်တို့က ပြောဆိုသည်မှာ 'စစ်ဆေး အတည်ပြုခြင်း ပညာရပ်သည် ဖျော်ဖြေရေး၊ ဝါဒဖြန့်ခြင်း၊ စိတ်ကူးယဉ်ဝတ္ထု၊ အနုပညာ စသည့်အရာတို့နှင့် သတင်းအတတ်ပညာအကြားမှ စည်းပင်ဖြစ်သည်။ အမှန်တကယ်ဖြစ်ပျက်ခဲ့သည်က မည်သို့ဖြစ်ကြောင်း မှန်ကန်စွာ ဖော်ပြနိုင်ရန် ဦးစွာအားထုတ်သည်မှာ သတင်းအတတ်ပညာသာ' ဟူ၍ဖြစ်သည်။ ထိုအတွေးအခြေခံပြီး ဤမော်ဂျူးသည် 'စစ်ဆေးအတည်ပြုခြင်းပညာရပ်' ကို လက်ရှိကမ္ဘာတွင် မည်သို့ကျင့်သုံးရမည်ဖြစ်ကြောင်း ခွဲခြမ်းတင်ပြထားပါသည်။

လူမှုမီဒီယာက သတင်းအတတ်ပညာ အလေ့အထများကို ပြုပြင်ပြောင်းလဲလိုက်သည်။ ပရိသတ်နှင့် အချိန်နှင့် တပြေးညီ ချိတ်ဆက်တင်ပြနေရခြင်းကြောင့် တင်ဆက်ချက်များကို ပရိသတ်ထံမှ ဝိုင်းဝန်းပေးပို့ခြင်း (လူအုပ်ရင်းမြစ်ရယူခြင်း) **(Crowdsourcing)** နည်းလမ်းများ သုံးလာကြသည်။ သတင်းလုပ်ငန်းဆောင်တာများဖြစ်သော အတည်ပြုစစ်ဆေးခြင်း လုပ်ငန်းများကိုပင် ပရိသတ်ကို အငှားချလုပ်ဆောင်ခိုင်းသည့် **(outsource)** ပုံစံသုံးပြီး ဆောင်ရွက်နိုင်ပါသည်။[8] သတင်းအတတ်ပညာက အနှစ်သာရအားဖြင့် ကျန်ရှိနေသော်လည်း၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ဒစ်ဂျစ်တယ် နည်းပညာများ၊ အွန်လိုင်း အလေ့အထ အပြုအမူများ၊ သတင်းရယူသုံးစွဲပုံများ ပြောင်းလဲလာခြင်းစသည့် အပြောင်းအလဲများကို ထင်ဟပ်နိုင်ရန်အတွက် အတည်ပြုစစ်ဆေးခြင်း ပညာရပ်[9]၊ အကြောင်းအရာများနှင့် ရင်းမြစ်များ၏ မှန်ကန်မှုကို စစ်ဆေးအတည်ပြုသော နည်းလမ်းများကို အမြဲပြုပြင်ပြောင်းလဲ မြှင့်တင်နေရန်လိုအပ်သည်။ ဥပမာအားဖြင့် အာရပ်နွေဦး ဖြစ်စဉ်တွင် 'အများဆိုင် စစ်ဆေးအတည်ပြုမှုဖြစ်စဉ်' တစ်ရပ် ပေါ်ထွက်လာသည်။ အများပြည်သူ ပူးပေါင်းပါဝင်မှုရှိသော အချိန်နှင့် တပြေးညီ စစ်ဆေးအတည်ပြုခြင်း ဖြစ်စဉ်လည်း ဖြစ်ပါသည်။ သို့ရာတွင် ထိုဖြစ်စဉ်မှာ ဆောင်ရွက်သင့်မသင့် အငြင်းပွားဖွယ်ရာတော့ရှိပါသည်။ အများဆိုင်နေရာတစ်ခုတွင် သတင်းတစ်ခုအား အဆင့်ဆင့် အတည်ပြုရန်ကြိုးစားရင်းနှင့် သတင်းမှားများ ပိုမို ပျံ့နှံ့သွားနိုင်ခြေ အန္တရာယ်လည်း ရှိနေသောကြောင့်ပင်ဖြစ်ပါသည်။ (ဥပမာ – သတင်းသမားတစ်ယောက်က အတည်ပြု စစ်ဆေးခြင်းဖြစ်စဉ်ကို ပရိသတ်အား လက်အငှားဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ပြီး မစစ်ရသေးသော သတင်းကို ပရိသတ်ထံ လက်ဆင့်ကမ်းမိခြင်းမျိုး ဖြစ်ပါသည်။)[10]

သက်ရောက်မှုအားကောင်းသော သတင်းဇာတ်လမ်းတစ်ပုဒ်ကို တင်ဆက်ရန်အတွက် သတင်းသမားများနှင့် သတင်း ထုတ်ဝေသူများ အသုံးပြုနိုင်သည့် အားအကောင်းဆုံးသောနှင့် အရေးအပါဆုံးသော နည်းလမ်းမှာ မျက်မြင်သက်သေများ၏ ပြန်လည်ပြောဆိုချက်များနှင့် (ဗွီဒီယို ဓာတ်ပုံစသည့်) ရုပ်ပုံပါသော တင်ဆက်ချက်များပင်ဖြစ်သည်။ အရေးကြီး ကြားဖြတ် သတင်းများ တင်နေရသော အခြေအနေတွင် လူမှုမီဒီယာမှရရှိသော အချက်အလက်များကို စစ်ဆေးအတည်ပြုရာတွင် လျင်မြန် သွက်လက်စွာ ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးသောအချက်ဖြစ်လာပါသည်။[11]

အရေးပါမှုရှိသော ရင်းမြစ်များ၊ သတင်းအချက်အလက်များနှင့် ရုပ်ပုံများကို ထောက်လှမ်းဖော်ထုတ် တွေ့ရှိနိုင်ရန်အတွက် သတင်းသမားများသည် များပြားလှသော သတင်းအချက်အလက်များကို ဖြတ်သန်း ရှာဖွေနိုင်စွမ်းရှိရပါမည်။ လူမှုမီဒီယာ လမ်းကြောင်းများပေါ်တွင် တင်ဆက်သော များပြားလှသည့် ရုပ်ပုံပါ တင်ဆက်ချက်များ (ဓာတ်ပုံ၊ ဗွီဒီယိုများ၊ GIF များ) ထိုသို့ များပြားလာအောင် ထောက်ပံ့သော နောက်ခံအကြောင်းအရာ ၃ ရပ် ရှိပါသည်။

- ကင်မရာပါသော စမတ်ဖုန်းများနှင့် ခလုတ်ဖုန်းများ လက်ကိုင်ကမ္ဘာအနှံ့တွင် အမြောက်အမြား ထုတ်လုပ်သုံးစွဲလာကြခြင်း။[12]
- ဖုန်းဖြင့် အင်တာနက် ချိတ်ဆက်မှုကို စရိတ်သက်သာစွာ (အချို့နေရာများတွင် အခမဲ့) ရရှိနိုင်မှု

7 Kovach, B., & Rosenstiel, T. (2014). The elements of journalism: What newspeople should know and the public should expect. New York: Crown Publishers.

8 Carvin, A. (2012). *Distant witness: Social Media's Journalism Revolution.* New York, NY: CUNY Journalism Press.

9 Kovach, B. & Rosenstiel, T. (2014). Op cit

10 Posetti, J. & Silverman, S. (2014). *When Good People Share Bad Things: The basics of social media verification* at Mediashift July 24th, 2014. Available: http://mediashift.org/2014/07/goodwhen-good-people-share-bad-things-the-basics-of-social-media-verification/ [accessed 22/04/2018].].

11 Brandtzaeg, P., Lüders, M., Spangenberg, J., Rath-Wiggins, L. & Følstad, A. (2015). *Emerging Journalistic Verification Practices Concerning Social Media.* Journalism Practice, 10(3), pp.323-342.

12 ဖတ်ရန် - Slide 5 of Mary Meeker's Internet Trends Report: https://www.slideshare.net/kleinerperkins/internet-trends-v1. [accessed 22/04/2018].].

ပိုမိုမြင့်တက်လာခြင်း။

- မည်သူမဆို တင်ဆက်ချက်များ ထုတ်လုပ်တင်ဆက်နိုင်ပြီး ပရိသတ် တည်ဆောက်နိုင်စွမ်း ရှိလာစေသော ကမ္ဘာအနှံ့ရောက်ရှိသည့် လူမှုကွန်ရက်များနှင့် စာတိုပို့သော လူမှုမီဒီယာလမ်းကြောင်းများ ပေါ်ထွက်လာခြင်း။

အရေးပေါ်ကြားဖြတ်သတင်းများ ပေါ်ထွက်သည့် ဖြစ်ရပ်အများစုတွင် ပထမဆုံးပေါ်ထွက်သော သတင်းပို့ချက်၊ ဓာတ်ပုံများ၊ ဗွီဒီယိုမှတ်တမ်းများသည် (ဆန္ဒပြပွဲဖြစ်စေ၊ ရထားမတော်တဆမှုဖြစ်စေ၊ ဟာရီကိန်း မုန်တိုင်းဖြစ်စေ၊ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စေ) စမတ်ဖုန်း တစ်လုံးရှိထားသော မျက်မြင်သက်သေ ပြည်သူတစ်ဦးဦး၊ ပါဝင်သူတစ်စုံတစ်ယောက်၊ အနားတွင် ရှိနေသူ တစ်ဦးဦးက အဦးဆုံး တင်ဆက်ဖြန့်ဝေခြင်း ဖြစ်နိုင်ခြေများသည်။ ထိုသို့ တင်ဆက်သော တင်ဆက်ချက်များကို မည်သို့ စစ်ဆေးအတည်ပြုမည်ဖြစ်ကြောင်း နည်းလမ်းများမှာ သက်ဆိုင်ရာ သတင်းခန်း၏ ရင်းမြစ်များ၊ နှုန်းစံသတ်မှတ်ချက်များနှင့် သတင်းသမား၏ ကိုယ်ပိုင်အလေ့အထများအပေါ် မူတည်ပါမည်။ ဤမော်ဂျူးတွင် သင်ယူသူများအတွက် လုပ်ထုံးလုပ်နည်းကောင်းများနှင့် အချို့သော အင်တာနက်ကိရိယာရင်းမြစ်များကို စုစည်းတင်ပြသွားပါမည်။ သို့ရာတွင် နည်းပညာများကဲ့သို့ပင် နည်းလမ်းကိရိယာများမှာ စဉ်ဆက်မပြတ် လျင်မြန်စွာ ဆင့်ကဲတိုးတက်ပြောင်းလဲမှု အမြဲရှိနေပါလိမ့်မည်။[13]

အတည်ပြုစစ်ဆေးခြင်းဆိုပါက မည်သည့် အမျိုးအစားမဆို ကိုဗက်နှင့် ရိုဆန်စတီးရယ် (၂၀၁၄)[14] တွင် ပါသော အောက်ပါ လမ်းညွှန်ချက်များကို အသုံးပြုနိုင်ပါသည်။

- သံသယအမြဲထားပြီး တည်းဖြတ်ပါ။
- မှန်ကန်မှုဆိုင်ရာအချက်များ စာရင်းထားရှိပါ။
- မည်သည့်ကိစ္စကိုမှ တစ်ဖက်သတ် စိတ်မချရပါ။ 'မှန်ကန်ပုံပေါက်သည်' ဆိုသည့် အခြေအနေရောက်အောင် တမင်ထည့်ထားနိုင်သည့် အချက်ပြမှုများ၏ လှည့်စားမှု မခံရပါစေနှင့်။[15]
- အမည်မဖော်သော သတင်းရင်းမြစ်များကို အထူးသတိထားပါ။

သတင်းအချက်အလက်များဖြစ်စေ၊ ရုပ်ပုံများဖြစ်စေတို့၏ မူလဖန်တီးထုတ်လုပ် တင်ဆက်သူကို ဖော်ထုတ်ခြင်းအားဖြင့် သော်လည်းကောင်း၊ ရင်းမြစ်နှင့် ၎င်းမျှဝေသော သတင်းအချက်အလက်တို့ကို စစ်ဆေးသော စနစ်များကို ဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း၊ အတည်ပြုစစ်ဆေးနိုင်ခြင်း ရှိလာမည်ဖြစ်ပြီး စစ်ဆေးချက်များကြောင့်လည်း မိမိလိုလားသော အတည်ပြုခြင်း ရလဒ်များကို ရရှိမည်ဖြစ်ပါသည်။[16]

အဆိုပါ စစ်ဆေးချက်များသည် သတင်းသမား တစ်ဦးသာ သတင်းဖြစ်ရပ် ဖြစ်ပွားသောနေရာတွင် လူကိုယ်တိုင်ရောက်ရှိနေပြီး မျက်မြင်သက်သေတစ်ဦးဦးကို မေးမြန်း သတင်းယူနေသည်ဖြစ်ပါက လုပ်ဆောင်ရမည့် သတင်းသမား လုပ်ထုံးလုပ်နည်းများ အတိုင်းပင်ဖြစ်ပါသည်။ လူတွေ့မေးမြန်းခြင်း လုပ်ဆောင်နိုင်သော နေရာတွင် ရောက်ရှိနေသည့် သတင်းသမားသည် မျက်မြင်သက်သေ၏ ပြောကြားချက်များကို ကြပ်မတ်မေးမြန်းပြီး အသေးစိတ်အချက်အလက်များကို ထပ်မံမေးမြန်း ဖော်ထုတ်ကာ အဆိုပါပြောဆိုချက်ကို ယုံကြည်ဖွယ်ရာရှိမရှိ အချက်အလက် ဆန်းစစ်မှုအပေါ်မူတည်ပြီး ဆုံးဖြတ်မည်ဖြစ်သည်။ အမူအရာများကို သတိထားထောက်လှမ်းမှုအပါအဝင် အာရုံသိဖြင့် ဆုံးဖြတ်ခြင်းကိုလည်း လမ်းညွှန်ချက်အဖြစ် တစ်စိတ်တစ်ပိုင်း အသုံးပြုနိုင်သည်။ ဒစ်ဂျစ်တယ်တင်ဆက်ချက်တစ်ခု၏ ရင်းမြစ်ကို အတည်ပြုရာတွင် တစ်စုံတစ်ဦးကို တိုက်ရိုက်လူတွေ့မေးမြန်းခြင်း၊ ချက်ချင်းမေးမြန်းခြင်း မပြုနိုင်လျှင်ပင် အတည်ပြုစစ်ဆေးချက်ရလဒ် ထွက်နိုင်စွမ်း ရှိရပါမည်။[17]

အကြီးစား သတင်းခန်းများစွာတွင် စစ်ဆေးခြင်းပြုမည့်အဖွဲ့များရှိသည်။ စရိတ်မြင့်မားသော နည်းပညာများလည်းရှိသည်။ ရှာဖွေခြင်းနှင့် စစ်ဆေးခြင်း ဝန်ဆောင်မှုပေးနေသော အေဂျင်စီများလည်းရှိသည်။ ၎င်းတို့က တင်ဆက်ချက်တစ်ရပ်နှင့်

13 Schifferes, S., Newman, N., Thurman, N., Corney, D., Göker, A. & Martin, C. (2014). *Identifying and Verifying News through Social Media.* Digital Journalism, 2(3), pp.406-418.

14 Kovach & Rosenstiel (2014). Op cit.

15 Zimmer, B (2010). "Truthiness", The New York Times. https://www.nytimes.com/2010/10/2017/magazine/2017FOB-onlanguage-t.html [accessed 15/04/2018].

16 Bell, F. (2015). *Verification: Source vs Content [online] Medium*. Available at: https://medium.com/1st-draft/verficiation-source-vs-content-b67d6eed3ad0 [accessed 22/04/2018].].

17 Kovach & Rosenstiel (2014). Op cit.

ဆက်စပ်သော အကြောင်းအရာကို တတ်နိုင်သမျှ အလျင်မြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသည်။[18] ၄င်းတို့သည် ထုတ်ဝေခွင့် ထုတ်လွှင့်ခြင်း မူပိုင်ခွင့်များကိုလည်း ရယူပေးပြီး၊ ထုတ်ဝေခြင်းမတိုင်မီ အတည်ပြုစစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။ အသေးစား သတင်းခန်းများနှင့် တစ်ဦးချင်း အလွတ်တမ်း သတင်းသမားများတွင်မူ အလားတူ ရင်းမြစ်များ မရှိကြတော့ပါ။[19] ထို့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသော နည်းပညာများနှင့် စနစ်နည်းလမ်းများကိုသာ အသုံးပြုပြီး သတင်းတစ်ရပ်၏ ယုံကြည်စိတ်ချဖွယ်ရှိမှုကို ဆုံးဖြတ်ကြပါသည်။[20]

ရုပ်ပုံပါသော တင်ဆက်ချက်များနှင့် ၄င်းတို့၏ ရင်းမြစ်များကို စစ်ဆေးအတည်ပြုရန် အဘယ့်ကြောင့် ဤမျှအရေးကြီးနေပါသနည်း။ အလွယ်ပြောရလျှင် ထိုသို့ စစ်ဆေးခြင်းသည် သတင်းအတတ်ပညာကောင်း၏ လုပ်ရပ်ဖြစ်သောကြောင့်ပင်။ ယနေ့ ဒစ်ဂျစ်တယ်ကမ္ဘာတွင် မသမာသော လှုပ်ရှားဆောင်ရွက်သူတို့အနေနှင့် ယုံကြည်လောက်ဖွယ်ရှိသော၊ ဖော်ထုတ်ရန်ခက်ခဲသော လိမ်ဆင်များကို ဖန်တီးဖြန့်ဝေရန် အလွန်လွယ်ကူလှသည်။ ပညာရှင် သတင်းသမားများနှင့် သတင်းခန်းများပင် အတုအပ ပြုလုပ်သူများထံမှ သတင်းအချက်အလက်မှား၊ ဓာတ်ပုံအတု၊ ဗွီဒီယိုအတုများကို ပြန်လည်မျှဝေမိ၊ ဖြန့်ဝေမိခြင်းများကြောင့် ဂုဏ်သိက္ခာကျဆင်းရခြင်းများ အကြိမ်ကြိမ်ဖြစ်ပွားဖူးပါသည်။ ထို့ပြင် သရော်စာဟာသများတွင်ပါသော အကြောင်းအရာများကိုလည်း အကောက်အယူမှားပြီး အချက်အလက် အမှန်အလား ပြန်လည်ဖြန့်ဝေမိခြင်းမျိုးလည်း ရှိတတ်ကြပါသည်။[21]

ဤပြဿနာကို မီးလောင်ရာ လေပင့်သည့်နောက်အချက်မှာ အွန်လိုင်းပေါ်တွင် အလွယ်တကူ ပေါ်ပေါက်ရရှိနေသည့် ရုပ်ပုံပါ တင်ဆက်ချက်များ၏ များပြားလှသော ပမာဏပင်ဖြစ်ပါသည်။ ၄င်းတို့အားလုံးကို ရှေ့နောက် အဆက်အစပ်များ မပါဘဲ အခြားသော သတင်းဖြစ်ရပ်များတွင် မသက်ဆိုင်ဘဲ ယူသုံးခြင်းလည်း ပြုနိုင်ကြသည်။ ၄င်းသို့ပြုလုပ်နေကြ၍လည်း နိုင်ငံရေးသမားများနှင့် ဝါရင့်သတင်းသမားများကိုပင် ကောလာဟလ ဖန်တီးသူများက လှည့်စားနိုင်ကြခြင်းများကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရပါသည်။

သို့ရာတွင် သတင်းဇာတ်လမ်းတစ်စုံတစ်ရာ၊ အကြောင်းအရာတစ်ခုခုကို မျှဝေလိုသူ ရင်းမြစ်တစ်ဦးဦး၏ ယုံကြည်စိတ်ချရမှုကို အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် ဆောင်ရွက်နိုင်သော အဆင့်များစွာလည်း ရှိနေပါသည်။ အရေးပါသော မေးခွန်းများကို မေးမြန်းရမည်ဖြစ်သည်။ အချို့မေးခွန်းများကို တိုက်ရိုက်မေးရမည်။ အချို့ကို ရှာဖွေထားသော အထောက်အထားများမှ တစ်ဆင့် အဖြေကို မှန်းဆနိုင်သည်။ အတည်ပြုစစ်ဆေးခြင်း နည်းကိရိယာများလည်းရှိပြီး ၄င်းတို့ကိုသုံး၍ ရင်းမြစ်တစ်ခုသည် ၄င်းတို့တင်ဆက်ချက်ကို မည်သည့်နေရာမှ အင်တာနက်ပေါ်တင်လိုက်သည်ကို ဖော်ထုတ်နိုင်ခြင်းလည်း ရှိပါသည်။ ထို့ပြင် လူမှုမီဒီယာကို ထိုရင်းမြစ်က အသုံးပြုနေသော အသုံးပြုမှု မှတ်တမ်းများမှတဆင့် သဲလွန်စများကို လိုက်ကြည့်ကာ မည်သည့်နေရာ မည်သည့်အချိန်တွင် တင်လိုက်ခြင်းဖြစ်နိုင်ခြေရှိကြောင်း ရှာဖွေဖော်ထုတ်နိုင်ပါသည်။ ၄င်းတို့တင်သော ပို့စ်များအတွင်းမှ ချိတ်ဆက်ထားသော အခြားအကြောင်းအရာများ၊ အခြားအသုံးပြုသူများနှင့် အပြန်အလှန် ချိတ်ဆက်မှုများကို သေချာစွာ လေ့လာစစ်ဆေးခြင်းအားဖြင့် အတည်ပြုစစ်ဆေးခြင်းလုပ်နိုင်ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းကြောင့် အလိုအလျှောက်ဝေမျှသော ဘော့တ်များထံမှ အချက်အလက်များကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

သံသယဖြင့် စာတည်းဖြတ်ခြင်းမှာ မရှိမဖြစ်လိုအပ်ပါသည်။ သို့သော် နားလည်ရမည့်အချက်တစ်ခုမှာ သတင်းဖြစ်ရပ်များတွင် စိတ်ဝင်တစား မျှော်ပါပြီး ရှာဖွေသူ၊ မျှဝေသူ အများစုသည် လိမ်ညာလှည့်စားရန် ရည်ရွယ်ချက်ဖြင့် မျှဝေနေခြင်းမဟုတ်ကြဘဲ မိမိတို့ အတွေ့အကြုံများကို မိမိနားလည်သလို ပြန်လည်ပြောပြ မျှဝေလိုစိတ်သာရှိကြကြောင်းပင်ဖြစ်ပါသည်။ သတင်းမှားများ ပျံ့လာခြင်းသည် မသမာသော ရည်ရွယ်ချက် အခံမရှိဘဲလည်း ပေါ်ပေါက်နိုင်သည်။ ဖြစ်နိုင်သည်မှာ မျှဝေသော၊ တင်ဆက်သော ပုဂ္ဂိုလ်သည် အဖြစ်အပျက်ကို သေချာမမှတ်မိခြင်းကြောင့် သတင်းအမှားများ ထည့်မိခြင်း၊ အကွန့်အညွန့်များ အထည့်လွန်ခြင်းမျိုးသာ ရှိပါသည်။ ဤကိစ္စမျိုးမှာ သတင်းသမားက နေရာကို ကိုယ်တိုင်သွားရောက်ပြီး လူတွေ့မေးမြန်းစုံစမ်းခြင်း ဆောင်ရွက်နိုင်လျှင်သော်မှ ဖြစ်နိုင်ခြေရှိနေပါသေးသည်။ ရာဇဝတ်မှုခင်းဖြစ်ပွားရာနေရာ၊ မတော်တဆအခင်းဖြစ်ရာနေရာတို့မှ တက်လာလေ့ရှိသော ကွဲလွဲဆန့်ကျင်နေသော သတင်းပို့ချက်များ၊ ပြောဆိုချက်များတွင်

18 Diakopoulos N., De Choudhury M. & Naaman M. (2012). *Finding and assessing social media information sources in the context of journalism* Conference on Human Factors in Computing Systems - Proceedings, , pp. 2451-2460. Available at: http://www.nickdiakopoulos.com/wp-content/uploads/2011/07/SRSR-diakopoulos.pdf [accessed 22/04/2018].

19 Schifferes, S., Newman, N., Thurman, N., Corney, D., Goker, A.S. & Martin, C. (2014). *Identifying and verifying news through social media: Developing a user-centred tool for professional journalists. Digital Journalism,* 2(3), pp. 406-418. Available at http://openaccess.city.ac.uk/3071/1/IDENTIFYING AND VERIFYING NEWS THROUGH SOCIAL MEDIA.pdf [accessed 22/04/2018].].

20 Brandtzaeg, P. B., Lüders, M., Spangenberg, J., Rath-Wiggins, L., & Følstad, A. (2016). *Emerging journalistic verification practices concerning social media.* Journalism Practice, 10(3), 323-342.

21 Deutsche Welle (2018) *Germany's Bild falls for hoax and unleashes fake news debate* (22/02/2018) Available at http://www.dw.com/en/germanys-bild-falls-for-hoax-unleashes-debate-on-fake-news/a-42704014 [accessed 22/04/2018].].

ထိုအဖြစ်ကိုတွေ့နိုင်သလို၊ ပြင်းပြင်းထန်ထန် စိတ်ထိခိုက်ထားသော မျက်မြင်ကြုံတွေ့ရသူများနှင့် ခံစားရသူများက ပြန်ပြောချက်များမှာလည်း တစ်ဦးနှင့်တစ်ဦး အလွန်ကွဲလွဲမှု ရှိနိုင်ပါသည်။

ရုပ်ပုံပါသော တင်ဆက်ချက်များ၏ ဇာစ်မြစ်ကို ရာနှုန်းပြည့် သေချာတိကျစွာ ဖော်ထုတ်ရန် ခက်ခဲနိုင်သော်လည်း အောက်ပါ ရိုးရှင်းလှသော အတည်ပြုစစ်ဆေးခြင်း မေးခွန်းများကို မေးမြန်းခြင်းအားဖြင့် အန္တရာယ်ရှိကြောင်း အရိပ်အယောင်များကို ဖော်ထုတ်နိုင်ပါသည်။

- အကြောင်းအရာ တင်ဆက်ချက်မှာ မူရင်းဖြစ်ပါသလား။ ရှိနှင့်ပြီး သတင်းတင်ဆက်ချက်များထဲမှ လှည့်ဖျားလိုသော ရည်ရွယ်ချက်ဖြင့် ဖြတ်ညှပ်ကပ်ထားခြင်း ဖြစ်ပါသလား။
- တင်ဆက်ချက်ကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဖန်တီးပြုပြင်ထားခြင်း ရှိပါသလား။[22]
- ဓာတ်ပုံ/ ဗွီဒီယို၏ ရိုက်ကူးခဲ့သည့် အချိန်နှင့် နေရာတို့ကို ရနိုင်သည့် (ဒေတာအကြောင်းဒေတာ/ metadata) အသုံးပြုပြီး ဖော်ထုတ်အတည်ပြုနိုင်ပါသလား။
- ဓာတ်ပုံ/ ဗွီဒီယို၏ ရိုက်ကူးခဲ့သည့် အချိန်နှင့် နေရာတို့ကို ပုံအတွင်းပါသော သဲလွန်စများကို ကြည့်ပြီး အတည်ပြုနိုင်ပါသလား။

အန္တရာယ်ရှိကြောင်း အရိပ်အယောင်များကို ထိရောက်သွက်လက်စွာ ထောက်လှမ်းသိရှိရန်အတွက် အမျိုးမျိုးသော ရုပ်ပုံ လှည့်ဖျား ဖန်တီးချက်များကို နားလည်သိရှိထားရန် လိုပါသည်။

- **အချိန်များ/ နေရာများ –** တွေ့ရအများဆုံးသော လှည့်ဖျားဖန်တီးတင်ဆက်သော ရုပ်ပုံအမျိုးအစားမှာ ပုံအဟောင်းများကို ဇာတ်လမ်းအသစ်ဖြင့် ပြန်တင်ခြင်းဖြစ်ပါသည်။ ဤအမျိုးအစားများ ရတ်တရက် ပျံ့နှံ့ရခြင်း အကြောင်းမှာ မတော်တဆ မျှဝေမိခြင်းကြောင့်ဖြစ်သည်။ မျှဝေမိသော အကြောင်းအရာများမှာ ချေဖျက်ဖြေရှင်းရန် လွယ်ကူသော်လည်း ပြန်လိုက်သိမ်းရန် ခက်ခဲသွားသောအရာမျိုး ဖြစ်ကြပါသည်။[23]
- **နည်းပညာဖြင့် ဖန်တီးပြုပြင်ထားခြင်း –** ဒစ်ဂျစ်တယ်နည်းပညာသုံး ဓာတ်ပုံ၊ ဗွီဒီယိုပြင်သည့် ဆော့ဖ်ဝဲများဖြင့် ပြုပြင်ဖန်တီးထားသော ရုပ်ပုံများ။
- **အတုပြင်ဆင် ရိုက်ကူးတင်ဆက်ခြင်း –** မူလရိုက်ကူးသည့် ပုံရိပ်အစစ်အမှန်ဖြစ်သော်လည်း လှည့်စားလိုသော သဘောဖြင့် သရုပ်ဆောင် ဖန်တီးရိုက်ကူးထားသည့် ပုံများဖြစ်သည်။[24]

ဤမော်ဂျူးအတွင်းတွင် ကျောင်းသားများကို အခြေခံကိရိယာနည်းလမ်းများကို မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးပြုကာ တင်ဆက်ချက်များ၏ ရင်းမြစ်နှင့် မှန်ကန်မှုတို့ကို စစ်ဆေးအတည်ပြုခြင်း သင်ယူလေ့ကျင့်ရမည် ဖြစ်ပါသည်။ (ဆလိုက်ပြကွက်များ၊ နည်းပြမှတ်စုများနှင့် ထပ်မံဖတ်မှတ်လေ့လာဖွယ်ရာများကိုလည်း အောက်ပါအကြောင်းအရာတို့နှင့် ပတ်သက်ပြီး ပေးထားပါသည်။)[25]

**Facebook အကောင့်ကို ခွဲခြမ်း စိတ်ဖြာခြင်း –** Intel Techniques[26] မှ နည်းကိရိယာများကိုသုံးပြီး ဖေ့စ်ဘွတ်ခ်အကောင့်ကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ရင်းမြစ်တစ်စုံတစ်ဦးအကြောင်းကို ပိုမိုဖော်ထုတ်သိရှိနိုင်ပါသည်။

**တွစ်တာ အကောင့်ကို ခွဲခြမ်းစိတ်ဖြာခြင်း –** Africa Check မှလမ်းညွှန်ကို အသုံးပြုပြီး ရင်းမြစ်တစ်ခုအကြောင်းကို ပိုမို ဖော်ထုတ်သိရှိခြင်းဖြစ်သည်။ အကောင့်တစ်ခု၏ လူမှုမီဒီယာသုံးစွဲမှု မှတ်တမ်းကိုကြည့်ပြီး အလိုအလျောက်တင်နေခြင်း

22 အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါ၊ ပါ့ခ်လန်း ကျောင်းတစ်ကျောင်းမှ အစုအပြုံလိုက် ပစ်ခတ်မှုတွင် ရှင်ကျန်ရစ်သူ ကျောင်းသားများက လက်နက်ကိုင်ဆောင်ခွင့် ထိန်းချုပ်ရေး တောင်းဆိုလှုပ်ရှားမှု လုပ်ခဲ့ရာတွင် ပြုပြင်ဖန်တီးထားသော ရုပ်ပုံများကို လူမှုမီဒီယာလမ်းကြောင်းများပေါ်မှ ပြောက်ကား အကောင့်များတွင် အသုံးပြုခဲ့ကြသည်။ https://www.buzzfeed.com/janelytvynenko/here-are-the-hoaxes-and-conspiracies-still-going-around?utm_term=.euy6NPayy#.jhe2YvV44. [accessed 22/04/2018].].

23 အိန္ဒိယ ဘန်ဂလာရူ လေဆိပ်တွင် ရေကြီးခြင်း ဗွီဒီယိုဟု ပြန့်သွားသော ရုပ်သံဖိုင်သည် မက္ကဆီကို လေဆိပ်ရေကြီးခြင်း ဗွီဒီယိုတစ်ခုကို အမည်ပြောင်းတပ်ပြီး ပြန်ဖြန့်ခြင်းသာ ဖြစ်ခဲ့ပါသည်။ https://www.thequint.com/news/webqoof/fake-video-claiming-bengaluru-airport-was-flooded-is-from-mexico [accessed 22/04/2018].].

24 Artificial intelligence and sophisticated video editing tools make it difficult to discern fake videos, as this footage of Barack Obama shows: https://www.youtube.com/watch?v=AmUC4m6w1wo [accessed 03/04/2018].

25 သတင်းဆိုင်ရာ ရင်းမြစ် နည်းလမ်းကိရိယာများမှာ အစဉ်တိုးတက်ပြောင်းလဲနေခြင်း ရှိသောကြောင့် နည်းပြဆရာနှင့် တက်ရောက်သူများ ပူးပေါင်းပြီး အဆိုပါ နည်းပညာများ နည်းလမ်းများကို ရှာဖွေလေ့ကျင့်နိုင်ကြပါသည်။

26 Available at: https://inteltechniques.com/osint/facebook.html. [accessed 03/04/2018].

(ဘော့တ်က တင်နေခြင်း) ဟုတ်မဟုတ် ဆန်းစစ်ခြင်းဖြစ်သည်။[27]

**ရုပ်ပုံများ နောက်ကြောင်းပြန်ရှာဖွေခြင်း – (Reverse image search)** - ဂူဂဲလ်၏ Google Reverse Image Search[28] TinEye[29] RevEye[30] စသည်တို့ကို အသုံးပြုပြီး ရုပ်ပုံများမှာ ပုံဟောင်းနှင့် ဇာတ်လမ်းသစ် ကပ်ပြထားသောအသုံးများ ဟုတ်မဟုတ် စစ်ဆေးနိုင်ပါသည်။ မိမိစစ်ဆေးလိုသော ရုပ်ပုံ၏ မူရင်းပုံသည် ပုံဒေတာဘေ့စ်များ (ပုံအရေအတွက် သန်းထောင်ချီ စုစည်းထားသော ဒေတာဘေ့စ်များ) အနက် တစ်နေရာရာတွင် ရှိနေမနေ ရှာဖွေဖော်ထုတ်ပေးသည်။ တင်ဆက်ထားသော သတင်းဖြစ်ရပ်တွင်ပါသော ရုပ်ပုံသည် သတင်းဖြစ်ရပ် မတိုင်ခင်ကတည်းက အင်တာနက်ပေါ်တွင် ရှိနှင့်နေပြီဖြစ်ကြောင်း နောက်ကြောင်းပြန်ရှာဖွေတွေ့ရှိမှုသည် ပုံဟောင်းကို မဆိုင်သော ဇာတ်လမ်းသစ်တွင် ပြန်သုံးခြင်းဖြစ်နိုင်ခြေ အလွန်များသော အချက်ပြမှုပင်ဖြစ်သည်။ သို့ရာတွင် နောက်ကြောင်းပြန်ရှာဖွေမှုတွင် မတွေ့သောကြောင့်လည်း ရုပ်ပုံမှာ မူရင်းစစ်မှန်သော ပုံဖြစ်သည်ဟု ယူဆ၍ မရသေးဘဲ အခြားသော နောက်တိုးစစ်ဆေးမှုများ ပြုလုပ်ရဦးမည် ဖြစ်ပါသည်။

**YouTube Data Viewer -** အများပြည်သူ အသုံးပြုနိုင်သည့် ‘ဗွီဒီယို နောက်ကြောင်းပြန် ရှာဖွေခြင်း’ နည်းပညာတော့ မရှိသေးပါ။ သို့ရာတွင် အမ်မနက်စတီ (Amenesty) အဖွဲ့၏ YouTube Data Viewer[31] INVID[32] နှင့် NewsCheck[33] တို့ကဲ့သို့သော ကိရိယာများသည် YouTube ဗွီဒီယိုများ၏ Thumbnail ဓါတ်ပုံများကို အသုံးပြုပြီး ထိုဗွီဒီယိုကို အခြား အချိန်များတွင် တင်ဖူးခြင်း ရှိမရှိ ပြန်လည်ရှာဖွေနိုင်သော ကိရိယာများဖြစ်သည်။ (ထိုကိရိယာများသည် ဗွီဒီယိုတစ်ခုကို အင်တာနက်ပေါ်တင်သည့် နေ့စွဲအချိန်များကိုလည်း ဖော်ပြနိုင်သည်။)

**EXIF အချက်အလက် ဖတ်စက် –** EXIF ဆိုသည်မှာ (အချက်အလက်အကြောင်း အချက်အလက်/ metadata) ပင်ဖြစ်သည်။ ဒစ်ဂျစ်တယ် ကင်မရာများ၊ ဖုန်းတွင်ပါသော ကင်မရာများမှဓာတ်ပုံ၊ ဗွီဒီယို ရိုက်ကူးလိုက်ချိန်တွင် ထိုပုံရိပ်များနှင့် တွဲလျက်ပါလာသော အချက်အလက်အမျိုးမျိုး စုပေါင်းပါဝင်ဝင်သည်။ ရိုက်ကူးသည့် နေ့စွဲနှင့် အချိန်၊ တည်နေရာ၊ ရိုက်ကူးသည့် စက်ပစ္စည်း၊ အလင်းအမှောင် ချိန်ညှိချက်များ စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် EXIF အချက်အလက်များသည် စစ်ဆေးအတည်ပြုခြင်းဖြစ်စဉ်တွင် အလွန်အရေးပါသော ကဏ္ဍမှပါဝင်သည်။ သို့ရာတွင် အကြီးအစား အကန့်အသတ်တစ်မှုမှာ လူမှုကွန်ရက်များသည်တွင် ပုံတင်ရာတွင် အဆိုပါ metadata များ မပါလာတော့ခြင်းပင်ဖြစ်သည်။ တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်တွင် တင်သော ပုံများတွင် EXIF အချက်အလက်များ မပါလာတော့ပါ။ မူလ ပုံတင်သော ပုံပိုင်ရှင်ကို တိုက်ရိုက်ဆက်သွယ်ပြီး မူလပုံကို ရယူနိုင်ပါက EXIF အချက်အလက်များ ရရှိနိုင်သောကြောင့် တင်ဆက်သော အကြောင်းအရာကို ဆက်လက်အတည်ပြု စစ်ဆေးနိုင်သွားပါမည်။ EXIF အချက်အလက်ကိုလည်း ပြုပြင်ပြောင်းလဲနိုင်သော နည်းလမ်းများရှိကြောင်း သတိချပ်သင့်ပါသည်။ ထို့ကြောင့် EXIF ရလျှင်ပင် နောက်တိုး စစ်ဆေးအတည်ပြုချက်များ လုပ်ဆောင်ရန် လိုအပ်ပါသည်။

တက်ရောက်သူများအနေနှင့် အဆင့်မြင့်နည်းလမ်းများကို အကျဉ်းချုံးမျှ အခြေခံမိတ်ဆက်ခြင်း ရရှိမည်ဖြစ်သည်။ ထပ်မံလေ့လာဖတ်ရှုဖွယ်ရာ ရင်းမြစ်များနှင့် သာဓက လေ့လာချက်များကိုလည်း ပေးထားမည်ဖြစ်ပါသည်။ အဆိုပါ နည်းလမ်းများတွင် အောက်ပါတို့ပါဝင်ပါသည်။

- ▹ **Geolocation (တည်နေရာဖော်ထုတ်ခြင်း)** – ဗွီဒီယိုတစ်ခုဖြစ်စေ၊ ရုပ်ပုံတစ်ခုဖြစ်စေကို မည်သည့်နေရာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ Metadata ရရှိနိုင်သည့်အခါ အလွန်လွယ်ကူသော ဖြစ်စဉ်ဖြစ်ပါသည်။ ဖုန်းများတွင်ပါသော EXIF အချက်အလက်များတွင် လတ္တီကျူ၊ လောင်ဂျီကျူအမှတ်များ များသောအားဖြင့် ပါတတ်သည်။ လူမှုမီဒီယာတွင်ပုံတင်သော အခါတွင်လည်း များသောအားဖြင့် တည်နေရာများ တွဲပါလာတတ်သည်။ သို့ရာတွင် အဆိုပါ metadata များကိုလည်း တည်းဖြတ်ပြုပြင်နိုင်သောကြောင့် လှည့်ဖျား ပြုပြင်ထားနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။ များသောအားဖြင့် တည်နေရာ ဖော်ထုတ်ခြင်းပြုရာတွင် ပုံပါသော ဝိသေသများနှင့် အမှတ်အသားများကို ဂြိုဟ်တုဓာတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ လမ်းမြင်ကွင်း

27 Joseph (2018). Op cit

28 *How to do a Google Reverse Image Search*: https://support.google.com/websearch/answer/1325808?hl=en [accessed 22/04/2018].].

29 Go to https://www.tineye.com/ [accessed 22/04/2018].].

30 http://squobble.blogspot.co.uk/2009/12/chromeeye-tineye-extension-for-google.html [accessed 22/04/2018].].

31 *How to use Amnesty's YouTube Data Viewer*: https://firstdraftnews.org/curriculum_resource/youtube-data-viewer/ [accessed 22/04/2018].].

32 InVid video verification tool available at: http://www.invid-project.eu/tools-and-services/invid-verification-plugin/. [accessed 22/04/2018].

33 *About NewsCheck:* https://firstdraftnews.org/launching-new-chrome-extension-newscheck/ [accessed 22/04/2018].

ဓာတ်ပုံများ၊ အခြားရင်းမြစ်များမှ သက်ဆိုင်ရာပုံများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း (ဥပမာ တွစ်တာ၊ အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်နှင့် ယူကျူ့တို့မှ ပုံများ) တို့ကို ဆက်လက်ပြုလုပ်ပြီး စစ်ဆေးရမည်ဖြစ်သည်။

- **မိုးလေဝသ အချက်အလက် တိုက်ဆိုင်စစ်ဆေးခြင်း –** WolframAlpha[34] ကဲ့သို့သော ရင်းမြစ်များသည် မိုးလေဝသ အချက်အလက် မှတ်တမ်းများကို ပြသနိုင်သည်။ ထို့ကြောင့် ပုံတွင်ပါသော အကြောင်းအရာနှင့် မိုးလေဝသ မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ (ဥပမာ ဗီဒီယိုတွင် မိုးရွာနေသော်လည်း မိုးလေဝသမှတ်တမ်းအရ ထိုဖြစ်ရပ် ဖြစ်ပွားခဲ့သည့်နေ့တွင် မိုးရွာခဲ့ကြောင်း မှတ်တမ်းမရှိခြင်း ဖြစ်နေပါသလား။)
- **အရိပ်ကျမှု ခွဲခြမ်းစိတ်ဖြာခြင်း –** ဓာတ်ပုံ၊ ဗီဒီယိုကို စစ်ဆေးမှု အခြားပုံစံတစ်ခုမှာ ပုံတွင်မြင်ရသောအရိပ်များ တသမတ်တည်းဖြစ်မှု ရှိမရှိ စစ်ဆေးခြင်း ဖြစ်ပါသည်။ (ဥပမာ – ရှိသင့်သည့် နေရာတွင် အရိပ်များကျနေမနေ၊ ပုံတွင်ပါသော အလင်းရင်းမြစ်နှင့် အရိပ်ကျနေမှု အစပ်အဟပ် ရှိမရှိ စစ်ဆေးရမည်ဖြစ်သည်။)
- **ပုံသရုပ်ခွဲ ထောက်လှမ်းရေး (image forensics) -** အချို့နည်းလမ်း ကိရိယာများမှာ ပုံရိပ်၏ metadata များ ရှေ့နောက်မညီမှုကို ဖော်ထုတ်ပေးနိုင်သောကြောင့် ပြုပြင်ပြောင်းလဲထားခြင်း ရှိမရှိ သဲလွန်စပေးနိုင်ပါသည်။ အဆိုပါ နည်းကိရိယာများ၏ မှန်ကန်မှုမှာ အခင်းအကျင်းအနေအထားနှင့် အသုံးပြုပုံတို့အပေါ် များစွာမူတည်သည်။ သို့သော် Forensically[35] Photo Forensics[36] နှင့် IziTru[37] တို့သည် ရုပ်ပုံပွားခြင်းကို ထောက်လှမ်းမှုနှင့် အလင်းအမှောင်အဆင့်အမျိုးမျိုးမှ ကွဲလွဲချက်များကို ခွဲခြမ်းဖော်ထုတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သောကြောင့် အသုံးဝင်သော တွေ့ရှိချက်များကို ပေးနိုင်ပါသည်။

## မော်ဂျူး ရည်ရွယ်ချက်များ

- အသုံးပြုသူ ထုတ်လုပ်တင်ဆက်သော အကြောင်းအရာများ (UGC) များ လူမှုကွန်ရက်ပေါ်တွင် မျှဝေကြခြင်း အလေ့အထက ခေတ်သစ် သတင်းအတတ်ပညာအတွက် မည်သည့် အခန်းကဏ္ဍတွင် ပတ်သက်နေကြောင်းနှင့် ၄င်းအကြောင်းအရာများကို အယုံလွယ်ခြင်းကြောင့် မည်သည့်အန္တရာယ်ဖြစ်နိုင်ခြေများရှိကြောင်း ကို အသိအမြင် မြှင့်တင်ရန်
- သတင်းဇာတ်လမ်းတစ်ခုအတွက် ပထမဆုံး တိုက်ရိုက်သတင်းရင်းမြစ်ကို ရရှိရန်အရေးကြီးပုံနှင့် ထိုသို့ ရရှိအောင် ဆောင်ရွက်ပုံအဆင့်ဆင့်ကို နားလည်မှု မြှင့်တင်ရန်
- အသုံးပြုသူ ထုတ်လုပ်တင်ဆက်သော အကြောင်းအရာများ (UGC) များကို မှန်ကန်မှု စစ်ဆေး အတည်ပြုရန်လိုအပ်ကြောင်း ကျယ်ပြန့်စွာ နားလည်ရန်၊ အတုအယောင်များနှင့် လှည့်ဖြားချက်အမျိုးအစား အမျိုးမျိုးကို စစ်ထုတ် ဖယ်ရှားတတ်ရန်
- ရုပ်ပုံများနှင့် ဗီဒီယိုများ၏ မှန်ကန်မှုကို စစ်ဆေးအတည်ပြုခြင်းနှင့် မှားယွင်း။လှည့်ဖြားသော ပုံတင်ဆက်မှုများကို ချေဖျက်ဖြေရှင်းခြင်းအခြေခံ နည်းလမ်းများအကြောင်း သိမြင်နားလည်မှု မြှင့်တင်ရန်

## သင်ယူမှုရလဒ်များ

၁။ အသုံးပြုသူ ထုတ်လုပ်တင်ဆက်သော အကြောင်းအရာများ (UGC) များက ခေတ်သစ် သတင်းအတတ်ပညာအတွက် မည်သည့် အခန်းကဏ္ဍတွင် ပတ်သက်နေကြောင်း ပိုမိုနက်နဲစွာ သိနားလည်သွားခြင်း။

၂။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် တင်ဆက်ချက်များကို မှန်ကန်မှု စစ်ဆေးအတည်ပြုရန် လိုအပ်ကြောင်း နားလည်ခြင်း။

34 WolframAlpha tools available at https://www.wolframalpha.com/examples/science-and-technology/weather-and-meteorology/ [accessed 22/04/2018].

35 Wagner, J. (2015). *Forensically, Photo Forensics for the Web.* [Blog] 29a.ch. Available at: https://29a.ch/2015/08/16/forensically-photo-forensics-for-the-web [accessed 22/04/2018].

36 Fotoforensics tools available at: http://fotoforensics.com/ [accessed 22/04/2018].

37 Izitru tools available at: https://www.izitru.com/ [accessed 22/04/2018].

၃။ မူလတင်ဆက်ချက် ရင်းမြစ်တစ်ခုကို စစ်ဆေးအတည်ပြုရန် သုံးရသည့် နည်းလမ်းကိရိယာများအကြောင်း ပညာရပ်ဆိုင်ရာ သိနားလည်မှုရှိလာခြင်း။

၄။ ရုပ်ပုံနှင့် ဗွီဒီယိုများကို အခြေခံ စစ်ဆေးအတည်ပြုခြင်း အဆင့်ဆင့်ကို ဆောင်ရွက်တတ်ခြင်း။

၅။ အတည်ပြုစစ်ဆေးခြင်း ဖြစ်စဉ်တွင် အသုံးပြုနိုင်သည့် အချက်အလက်အကြောင်း အချက်အလက်များ (metadata) များနှင့် အဆင့်မြင့်နည်းလမ်း ကိရိယာများအကြောင်း သိရှိသွားခြင်း။

၆။ အသုံးပြုသူ ထုတ်လုပ်တင်ဆက်သော အကြောင်းအရာများ (UGC) နှင့် အခြား အင်တာနက်ပေါ်မှ တင်ထားပြီး အကြောင်းအရာများကို အသုံးပြုရာတွင် ခွင့်တောင်းရန်လိုကြောင်း သိရှိခြင်းနှင့် မည်သို့ ဆောင်ရွက်ရမည်ကို နားလည်ခြင်း။

## မော်ဂျူး တည်ဆောက်ပုံ

ဤမော်ဂျူးကို မိနစ် ၆၀ စာ သဘောတရားပိုင်း ပို့ချမှုနှင့် အပိုင်း ၃ ပိုင်းပါသော လက်တွေ့သရုပ်ပြမှု မိနစ် ၁၂၀ စာဟု ခွဲခြားထားပါသည်။ သို့ရာတွင် ဤခေါင်းစဉ်၏ သဘာဝအရ လက်တွေ့ပိုင်းတွင် သရုပ်ပြမှုများကို ထပ်လောင်းအားဖြည့်သော လေ့ကျင့်ခန်းများ ဆက်တိုက်ဖြစ်သွားသောကြောင့် အပြန်အလှန် ဆွေးနွေးလုပ်ဆောင်မှုများပါသော အလုပ်ရုံဆွေးနွေးပွဲ တစ်ခု အသွင်ဆောင်နိုင်ပါသည်။

**သဘောတရားပိုင်း** – အထက်ပါမှတ်စုများကို အသုံးပြုပြီး ဟောပြောပို့ချချက်တစ်ခု ပြုစုပြင်ဆင်ပါ။ ပို့ချချက်တွင် ဒစ်ဂျစ်တယ်ခေတ်အတွင်း သတင်းအတတ်ပညာ၏ လုပ်ထုံးလုပ်နည်းများ၌ အတည်ပြုစစ်ဆေးခြင်းက အချက်အချာကျသော လုပ်ငန်းဖြစ်ပြီး တဖြည်းဖြည်း ဆင့်ကဲတိုးတက်ပြောင်းလဲနေသော နယ်ပယ်တစ်ခုဖြစ်ကြောင်း ထည့်သွင်းရှင်းလင်းရမည် ဖြစ်သည်။

**လက်တွေ့ပိုင်း** – မိနစ် ၁၂၀ လက်တွေ့အပိုင်းများသည် သရုပ်ပြခြင်းနှင့် လက်တွေ့အလုပ်လုပ်ဆောင်ခြင်းများပါဝင်သည်။ ၄င်းတို့ကို အပိုင်း ၃ ပိုင်းအဖြစ် ခွဲထားပါသည်။

သင်ကြားသူများအနေနှင့် အထက်ပါ မှတ်စုများကို အသုံးပြုပြီး ဆလိုက်ပြကွက်များအတိုင်း ဆက်တိုက် လုပ်ဆောင်သွားနိုင်ပါသည်။ အောက်ပါ လင့်ခ်များမှ ဆွဲယူရရှိနိုင်ပါသည်။ ပြကွက်တစ်ခုချင်းစီတွင် နည်းပြအတွက် လမ်းညွှန်ချက်မှတ်စုများ တွဲပါသည်ကိုလည်း သတိပြုပါ။

၁။ **ရင်းမြစ် ရှာဖွေဖော်ထုတ်ခြင်းနှင့် အတည်ပြုစစ်ဆေးခြင်း** – ရင်းမြစ်များ၏ လူမှုမီဒီယာ အသုံးပြုမှု မှတ်တမ်းကို ဖော်ထုတ်စစ်ဆေးခြင်း – https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_one.pdf

၂။ **ရုပ်ပုံများ အခြေခံ စစ်ဆေးအတည်ပြုခြင်း** – လှည့်ဖျားဖန်တီးပုံ အမျိုးအစားအမျိုးမျိုးနှင့် အခြေခံ စစ်ဆေး အတည်ပြုခြင်း အဆင့်များ – https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_two.pdf

၃။ **စစ်ဆေးအတည်ပြုခြင်း အဆင့်မြင့်နည်းလမ်းများ** – တင်ဆက်မှုကို ခွဲခြမ်းစိတ်ဖြာပုံ နည်းလမ်းအမျိုးမျိုး – (metadata) အချက်အလက်အကြောင်း အချက်အလက်များနှင့် တည်နေရာ သရုပ်ခွဲဖော်ထုတ်ခြင်း နည်းလမ်းများ - https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_three.pdf

## သင်ကြားရေး အစီအစဉ်များနှင့် သင်ယူမှု ရလဒ်များကို ချိတ်ဆက်ခြင်း

က။ သဘောတရား

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| **ဟောပြောပို့ချမှု –**<br>အတည်ပြုစစ်ဆေးခြင်း ပညာရပ်နှင့် နည်းလမ်းများ ဆင့်ကဲပြောင်းလဲတိုးတက်လာခြင်း သမိုင်းကြောင်းနှင့် သဘောတရားများ။ | ၁ နာရီ | ၁၊ ၂၊ ၆ |

ခ။ လက်တွေ့

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| (၁) ရင်းမြစ်များ အတည်ပြုစစ်ဆေးခြင်း – လူမှု (လေ့ကျင့်ခန်း) | မိနစ် ၃၀ | ၂၊ ၃ |
| (၂) ပုံရိပ်နောက်ကြောင်းပြန်ရှာဖွေခြင်း (သရုပ်ပြခြင်းနှင့် လေ့ကျင့်ခန်း) | ၁၅ မိနစ် | ၂၊ ၃၊ ၄ |
| (၃) ဗွီဒီယိုများကို ခွဲခြမ်းစိတ်ဖြာခြင်း (သရုပ်ပြခြင်း) | မိနစ် ၃၀ | ၂၊ ၃၊ ၄ |
| (၄) အချက်အလက် အကြောင်းအချက်အလက်များ (metadata) အမျိုးအစား အမျိုးမျိုးအကြောင်း မိတ်ဆက်ခြင်း | ၁၅ မိနစ် | ၂၊ ၅ |
| (၅) တည်နေရာဖော်ထုတ်ခြင်း (သရုပ်ပြခြင်း လေ့ကျင့်ခန်း) | မိနစ် ၂၀ | ၂၊ ၄၊ ၅ |
| (၆) မိုးလေဝသ၊ အရိပ်နှင့် ပုံရိပ်သရုပ်ခွဲထောက်လှမ်းရေး (သရုပ်ပြခြင်း) | ၁၀ မိနစ် | ၂၊ ၄၊ ၅ |

## အကြံပြုထားသော လေ့ကျင့်ခန်းများ

- တက်ရောက်သူများက ပထမ ဆလိုက်ပြကွက်အတွဲများမှ ပြကွက်နံပါတ် ၈ တွင် ပြထားသော ပုံစံကိုသုံးပြီး ရင်းမြစ်စစ်ဆေးအတည်ပြုသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးသားပြုစုရမည်။ မိမိ၏ အမှန်တကယ်လုပ်ငန်းခွင် ရာထူးအလုပ်ကိုဖြစ်စေ၊ မိမိအလုပ်လုပ်သော ဌာနအတွက်ဖြစ်စေ၊ မိမိတို့ရင်းနှီးသော သတင်းဌာန တစ်ခုခုကိုဖြစ်စေ သရုပ်တူနမူနာပြု ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- ချိတ်ဆက်မှုရှိထားသော ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဦး၏ လူမှုမီဒီယာ အကောင့်တစ်ခုခုကို ရွေးချယ်ပါ။ တက်ရောက်သူများက ၎င်းအကောင့်သည် စစ်မှန်သော မူရင်းအကောင့် ဟုတ်မဟုတ် ဖော်ထုတ်ပေးရမည်။ ထို့နောက် ထိုပုဂ္ဂိုလ်အမည်သုံးထားသော အကောင့်အတုများကိုလည်း တစ်ဆက်တည်း ရှာဖွေရမည်။
- စာသင်ခန်းထဲတွင် ရုပ်ပုံဖိုင်တစ်ခုကို ရွေးချယ်မျှဝေပါ။ ထို့နောက် ထိုပုံနှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ထုတ်ရန်အတွက် ပုံကို အင်တာနက်ရှိ EXIF ဖတ်သော ကိရိယာနှင့် စစ်ဆေးရမည်။ ထို့နောက် နောက်ကြောင်းပြန် ရုပ်ပုံရှာဖွေသော နည်းလမ်းတစ်ခုခုသုံးပြီး မူလရင်းမြစ်ကို ရှာဖွေဖော်ထုတ်ခိုင်းပါ။

## သင်ထောက်ကူများ

### ပြကွက်များ

၁။ https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_one.pdf

၂။ https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_two.pdf

၃။ https://en.unesco.org/sites/default/files/unesco_fake_news_curriculum_verification_digital_sources_three.pdf

## ဆက်လက်ဖတ်ရှုရန်

### ရင်းမြစ် စစ်ဆေးအတည်ပြုခြင်းဆိုင်ရာ


Ayala Iacucci, A. (2014). Case Study 3.1: Monitoring and Verifying During the Ukrainian Parliamentary Election, Verification Handbook. European Journalism Centre. Available at: http://verificationhandbook.com/book/chapter3.1.php. [accessed 04/04/2018].

Bell, F. (2015). Verification: Source vs. Content, First Draft News. Available at: https://medium.com/1st-draft/verification-source-vs-content-b67d6eed3ad0. [accessed 04/04/2018].

Carvin, A. (2013), Distant Witness, CUNY Journalism Press. Available at: http://press.Journalism/cuny.edu/book/distant-witness-social-media-the-arab-spring-and-a-Journalism-revolution/. [accessed 04/04/2018].

Toler, A. (2017). Advanced guide on verifying video content. Available at: https://www.bellingcat.com/resources/how-tos/2017/06/30/advanced-guide-verifying-video-content/. [accessed 04/04/2018].

Trewinnard, T. (2016). Source verification: Beware the bots, First Draft News. Available at: https://firstdraftnews.com/source-verification-beware-the-bots/. [accessed 04/04/2018].


### ဗွီဒီယိုဆိုင်ရာ


Real or Fake: How to verify what you see on the internet. (2015). France24. Available at https://www.youtube.com/watch?v=Q8su4chuU3M&feature=yout [accessed 04/04/2018].

Knight, W. (2018). The Defense Department has produced the first tools for catching deepfakes,MIT Technology Review. https://www.technologyreview.com/s/611726/the-defense-department-has-produced-the-first-tools-for-catching-deepfakes/ [accessed 23/08/2018].

## အများပြည်သူပေးပို့သည့် မျက်မြင်အထောက်အထား မီဒီယာဆိုင်ရာ


Brown, P. (2015). A global study of eyewitness media in online newspaper sites. Eyewitness Media Hub. Available at http://eyewitnessmediahub.com/uploads/browser/files/Final%20Press%20Study%20-%20eyewitness%20media%20hub.pdf. [accessed 04/04/2018].

Hermida, A. (2013). #journalism Digital Journalism, 1(3), pp.295-313.

Koettl, C. (2016, January 27). Citizen Media Research and Verification: An Analytical Framework for Human Rights Practitioners. Centre of Governance and Human Rights, University of Cambridge. Available at https://www.repository.cam.ac.uk/handle/201810/253508. [accessed 04/04/2018].

Kuczerawy, A. (2016, December 16). Pants on fire: content verification tools and other ways to deal with the fake news problem. Available at https://revealproject.eu/ pants-on-fire-content-verification-tools-and-other-ways-to-deal-with-the-fake-news-problem/ [accessed 22/01/2018].

Novak, M. (n.d.). 69 Viral Images From 2016 That Were Totally Fake. Available at https://gizmodo.com/69-viral-images-from-2016-that-were-totally-fake-1789400518. [accessed 12/11/2017].

Online News Association: UGC Ethics Guide https://ethics.journalists.org/topics/user-generated-content/ [accessed 18/4/2018].

Pierre-Louis, K. (2017). You're probably terrible at spotting faked photos. Available at https://www.popsci.com/fake-news-manipulated-photo. [accessed 12/11/2017].

Rohde, D. (2013). Pictures That Change History: Why the World Needs Photojournalists. The Atlantic. Available at https://www.theatlantic.com/international/archive/2013/12/pictures-that-change-history-why-the-world-needs-photojournalists/282498/. [accessed 03/04/2018].

Shapiro, I., Brin, C., Bédard-Brûlé, I. & Mychajlowcz, K. (2013) Verification as a Strategic Ritual: How journalists retrospectively describe processes for ensuring accuracy, published in Journalism Practice, 7(6).

Smidt, J. L., Lewis, C. & Schmidt, R. (2017). Here's A Running List Of Misinformation About Hurricane Irma. Available at https://www.buzzfeed.com/janelytvynenko/irma-misinfo/. [accessed 23/10/2017].

Wardle, C. (2015). 7/7: Comparing the use of eyewitness media 10 years on. Available at https://firstdraftnews.com:443/77-comparing-the-use-of-eyewitness-media-10- years-on/. [accessed 12/11/2017].

Wardle, C., Dubberley, S., & Brown, P. (2017). Amateur Footage: A Global Study of User-Generated Content in TV and Online News Output. Available at http:// usergeneratednews.towcenter.org/how-when-and-why-ugc-is-integrated-into-news-output/. [accessed 23/10/2017].

Zdanowicz, C. (2014). "Miracle on the Hudson" Twitpic changed his life. Available at http://www.cnn.com/2014/01/15/tech/hudson-landing-twitpic-krums/index.html. [accessed 12/11/2017].

## နောက်ကြောင်းပြန်ရုပ်ပုံ ရှာဖွေခြင်းဆိုင်ရာ


First Draft News. Visual Verification Guide - Photos -. Available at https://firstdraftnews.org/wp-content/uploads/2017/03/FDN_verificationguide_photos.pdf?x47084. [accessed 06/11/2017].

First Draft News. Visual Verification Guide - Video -. Available at https://firstdraftnews.org/wp-content/uploads/2017/03/FDN_verificationguide_videos.pdf?x47084. [accessed 06/11/2017].

Suibhne, E. (2015). Baltimore "looting" tweets show importance of quick and easy image checks. Available at https://medium.com/1st-draft/baltimore-looting-tweets-show-importance-of-quick-and-easy-image-checks-a713bbcc275e. [accessed 06/11/2017].

Seitz, J. (2015). Manual Reverse Image Search With Google and TinEye. Available at https://www.bellingcat.com/resources/how-tos/2015/05/08/manual-reverse-image-search-with-google-and-tineye/. [accessed 06/11/2017].


## ယူကျူ အချက်အလက် ဖော်ထုတ်သည့် ကိရိယာများဆိုင်ရာ


First Draft News. (n.d.). Using YouTube Data Viewer to check the upload time of a video -. Available at https://firstdraftnews.com:443/resource/using-youtube-data-viewer-to-check-the-upload-time-of-a-video/. [accessed 13/11/2017].

Toler, A. (2017). Advanced Guide on Verifying Video Content. Available at https://www.bellingcat.com/resources/how-tos/2017/06/30/advanced-guide-verifying-video-content/. [accessed 13/11/2017].


## အချက်အလက်အကြောင်းအချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ


Honan, M. (2012). How Trusting in Vice Led to John McAfee's Downfall. Available at https://www.wired.com/2012/12/how-vice-got-john-mcafee-caught/. [accessed 03/04/2018].

Storyful. (2014). Verifying images: why seeing is not always believing. Available at https://storyful.com/blog/2014/01/23/verifying-images-why-seeing-is-not-always-believing/. [accessed 13/11/2017].

Wen, T. (2017). The hidden signs that can reveal a fake photo. Available at http://www. bbc.com/future/story/20170629-the-hidden-signs-that-can-reveal-if-a-photo-is-fake. [accessed 12/11/2017].


## တင်ဆက်ချက် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ


Ess, H. van. (2017). Inside the trenches of an information war..Medium. Available at https://medium.com/@henkvaness/how-to-date-a-mysterious-missile-launcher- 78352ca8c3c3. [accessed 03/04/2018].

Farid, H. (2012a). Image Authentication and Forensics | Fourandsix Technologies - Blog - A Pointless Shadow Analysis. Available at http://www.fourandsix.com/blog/2012/9/4/a-pointless-shadow-analysis.html. [accessed 03/04/2018].

Farid, H. (2012b). Image Authentication and Forensics | Fourandsix Technologies - Blog - The JFK Zapruder Film. Available at http://www.fourandsix.com/blog/2012/9/11/the-jfk-zapruder-film.html. [accessed 03/04/2018].

Farid, H. (n.d.-c). Photo Forensics: In the Shadows - Still searching - Fotomuseum Winterthur. Available at http://www.fotomuseum.ch/en/explore/still-searching/ articles/26425_ photo_forensics_in_the_shadows. [accessed 03/04/2018].

First Draft News. (2016). Watch Eliot Higgins demonstrate advanced verification techniques at #FDLive. Available at https://firstdraftnews.com:443/watch-eliot-higgins-discuss-advanced-verification-and-geolocation-techniques-at-fdlive/. [accessed 03/04/2018].

Higgins, E. (2015, July 24). Searching the Earth: Essential geolocation tools for verification. Available at https://medium.com/1st-draft/searching-the-earth-essential-geolocation-tools-for-verification-89d960bb8fba. [accessed 03/04/2018].

## အင်တာနက်ပေါ်မှ ရင်းမြစ်များ

First Draft Interactive: Geolocation Challenge. Available at https://firstdraftnews.com/ resource/ test-your-verification-skills-with-our-geolocation-challenge/. [accessed 03/04/2018].

First Draft Interactive: Observation Challenge. Available at https://firstdraftnews.com/ resource/ test-your-verification-skills-with-our-observation-challenge/. [accessed 03/04/2018].

First Draft Online Verification Course. Available at https://firstdraftnews.org/learn/ [accessed 03/04/2018].

# အွန်လိုင်းထိပါးနှောင့်ယှက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း – သတင်းသမားများနှင့် သတင်းပေးများကို ဦးတည်တိုက်ခိုက်သောအခါ

*ဂျူလီ ပိုစက်တီ (Julie Posetti)*

# မော်ဂျူး ၇

## အနှစ်ချုပ်

လုပ်ကြံသတင်းများနှင့် သတင်းမှားများ[1]က ယုံကြည်စိတ်ချရသော သတင်းအတတ်ပညာနှင့် သတင်းအချက်အလက်များကို အခြေပျက်အောင် နှောင့်ယှက်ဖျက်ဆီးသော ပြဿနာသည် လူမှုမီဒီယာများခေတ်စားသော ကာလတွင် အထူးသဖြင့် အရှိန်မြင့်တက်လာပါသည်။ ၎င်းပြဿနာများ၏ နောက်ဆက်တွဲရလဒ်များအနေနှင့် သတင်းအချက်အလက်များကို စစ်ဆေးအတည်ပြုစုံစမ်းရန်နှင့် မှတ်ချက်ပေးရန် ကြိုးစားနေသော သတင်းသမားများနှင့် အခြားသော အွန်လိုင်းပေါ်မှ သတင်းထုတ်ဝေသူများကို ဦးတည်တိုက်ခိုက်ခြင်း၊ ၎င်းတို့၏ သတင်းရင်းမြစ်များကို တမင်ရည်ရွယ်ကာ ဦးတည်တိုက်ခိုက်ခြင်းများ ရှိလာပါသည်။ ဆက်စပ်သော အခြားအန္တရာယ်များကြောင့် သတင်းအတတ်ပညာအပေါ် ယုံကြည်စိတ်ချမှုလျော့ကျခြင်း၊ သတင်းသမားများနှင့် သတင်းပေးပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံမှု မရှိခြင်းတို့ ဆက်လက်ဖြစ်ပွားနိုင်ပါသည်။

အချို့ဖြစ်ရပ်များတွင် သတင်းသမားများကို 'အင်တာနက်တွင် အကောင့်တုများဖြင့် မှတ်ချက်ဝိုင်းရေးခြင်း' (Astroturfing)[2] ဖြင့်သော်လည်းကောင်း ကျီစယ်ဟန်ဖြင့် ထိပါးသော ထရိုလုပ်ခြင်း "Trolling"[3] ဖြင့်သော်လည်းကောင်း ဦးတည်တိုက်ခိုက်မှုများရှိလာကြသည်။ ထိုတိုက်ခိုက်မှုများသည် 'သတင်းသမားများကို လှည့်ဖြားရန်၊ သတင်းမှားပေးရန်၊ အာရုံထွေပြားအောင် နှောင့်ယှက်ရန်၊ အန္တရာယ်ပြုရန်' ရည်ရွယ်ချက်ရှိရှိဖြင့်[4] လုပ်ဆောင်သော လုပ်ငန်းများဖြစ်ပြီး သတင်းသမားများနှင့် သတင်းပေးဖြစ်လာနိုင်သူများကို အာရုံလွှဲခြင်း၊ လမ်းမှားပြခြင်းတို့ ပါဝင်ပါသည်။ အချို့နေရာများတွင်မူ သတင်းသမား မျက်စိမှောက်ပြီး သတင်းမှားကို ဖြန့်ဝေမိအောင် ချောက်တွန်းခြင်း ရှိတတ်သည်။ သတင်းသမားမျှဝေလိုက်သော အချက်အလက်သည် သတင်းမှန်ကို အဓိပ္ပာယ်ကောက်လွဲစေသော အချက်အလက်များဖြစ်စေ၊ မမှန်ကြောင်းပေါ်ထွက်လာသည့်အခါ သတင်းသမားသိက္ခာနှင့် သက်ဆိုင်ရာ သတင်းတိုက်၏ သိက္ခာကျဆင်းစေသော အချက်အလက်ဖြစ်စေ ဖြစ်နိုင်ပါသည်။ အချို့ဖြစ်ရပ်များတွင်မူ သတင်းသမားများသည် မိမိတို့ သတင်းပေးရင်းမြစ်များကို ဖော်ကောင်လုပ်နိုင်သော ဒစ်ဂျစ်တယ်နည်းပညာသုံး ခြိမ်းခြောက်မှုများကို တွေ့ကြုံရသည်။ သတင်းပေး၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုကျိုးပေါက်သောကြောင့် အန္တရာယ်ရှိနိုင်ခြင်းဖြစ်စေ၊ သတင်းသမား၏ မဖြန့်ဝေရသေးသော အချက်အလက်များကို အခြားသူများ လက်ရောက်ရယူနိုင်ခြင်းဖြစ်စေ ဖြစ်ပွားနိုင်ပါသည်။

ထို့ပြင် ကြောင်းကျိုးသင့်ဝေဖန်မှုများကို ပျက်ရယ်ပြု၍ ပေါ့ပျက်ပျက်ဖြစ်စေရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှိပ်ကွပ်ရန် ဦးတည်ဆောင်ရွက်သော 'အမှန်းတရားဖြန့်ဝေရေး ဒစ်ဂျစ်တယ် တပ်များ' ကို အစိုးရက စုစည်းဆော်သြနေသော ဖြစ်ရပ်များလည်း[5] ရှိနေပါသည်။ ထို့နောက် ဆိုးရွားပြင်းထန်သော ပြဿနာတစ်ရပ်ဖြစ်သည့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက် အကြမ်းဖက်မှုလည်း ရှိပါသည် (trolling ထရိုလုပ်သည်ဟု လွဲမှားစွာ အမည်တပ်ကြသော ပြဿနာလည်းဖြစ်သည်)[6]။ ထိုပြဿနာများကို အမျိုးသမီးများက အချိုးအစား ပိုမိုများပြားစွာ ခံစားကြရပြီး မိန်းမမုန်းဝါဒပုံစံဖြင့် ကျူးလွန်ခြင်းကို များသောအားဖြင့်တွေ့ရသည်။ အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်ခြင်း၊ လုပ်ငန်းကျင့်ဝတ်နှင့် ပတ်သက်ပြီး မှားယွင်းစွာ စွပ်စွဲမှု၊ မိမိတို့အမည်သုံး၍ အယောင်ဆောင်မှု၊ မိမိတို့ကို နှိမ့်ချအရှက်ခွဲရန်နှင့် ယုံကြည်မှုများ ရိုက်ချိုးရန်၊

1 For definitions, ဖတ်ရန် Wardle, C. & Derakhshan, H. (2017). *Information Disorder: Toward an Interdisciplinary Framework for Research and Policymaking* (Council of Europe). https://rm.coe.int/information-disorder-toward-an-interdisciplinary-framework-for-researc/168076277c [accessed 30/03/2018].

2 'Astroturfing' သည် အဆောက်အအုံ ပြင်ပနေရာများတွင် မြက်ခင်းစိမ်းများ ဖုံးလွှမ်းနေသည့်ပုံပေါက်အောင် သုံးရသော မြက်ခင်းတုထုတ်လုပ်သည့် အမှတ်တံဆိပ် အမည်တစ်ခုဖြစ်ပါသည်။ လုပ်ကြံသတင်းများနှင့် ပတ်သက်သော အခြေအနေအခင်းအကျင်းတွင်မူ ၎င်းစကားလုံးသည် အတုဖန်တီးထားသော သတင်းအချက်အလက်များကို မျှဝေခြင်း၊ ပရိသတ်နှင့် သတင်းသမားများကို လှည့်စားလိုသော သဘောဖြင့် သတင်းမှားပေးခြင်း စသည်တို့ကို ဆိုလိုပြီး အတွေ့ရအများဆုံးပုံမှာ လူတစ်ဦး၊ အတွေးအခေါ်တစ်ရပ်၊ မူဝါဒတစ်ခုခုကို ထောက်ခံသော လူထု ရှိနေသယောင် ဖန်တီး လိမ်ညာခြင်းဖြစ်သည်။ ထပ်မံ ဖတ်ရှုရန် – Technopedia definition: https://www.techopedia.com/definition/13920/astroturfing [accessed 20/03/2018].

3 Coco, G. (2012). Why Does Nobody Know What Trolling Means? A quick reference guide for the media at Vice.com. https://www.vice.com/ en_au/article/ppqk78/what-trolling-means-definition-UK-newspapers [accessed 30/03/2018].

4 Posetti, J. (2013). *The 'Twitterisation' of investigative journalism* in S. Tanner & N. Richardson (Eds.), Journalism Research and Investigation in a Digital World (pp. 88-100): Oxford University Press, Melbourne. http://ro.uow.edu.au/cgi/viewcontent.cgi?article=2765&context=lhapapers [accessed 30/03/2018].

5 Riley M, Etter, L and Pradhan, B (2018) *A Global Guide To State-Sponsored Trolling,* Bloomberg: https://www.bloomberg.com/features/2018- government-sponsored-cyber-militia-cookbook/ [accessed 21/07/2018].

6 မှတ်ချက်။ အင်တာနက်ပေါ်တွင် 'Trolling' ဆိုသည်မှာ ငြင်သာစွာ ကျီစယ်ခြင်းမှစ၍ လှည့်စားခြင်း၊ နောက်ပြောင်ခြင်း၊ လိမ်လည်လှည့်ဖျားမှုအားဖြင့် ရယ်စရာဖြစ်အောင် စနောက်ခြင်းများပါဝင်သည်။ သို့ရာတွင် အွန်လိုင်းပေါ်မှ ထိပါးနှောင့်ယှက်မှုပုံစံအများစုကို ဤစကားလုံးဖြင့် ညွှန်းဆို အမည်တပ်မှု ပိုများလာပါသည်။ ပြဿနာဖြစ်နိုင်ခြေမှာ အွန်လိုင်းပေါ်မှ ထိပါးနှောင့်ယှက်ခြင်း၏ ဆိုးရွားပြင်းထန်မှုကို လျှော့ပေါ့စေလိုသည့် သဘောဖြင့် ကျီစယ်ခြင်းသာဟု ရောချ အမည်တပ်ခြင်းများ ပေါ်လာနိုင်ခြင်းပင်ဖြစ်သည်။

အသရေဖျက်ရန်၊ အာရုံလွှဲရန်နှင့် အဆုံးတွင် မိမိတို့၏ သတင်းတင်ဆက်မှုများကို အယုံအကြည်မဲ့အောင်ပြုရန် ရည်ရွယ်သော ခြိမ်းခြောက်မှုများကို သတင်းသမားများ၊ သတင်းပေးများ၊ ဝေဖန်ရေးဆရာ/ စာတည်းများသည် တွေ့ကြုံခံစားလာရစေသည့် ပြဿနာပင်ဖြစ်သည်။[7] ဝေဖန်ထောက်ပြမှုပါသည့် သတင်းထောက်လှမ်းတင်ဆက်မှုကို နှိပ်ကွပ်ရန် နေရာအတော်များများတွင် ရုပ်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ထိပါးကျူးလွန်ခြင်းကို ပြုလုပ်နေကြသည်။ ၎င်းအန္တရာယ်ကို အင်တာနက်ပေါ်မှ သွေးထိုးလှုံ့ဆော်မှုနှင့် ခြိမ်းခြောက်မှုများက မီးလောင်ရာ လေပင့်ပေးနေပါသည်။

သတင်းသမားများသည် လုပ်ကြံသတင်းလှုပ်ရှားမှုများ၏ တိုက်ရိုက်သားကောင်များ ဖြစ်သွားတတ်ပါသည်။ သို့ရာတွင် ပြန်လည်တွန်းလှန်မှုလည်း ရှိပါသည်။ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ခုခံသော ခံတပ်များ အားကောင်းအောင် ဆောင်ရွက်နေခြင်းအပြင် သတင်းသမားများသည် အဆိုပါ တိုက်ခိုက်မှုများကို ကြိုတင်ဖော်ထုတ်ခြင်းနှင့် နောက်ကွယ်က ကြိုးကိုင်တိုက်ခိုက်သူများကို ဖော်ထုတ်ခြင်းတို့ကို လုပ်ဆောင်နေကြပါသည်။ ဤအပိုင်းနှင့် ပတ်သက်ပြီး မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို သတင်းမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်နေကြပါသည်။ သတင်းမီဒီယာကို အဘယ့်ကြောင့် ကာကွယ်စောင့်ရှောက်၊ ပြုစုပျိုးထောင်ခြင်း ပြုလုပ်ရန်လိုအပ်ကြောင်း ပြည်သူကို ပညာပေးရာတွင် သတင်းမီဒီယာကလည်း ပါဝင်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

## ပုံကြမ်း

## ပြဿနာကို အစဆွဲဖော်ထုတ်ခြင်း

### *(က) 'ထရိုလုပ်'ခြင်းနှင့် အကောင့်တုများဖြင့် ဝိုင်းတိုက်ခိုက်ခြင်းတို့ကို ဖော်ထုတ်သိရှိခြင်းနှင့် ပြန်လည်တုံ့ပြန်ခြင်း*[8]

အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်း မရှိသော အဖြစ်အပျက်များ ဖြစ်ပျက်သယောင်၊ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား အတုအပများဖန်တီးပြီး သတင်းသမားများနှင့် ပရိသတ်များကို လှည့်စားရန်ဆောင်ရွက်ခြင်းဖြစ်သည်။ အများပြည်သူက အလိုအလျောက် စိတ်ဝင်စားမှုဖြင့် တုံ့ပြန်နေသည့်အလား ပုံစံပေါက်အောင် လူမှုမီဒီယာ လှုပ်ရှားဖန်တီးမှုများ ခင်းကျင်း လုပ်ဆောင်ခြင်းလည်း ပါဝင်သည်။ သတင်းသမားများနှင့် အွန်လိုင်းမှ သတင်းဖြန့်ဝေသူများ ဝေဖန်ရေးသမားများ သတင်းမှား ဖြန့်မိပြီး လူထုယုံကြည်မှုကို ဆုံးရှုံးစေရန် ရည်ရွယ်ချက်ဖြင့် အမှားအယွင်းများ ရောပြွမ်းပြီးပေးသော သတင်းများ၊ အစအဆုံး လုပ်ကြံဖန်တီးထားသော သတင်းမှားများနှင့် အရေးပေါ်သတင်းထူးများ၊ အမှန်တကယ် မျက်မြင်ကိုယ်တွေ့ သတင်းပေးချက်များကို ခွဲခြားရန် ခက်ခဲတတ်ပါသည်။

အဆိုပါ ဆောင်ရွက်ချက် နမူနာပုံစံများတွင် အောက်ပါတို့ပါဝင်ပါသည်။

- ဘေးအန္တရာယ်ကျရောက်ခံစားရသူများ၊ အကြမ်းဖက်တိုက်ခိုက်မှုတွင် သေဆုံးသူများဟူ၍ လုပ်ကြံဖန်တီး (မန်ချက်စတာ ဗုံးပေါက်ကွဲမှု ဖြစ်စဉ်ကို နမူနာကြည့်ပါ)[9] တင်ဆက်သော အချက်အလက်များ။ အကောင့်အမည်ကို အမည်တွဲ (တက်ဂ်တွဲ) ခံရသော သတင်းသမားများအပါအဝင် မျှဝေမိသောသူများမှာ သတင်းမှား မျှဝေမိသောကြောင့် နာမည်ပျက်နိုင်ခြေရှိသည်။
- 'ဒမတ်စကပ်မြို့က လိင်တူချစ်သူ မိန်းကလေး'[10] ဟူသည့် အမည်နှင့် တင်ဆက်ချက်များ မျှဝေသည့် ဖြစ်ရပ်တွင် တွေ့ရသကဲ့သို့ စိတ်ကူးယဉ်ဖန်တီးထားသော ဇာတ်ကောင်များမှ မျှဝေတင်ဆက်သော

7 ဖတ်ရန် for example: https://www.independent.co.uk/news/world/americas/twitter-maggie-haberman-new-york-times-quits-social-media-jack-dorsey-a8459121.html

8 For an explanation of 'astroturfing' useful for teaching purposes, the following link is of value: https://youtu.be/Fmh4RdIwswE

9 Manchester bombing example, https://www.theguardian.com/technology/2017/may/26/the-story-behind-the-fake-manchester-attack-victims [accessed 30/03/2018].

10 Young, K. (2017). *How to Hoax Yourself: The Case of the Gay Girl in Damascus*, November 9th, 2017, in The New Yorker. https://www.newyorker.com/books/page-turner/how-to-hoax-yourself-gay-girl-in-damascus [accessed 30/03/2018].

အကြောင်းအရာများကို သတင်းတန်ဖိုးရှိသည့်အလား ပြန်လည်ထုတ်ဝေမိခြင်း။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့မီဒီယာများ ကျွက်ကျွက်ညံသွားစေသည့် ကိစ္စတစ်ခုမှာ ဆီးရီးယားမှ လိင်တူချစ်သူ အမျိုးသမီး ဘလော့ဂါ မီဒီယာသမားတစ်ဦးကို အစိုးရဖမ်းဆီးလိုက်ပြီဟူသော သတင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုဘလော့ကို အမျိုးသမီးနာမည်တစ်ခု ဖန်တီးအသုံးပြုပြီး ရေးသားနေသူမှာ နိုင်ငံခြားတွင် နေထိုင်နေသည့် အမေရိကန်လူမျိုး ကျောင်းသားတစ်ဦးဖြစ်နေကြောင်း ပေါ်ထွက်လာခဲ့သည်။ ဂျက်စ်ပေးလ်ဟူသည့် သတင်းသမားတစ်ဦးသည် ၎င်းအလုပ်လုပ်နေသော ဩစတြေးလျရုပ်သံလွှင့် ကော်ပိုရေးရှင်း၏ PM အစီအစဉ်အတွက် ထိုဖြစ်စဉ်ကို သတင်းရေးရန် တာဝန်ပေးခံရသည်။ ထုံးတမ်းစဉ်လာ စစ်ဆေးအတည်ပြုခြင်း နည်းလမ်းများနှင့် စံနှုန်းများကြောင့်သာ မိမိတို့ သတင်းတိုက်က သတင်းမှားတစ်ခုကို ထပ်မဖြန့်မိခြင်း ဖြစ်သည်ဟူ၍ ဂျက်စ်ပေးလ်က ဆိုပါသည်။ 'ဒီတစ်ယောက် အဖမ်းခံရပြီဆိုတဲ့ သတင်းကို ကျွန်မတို့ မတင်လိုက်ဘူး။ အကြောင်းရင်းက ရှင်းရှင်းလေး တစ်ခုပဲရှိတယ်။ ဒီဘလော့ဂါ မိန်းကလေးကို မြင်ဖူးတဲ့လူကို ကျွန်မတို့ လုံးဝရှာမရခဲ့လို့ပါ။ ဆွေမျိုးလည်း မရှိ။ လူချင်းသိတဲ့ သူငယ်ချင်းလည်း မရှိ။ ကျွန်မတို့ နှစ်ရက်လောက် လူလိုက်ရှာတာ။ ဆီးရီးယားက ကျွန်မတို့ အသိတွေကို လိုက်အကူအညီတောင်းပြီး ဒီဘလော့ရေးတဲ့ မိန်းကလေးနဲ့ သိတဲ့မြင်ဖူးတဲ့သူ ဘယ်သူရှိမလဲလို့ လိုက်ရှာတာ။ ရသမျှသဲလွန်စကလည်း တစ်ဖက်ပိတ်လမ်းတွေလို လမ်းဆုံးပြီး ဆက်ရှာမရဘူး။ သူ့ကို လူကိုယ်တိုင် မြင်ဖူးသူ မရှိဆိုတဲ့အချက်က အကြီးအကျယ် သံသယအချက်ပေးပဲ။ ဒါကြောင့်မို့လို့ ဒီသတင်းမတင်လိုက်ဘူး။ ... အလောတကြီးနဲ့ ဒီသတင်းတင်မိတဲ့ သတင်းတိုက်တွေက အခြေခံ စစ်ဆေးအတည်ပြုတာလေးကို မလုပ်ခဲ့ကြတာ။ ရင်းမြစ်ကို ပြန်လိုက်စစ်တဲ့ အလုပ်လေး မလုပ်မိကြတာ။ အင်တာနက်ပေါ်က ဘလော့ဂ်လေးတစ်ခုရဲ့ ရေးသမျှကိုယုံပြီး သတင်းထုတ်လုပ်လိုက်ကြမိတာပေါ့။'[11]

ဤသို့ သတင်းမှားများပေးရခြင်း အခြားရည်ရွယ်ချက်များမှာ လက်ရှိ စုံစမ်းထောက်လှမ်းမှုထံမှ သတင်းသမားများကို အာရုံပျက်ပြားစေလိုခြင်းပင်ဖြစ်သည်။ အချည်းနှီးစုံစမ်းမှုများဖြင့် အချိန်ကုန်ပြီး မူလသတင်းတင်ဆက်မှု ကြိုးပမ်းမှုများ အနှောင့်အယှက်ဖြစ်စေရန်၊ အဆုံးတွင် အမှန်တရား ရှာဖွေမှု ကြိုးပမ်းချက်များ အားပျော့ပျက်ပြယ်အောင် လုပ်ဆောင်လိုခြင်း ဖြစ်သည်။

အဆိုပါ အာရုံလွှဲခြင်း အဖြစ်အပျက်နမူနာများတွင် အောက်ပါတို့ပါဝင်ပါသည်။

- ၂၀၁၇ ဇန်နဝါရီလတွင် ကျင်းပသော ဒေါ်နယ်ထရမ့်၏ သမ္မတရာထူးနှင်းအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည့် လူဦးရေပမာဏကို ချဲ့ကားကြေညာထားကြောင်း ထောက်ပြသည့်အခါ ထောက်ပြချက်များသည် 'တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း အချက်အလက်များ' သာ ဖြစ်ပါသည်ဟု ပြောခဲ့ခြင်း။[12]
- လက်ရှိခေတ်ကာလ စစ်ဖြစ်ချိန် ဝါဒဖြန့်ခြင်း။ ဥပမာ – တာလီဘန်များသည် အာဖဂန်နစ္စတန်မှ သတင်းသမားများကို စစ်မြေပြင်အကြောင်း သတင်းမှားများ၊ လုပ်ကြံသတင်းများကို တွစ်တာမှတဆင့် ပေးပို့ ကြေညာခြင်း။[13]
- မှားမှန်စစ်ဆေး အတည်ပြုနိုင်ပြီး လူထုအတွက် အကျိုးရှိစေသော သတင်းအချက်အလက်အစုအစည်းများကို သတင်းသမားများကို ပေးအပ်သော်လည်း ၎င်းအစုအစည်းထဲတွင် လုပ်ကြံသတင်းအချို့ပါ ရောထည့်ပေးလိုက်ခြင်း။
- အကောင့်တုများဖြင့် မှတ်ချက်ရေးခြင်း 'Astroturfing' နှင့် ကျီစယ်ဟန်ဖြင့် ထိပါးခြင်း "Trolling" တို့ကို ရင်ဆိုင်ဖြေရှင်းနေရသော သတင်းသမားများအတွက် အန္တရာယ်ဖြစ်နိုင်ခြေသည် ကွန်ပျူတာတွက်ချက်မှုဖြင့် ဝါဒဖြန့်ခြင်း Computational Propaganda[14] ကြောင့် ပိုမို မြင့်တက်လာပါသည်။ ၎င်းနည်းလမ်းတွင် ပစ်မှတ်ကောင်းစွာ သတ်မှတ်ဖန်တီးထားသော သတင်းအချက်အလက် အလွဲများနှင့် ဝါဒဖြန့်သတင်းစကားများကို အလိုအလျောက် စာပို့လုပ်ဆောင်ချက်များ (ဘော့တ်) များ အသုံးပြုပြီး ဖြန့်ဝေခြင်းကို အလုံးအရင်းနှင့်

11 Posetti, J. (2013). op cit

12 NBC News (2017) Video: https://www.nbcnews.com/meet-the-press/video/conway-press-secretary-gave-alternative-facts-860142147643 [accessed 30/03/2018].

13 Cunningham, E (2011). *In shift, Taliban embrace new media*, GlobalPost. https://www.pri.org/stories/2011-05-21/shift-taliban-embrace-new-media [accessed 30/03/2018].

14 Woolley, S. & Howard, P. (2017). *Computational Propaganda Worldwide: Executive Summary*, Working Paper No. 2017.11 (Oxford University). http://comprop.oii.ox.ac.uk/wp-content/uploads/sites/89/2017/06/Casestudies-ExecutiveSummary.pdf [accessed 30/03/2018].

လုပ်ဆောင်ခြင်းပါဝင်သည်။ ဖြန့်ဝေသည့် ပမာဏများပြားလွန်းသောကြောင့် အများပြည်သူလူထုက အလိုအလျောက် မိမိတို့ဆန္ဒနှင့် ဆွေးနွေးဖြန့်ဝေနေသည့်အလား အထင်မှားမြင်ရသည့် နည်းလမ်းဖြစ်ပါသည်။[15] တဆက်တည်းမှာပင် ဉာဏ်ရည်တု နည်းပညာ (အေအိုင်နည်းပညာ) ကို သုံးပြီး 'အစစ်နှင့်မခြား အတုအပ'[16] ဗွီဒီယိုများနှင့် အခြားတင်ဆက်ချက် ပုံစံအမျိုးမျိုးကို ဖန်တီးပြီး ပစ်မှတ်၏ အသရေနှင့် ယုံကြည်စိတ်ချဖွယ်ရှိမှုကို ချိုးဖဲ့ဖျက်ဆီးနေကြသည်။ သတင်းသမားများ ပစ်မှတ်ထားခံရလေ့ရှိပြီး အထူးသဖြင့် အမျိုးသမီး သတင်းသမားများကို ပိုမိုပစ်မှတ်ထားလေ့ရှိကြသည်။

အဆိုပါ အလေ့အထများ အသုံးပြုခဲ့ကြသည့် နမူနာအချို့ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

- Rappler.com သည် လွတ်လပ်သော သတင်း ဝက်ဘ်ဆိုက် တစ်ခုဖြစ်ပြီး သတင်းတိုက်၏ အမျိုးသမီးအများစု ဖြစ်သော ဝန်ထမ်းများမှာ အင်တာနက်ပေါ်မှ ထိပါးစော်ကားနှောင့်ယှက်ခြင်း လှုပ်ရှားမှုတစ်ရပ်တွင် အဓိက ဦးတည်တိုက်ခိုက်ခံခဲ့ရပါသည်။ 'ဖိလစ်ပိုင်မှာ ငွေယူပြီးအလုပ်လုပ်နေတဲ့ ထရိ Troll တွေ၊ အမှားအပြည့်နဲ့ ကြောင်းကျိုးဆက်စပ်ပြတာတွေ၊ ငါ့စကားနွားရပြောတာတွေ၊ ရေတွင်းအဆိပ်ခပ်တယ်ခေါ်တဲ့ ယုတ္တိအလွဲတွေ – စသဖြင့်က ဝါဒဖြန့်နည်းလမ်းတွေထဲက တစ်ချို့ပဲရှိသေးတယ်။ ဒါတွေကိုသုံးပြီး အရေးကြီး အရေးအရာတွေမှာ လူထုထင်မြင်ယူဆချက်တွေ ယိမ်းယိုင်သွားအောင် တွန်းကြတာပါ။'[17] (အောက်တွင် ချဲ့ထွင်ဆွေးနွေးထားပါသည်။)

- ယူကေမှ ကျိုကျိုတက် ကြွယ်ဝသော မိသားစုတစ်စုသည် တောင်အာဖရိက၏ အဓိက အစိုးရလုပ်ငန်းများနှင့် နိုင်ငံရေးသမားများကို ငွေသုံးပြီး ခါးပိုက်ထဲထည့်ထားသည်ဟု စွပ်စွဲခံရသည်။ ၎င်းတို့သည် ယူကေမှ လူထုဆက်ဆံရေး အကြံပေးကုမ္ပဏီဖြစ်သော ဘဲလ်ပေါ့တင်ဂျာကို ငှားရမ်းပြီး ဝါဒဖြန့်လှုပ်ရှားမှုတစ်ခု ဆောင်ရွက်ရန် ညွှန်ကြားသည်။ ၎င်းတို့က သတင်းစကားများကို လုပ်ကြံသတင်းကွန်ရက် အင်ပါယာကြီးမှဖြန့်သည်။ ဝက်ဘ်ဆိုက်များ၊ မီဒီယာများ၊ ငွေကြေးဖြင့် ခန့်ထားသော တွစ်တာ အကောင့်တပ်ကြီးတစ်ခုလည်းပါသည်။ ၎င်းတို့က သတင်းသမားများ၊ စီးပွားရေးသမားများနှင့် နိုင်ငံရေးသမားများကို ဦးတည်ပြီး ဆဲရေးမှုများ၊ ရုန့်ရင်းသော စကားများ၊ ဖိုတိုရှော့ဖြင့် ပြုပြင်ထားသော ရုပ်ပုံများ အသုံးပြုပြီး တိုက်ခိုက်ကြခြင်းဖြစ်သည်။ တောင်အာဖရိက အစိုးရနှင့် စီးပွားရေးသမားတို့ ပူးပေါင်းကိုယ်ကျိုးရှာသော ဖြစ်စဉ်ကို စုံစမ်းသည့် စုံစမ်းမှုများကို နှိပ်ကွပ်ရန်နှင့် တန်ပြန်နှောင့်ယှက်ရန် ထိုသို့ဆောင်ရွက်ခြင်း ဖြစ်ပါသည်။[18] ထင်ရှားအရေးပါသော အယ်ဒီတာ တစ်ဦးဖြစ်သည့် ဖယ်ရီယယ် ဟက်ဖရီကိုလည်း အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်စော်ကားမှုများ များစွာ လုပ်ဆောင်ခဲ့ကြသည်။ ၎င်း၏ ဓာတ်ပုံကို အမျိုးမျိုးပြုပြင်၍ အသေရေဖျက်ရန် ကြိုးပမ်းခြင်းများ ပြုလုပ်သည့် အပြင် (သတင်းလောက၏ ပြည့်တန်ဆာအမျိုးသမီး) ဟု အဓိပ္ပာယ်ရသော ဟက်ရှ်တက်ဂ် #presstitute ကိုလည်း ရေးသားအသုံးပြုခဲ့ကြသည်။[19]

- သတင်းသမား ရာနာ အာရွတ်၏ ဖြစ်ရပ်တွင်လည်း ရာနာ၏ ထောက်လှမ်းဖော်ထုတ်ချက်များပါသော သတင်း တင်ဆက်ချက်ကို တန်ပြန်ချေဖျက်ရန် ရည်ရွယ်ချက်များပါသော သတင်းမှားများ အကြီးအကျယ် ပျံ့နှံ့လာသည့် အခါ ၎င်းကို ကာကွယ်စောင့်ရှောက်မှုပေးရန် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ၅ ဦး ပင် အိန္ဒိယအစိုးရကို

---

15 မှတ်ချက်။ ၂၀၁၇ ယူကေ ရွေးကောက်ပွဲကာလအတွင်း ဘော့တ်များဖြင့် မဲဆွယ်ခြင်း အကြောင်းအရာကို ထုတ်ဖော်သည့် အစီရင်ခံ သတင်းများ နည်းပါးနေခြင်းက အဆိုပါ ကိစ္စရပ်များကို သတင်းလိုက် တင်ပြရန် ခက်ခဲမှုရှိကြောင်း မီးမောင်းထိုးနိုင်သည်။ C.f. Dias, N. (2017). *Reporting on a new age of digital astroturfing*, First Draft News. https://firstdraftnews.com/digital-astroturfing/ [accessed 29/03/2018].

16 အစစ်နှင့် မခြားသော အတုဟု အဓိပ္ပာယ်ရသည့် deepfake သည် နက်ရှိုင်းစွာ သင်ယူမှု Deep learning နှင့် Fake အတုတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ အတုအပ ပြုလုပ်ချက်တစ်ခု ဖန်တီးရန် ဉာဏ်ရည်တု နည်းပညာကို အသုံးပြုခြင်းဖြစ်သည်။ ရုံဖန်ရံခါ လိင်ဖျော်ဖြေရေး တင်ဆက်ချက်များ ဖန်တီးခြင်းဖြစ်ပြီး အစစ်ရိုက်ကူးထားခြင်း ဟုတ်မဟုတ် မခွဲတတ်လောက်အောင် ဖြစ်နိုင်သည်။ သတင်းသမားများ အပါအဝင် လူပုဂ္ဂိုလ်များကို အများအယုံအကြည်မဲ့စေရန် တိုက်ခိုက်ဖော်ပြခြင်းတွင် အသုံးပြုသည်။ ဖတ်ရန် Cuthbertson, A (2018) *What is 'deepfake' porn? AI brings face-swapping to disturbing new level* in Newsweek http://www.newsweek.com/ what-deepfake-porn-ai-brings-face-swapping-disturbing-new-level-801328 [accessed 17/06/2018].

17 Ressa, M. (2016). *Propaganda War: Weaponising the Internet, Rappler*. https://www.rappler.com/nation/148007-propaganda-war-weaponizing-internet [accessed 30/03/2018].

18 Extensive dossier on the Gupta's 'fake news empire' available at https://www.timeslive.co.za/news/south-africa/2017-09-04-the-guptas-bell-pottinger-and-the-fake-news-propaganda-machine/. [accessed 30/03/2018].

19 Haffajee, F. (2017). *Ferial Haffajee: The Gupta fake news factory and me*. HuffPost South Africa. [online] Available at: https://www.huffingtonpost.co.za/2017/06/05/ferial-haffajee-the-gupta-fake-news-factory-and-me_a_22126282/ [accessed 06/04/2018].

တိုက်တွန်းသော တရားဝင်တိုက်တွန်းချက်များ ထွက်လာခဲ့ရသည်။ ဤအလွတ်တမ်းသတင်းသမားသည် ၄င်းအကြောင်း လုပ်ကြံသတင်းများ လူမှုမီဒီယာတွင် ပျံ့နှံ့ခြင်းကို အချိန်အတော်ကြာ ခံစားခဲ့ရသူလည်းဖြစ်ပါသည်။ ၄င်းတို့တွင် 'အစစ်နှင့်မခြား အတုဖန်တီးထားသော ဗွီဒီယို' များလည်း ပါဝင်ပြီး ထိုဗွီဒီယိုများတွင် ရာနာက ညစ်ညမ်းရုပ်ရှင်များ ရိုက်ကူးခဲ့ကြောင်း လုပ်ကြံဖန်တီးစွပ်စွဲထားခဲ့သလို၊ မုဒိမ်းကျင့်၍ သတ်ဖြတ်မည်ဖြစ်ကြောင်း တိုက်ရိုက် ခြိမ်းခြောက်မှုများလည်း ရခဲ့ပါသည်။[20]

- ဖင်းနစ်လူမျိုး သတင်းသမား ဂျက်ဆီကာ အာရိုရ်၏ ဖြစ်ရပ်ကိုမူ ဤမော်ဂျူး၏ အပိုင်း ၂ 'ဒစ်ဂျစ်တယ် လုံခြုံမှုအပေါ် ခြိမ်းခြောက်မှုများနှင့် ခုခံကာကွယ်ရန် နည်းလမ်းများ' ခေါင်းစဉ်အောက်တွင် ဆွေးနွေးထားပါသည်။

ဤစာအုပ်၏ အခြားမော်ဂျူးများမှာ ပညာရပ်ဆန်သော စစ်ဆေးအတည်ပြုခြင်း နည်းလမ်းများကို အဓိက ဆွေးနွေး တင်ပြချက်များ ပြုထားပါသည်။ သို့ရာတွင် တက်ရောက်သူများအနေနှင့် အွန်လိုင်းပေါ်မှ လှုပ်ရှားဆောင်ရွက်သူအချို့ လုပ်ကြံသတင်းများနှင့် သတင်းမှားများ ဖန်တီးခြင်း၊ ဖြန့်ဝေခြင်းနှင့် သတင်းသမားများကို ဦးတည်ပစ်မှတ်ထားခြင်း ပြုရာတွင် မသမာသော စေတနာဖြင့် လုပ်ဆောင်ခြင်း ဟုတ်မဟုတ် ထောက်လှမ်းသိရှိရန် လိုအပ်ပါသည်။ ထိပါးနှောင့်ယှက်ခြင်း လုပ်ရပ်အမျိုးမျိုးတွင် ပါဝင်နေသောကြောင့်လည်း ဖြစ်ပါသည်။

## သတင်းအချက်အလက်များကို စစ်ဆေးအတည်ပြုသော လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းလမ်းအဆင့်ဆင့်တွင် ပေါင်းစပ်သင့်သည့် မေးခွန်းများ

၁။ ဤမျှဝေမှု၊ တက်ဂ်တွဲမှုနောက်ကွယ်တွင် မသမာသော ရည်ရွယ်ချက် ရှိနိုင်ပါသလား။

၂။ ဤအကြောင်းအရာကို တင်ဆက်လိုက်သူ/ မျှဝေသူသည် မည်သည့် အကျိုးကျေးဇူးကို ရနိုင်ခြေရှိသနည်း။

၃။ မိမိလည်း လိုက်လံမျှဝေပါက မိမိ၏ လုပ်ငန်းပိုင်းဆိုင်ရာ ယုံကြည်စိတ်ချဖွယ်ဖြစ်မှုအပေါ်၊ သတင်းဌာနတစ်ခု အနေနှင့်၊ မိမိ၏ အလုပ်ရှင်များအနေနှင့် မည်သည့် နောက်ဆက်တွဲ အကျိုးရလဒ်များ ခံစားရနိုင်ခြေ ရှိသနည်း။

၄။ တင်ဆက်သည့်သူ၏ မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့် အဖွဲ့အစည်းနှင့် ဆက်စပ်ကြောင်း၊ ၄င်း၏ ယုံကြည်စိတ်ချဖွယ်ရာရှိမှု၊ နောက်ကွယ်မှ ရည်ရွယ်ချက်များ (ဥပမာ – လုပ်ကြံသတင်းများ ထည့်ရန် တမင် ကြိုးစားနေခြင်းလော၊ ဤအကြောင်းအရာ တင်ဆက်ချက်တွင် အများအကျိုး တစ်စုံတစ်ရာ ရရှိနိုင်ခြင်းမဟုတ်ဘဲ မိမိအတွက် အကျိုးအမြတ် ရရှိအောင် ကြိုးပမ်းနေခြင်းလော) ကို စစ်ဆေးရန် မိမိကြိုးစားသင့်သလောက် ကြိုးစားပြီးပြီဖြစ်သလား။

၅။ တင်ဆက်နေသူသည် အသုံးပြုသူ လူတစ်ဦးဖြစ်သလား၊ သို့မဟုတ် အလိုအလျောက် မျှဝေသည့် လုပ်ဆောင်ချက် ဘော့တ် ဖြစ်ပါသလား။[21]

၆။ အများအကျိုးအတွက် သတင်းအချက်အလက်များ ဖွင့်ချသူဟုဆိုသူ တစ်ဦးဦးက မိမိကို အချက်အလက် အစုအပြုံလိုက်ပေးလာသည်ဆိုပါက ပါဝင်အချက်အလက်များကို တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ခြင်း မပြုမီ သီးသန့်အတည်ပြု စစ်ဆေးသင့်ပါသလား။ ရည်ရွယ်ချက်ရှိရှိဖြင့် လှည့်စားရန်ဖြစ်စေ၊ အယုံအကြည် ပျက်ပြားစေရန်ဖြစ်စေ ဖန်တီးထားသော လုပ်ကြံသတင်းများနှင့် သတင်းမှားများ ရောနှောပါဝင်နေနိုင်ပါသလား။

---

20 *UN experts call on India to protect journalist Rana Ayyub from online hate campaign* http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23126&LangID=E; [accessed 17/08/2018 ဖတ်ရှုရန် - Ayyub, R. (2018). *In India, journalists face slut-shaming and rape threats.* https://www.nytimes.com/2018/05/22/opinion/india-journalists-slut-shaming-rape.html [accessed 17/06/2018].

21 For example, ဖတ်ရန် - https://botcheck.me

### *(ခ) ဒစ်ဂျစ်တယ်လုံခြုံမှု ခြိမ်းခြောက်မှုများနှင့် ခုခံကာကွယ်ရန် နည်းလမ်းများ*

သတင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်သူများ၊ ဘလော့ဂါများနှင့် လူမှုမီဒီယာများပေါ်တွင် လှုပ်ရှားတက်ကြွသူများသည် အင်တာနက်ပေါ်မှ တိုက်ခိုက်မှုများကို ခံရနိုင်ခြေ တဖြည်းဖြည်း ပိုမိုမြင့်တက်များပြားလာပါသည်။ ၎င်းတို့၏ အချက်အလက်များနှင့် ရင်းမြစ်များကို မသမာသူများက ဝင်ရောက်ထိပါးကျူးကျော်နိုင်ခြေရှိလာသည်။ ကိုယ်ရေးအချက်များ မျှားယူခြင်း၊ ဆော့ဖ်ဝဲဖြင့်တိုက်ခိုက်မှု၊ အယောင်ဆောင်မှု **'phishing, malware attacks,** နှင့် **identity spoofing'**[22] များ လုပ်ဆောင်နိုင်ခြေ ပိုရှိလာပါသည်။

## အဆိုပါ အလေ့အထများ အသုံးပြုခဲ့ကြသည့် နမူနာတစ်ခု

ဆုရရှိထားသော ထောက်လှမ်းစုံစမ်းရေး သတင်းသမား ဂျက်ဆီကာ အာရိုသည် ဖင်လန်နိုင်ငံ၏ ပြည်သူပိုင် ရုပ်သံလွှင့်လုပ်ငန်း ဝိုင်အယ်အီးတွင် အလုပ်လုပ်ပါသည်။ ၂၀၁၄ ခုနှစ်ကတည်းက စတင်ပြီး လှောင်ပြောင်ထိပါးမှု တိုက်ခိုက်သော အွန်လိုင်း လှုပ်ရှားမှုများ၏ ပစ်မှတ်ဖြစ်ခဲ့ရသည်။ ဒစ်ဂျစ်တယ်လုံခြုံမှုကို ခြိမ်းခြောက်ထိပါးသော လုပ်ရပ်များဖြစ်သည့် မိမိအမည်သုံး အယောင်ဆောင်ခြင်း၊ မိမိအကြောင်း ကိုယ်ရေးအချက်အလက်များကို ဖွင့်ချခြင်း[23] တို့လည်း တွေ့ကြုံခဲ့ရသည်။ Troll များက ဂျက်ဆီကာ၏ ဆက်သွယ်ရန် အချက်အလက်များနှင့် လုပ်ကြံသတင်းများကို အတွဲလိုက် ဖွင့်ချလိုက်သည်။ ထိုအခါ ဂျက်ဆီကာ၏ စာတိုပို့အက်ပ်များနှင့် အီးမေးလ် ဝင်စာပုံးများတွင် ဒေါသတကြီးပို့စာများ အပြည့်ဖြစ်သွားသည်။ 'ကျွန်မဆီ ဖုန်းခေါ်တယ်။ ပြီးတော့ ဖုန်းထဲက သေနတ်သံကြားအောင် သေနတ်ပစ်ပြတယ်။ နောက်တစ်ယောက်ကကျတော့ ကျွန်မကို စာတိုပို့တာ။ ကျွန်မရဲ့ (ဆုံးသွားပြီးဖြစ်တဲ့) အဖေတဲ့။ ကျွန်မကို စောင့်ကြည့်နေတယ်တဲ့' ဟု ဂျက်ဆီကာက ပြောပြသည်။[24] ဂျက်ဆီကာ အာရိုသည် သတင်းသမားများကို ခြိမ်းခြောက်မှုများ ရှိလာသည့် အခါ စောင့်ရှောက်ကာကွယ်ပြီး၊ ဝါဒဖြန့်မှုများကို ဖော်ထုတ်ရန် အားပေးသော စာတည်းများကို ချီးကျူးကြောင်းလည်း ပြောခဲ့ပါသည်။

ထို့ကြောင့် သတင်းအတတ်ပညာရပ်နှင့် သက်ဆိုင်သော လုပ်ရှားဆောင်ရွက်သူများအနေနှင့် အောက်ပါ ခြိမ်းခြောက်မှု အမျိုးအစားများကို နီးကြားစွာ သတိထားမှုရှိနေရန် အရေးကြီးပါသည်။

## *ဒစ်ဂျစ်တယ် လုံခြုံရေး အဓိက ခြိမ်းခြောက်မှု ၁၂ ခု*[25]

- တစ်ဦးချင်းကို ပစ်မှတ်ထား စောင့်ကြည့်ခြင်းနှင့် အစုအပြုံလိုက် စောင့်ကြည့်ခြင်း။
- ပစ်မှတ်မသိလိုက်ဘဲ ၎င်း၏ ဆော့ဖ်ဝဲများ ဟာ့ဒ်ဝဲများကို ရယူအသုံးပြုခြင်း။
- ကိုယ်ရေးအချက်အလက်များ မျှားယူခြင်း (Phishing attacks)[26]

---

22 Technopedia မှ ဖွင့်ဆိုချက်။ Spoofing ဆိုသည်မှာ လိမ်လည်မှုတစ်ရပ်/ မသမာမှု တစ်ရပ်ဖြစ်ပြီး တစ်စုံတစ်ဦးထံ ၎င်းနှင့် သိကျွမ်းသည့် အခြားတစ်ဦး အယောင်ဆောင်ပြီး ဆက်သွယ်ခြင်းဖြစ်သည်။ အီးမေးလ်မှ ထိုသို့ပြုခြင်းမှာ အသုံးအများဆုံးသော နည်းလမ်းဖြစ်သည်။ Spoofing လုပ်ထားသော အီးမေးလ်များတွင် ထရိုဂျန်များ၊ ဗိုင်းရပ်စ်များလည်း ပါလာနိုင်သည်။ ထိုသို့သော ပါဝင်မှုများကြောင့် လက်ခံသူ၏ ကွန်ပျူတာတွင် မထင်မှတ်ထားသော ပြုလုပ်ချက်များ ဖြစ်ပေါ်စေခြင်းများဖြင့် အပျက်အစီးများဖြစ်စေခြင်း၊ ဖိုင်များပျက်သွားစေခြင်းနှင့် အခြားအနှောင့်အယှက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ https://www.techopedia.com/definition/5398/spoofing [accessed 29/03/2018].

23 Technopedia မှ ဖွင့်ဆိုချက်။ Doxing ဆိုသည်မှာ လူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များဖြစ်သော အမည်၊ နေရပ်၊ ဖုန်း၊ ခရက်ဒစ်ကတ်နံပါတ်စသည်တို့ကို ရယူခြင်း၊ ထိုးဖောက်ယူခြင်းနှင့် အများသိစေရန် ဖွင့်ချခြင်းတို့ပါဝင်သော ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ လူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ကိုဖြစ်စေ ဦးတည်လျက် ဆောင်ရွက်ခြင်းရှိနိုင်သည်။ ထိုသို့ပြုရခြင်း အကြောင်းပြချက်အမျိုးမျိုး ရှိနိုင်သော်လည်း အတွေ့ရအများဆုံးမှာ အကြပ်ကိုင်ခြင်း၊ ငွေညှစ်ခြင်းတို့ဖြစ်သည်။ Doxing onf .doc မှ ဆင်းသက်လာသော ဗန်းစကားလည်းဖြစ်သည်။ .doc ဖိုင်များကို ရယူခြင်း၊ မျှဝေခြင်းများ ပြုလုပ်သောကြောင့်ဖြစ်သည်။ doxing လုပ်သော နည်းလမ်းအမျိုးမျိုးရှိနိုင်သော်လည်း အသုံးအများဆုံးသော နည်းလမ်းမှာ ခံရသူ၏ အီးမေးလ်မှ စကားဝှက်ကို ရယူပြီး အီးမေးလ်ကို ဖွင့်ကာ ကိုယ်ရေးအချက်အလက်များ ရယူခြင်းပင်ဖြစ်ပါသည်။ https://www.techopedia.com/ definition/29025/doxing [accessed 29/03/2018].

24 Aro, J. 2016. *The cyberspace war: propaganda and trolling as warfare tools. European* View. Sage Journals, June 2016, Volume 15, Issue 1. http://journals.sagepub.com/doi/full/10.1007/s12290-016-0395-5 [accessed 20/07/2018].

25 Posetti, J. (2015). *New Study: Combatting the rising threats to journalists' digital safety* (WAN-IFRA). https://blog.wan-ifra.org/2015/03/27/new-study-combatting-the-rising-threats-to-journalists-digital-safety [accessed 30/03/2018].

26 King, G (2014) *Spear phishing attacks underscore necessity of digital vigilance*, CPJ. https://cpj.org/blog/2014/11/spear-phishing-attacks-underscore-necessity-of-dig.php [accessed 29/03/2018].

- အင်တာနက် လိပ်စာတုများဖြင့် တိုက်ခိုက်ခြင်း။
- အလယ်လူ တိုက်ခိုက်မှု။[27]
- (DOS) (DDOS) ကွန်ရက်ဝန်ဆောင်မှု ပျက်ကွက်စေခြင်း တိုက်ခိုက်မှု။[28]
- ဝက်ဘ်ဆိုက် မျက်နှာစာကို ပုံဖျက်ခြင်း။
- အသုံးပြုသူ အကောင့်များ ကျူးပေါက်ခြင်း။
- ခြိမ်းခြောက်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ အွန်လိုင်း ကွန်ရက်များကို အတင်းအကြပ် တွေ့မြင်ထိတွေ့စေခြင်း။
- လုပ်ကြံသတင်းနှင့် ဂုဏ်သိက္ခာဖျက်ခြင်း လှုပ်ရှားမှုများ။
- သတင်းလုပ်ငန်းထွက် စုံစမ်းတင်ဆက်မှုများကို အတင်းအကြပ် သိမ်းယူခြင်း။
- အချက်အလက် သိုလှောင်ခြင်းနှင့် အစုအပြုံလိုက် ရယူခြင်း။

ခုခံကာကွယ်ခြင်း နည်းလမ်းများအတွက် – Building Digital Safety for Journalism[29] ဟူသည့် စာအုပ်ကို ကိုးကားပါ။

အမည်မဖော်သော သတင်းရင်းမြစ်များနှင့် ဖော်ထုတ်သူများက သတင်းသမားများ၊ မီဒီယာ ထုတ်လုပ်သူများနှင့် အပြန်အလှန် ဆက်ဆံချိတ်ဆက်ခြင်းနှင့် ပတ်သက်သော သတိပြုဖွယ်ရာများအတွက် Protecting Journalism Sources in the Digital Age[30] ဟူသည့် စာအုပ်ကို ဖတ်ရှုပါ။

## အင်တာနက်ပေါ်မှ ထိပါးတိုက်ခိုက်နှောင့်ယှက်မှုများနှင့် အကြမ်းဖက်မှုများကို သတိထားသိရှိခြင်းနှင့် စီမံခန့်ခွဲခြင်း

'ကျွန်မကို မသန့်ရှင်းတဲ့ ပြည့်တန်ဆာမ၊ ဂျစ်ပစီ၊ ဂျူးဘာသာဝင်၊ မွတ်ဆလင် မိန်းမပျက်၊ ဂရိလူမျိုးကပ်ပါးကောင်၊ ရွံ့စရာ ခိုးဝင်သူ၊ အရူး၊ လူလိမ်၊ အမုန်းသမား စသဖြင့် အမျိုးမျိုးခေါ်တာ ခံရဖူးပါတယ်။ သူတို့ကျွန်မကို ဒီနိုင်ငံက ပြန်ထွက်သွားတို့၊ ကိုယ့်ဘာသာ သတ်သေရင်သေ၊ မသေရင် လာသတ်မယ်တို့၊ လျှာဖြတ်မယ်တို့၊ လက်ချောင်းတွေ တစ်ချောင်းချင်း ချိုးပစ်မယ်တို့၊ အုပ်စုလိုက် မုဒိန်းကျင့်မယ်တို့၊ လိင်ပိုင်းနှိပ်စက်မှုတွေ လုပ်မယ်တို့ အမျိုးမျိုးခြိမ်းခြောက်ကြပါတယ်။'[31] ဤစကားများမှာ ဆွီဒင် သတင်းသမား အလက်ဇန္ဒြား ပါစကယ်လီဒိုးက ၂၀၁၆ ခုနှစ် ဘရပ်ဆယ်မြို့တွင် ကျင်းပသော ဥရောပကော်မရှင် ဆွေးနွေးပွဲတွင် ၎င်း၏ အွန်လိုင်းအတွေ့အကြုံများအကြောင်း ထွက်ဆိုချက်များ ဖြစ်ပါသည်။

ကမ္ဘာအနှံ့တွင် ဤကဲ့သို့သော အမျိုးသမီး သတင်းသမားများနှင့် ဝေဖန်ရေးသမားများကို အင်တာနက်မှ ထိပါးစော်ကားခြင်း ကိစ္စများ အပြိုင်းအရိုင်း ပွားများလာခြင်းကြောင့် (ယူနက်စကို အပါအဝင် [32]) ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများပင် ဤပြဿနာကို အသိအမှတ်ပြုလာကြပြီး အရေးယူဆောင်ရွက်ရန် တောင်းဆိုလာခြင်းနှင့် ဖြေရှင်းနည်းများ ရှာဖွေခြင်းတို့

---

27 Technopedia ဖွင့်ဆိုချက်။ အလယ်လူ တိုက်ခိုက်မှု ဆိုသည်မှာ ကြားဖြတ်ခိုးနားထောင်ခြင်းတစ်မျိုးပင်ဖြစ်သည်။ အသုံးပြုသူ နှစ်ဦးအကြားမှာ ဆက်သွယ်မှုများကို အခွင့်မရှိသူတစ်ဦးက ကြားမှ ဖြတ်ယူစောင့်ကြည့်နေခြင်း နားထောင်နေခြင်းပင်ဖြစ်သည်။ များသောအားဖြင့် တိုက်ခိုက်သူ အလယ်လူသည် တစ်ဖက်မှ လာသော သတင်းစကားများကို ဖြတ်ယူလိုက်သည်။ ထို့နောက် လက်ခံမည့် အခြားတစ်ဖက်လက်ထဲသို့ မိမိကိုယ်ပိုင် လှည့်ဖျားရေးသားထားသော သတင်းစကားများ ပြန်ထည့်ပေးလိုက်သည်။ https://www.techopedia.com/definition/4018/man-in-the-middle-attack-mitm [accessed 29/03/2018].

28 ဖတ်ရန် - definitions at Technopedia. https://www.techopedia.com/definition/24841/denial-of-service-attack-dos b. https://www.techopedia.com/ definition/10261/distributed-denial-of-service-ddos [accessed 29/03/2018].

29 Henrichsen, J. et al. (2015). *Building Digital Safety for Journalism* (UNESCO) Paris. http://unesdoc.unesco.org/images/0023/002323/232358e.pdf [accessed 30/03/2018].

30 Posetti, J. (2017). *Protecting Journalism Sources in the Digital* Age (UNESCO). Paris. http://unesdoc.unesco.org/images/0024/002480/248054E.pdf [accessed 30/03/2018].

31 Posetti, J. (2016). *Swedish journalist Alexandra Pascalidou Describes Online Threats of Sexual Torture and Graphic Abuse* in The Sydney Morning Herald, 24/11/2016. http://www.smh.com.au/lifestyle/news-and-views/swedish-broadcaster-alexandra-pascalidou-describes-online-threats-of-sexual-torture-and-graphic-abuse-20161124-gswuwv.html [accessed 30/03/2018].

32 Posetti, J. (2017). *Fighting Back Against Prolific Online Harassment: Maria Ressa* in L. Kilman (Ed) op cit ထပ်မံဖတ်ရှုရန် - : Resolution 39 of UNESCO's 39th General Conference which notes "the specific threats faced by women journalists including sexual harassment and violence, both online and offline." http://unesdoc.unesco.org/images/0026/002608/260889e.pdf [accessed 29/03/2018].

ရှိလာကြသည်။

ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (OSCE) သည် ဤကိစ္စနှင့် ပတ်သက်သော သုတေသနတစ်ခုကို ထောက်ပံ့ခဲ့ပါသည်။ ၄င်းတွင် ဖြစ်ရပ်အချိုးအစားအရ အမျိုးသမီးသတင်းသမားများကို အမုန်းတရားအခြေပြုသော Trolling ဖြင့် ပမာဏ ပိုမိုများပြားစွာ ပစ်မှတ်ထား တိုက်ခိုက်ခြင်းရှိကြောင်းနှင့် ထိုသို့ တိုက်ခိုက်မှုများ၏ နိုင်ငံတကာ သက်ရောက်မှုများမှာ မည်သို့ရှိကြောင်းပြသော သုတေသနဖြစ်ပါသည်။[33]

ထိုသုတေသန၏ ရှေ့တွင် ဗြိတိသျှ အကြံပေးအဖွဲ့ကြီး 'ဒီမို့စ်' ၏ လေ့လာချက် တစ်ရပ်ရှိခဲ့ပါသည်။ တွစ်တာမှုဝေချက်ပေါင်း သိန်းပေါင်းများစွာကို အသေးစိတ်လေ့လာခဲ့ပြီး သတင်းအတတ်ပညာသည်သာ အမျိုးသမီးလုပ်သားများကို ဦးတည်ဆဲရေး တိုက်ခိုက်မှု အမျိုးသားများထက် ပိုမိုဖြစ်ပွားသော တစ်ခုတည်းသော နယ်ပယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ 'အမျိုးသမီး သတင်းသမားတွေနဲ့ ရုပ်သံသတင်းကြေညာသူတွေက ရာထူးတူ လုပ်ငန်းတူ အမျိုးသားတွေထက်ပိုပြီး ၃ ဆလောက် ထိပါးတိုက်ခိုက်မှု[34] ခံစားကြရပါတယ်။' ဟု ဖော်ပြထားသည်။ ဆဲရေးထိပါး တိုက်ခိုက်သူများ အသုံးပြုအများဆုံးသော စကားလုံးများမှာ မိန်းမပျက်၊ မုဒိန်းနှင့် ပြည့်တန်ဆာဟု အဓိပ္ပာယ်ရသော စကားလုံးများ ဖြစ်ကြပါသည်။

အမျိုးသမီး သတင်းသမားများကို အင်တာနက်ပေါ်မှ ထိပါးတိုက်ခိုက်မှု ထင်ရှားစွာတွေ့ရသည့် အရာတစ်ခုမှာ လုပ်ကြံသတင်း နည်းလမ်းဗျူဟာများပင်ဖြစ်သည်။ ထိုအမျိုးသမီး သတင်းသမားများအပေါ် လူထုယုံကြည်မှုကို ယိုင်နဲ့စေရန်၊ ၄င်းတို့ကို နှိမ်ချရန်၊ အများဆိုင်သတင်းများ တင်ပြချက်များကို ပျက်ပြယ်စေရန် ရည်ရွယ်ပြီး အလိမ်အညာများကို ဖြန့်ဝေကြခြင်း ဖြစ်သည်။

မုဒိန်းကျင့်ရန်နှင့် သတ်ဖြတ်ရန်အပါအဝင် အကြမ်းဖက်မှုများပြုရန် ခြိမ်းခြောက်ခြင်းများ၊ အစပြုမိလျှင် စုပြုံလာသော သက်ရောက်မှုများသည် (အလိုအလျောက်ဖြစ်စေ၊ လှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ အလိုအလျောက်စက်များဖြင့်ဖြစ်စေ တစ်စုံတစ်ဦး ကို အင်တာနက်ပေါ်တွင် ပစ်မှတ်ထား တိုက်ခိုက်ခြင်း) ဆိုးကျိုးများကို ပိုမိုပြင်းထန်စေသည်။

ထိုတိုက်ခိုက်ထိုးနှက်မှုများသည် မိမိနှင့် နီးစပ်စွာ ဖြစ်ပွားနေသည်ဟု ခံစားရစေသော သဘာဝရှိသည်။ မိမိပိုင်ဖုန်း အစရှိသည့် စက်ပစ္စည်းများတွင် မိုးလင်းသည်နှင့် ပထမဆုံးတွေ့သည့်အရာ၊ ညရောက်လျှင် နောက်ဆုံးတွေ့လိုက်ရသည့်အရာတို့မှာ ထိုတိုက်ခိုက်ထိုးနှက်မှုတို့ ဖြစ်နေခြင်းက သက်ရောက်မှု ပိုမိုပြင်းထန်စေသည်။ 'ကျွန်မ မနက်မိုးလင်း အိပ်ရာထတာနဲ့ ရန့်ရန့်ရှင်းရှင်း ထိုးနှက်တဲ့စကားတွေစကြားရပြီး အိပ်ရာဝင်တဲ့အထိ လိင်မှုခွဲခြားတဲ့၊ လူမျိုးရေးခွဲခြားတဲ့ အမုန်းတရားစကားတွေ နားထဲမှာ ပဲ့တင်ထပ်နေတဲ့ နေ့တွေအများကြီးပါပဲ။ တငွေ့ငွေ့နှိပ်စက်နေတဲ့ အဆက်မပြတ် စစ်ဆင်တိုက်ခိုက်နေသလိုပါပဲ။' ဟု ပါစကယ်လီဒိုးက ဆိုပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် Rappler ၏ စီအီးအိုနှင့် အမှုဆောင် စာတည်းဖြစ်သူ မာရီယာရက်ဆာ[35] ၏ ဖြစ်ရပ်သည် အင်တာနက် ပေါ်တွင် အစုအပြုံလိုက် ထိပါးနှောင့်ယှက်ခြင်းကို ပြန်လည်တိုက်ဖျက်သော သာဓကတစ်ရပ်ဖြစ်သည်။ ၄င်းနှောင့်ယှက်မှုများ သည် အစိုးရနှင့် ဆက်စပ်မှုများရှိသော လုပ်ကြံသတင်းလှုပ်ရှားမှုများ ဖြစ်ပွားနေသော အခင်းအကျင်းတွင် ပေါ်ပေါက် လာခြင်းလည်းဖြစ်သည်။ ရက်ဆာသည် ယခင်က စီအင်န်အင်န်၏ စစ်သတင်းယူသော စစ်မြေပြင် သတင်းထောက် အမျိုးသမီးတစ်ဦးဖြစ်သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်ကစပြီး ၄င်းကို ဦးတည်တိုက်ခိုက်သော အင်တာနက်ပေါ်မှ များပြား ပြင်းထန်သော၊ အမျိုးသမီးဖြစ်သောကြောင့် ပိုဆိုးသော ထိုးနှက်တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ရန် ခက်ခဲပြင်းပြသော စစ်မြေပြင်အတွေ့အကြုံများကပင် မည်သို့မျှ အထောက်အကူ မပြုနိုင်ခဲ့ကြောင်း ဆိုပါသည်။ 'ကျွန်မကို ရုပ်ဆိုးကြောင်း ပြောတယ်၊ ခွေးနဲ့နှိုင်း၊ မြွေနဲ့နှိုင်းကြတယ်။ မုဒိန်းကျင့်မယ်၊ သတ်မယ်ဖြတ်မယ်ဆိုပြီး ခြိမ်းခြောက်ကြတယ်။' ဟု ပြောပြသည်။ ရက်ဆာသည် အသက်အန္တရာယ်ခြိမ်းခြောက်မှု များလွန်းသောကြောင့် ဘယ်နှစ်ခါ ရရှိခဲ့ကြောင်းပင် မမှတ်မိတော့ပေ။ ထို့ပြင် ဟက်ရှ်တက်ဂ်များ '#' များဖြင့် တိုက်ခိုက်ထိုးနှက်မှုများလည်း ရှိလာကြသည်။ မာရီယာ ရက်ဆာကို ဖမ်း၊ ဆီးနိတ်လွှတ်တော်ကို တင်ပါ၊ ဟူသည့် အဓိပ္ပာယ်ရသော ဟက်ရှ်တက်ဂ်များ များဖြစ်သည်။ ဒေါသထွက်တိုက်ခိုက်အောင် အင်တာနက် လူအုပ်များကို နှိုးဆွလှုံ့ဆော်ပေးသော၊ ရက်ဆာနှင့် Rappler သတင်းဌာနကို လူထုယုံကြည်မှု ပျက်အောင်ဆောင်ရွက်သော လုပ်ရပ်များပင်ဖြစ်သည်။ 'အဲ့ဒီ တိုက်ခိုက်မှုတွေကြောင့် အသံတွေ မထွက်ရဲကြတော့ဘူး။ ဝေဖန်ချင်တဲ့သူ၊ တရားရေးမပါဘဲ

33 OSCE (2016). *Countering Online Abuse of Female Journalists.* http://www.osce.org/fom/220411?download=true [accessed 30/03/2018].

34 Bartlett, J. et al. (2014) *Misogyny on Twitter, Demos.* https://www.demos.co.uk/files/MISOGYNY_ON_TWITTER.pdf [accessed 30/03/2018].

35 Maria Ressa is chair of the jury of the UNESCO-Guillermo Cano World Press Freedom Prize https://en.unesco.org/prizes/guillermo-cano/jury.

လက်လွတ်စပယ် သတ်ဖြတ်တဲ့ကိစ္စတွေကို မေးခွန်းထုတ်ချင်တဲ့သူတွေ ရှိတာနဲ့ ထိုးနှက်တိုက်ခိုက်တော့တာပဲ။ မညှာတမ်း လုပ်ကြတာ။ အမျိုးသမီးတွေကို အဆိုးဆုံး တိုက်ခိုက်တယ်။ ကျွန်မတို့ သဘောပေါက်သွားတယ်။ စနစ်ကိုက သဘောကွဲလွဲမှုနဲ့ စိန်ခေါ်မှုတွေကို ငြိမ်ကျသွားအောင် နှိပ်ကွပ်နိုင်ဖို့ လုပ်ထားတာ။ သတင်းသမားတွေ သေသေဝပ်ဝပ်နေအောင် လုပ်ထားတာ။ ဖြေရခက်တဲ့မေးခွန်းတွေကို သတင်းသမားတွေ မေးခွင့်မရှိဘူးပေါ့။ ကျွန်မတို့ လုံးဝ ဝေဖန်ထောက်ပြလို့လည်း မရဘူး။' ဟု ရစ်ဆာက ဖွင့်ဟခဲ့ပါသည်။[36]

မာရီယာ ရစ်ဆာ၏ ပြန်လည်တွန်းလှန် တိုက်ခိုက်မှု ဗျူဟာများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ပြဿနာ၏ ကြီးမားပြင်းထန်မှုကို အသိအမှတ်ပြုခြင်း။
- စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းသက်ရောက်မှုကို အသိအမှတ်ပြုခြင်းနှင့် ထိခိုက်ခံစားရသော ဝန်ထမ်းများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့အများ ဖန်တီးပေးခြင်း။
- ထောက်လှမ်းဖော်ထုတ်ခြင်း သတင်းအတတ်ပညာကို ပြန်လည်တိုက်ခိုက်ရေး လက်နက်တစ်ခုအဖြစ် အသုံးပြုခြင်း။[37]
- တိုက်ခိုက်မှုများကို တိုက်ဖျက်ရန်နှင့် ထိန်းကွပ်ရန် မိမိဘက်ရပ်တည်နေသည့် ပရိသတ်ထံမှ အကူအညီယူခြင်း။
- တိုက်ခိုက်ထိပါး နှောင့်ယှက်ခြင်းကို တုံ့ပြန်ကိုင်တွယ်သည့်အနေနှင့် လုံခြုံရေး အစီအမံများ မြှင့်တင်ခြင်း။
- အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်ခြင်းကို လျှော့ချရန်နှင့် ထိရောက်စွာ စီမံခန့်ခွဲရန် လူမှုမီဒီယာ ပလက်ဖောင်းများ (ကုမ္ပဏီကြီးများ) (ဥပမာ ဖေ့စ်ဘွတ်ခ်၊ တွစ်တာ) ကို တိုက်တွန်းအရေးဆိုခြင်း။

အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှုခံရခြင်း အန္တရာယ်မြင့်တက်လာခြင်းကို ကိုင်တွယ်နေသည်နှင့် တစ်ပြိုင်နက် ပြင်ပတွင်လည်း လုပ်ကြံသတင်းများနှင့် စပ်လျဉ်းပြီး အမျိုးသမီး သတင်းသမားများကို ထိပါးနှောင့်ယှက်ခြင်း အန္တရာယ် စဉ်ဆက်မပြတ် ဖြစ်ပွားနေကြောင်း အသိအမှတ်ပြုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် ဩစတြေးလျမှ စုံစမ်း ထောက်လှမ်းရေး သတင်းသမား ဝင်ဒီကာလစ်သည် ၂၀၁၁ ခုနှစ်၊ ဩစတြေးလျတွင် ရာသီဥတုပြောင်းလဲမှု ငြင်းဆိုရေးဝါဒီများ ဆန္ဒပြလှည့်လည်ပွဲတွင် အောဘီစီ ရေဒီယိုအတွက် မှတ်တမ်းဗွီဒီယို ရိုက်ကူးနေစဉ် ဆဲရေးခံရခြင်း၊ အလုပ်နှောင့်ယှက် ခံရခြင်းနှင့် တမင်တိုးဝှေ့ တွန်းတိုက်ခြင်းများခံရသည်။ ထိုသို့ ထိပါးလာမှုကြောင့် သူမ၏ ဘေးရန်ကင်းရှင်းရေးအတွက် ထိုပွဲမှ တိမ်းရှောင်ခဲ့ရပါသည်။[38]

## မော်ဂျူး ရည်ရွယ်ချက်များ

'သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု' အခင်းအကျင်းတွင် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှု အန္တရာယ်များအကြောင်း ဤမော်ဂျူးက တက်ရောက်သူများကို အသိပေးတင်ပြထားပါသည်။ ခြိမ်းခြောက်မှုများကို သတိထားသိရှိရန်နှင့် အင်တာနက်မှ ထိပါးနှောင့်ယှက်မှုများကို တိုက်ဖျက်ရာတွင် အသုံးပြုရသော နည်းကိရိယာများအကြောင်း သိရှိရန်နှင့် အသုံးပြုတတ်ရန် ကူညီသွားမည်ဖြစ်ပါသည်။ မော်ဂျူး ရည်ရွယ်ချက်များမှာ –

- မသမာသူများက သတင်းသမားများ၊ သတင်းပေးများနှင့် အခြားအင်တာနက် သတင်းတင်ဆက်သူများကို လုပ်ကြံသတင်း/ သတင်းမှား လှုပ်ရှားမှုများတွင် ပစ်မှတ်ထားတိုက်ခိုက်သော ပြဿနာများအကြောင်း တက်ရောက်သူများ သိရှိနားလည်မှု မြှင့်တင်ရန်။
- အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ ဒစ်ဂျစ်တယ် လုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှုများကို ပိုမိုကောင်းမွန်စွာ ထောက်လှမ်းသိရှိတတ်ရန်။

36 Posetti, J. (2017). *Fighting Back Against Prolific Online Harassment: Maria Ressa* in Kilman, L. (Ed) An Attack on One is an Attack on All (UNESCO). http://unesdoc.unesco.org/images/0025/002593/259399e.pdf [accessed 30/03/2018].

37 ရှေ့ပိုင်းတွင် ကိုးကားခဲ့သော ဖြစ်ရပ်တွင်ပါသည့် ဖယ်ရီရယ်က အသုံးချခဲ့သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ စုံစမ်းထောက်လှမ်းခြင်း သတင်းအတတ်ပညာ နည်းလမ်းများနှင့် ဒစ်ဂျစ်တယ်လုံခြုံရေး 'စုံထောက်များ' ကို အသုံးပြုပြီး မိမိနှင့် မိမိတင်ဆက်သော အရှုပ်တော်ပုံ သတင်းများကို အများအယုံအကြည်မဲ့အောင် ဦးတည်တိုက်ခိုက်နေသော troller များကို ဖော်ထုတ်နိုင်ခဲ့သည်။ ဖတ်ရန် https://www.news24.com/SouthAfrica/News/fake-news-peddlers-can-be-traced-hawks-20170123 [accessed 16/06/2018].

38 Carlisle, W. (2011). *The Lord Monckton Roadshow*, Background Briefing, ABC Radio National. http://www.abc.net.au/radionational/programs/ backgroundbriefing/the-lord-monckton-roadshow/2923400 [accessed 30/03/2018].

- အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ ဒစ်ဂျစ်တယ် လုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှုများကို ကျား/ မ ကွဲပြားစွာ တွေ့ကြုံရမှုများအား ထည့်သွင်းစဉ်းစားပြီး တိုက်ဖျက်တတ်ရေး လိုအပ်သော ကျွမ်းကျင်မှုများ ပေးအပ်ရန်။

## သင်ယူမှုရလဒ်များ

ဤမော်ဂျူးအဆုံးတွင် သင်ယူသူများသည် –

၁။ သတင်းလောကမှ လုပ်ရှားဆောင်ရွက်သူများအပေါ်၊ သတင်းအတတ်ပညာအပေါ်၊ သတင်းအချက်အလက်မျှဝေခြင်းအပေါ်၊ လွတ်လပ်စွာ ထုတ်ဖော်ခြင်း လူ့အခွင့်အရေးအပေါ် ကျရောက်နိုင်သော အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်ခြင်း၏ သက်ရောက်မှုများအကြောင်းကို ပိုမိုနက်နဲစွာ သိရှိသွားလိမ့်မည်။

၂။ မသမာသူများက သတင်းသမားများ၊ သတင်းပေးများနှင့် အခြားအင်တာနက် သတင်းတင်ဆက်သူများကို လုပ်ကြံသတင်း/ သတင်းမှား လှုပ်ရှားမှုများတွင် ပစ်မှတ်ထားတိုက်ခိုက်သော ပြဿနာများအကြောင်း ပိုမိုသိရှိလာလိမ့်မည်။

၃။ အင်တာနက်ပေါ်တွင် သတင်းလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များကို ဆောင်ရွက်နေသော အမျိုးသမီးများ ရင်ဆိုင်နေရသော ဘေးကင်းလုံခြုံမှုဆိုင်ရာ ခြိမ်းခြောက်မှုများအကြောင်းကို ပိုမိုသိရှိလာလိမ့်မည်။

၄။ အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ ဒစ်ဂျစ်တယ် လုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှုများကို ပိုမိုကောင်းမွန်စွာ ထောက်လှမ်းသိရှိတတ်လာလိမ့်မည်။

၅။ အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ ဒစ်ဂျစ်တယ် လုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှုများကို ကျား/ မ ကွဲပြားစွာ တွေ့ကြုံရမှုများအား ထည့်သွင်းစဉ်းစားပြီး တိုက်ဖျက်တတ်ရေး လိုအပ်သော ကျွမ်းကျင်မှုများ ပိုမိုရရှိလာလိမ့်မည်။

## မော်ဂျူး ဖွဲ့စည်းတည်ဆောက်ပုံ

ဤမော်ဂျူးကို စာသင်ခန်းတွင် လူတွေ့ပို့ချခြင်းသော်လည်းကောင်း၊ အင်တာနက်မှသော်လည်းကောင်း ပို့ချနိုင်ပါသည်။ သဘောတရားပိုင်းနှင့် လက်တွေ့ပိုင်း ၂ ပိုင်းခွဲပြီး ပို့ချရန် စီစဉ်ထားသော မော်ဂျူးဖြစ်ပါသည်။

### သင်ကြားရေး အစီအစဉ်များနှင့် သင်ယူမှု ရလဒ်များကို ချိတ်ဆက်ခြင်း

*က။ သဘောတရား*

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| အပြန်အလှန် ဆွေးနွေးချက်နှင့် အမေးအဖြေပါသော ပို့ချမှု (မိနစ် ၉၀) – လုပ်ရိုးလုပ်စဉ်အတိုင်း ပို့ချမှုပြုနိုင်သလို၊ အင်တာနက်မှတဆင့် ဗွီဒီယိုဖြင့် တိုက်ရိုက်လွှင့်ပို့ချမှု လုပ်လျှင်လည်း အဝေးရောက်ပါဝင်မှု ပြုနိုင်မည်ဖြစ်သည်။ ပို့ချရမည့် အကြောင်းအရာများကို အထက်ပါ သဘောတရားများနှင့် နမူနာများထံမှ ထုတ်နုတ် ပို့ချနိုင်သည်။ သို့ရာတွင် သင်ရိုးပို့ချသူများသည် မိမိတို့ဒေသ၊ ယဉ်ကျေးမှု၊ အလေ့အထများနှင့် ကိုက်ညီသော သာဓကများလည်း ထည့်သွင်းပို့ချသင့်ပါသည်။ | မိနစ် ၆၀–၉၀ | ၁၊ ၂၊ ၃၊ ၄၊ ၅ |

## ခ။ လက်တွေ့

| မော်ဂျူးအလိုက် အစီအစဉ် | နာရီပေါင်း | သင်ယူမှု ရည်ရွယ်ချက် |
|---|---|---|
| အလုပ်ရုံဆွေးနွေးပွဲ/ လက်တွေ့လုပ်ငန်းစဉ် (မိနစ် ၉၀) – လုပ်ရိုးလုပ်စဉ်အတိုင်း လူတွေ့စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည်။ မူဒယ် သင်ကြားသင်ယူမှု ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်ခ်အဖွဲ့ သို့မဟုတ် အခြားသော အဝေးရောက် သင်ယူပါဝင်မှုပြုနိုင်သော လုပ်ဆောင်ချက် ပါသည့် ဝန်ဆောင်မှု တစ်စုံတစ်ရာကို အသုံးပြုနိုင်သည်။ အလုပ်ရုံဆွေးနွေးပွဲ/ လက်တွေ့လုပ်ငန်းစဉ်ကို အောက်ပါ တည်ဆောက်ပုံအတိုင်း ဆောင်ရွက်နိုင်ပါသည်။<br>• လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် တက်ရောက်သူ ၃ ဦးမှ ၅ ဦးအထိပါသော လုပ်ငန်းအဖွဲ့များ ဖွဲ့ပါ။<br>• လုပ်ကြံသတင်း/ သတင်းမှား/ အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ အင်တာနက်မှ ထိုးနှက်တိုက်ခိုက်ခြင်း လှုပ်ရှားမှု တစ်ခုခုနှင့် ချိတ်ဆက်ပြီး မသမာသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရေးသားသော တင်ဆက်ရေးသားမှု နမူနာ တစ်ခုစီကို အဖွဲ့တစ်ဖွဲ့စီကို လေ့လာရန်ပေးပါ။<br>• လုပ်ငန်းအဖွဲ့တစ်ဖွဲ့စီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။ တင်ဆက်ချက်ကို အုပ်စုလိုက် ဆန်းစစ်အကဲဖြတ် (လူပုဂ္ဂိုလ်နှင့် ၎င်းနောက်ကွယ်မှ အဖွဲ့အစည်းကို သုတေသနပြုခြင်း) ရသည်။ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရမည် (ဆက်လက်ဖတ်ရှုရန် အကြံပြုချက်များတွင် ဖော်ပြထားသည့် သက်ရောက်မှုများကို ကိုးကားခြင်းအားဖြင့်)။ ထိုတင်ဆက်ချက်များကို တုံ့ပြန်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကိုလည်း အကြံပြုရမည်။ (ဗျူဟာမြောက် တုံ့ပြန်ပြောဆို တင်ဆက်ခြင်းများ၊ သင့်လျော်လျှင် ရဲဌာနဖြစ်စေ၊ ဆက်သွယ်ရေး ကုမ္ပဏီကို ဖြစ်စေ တိုင်ကြားခြင်း၊ ထိုကိစ္စကို သတင်းဆောင်းပါး ထုတ်ပြန်ခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။) မိမိတို့ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်ကို အင်္ဂလိပ်စာလုံးရေ ၂၅၀ ခန့်၊ (မြန်မာလို တစ်မျက်နှာခွဲအောက်) ရေးသားရ ပါမည်။ ၎င်းကို Google Docs ဖြစ်စေ အလားတူ ပူးပေါင်းရေးသား၍ရသော နေရာတစ်ခုတွင်ဖြစ်စေ ရေးသားပြီး နည်းပြ/ ဆရာထံ စစ်ဆေးပေးရန် တင်ပြရ ပါမည်။ | မိနစ် ၉၀–၁၂၀ | ၁၊ ၂၊ ၃၊ ၄၊ ၅ |

## အခြားဖြစ်နိုင်သည့် ဖွဲ့စည်းတည်ဆောက်ပုံ

အထက်ပါအရေးအရာများကို ပိုမိုနက်ရှိုင်းစွာ လေ့လာဆောင်ရွက်နိုင်ရန်အတွက်၊ ဤမော်ဂျူးကို သင်ခန်းစာ ၃ ခု အနေနှင့် ခွဲခြားလုပ်ဆောင်နိုင်ပါသည်။ (သင်ခန်းစာ တစ်ခုစီကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂ ပိုင်းခွဲပြီး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

- (trolling/astroturfing) အကောင့်တုများဖြင့် တိုက်ခိုက်မှုများ၊ ထရိုလုပ်ခြင်း၊ ကို ဖော်ထုတ်သိရှိခြင်းနှင့် တုံ့ပြန်အရေးယူဆောင်ရွက်ခြင်း။
- ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ခြိမ်းခြောက်မှုများကို ပုံစံထုတ်ခြင်း[39] နှင့် ကာကွယ်ခုခံခြင်း နည်းဗျူဟာများ။
- ကျားမ ကွဲပြားမှုနှင့်ဆိုင်သော အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်စော်ကားခြင်းများနှင့် အကြမ်းဖက်မှုများကို အသိအမှတ်ပြု ဖော်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

## အကြံပြုထားသော လေ့ကျင့်ခန်းများ

အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်မှု ခံရဖူးသော အတွေ့အကြုံရှိသည့် သတင်းသမားတစ်ဦးနှင့် အထက်ကို လူတွေ့မေးမြန်း သိရှိမှုများအပေါ် အခြေခံပြီး အင်္ဂလိပ်စာလုံးရေ ၁၂၀၀ ပါသော (မြန်မာလို ၅ မျက်နှာမှ ၆ မျက်နှာအထိ) သတင်းဆောင်းပါး တစ်ခု ရေးသားပါ။ သို့မဟုတ် အသံလွှင့်ဆောင်ပါးတစ်ခု အသံသွင်းထုတ်လုပ်ခြင်း၊ ၃ မိနစ်စာ ဗွီဒီယို သတင်းတင်ဆက်ချက် ရိုက်ကူးထုတ်လုပ်ခြင်း၊ သက်ဝင်လှုပ်ရှားမှုပါသော အသေးစိတ် သရုပ်ဖော်ပုံများနှင့် တင်ဆက်ချက်တစ်ခု ရေးဆွဲထုတ်လုပ်ခြင်း တို့အနက် တစ်ခုဆောင်ရွက်ပါ။ (ဥပမာ လုပ်ကြံသတင်းများနှင့် ပစ်မှတ်ထားခံခဲ့ရသူ၊ လုပ်ကြံသတင်းနှင့် အင်တာနက်ပေါ်မှ ထိပါးနှောင့်ယှက်ခြင်း လှုပ်ရှားမှုတစ်ခုခုတွင် ဒစ်ဂျစ်တယ်လုံခြုံရေး ခြိမ်းခြောက်မှုများ ရင်ဆိုင်ဖူးသူ၊ အင်တာနက်ပေါ်မှ ထိပါးအကြမ်းဖက်ခြင်း တွေ့ကြုံဖူးသူ၊ အမျိုးမျိုးတွေ့ကြုံဖူးသူစသည်ဖြင့် လူတွေ့မေးမြန်းရပါမည်။) တက်ရောက်သူများသည် မိမိတို့၏ ရေးသား ရိုက်ကူးထုတ်လုပ်မှုများတွင် ယုံကြည်စိတ်ချရသော ရင်းမြစ်များကိုသာ အကိုးအကားအဖြစ် ထည့်သွင်းပြီး၊ ဤအဖြစ်အပျက်များကြောင့် သတင်းအတတ်ပညာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပိုင်ခွင့်၊ အများပြည်သူ သိပိုင်ခွင့် စသည်တို့အပေါ် မည်သည့် သက်ရောက်မှုများ ကျရောက်ကြောင်း ဖော်ပြပါရှိရပါမည်။

## ဆက်လက်ဖတ်ရှုရန်

Aro, J. 2016. The cyberspace war: propaganda and trolling as warfare tools. European View. Sage Journals, June 2016, Volume 15, Issue 1. http://journals.sagepub.com/doi/full/10.1007/s12290-016-0395-5 [accessed 20/07/2018].

Haffajee, F. (2017). The Gupta Fake News Factory and Me in The Huffington Post. http://www.huffingtonpost.co.za/2017/06/05/ferial-haffajee-the-gupta-fake-news-factory-and-me_a_22126282/ [accessed 29/03/2018].

OSCE (2016). Countering Online Abuse of Female Journalists. http://www.osce.org/fom/220411?download=true [accessed 29/03/2018].

Posetti, J. (2017). Fighting Back Against Prolific Online Harassment: Maria Ressa in L. Kilman (Ed) An Attack on One is an Attack on All (UNESCO 2017). http://unesdoc. unesco.org/images/0025/002593/259399e.pdf [accessed 29/03/2018].

39 Stray, J. (2014). *Security for journalists, Part Two: Threat Modelling.* https://source.opennews.org/articles/security-journalists-part-two-threat-modeling/ [accessed 2/03/2018].

Posetti, J. (2016). Swedish journalist Alexandra Pascalidou Describes Online Threats of Sexual Torture and Graphic Abuse in The Sydney Morning Herald, 24/11/2016. http:// www.smh.com.au/lifestyle/news-and-views/swedish-broadcaster-alexandra-pascalidou-describes-online-threats-of-sexual-torture-and-graphic-abuse-20161124-gswuwv.html [accessed 29/03/2018].

Reporters Sans Frontieres (2018) Online Harassment of Journalists: Attack of the trolls Reporters Without Borders: https://rsf.org/sites/default/files/rsf_report_on_online_harassment.pdf [accessed 20/8/18].

Riley M, Etter, L and Pradhan, B (2018) A Global Guide To State-Sponsored Trolling, Bloomberg: https://www.bloomberg.com/features/2018-government-sponsored-cyber-militia-cookbook/ [accessed 21/07/2018].

Stray, J. (2014). Security for journalists, Part Two: Threat Modelling. https://source.opennews.org/articles/security-journalists-part-two-threat-modeling/ [accessed 02/03/2018].

## အင်တာနက်ပေါ်မှ ရင်းမြစ်များ

**VIDEO:** How to Tackle Trolls and Manage Online Harassment – a panel discussion at the International Journalism Festival, Perugia, Italy (April 2017) with Julie Posetti (Fairfax Media), Hannah Storm (International News Safety Institute), Alexandra Pascalidou (Swedish journalist), Mary Hamilton (The Guardian), Blathnaid Healy (CNNi). Available at: http://media. Journalism festival.com/programme/2017/managing-gendered-online-harrassment

## CONTRIBUTORS

**Magda Abu-Fadil** is the Lebanon-based director of Media Unlimited

**Fergus Bell** is an expert in digital newsgathering and the verification of user-generated content. He is the founder of Dig Deeper Media

**Hossein Derakhshan** is an Iranian-Canadian writer, researcher and Fellow at Shorenstein Center at Harvard's Kennedy School

**Cherilyn Ireton** is a South African journalist who directs the World Editors Forum, within the World Association of Newspapers and News Publishers (WAN-IFRA)

**Alexios Mantzarlis** leads the International Fact-Checking Network at the Poynter Institute

**Alice Matthews** is a news and current affairs journalist at the Australian Broadcasting Corporation (ABC) in Sydney

**Julie Posetti** is Senior Research Fellow at the Reuters Institute for the Study of Journalism at the University of Oxford, where she leads the Journalism Innovation Project

**Tom Trewinnard** is the Programme Lead on Meedan's open source verification toolkit Check

**Claire Wardle** is the Executive Director of First Draft, and a Research Fellow at the Shorenstein Center on Media, Politics and Public Policy at the Harvard Kennedy School

## PHOTO CREDITS

**Cover:** UNESCO/Oscar Castellanos

**Back cover:** rawpixel on Unsplash

## GRAPHIC DESIGN

**Mr. Clinton** www.mrclinton.be

**External peer reviewers:** Professor Ylva Rodny-Gumede, Department of Journalism Film and Television, University of Johannesburg, South Africa; Basyouni Hamada, Professor, Department of Mass Communication, College of Arts and Sciences, Qatar University; Prof Jayson Harsin, Department of Global Communications, American University of Paris



ဤလက်စွဲစာအုပ်ကို နိုင်ငံအမျိုးမျိုးတွင် ဆီလျော်စွာ အသုံးပြုနိုင်သော သင်ရိုးတစ်ခုအဖြစ် အသုံးချရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ တိုက်ရိုက်အသုံးပြုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ လွတ်လပ်စွာ ပြုလုပ်နိုင်သည်။ ယေဘုယျအားဖြင့် လူ့အသိုင်းအဝိုင်းကို ထိပ်တိုက်တွေ့စိန်ခေါ်သော၊ အထူးသဖြင့် သတင်းအတတ်ပညာကို စိန်ခေါ်သော ပြဿနာတစ်ခုဖြစ်သော လုပ်ကြံသတင်းပြဿနာကို တုံ့ပြန်ဖြေရှင်းသော သင်ရိုးတစ်ရပ်လည်းဖြစ်ပါသည်။

စံပြုသင်ရိုးတစ်ခုအဖြစ် အသုံးပြုနိုင်စေရန်အတွက် ဤလက်စွဲစာအုပ်ကို ပုံစံထုတ်ထားပုံမှာ သတင်းအတတ်ပညာ သင်ကြားသူများ၊ သတင်းအတတ်ပညာသင်ယူသူ ကျောင်းသားများအနေနှင့် ‘သတင်းတုများ’ နှင့် ပတ်သက်သည့် ကိစ္စရပ်များကို လေ့လာနိုင်စေရန်အတွက် မူဘောင်တစ်ခု ပေးနိုင်ရန် ရည်ရွယ်ပါသည်။ အလုပ်သင် သတင်းသမားများအတွက် အသုံးဝင်သော လမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်မည်ဟု မျှော်လင့်ပါသည်။

သတင်းမှားများ၊ လုပ်ကြံသတင်းများဆိုင်ရာ စိန်ခေါ်မှုများနှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းအတတ်ပညာနှင့် လုပ်ထုံးလုပ်နည်းများကို ပြုပြင်တိုးတက်အောင် ထိပ်တန်းမှ ကူညီဆောင်ရွက်ပေးနေသော သတင်းအတတ်ပညာ သင်ကြားသူများ၊ သုတေသီများနှင့် တွေးခေါ်သူများ၏ မှတ်ချက်များနှင့် အကြံဉာဏ်များကို စုစည်းပေးထားပါသည်။ သင်ခန်းစာများသည် အခြေအနေအခင်းအကျင်းနှင့် ကိုက်ညီစွာ ပြင်နိုင်သော၊ သဘောတရားပိုင်းသင်ခန်းစာများဖြစ်ကြပြီး၊ အွန်လိုင်းတွင် တိုက်ဆိုင်စစ်ဆေးခြင်းအပိုင်းကမူ ကောင်းစွာ လက်တွေ့ကျ အသုံးဝင်ပါသည်။ သင်ခန်းစာများကို သင်ရိုးတစ်ခုအနေနှင့် စုစည်းအသုံးချနိုင်သလို၊ တစ်ခုချင်းစီလည်း အသုံးပြုနိုင်သည်။ လက်ရှိသင်ရိုးအစီအစဉ်များတွင် ထည့်သွင်းအသုံးချခြင်းဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းအောင်ဖြစ်စေ၊ သင်ကြားမှုအသစ်များ ဖန်တီးနိုင်အောင်ဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။

‘ဆက်သွယ်မှုဖွံ့ဖြိုးရေးအတွက် ယူနက်စကို နိုင်ငံတကာ အစီအစဉ်’(IPDC) တွင်း ဦးတည်နယ်ပယ်အဖြစ်ပါဝင်သော ‘ဤသင်ရိုးသည် သတင်းအတတ်ပညာ ပညာရေး အောင်မြင်ထွန်းပေါက်မှုအတွက် နိုင်ငံတကာကြိုးပမ်းမှု’ တစ်ရပ်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ဤကြိုးပမ်းမှုတွင် သတင်းအတတ်ပညာကို နိုင်ငံတကာအခင်းအကျင်းရှုထောင့်မှ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် သုတေသနပြုခြင်းတို့ ပြုလုပ်ရန် ရည်ရွယ်ပြီး နိုင်ငံတကာတွင် အသုံးချနေသော အလေ့အထကောင်းများကိုလည်း မျှဝေအသိပေးရန် ရည်ရွယ်ပါသည်။

UNESCO

United Nations
Educational, Scientific and
Cultural Organization

**Multi-Donor Programme
on Freedom of Expression
and Safety of Journalists**

9 789230 001193